အင်းစမပညာအဆောင်အချုပ်

ကပ္ပလင်္ကာရကျမ်း

ဆရာရန်နိုင်ဘုန်းမြင့်

(၁၃၇၈) ပြည့်နှစ်၊ ပြာသိုလဆန်း (၁၄) ရက်၊ နံနက် (၈)နာရီ (၁၅)မိနစ်တိတိတွင်
ထီးတော်တင်လှူပြီးစီးခဲ့သော မြစ်ကြီးနားမြို့ ၊ မိုင်းနားကျေးရွာ၊ မှန်ပြတောင်ရှိ
"ကမ္ဘလက်ာရဆရာတောင်းပြည့်ရွှေရင်အေး အောင်စေတီတော်"

ကျမ်းပြုသူ၏ မိဘနှစ်ပါး

ဦးသန်းစိန် ဒေါ်အုန်းရွယ်

ကျမ်းပြုဆရာ၏ လောကီပညာ ထုံးကူးလက်လှည့်ဆရာကြီး

ဇာတ ဦးနန္ဒာထာထ

ရတနာမာရ်အောင် ဆရာကြီး အထ ဦးဖွေခဲ (ကျော်ဝေဖျ ထိဒ္ဓိရှင်)

ဝဲမှယာ

ဆရာကြီး ဦးထွန်းချစ် ဆရာရန်နိုင်ဘုန်းမြင့် (ကျမ်းပြုသူ) နှင့် ဆရာကြီးဦးကံထမ်းမောင်

မာတိကာ

ပန်းခကာကိုတင်မြှင့်၏ ကျမ်းဦးအမှာစကား (၇)

တည်းဖြတ်သူ၏အမှာ (၁၀)

ပဏာမနှင့် ကျေးဇူးတင်လွှာ (၁၄)

ကပ္ပလက်ာရကျမ်း သို့ ထဲထဲဝင်ဝင် (သို့)
အင်းစမပညာအခေါင်အချုပ်ကျမ်း၏ နိဒါန်း (၁၆)

နောက်ခံသမိုင်းကြောင်း အကျဉ်း (၂၀)

အင်းစမပညာအခေါင်အချုပ် ကပ္ပလက်ာရကျမ်း (၂၅)

ဆွေဆရာကြီးများရေးသားညွှန်ပြသော လေးလုံးစပ်လက်ာသံပေါက်များ (၂၂၂)

နောက်ဆက်တွဲရှင်းလင်းချက်များ (၂၄၆)

ကောက်ရအကျွရာတို့၏ ပြီးပြည့်စုံခြင်း (၂၄၉)

ကပ္ပလက်ာရကျမ်းသို့ ထဲထဲဝင်ဝင် (သို့)
အင်းစမပညာအခေါင်အချုပ်ကျမ်း၏နိဂုံး (၂၅၁)

ကျမ်းပြီးဆုတောင်း (၂၅၅)

ကျမ်းကိုးစာရင်း (၂၅၆)

ပန်းဧကာကျော်တင်မြင့်၏

ကျေးဇူးအမှာစကား

'ဆရာရန်နိုင်ဘုန်းမြင့်' နှင့် ကျွန်တော် ခင်မင်ရင်းနှီးခဲ့ကြသည်မှာ နှစ်အတန် ကြာခဲ့ပါပြီ။ သူက ဗေဒနက္ခတ္တ ဂမ္ဘီရသမား၊ ကျွန်တော်က ထေရဝါဒမှ အကယ့်ထေရဝါဒသမား၊ဘုရားဟော ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာတို့က မိန့်ဆိုတော်မူခဲ့ကြသည့် ဝါဒများနှင့် သွေဖည်နေလျှင် အချိန် အကုန်ခံ၍ လေ့လာချင်သူမဟုတ်၊ ယင်းစာအုပ်မျိုးကိုလည်း ငွေကုန်ခံ၍ မဝယ်၊ စာအုပ်စင်၌ လည်းမထား၊ ဟိုနားဒီနားအလည်အပတ်ရောက်၍ ကောက်ကိုင်ကာ အမှုမဲ့ လေ့လာရုံ လောက်သာ ဖတ်ရှုခဲ့သူဖြစ်၏။ ဆရာသမားများကလည်း. . .

(၁) ကျမ်းဂန်အကဲအမြား တွေ့ရှိခဲ့ကြလျှင် ပယ်ရှားမြစ်တင်ခြင်း မပြုဘဲ တစ်ကျမ်းနှင့် တစ်ကျမ်း ညီညွတ်အောင် နှိုင်းဆ၍ သဘောကျအောင် ကြည့်ရှုကြရမည်။

(၂) မြတ်စွာဘုရား၏ သာသနာတော်သည် စာသင်စာတတ်ခြင်း၊ စာပေပို့ချခြင်း၊ ဘုရားတရားတော်နှင့်အညီ ကျမ်းဂန်ရေးသားခြင်းတို့၌ မှီတည်နေသည်ဖြစ်၍ စာတတ် စာသင်ခြင်း ယနေ့မရှိလျှင် သာသနာတော် တိုးပွားခြင်းမရှိဟု မှတ်ရမည်။

(၃) ဂဏဝါစက စာချဆရာသည် ဤယနေ့ စာဝါမပို့ချလျှင် ယနေ့သာသနာ့ဝန်ထမ်းရဟန်းတရား မတိုးပွားဘဲ ဆုတ်ယုတ်သွားသည်ဟု မှတ်ရမည်။

(၄) ဘုရားဟောကျမ်းဂန်နှင့်အညီ မိမိအရည်အချင်းအလိုက် ကျမ်းဂန်မရေးသားသော ပုဂ္ဂိုလ်သည် 'ငါကားဘုရားသာသနာကို မကွယ်မပျောက်အောင် ဆောင်ရွက်သော ပုဂ္ဂိုလ် မဟုတ်' ဟု မှတ်ရမည်။

ဤသို့သော ပြဿဒါးစကားများက အသည်းကြားမှာ စွဲထင်နေသဖြင့် ဘုရားဟော ပါဠိတော်၊ အဋ္ဌကထာ ဋီကာကျမ်းများကို ကွမ်းစားရင်း အလုပ် လုပ်သူကဲ့သို့ လူ့ဘဝ၏ စားဝတ်နေရေး စီးပွားရေးတွေနှင့် လုံးထွေးနေရသည့် ကြားကပင် အလျှဉ်မပြတ်အောင် လေ့လာဖတ်ရှုခဲ့၏။ ဉာဏ်စွမ်းရှိသလောက်လည်း စာအုပ်များ ရေးသားထုတ်ဝေခဲ့၏။

ယင်းသို့ တစ်ဖက်သတ် တစ်ကြောင်းတည်းသောစိတ်ဖြင့် သံသရာ ရေကြောင်း ခရီးရှည်ကြီးကို ဘဝသင်္ဘောပေါ်၌ ထေရဝါဒအလံတော် လွှင့်တင်၍ပြင်းထန်စွာ မောင်းနှင်ခဲ့သော်လည်း ဘဝသင်္ဘောကြီး ဦးပိုင်းလေးနေသည်ကို သတိထားမိပေသည်။ 'ဦးပိုင်းလေးနေသည်' ဟု ဆိုခြင်းကား အခြားမဟုတ်၊ ဤလူ့လောကကြီးသည် အလွန် ရှုပ်ထွေးပွေလီလှ၏။ သူတော်ကောင်းများ ရှိသကဲ့သို့ လူမိုက် လူယုတ်မာများလည်း ရေတွက်မရအောင် များပြောင်လှပေသည်။ ထိုအရှုပ်လောကကြီးထဲကို လျှောက်လှမ်း ကြရာတွင် 'သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ' ဟု ဆိုကြခြင်းသည် ယင်းအရှုပ်လောက ကြီးကို တစ်နည်းတစ်ဖုံဖြင့် ကာကွယ်တော်လှန်ရန် အသံ ပေးလိုက်ခြင်းဖြစ်ကြောင်း သိသာလှ၏။

' **သင်ကောင်းချင်ကောင်း၊ မကောင်းချင်နေ၊ ငါကောင်းအောင်ကြိုးစားမည်'** ဟု သူတော်စင် လေသံပစ်၍ စစ်မှန်သော ဓမ္မလမ်းကြောင်းပေါ်၌ သူတော်ကောင်း ထုံးကို နှလုံးမူပြီး သူမတူအောင် လျှောက်လှမ်းရာတွင် တစ်ခါတစ်ခါ သည်းခံခြင်းတရားက အညှဲခံလိုက်ရာ ရောက်သွားသဖြင့် အရှုပ်လောက၏ သရဖူ ဟူသော အရသာကို ခဏတာလေးပင် မခံစားလိုက်ရဘဲ အရှုံး၊ အမုန်း၊ ဒေါသ ကိလေသာတုံးတို့ကိုသာ အရယူလိုက်ရခြင်းကြောင့် '**ဤခရီးကို ဤထီးဆောင်းပြီး၊ ဤလမ်းကို ဤပန်းသာ ပန်သင့်သောလောကအရှုပ်အား** 'မချစ်ဖော်ရွေ၊ **ကိုယ်တည်းနေ၍၊ ကောစာရေ မာန်စောင်ချလျက်၊ လောဘမစော၊ လူမနှောသည့်၊ တစ်တောထွက်လျှင်၊ တစ်တောဝင်၍၊ တစ်ပင်ထွက်သွား၊ တစ်ပင်နားမှ၊ ခေါင်းပါးအစာ၊ မျှရှုံသာတည်း'** ဟူသော တောရဆရာတော်များ၏ မူကို လက်လွှတ်၍ မှတ်နေအောင်လည်ပတ် ရှုပ်ထွေးနေသော ဤလောကကြီးကို လူ ထဲနေသူ လူတစ်ယောက်အနေနှင့် နဖူးထိုးသဖြင့် ဒူးကိုထိုးရသည့် အဖြစ်မျိုးလည်းရှိ တတ်ပေသည်။

မှတ်မှတ်ရရ (၂၅. ၇. ၂၀၀၈)နေ့က မိသားစုအားလုံး တီဗီကြည့်နေကြစဉ် အမှုသမား လူမိုက်တစ်ယောက်က ဓားကြီးဆွဲပြီး အိမ်ထဲသို့ ဇွတ်တရွတ်ဝင်လာခဲ့သဖြင့် သူ့ဓားထက် ကောင်း၍ အလောင်းချင်း ထပ်သွားနိုင်သော ကျွန်တော်၏သမိုင်းဝင်ဓားကို သူ့ထက်လျင်မြန်စွာ တိုက်ခိုက်ရန် နေရာယူပြလိုက်သောအခါ လူမိုက်ခမျာ ဓားချ၍ ကန်တော့သွားသည်ကို လက်တွေ့ကြုံလိုက်ရ၏။

ဤသို့သောကိစ္စရပ်မျိုးနှင့်နည်းတူ အခြားအခြား အသွင်သဏ္ဍာန်ကွဲပြားသည့် ပြဿနာရပ်များကိုလည်း ကြုံတွေ့ရဖူးသဖြင့် ပါဠိတော်နှင့်မွေ့လျော်ပြီး လူကဘုန်းကြီး လိုနေ၍ မဖြစ်မှန်း နားလည်ရသည့်အပြင်၊ **'သဘော်ပေါ်မှာ ရွှေချောင်းတွေတင်ပြီး သဘော်ကြီးလေးလံစွာ ခုတ်မောင်းရာတွင် တစ်ကြိမ်တစ်ခါ သဘော်ပျက်ဖို့ ကြုံလာပါက ဗူးသီးခြောက်ကို မွေ့၍ ခုန်ချရသည့်အခါများလည်း ရှိပါသလား'** ဟုသဘောပေါက်ရတော့၏။

ကျွန်တော်ဆိုလိုချင်သည်မှာ **ဆရာရန်နိုင်ဘုန်းမြင့်သည် 'လူအ 'မဟုတ်။** ထေရဝါဒကို သိ၏။ ဗေဒင်နက္ခတ်လည်း တတ်၏။ ဂမ္ဘီရပညာကိုလည်း တစ်ဆံချည်မျှ မချန်ဘဲ ဆရာသမားများထံ နည်းနာခံပြီး လောကဓံကို အလေးချိန်ညီမျှစွာ လော်ခတ်တတ်သူဖြစ်၍ **ဝင်ငွေကအဆင်ပြေလှသည့်အပြင် ဦးမော့နေသော ဘဝလှေ၌ ကျောကျောကလေး ထိုင်နေနိုင်သည်မှာ အားကျစရာကောင်းလှ၏။**

လောကမှာ သိစရာ တတ်စရာ ပညာတွေ များပြားလှသော်လည်း **'မရှိတာထက်၊ မသိတာခက်ပြီး၊ မသိတာထက် မသိချင်တာကပို၍ခက်'** နေကြသောကြောင့် သိသူဖော်စား၊ မသိသူများ ကျော်သွားကြလေသည်။ ယင်းသို့ ကျော်သွားကြသူတွေထဲတွင် ကျွန်တော်လည်းပါ၏။ အသက် (၂၃)နှစ်သားတုန်းက မိုးကုတ်မြို့၊ မောနေယျတောင်ပေါ်တွင် **'ဦးစောခွန်ဆက်'** ဟုသော သျှာမ်း အဘိုးကြီးထံ သိုင်းပညာများ သင်ကြားနေစဉ် ယင်းအဘိုးကြီးက ကျွန်တော့်အား အမည်းရောင် ကျောက်ခဲ တစ်လုံးကို အဆောင်အဖြစ်ပေးလိုက်၏ **'လိုရာသုံးပေါ့ကွယ်'** ဟုပြောလိုက်သော်လည်း ကျွန်တော်က ဘာမှမသုံးတတ်သည့်အပြင်၊ အယုံအကြည်ကလည်း မရှိချင်သဖြင့် **"ဆန်တစ်ပြည်တစ်ကျပ်ခေတ်က တစ်ထောင် ကျပ်ပေး၍ ဝယ်သွားသူကိုပင် 'လူအ' ဟု ထင်ခဲ့မိ၏။"**

တကယ်တော့အနီကျောက်သည် ကျောက်ရိုးရိုးမဟုတ်၊ အမြူတေကျောက် ဖြစ်နေ၏၊ ဆရာကြီး၏ လောကီဂါထာမန္တန်တို့ဖြင့် အနှစ်နှစ်အလလ ထုံမွမ်းထားပြီး သောခါနီးနေပြီဖြစ်၍ ချစ်တပည့်ဖို့ ပေးခဲ့သည်ဖြစ်ရာ ဘာမှနားမလည်သော ကျွန်တော်က တစ်ထောင်ကျပ်ဖြင့် ရောင်းစားခဲ့၏၊ တစ်လခန့်ကြာသောအခါ ဝယ်သူအရာရှိက နိုင်ငံခြားသားတစ်ဦးအား **'ဟဲ. . ဟောဒီမှာကြည့် ဒီကျောက်ကို ကျွပ်ပါးစပ်ထဲ ထည့်ပြီး ကျွပ်ကိုယ်ကျွပ် သေနတ်နဲ့ ပစ်ပြမယ်။'** ဟုပြောရင်း မောင်းခလုတ်ကို ဖြုတ်သောအခါ **'ချောက် . . ချောက်'** ဟုသာ အသံမြည်နေပြီး မိုးပေါ်သို့ ထောင်ဖောက်လိုက်မှ **'ဒိုင်း . . ကနဲ'** ထွက်သွားသဖြင့် နိုင်ငံခြားသားက အံ့ဩသည့်အမြင် သူကိုယ်တိုင်စမ်းသပ်ပြီး ဒေါ်လာများစွာ ပေး၍ ဝယ်သွားလေသည်။ ထိုအရာရှိသည် တပ်မှအငြိမ်းစားယူပြီး ယခုသူဌေးကြီးဘွဲ့ထူး (မဏိဇောတရေတွဲ) ကိုပင် ရရှိလျက် အသက်ထင်ရှား ရှိနေပါသေးသည်။

မဏိ မိဂေါ ပဿန္တောပိ၊ တိဏံ ခါဒံ ဂစ္ဆတိ၊
သမင်သည် ပြည်တန်ပတ္တမြားကိုတွေ့မြင်ပါသော်လည်း တန်ဖိုးမသိသဖြင့်
မြက်ကိုသာစား၍ တောတွင်းသို့ ဝင်သွားလေသည်။

'ရတနာဟူတုံ၊ တစ်စုံတစ်ခု၊ ဝတ္ထုအမျိုး၊ ဇိုးအနက်ပြည့်၊
ပြည်တန်မှည့်လည်း၊သုံးမည့်သူက၊ သုံးမကျလျှင်၊
မြေမှုထင်စွာ၊ ကြက်ယက်ရာ၌၊ ရတနာပတ္တမြား၊
ပေါ်သော်လားသို့၊ သုံးစားမဝင်၊ ထဲမထင်ဘူး။'

ဟူ၍လည်း **'မန်လည်ဆရာတော်ဘုရား'** က ရေးသား ဆုံးမတော်မူခဲ့သဖြင့် **ဆရာရန်နိုင်ဘုန်းမြင့်**သည် ကိုယ်တိုင်အသုံးချ၍ သုတစ်ပါးကိုလည်း ဝေငှလိုက်သော ဤကျမ်းမှ နည်းကောင်းတို့သည် သုံးတတ်သူတို့အတွက် 'ပတ္တမြား' ဖြစ်နိုင်သကဲ့သို့၊ ပန်းဒကာကိုတင်မြင့်လို လူ ဖြစ်လျှင်လည်း ' တစ်ထောင်ကျပ်သာ' ရလိုက်ပါလိမ့်မည် ဟူ၍. . .

ပန်းဒကာကိုတင်မြင့်
(၂၈. ၁၀. ၂၀၀၈)

တည်းဖြတ်သူ၏အမှာ

" ဆရာဦးမင်းသူ၊ မြစ်ကြီးနားမှာ အနေကြာဦးမယ်ဆိုတော့ ကျွန်တော့်ရဲ့ ကပ္ပလက်ာရကျမ်း လက်ရေးမူနဲ့ ကွန်ပျူတာမူကြမ်းကို တိုက်ဆိုင်စီစစ်ပေးပါဦး"

ကျမ်းပြုသူ ဆရာရန်နိုင်ဘုန်းမြင့် ကိုယ်တိုင်အကူအညီတောင်းလာပါတယ်။ မြစ်ကြီးနား ယုဇနရပ်ကွက်မှာ သားဖြစ်သူတို့ရဲ့ "Essential" စာသင်ဝိုင်းဖြစ်တဲ့ အမှတ် (၃၄၁)မှာ အေးအေးဆေးဆေးအနားယူရင်း စာဖတ်ဖြစ်ခဲ့ပါတယ်။ မိမိကို ယုံကြည်စိတ်ချစွာဖြင့် အကူအညီတောင်းခဲ့သလို မိမိအနေဖြင့်လည်း လိုလိုချင်ချင် ကပ္ပလက်ာရကျမ်းကို တိုက်ဆိုင်စီစစ်ခွင့်ရခဲ့လို့ များစွာပဲ ဂုဏ်ယူမဆုံး ဖြစ်မိပါတယ်။ ဆုလာဘ်ကြီးတစ်ခု ရလိုက်သလိုလည်း ခံစားမိပါတယ်။

ကျမ်းပြုသူဟာ ငယ်ရွယ်စဉ်က တိုက်ကြီးမြို့ အဘဆရာကြီး ဦးနန္ဒောဘာသ ရဲ့ထံမှာ သင်ယူခဲ့တဲ့ ကျမ်းစာတွေကို သင်ကြားပြသပေးနေတဲ့ပုံစံအတိုင်း ရေးသားထား တာကို စိတ်ဝင်စားဖွယ်တွေ့ရပါတယ်။ သတ်ပုံသတ်ညွှန်းကအစ ပြင်ဆင်သင့်သမျှ ပြင်ဆင်ပေးပါလို့ ခွင့်ပြုထားတော့ ကျမ်းစာနှစ်မူလုံးပင် အစအဆုံး နှစ်ကြိမ်တိုင်တိုင် ဖတ်ရှုညှိနှိုင်းတိုက်ဆိုင်ပါတယ်။ ထူးထူး ခြားခြားပြည့်စွက် ပြင်ဆင်ဖွယ်ရာမတွေ့ရှိရပါဘူး။ အလွန်ပင်ထူးမြတ်ဆန်းကြယ်လှတဲ့ ကျမ်းတစ်ဆူဖြစ်ပါတယ်။

' ကရာ၊ ကရော၊ တမ်မောဟ်' အစရှိတဲ့ ပဏာမနှစ်ဂါထာကို ရှေးဦးစွာ ပြဆိုပေမယ့် အနက်ဘာသာပြန်ကို မတွေ့ပါဘူး။ ဆရာကြီးဦးနန္ဒောဘာသ ဟာ ဘာကြောင့်များ သင်မပေးတာလဲလို့တွေးမိပါတယ်။ ဆရာရန်နိုင်ဘုန်းမြင့်ဟာ စာဖတ်သူကို အလွန်စိတ်ဝင်စားအောင် ဖမ်းစားနိုင်လှပါတယ်။အဋ္ဌာရသ အင်းအပြင်ရဲ့ ဝိဇ္ဇာမယိဋ္ဌိအင်းအပြင်ရဲ့ ဂါထာတော်များအဖြစ် သင်ကြားတဲ့အခါမှာမှ ပဏာမနှစ်ဂါထာရဲ့ နိဿယဘာသာပြန်များကို စနစ်တကျ ပြည့်ပြည့်စုံစုံရေးသား ဖော်ပြလိုက်သည်မှာ အလွန်ပိုင်နိုင်လှပါတယ်။ ပဏာမဂါထာတော်များရဲ့ ကပ္ပလက်ာရကျမ်းမှာ အဓိကကျ အရေးပါလှပုံကို ပထမဂါထာရဲ့ ပါဒအစ

အက္ခရာများဖြစ်တဲ့ က ပ ဓ ဝ အက္ခရာလေးလုံး။ ဒုတိယဂါထာရဲ့ ပါဒ အစအက္ခရာများဖြစ်တဲ့ ယ ဂ ဗ ဝ အက္ခရာလေးလုံးတို့ရဲ့ သက်ဝင်လှုပ်ရှားပုံမှာ အလွန်ပင်စိတ်ဝင်စားဖွယ် ကောင်းလှပါတယ်။

အလားတူ ကပ္ပလက်ာရကျမ်းရဲ့ အဆိုအမိန့်တွေဟာ ထူးခြားဆန်းကြယ်ပြီး စာရှုသူသုတေသီပညာလိုလားအမျိုးကောင်းသားသမီးတို့အတွက်လစ်ဟာနေတဲ့ ပညာရပ်တစ်ခုကိုပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်ဟု စွဲစွဲမြဲမြဲယုံကြည်မိပါတယ်။ အစစအရာရာ ဗဟုသုတပညာမှာ ပြည့်စုံလှပါတယ်လို့ဆိုသူပင်ဒီကပ္ပလက်ာရကျမ်းကို လေ့လာလိုက်စား မှတ်သား သင်ယူခြင်း မရှိခဲ့ပါမူ လစ်ဟာနေတဲ့နေရာတစ်ခု ထင်ကျန်နေမည်မှာ အမှန်သာဖြစ်ပါလိမ့်မည်။

'လဒ္ဓကပ္ပရုက္ခာဝိယ - ကပ္ပလက်ာရကျမ်းကို သင်ကြားတတ်မြောက်ပါက ပဒေသာပင်ကြီး ရထားသလို အလိုရှိတိုင်းသုံးလေ' လို့ အာမခံထားပါတယ်။

* တောင်းဆုပေထ၊ လျက်မြိုရသည်၊ သီလကြိုင်အောင်၊ မွေးစေသတည်း-
* ဓါတ်မင်းအိမ်နေ၊ ကြိုဟ်နေမှန်စွာ၊ ချကုန်ရာသည်၊လေဖြာသိဒ္ဓိအပြီးတည်း-
* လေးပါးညီစွာ၊ သို့မှသာလျှင်၊ ပြီးအောင်မြင်လိမ့်၊ စီရင်မပျက်၊ ဆရာမြွက်သည်၊အနက်သိအောင်၊ တွေးစေသတည်း-
* စိန္တာမုနိ၊ ပြီးတိုင်ဘိသို့၊ သိဒ္ဓိလေးဖြာ၊ ပြီးတတ်စွာသည်၊ သစ္စာထက်အောက်မွေးစေသတည်း-လို့ရှေးဆရာကြီးများကလည်းညွှန်းဆိုထားခဲ့ပါတယ်။

အဘဆရာကြီးဦးနန္ဒောဘာသကလဲ. . . .

" ကျမ်းပြုဆရာက ရဲရဲကြီးအာမခံထားသကွဲ့၊ ရှေးဘုန်းရှေးကံ ရှိမယ်၊ ပါရမီ ရှိမယ်၊ မှန်မှန်ကန်ကန်ကောက်ယူ စီရင်သုံးစွဲနိုင်လို့ကတော့ တစ်သက်လုံးမကုန်စားမကုန် ပဒေသာပင်လို အကျိုးရမှာကွဲ့။ အေး. . . . ဒါပေမယ့်. . . အရေးကြီးတာက သီလမြဲဖို့ ဒါနစွဲဖို့ဘဲ။ စီရကာလံ၊ ကြာမြင့်စွာသော ကာလပတ်လုံးလျှင် ဇီဝန္တု အသက်တစ်ချောင်း ကောင်းစွာ မွေးလင့်ကုန်၊ ပဒေသာပင်ရှိတဲ့ သူလို ကြည်ညိုတဲ့စိတ်နဲ့လျှူ သီလကိုစောင့်၊ အလိုရှိသမျှပြု"လို့ ကောက်ချက်ချမိန့်မှာခဲ့ပါတယ်။ အဘဆရာကြီးရဲ့ စကားဟာ ကပ္ပလက်ာရကျမ်းရဲ့ သံမဏိ ဓွမ်းပကားပဲ ဖြစ်ပါတယ်။

• " အကျိုးရှိအောင်၊ မကျင့်ဆောင်ပဲ၊ မမြဲသီလ၊ ဘေးဘယဒဏ်၊ ရန်မာန်အမျိုးမျိုး၊ နတ်ဆိုးမိစ္ဆာ၊ ကိုယ်မှာစွဲကပ်၊ ဥပါဒ်လည်းပေး၊ ကိုယ်သွေးကိုယ်သား၊ ဖောက်ပြားတုံရှိက်၊ ရန်ဖြင့်တိုက်သည်။ အမိုက်ပျောက်အောင်ဆေးပေတည်း" တဲ့

ကပ္ပလက်ာရကျမ်းကို လေ့လာလိုက်စား သင်ကြားတတ်မြောက်ပြီး သုံးစွဲတဲ့နေရာမှာလည်း ကိုယ်ကျင့်တရား ပျက်ပြားပြီး တရားနဲ့မလျော် တိမ်းပါးချွတ်ချော်ခဲ့ရင်ဖြင့် ဘေးဆိုး ရန်ဆိုး နတ်မိစ္ဆာအမျိုးမျိုးတို့ရဲ့ ပူးဝင်ဖမ်းစား သွေးသားဖောက်ပြန်ခက်ထန်ကြမ်းတမ်းတဲ့ မကောင်းဆိုးဝါးအကျိုးတရားတွေ ဖြစ်တတ်ပါတယ်လို့ အဘဦးနန္ဒောဘာသရဲ့ စစ်မှန်သောမေတ္တာတရားဖြင့် သနားကြင်နာ ကရုဏာထားအမှာစကားကိုလည်း လေးစားလိုက်နာကြရမှာ ဖြစ်ပါတယ်။

အချုပ်ဆိုရပါက ဒီ ကပ္ပလက်ာရကျမ်းကို လေ့လာလိုက်စား ကျင့်ကြံသုံးစွဲခွင့်ရပြီဆိုရင်ဖြင့် ရှေးဘုန်းရှေးကံရှိသူ၊ ပါရမီရှိသူဖြစ်ပြီး ဘုန်းကံပါရမီရှင်များသာ တွေ့ကြုံခံစားခွင့်ရှိတဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးဖြာ၊ မြတ်ဗုဒ္ဓသာသနာကို၊ ဟန်ချက်ညီစွာ အကျိုးပြုနိုင်စွမ်း ရှိကြမှာဖြစ်ပါတယ်။ သာသနာတော်ကြီးရဲ့ အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြရလို့ပင် ဘုရားအစရှိတဲ့ အရိယာသခင်၊ သူတော်စင်တို့ရဲ့ ခိုဝင်စံပျော်ရာ မဟာအသခ်တခါတ်၊ မြတ်သောနိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြမှာဖြစ်ပါတယ်။ မျက်မှောက်ပြုနိုင်ခြင်းရဲ့ အကြောင်းအားကောင်းသော ကျေးဇူးအထောက်အပံ့ကို ဖြစ်စေနိုင်စွမ်းတဲ့ "ကပ္ပလက်ာရကျမ်း" ပင်ဖြစ်ပါကြောင်း. . . .

မင်းသူ (ကသာ)
သာသနဓဇ ဓမ္မာစရိယ၊
(နိုင်ငံတော်အစိုးရ)
ကျောက်ထုံးကြီး- စံပြရွာ
ကသာမြို့။
၁၃၇၀၊ ပြည့်နှစ်တန်ဆောင်မုန်းလပြည့်။

ပဏာမ

ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ ရတနာ(၃)ပါး၏ ဂုဏ်ကျေးဇူးကို အထူးနှလုံးသွင်း၍-

ပုဗ္ဗာစရိယ လက်ဦးဆရာ ဘခင် (ဦးသန်းစိန်)၊ မိခင် ဒေါ်ဖုံးသွယ်တို့၏ အနန္တ ကျေးဇူးတို့အားလည်းကောင်း၊ ကုံကူလက်လှည့်ဆရာကြီး အဘဦးနန္ဒာဘာသ (တိုက်ကြီးမြို့၊ဇေယျဝတီကျောင်းတိုက်)နှင့် ရတနာမာရ်အောင်ဆရာကြီးဦးငွေခဲ (ကျော်ဇေယျသိဒ္ဓိရှင်)တို့၏ ဂုဏ်ကျေးဇူးတို့အားလည်းကောင်း၊ ဦးထိပ်ထားကာ ကျွန်ုပ်ထက် တစ်ရက် တစ်နံနက် တစ်စက္ကန့်မျှ စော၍ ကပ္ပလက်ာရကျမ်းကို နားလည်သဘောပေါက် ပြုစု ရေးသားခဲ့ကြသော ပုဂ္ဂိုလ်များအား လည်းကောင်း၊ ရိုသေစွာ ဂါရဝပြု၍ ဤ ခက်ခဲနက်နဲ လှသော **"အင်း၊ စမပညာအခေါင်အချုပ် ကပ္ပလက်ာရကျမ်း"** ကို ပြုစုရေးသားပါသည်။

ကျေးဇူးတင်လွှာ

လိုအပ်သော ကျမ်းများ၊ အထောက်အထားများကို ဝိုင်းဝန်းကူညီရှာဖွေပေးသည့်-

၁။ ဦးထွန်းလှ (မြို့သစ် - ၂-လမ်း၊ ကျောက်မြောင်း)

၂။ မစ္စတာပက်ထရစ် (ရန်ကုန်)

၃။ မောင်အောင်မျိုးဆက် (ခ) အောင်အောင် (မန္တလေး)

၄။ ဆရာပြည်ဟိန်း (ဇမ္ဗူ့ရတနာကျောင်း၊ တာမွေ)

၅။ ဦးခရော့လ (အမျိုးသားစာကြည့်တိုက်) နှင့် တာဝန်ရှိဝန်ထမ်းများ

၆။ တိုင်းရင်းဆေးဆရာကြီး ဦးစိုးမင်း (မြေမြင့်၊ မြစ်ကြီးနား)

၇။ စွယ်စုံဆရာ မန္တလေးဦးကျော်မွေး (ကချင်စု၊ မြစ်ကြီးနား)

ပါဠိ နိဿယ အခက်အခဲများကို ကူညီပေးသော

၁။ ဦးဝါယာမိန္ဒ၊ ရွှေလီငါးတဲဆရာတော်၊ကသာမြို့။

၂။ ရတနာမာရ်အောင် ဆရာကြီးဦးငွေခဲ (ခ) ကျော်ဇေယျသိဒ္ဓိရှင် (အကွရာပ်ဇွာ)။

၃။ စာရေးဆရာ မင်းသူ(ကသာ) အစိုးရမွှာစရိယ။

အမှာစာများရေးသားချီးမြှင့်ပေးကြသော -

၁။ ဓမ္မဝိမာန်စာပေပထမဆုရ ထေရဝါဒ ဓမ္မရသ စာရေးဆရာကြီး ပန်းဒကာကိုတင်မြင့်၊ (ရန်ကြီးအောင်၊ မြစ်ကြီးနားမြို့) ။

၂။ မင်းသူ(ကသာ)၊ သာသနဓဇ ဓမ္မာစရိယ၊ (နိုင်ငံတော်အစိုးရ) ကျောက်ထုံးကြီး- စံပြရွာ၊ ကသာမြို့။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီအားပေးခဲ့ကြသော -

၁။ အဘဦးငွေခဲ၏မြေး မသန်းသန်းအေး

၂။ ဦးကြည်စင်(လှံ့လှံ့မွန်ပုံနှိပ်လုပ်ငန်း)နှင့် ရန်နိုင်အောင် (ဒီဇိုင်နာ)

၃။ ဗိုလ်ကြီးဌေးမြိုင် + ဒေါ်ဥမ္မာနိုင်၊ သား ကျော်ဇင်မင်း၊ အောင်ပြည့်ဖြိုး။

၄။ အရာခံဗိုလ် ကျော်စိုး (မပခ) + ဒေါ်ခင်မာစိန် (အစိုးရမူကြို၊ မြစ်ကြီးနား)

၅။ ဒုအရာခံဗိုလ် (ရုံးအုပ်) ကျော်ကျော် (မပခ) + ဒေါ်ခင်အေးကြည်၊ သမီး မဖူးပွင့်ကျော်ကျော်။

၆။ တပ်ကြပ်ကြီး စန်းဝေ + ဒေါ်အေးအေးသန်း မိသားစု

၇။ ဦးရွှေကျော် + ဒေါ်သန်းသန်းဝင်း၊ သမီး အေးသီရိထံ၊ သား ဟိန်းထက်မြက်မင်း။

၈။ ဒေါ်ဘုန်းမြတ်စံသွယ် (BMST General Trading)

၉။ ဦးဖိုးဝ + ဒေါ်အေးအေးမြ၊ သား စိုင်းပီတာမြင့်၊ စတီဗင်ဌေး၊ သောသော။

၁၀။ကိုဆိုင်းနော်မြင့် (ခ) မြင့်နော်၊ ကိုတင်နိုင်ဦး (ခ) စိုင်းစိုင်း

၁၁။ဒေါ်ဆိုင်းရာ [B.sc(Maths), M.I.sc(Thesis)]

၁၂။ မမေဇင်မြင့် [(LLB. Law) Invictus! မျိုးဆက်သစ်]

ကျွန်ုပ်၏ပညာပါရမီကို ကူ၍ဖြည့်ဆည်းပေးခဲ့ကြသော ဦးလေးဖြစ်သူ (ဦးဘုန်းမောင်)၊ အစ်မဖြစ်သူဒေါ်ခင်မာစိန်(အစိုးရမူကြို၊မြစ်ကြီးနားမြို့)၊ ညီဖြစ်သူ (ကိုစိန်ထွန်းမော်)တို့အပြင်၊ ဤ **"အင်းစမပညာအခေါင်အချုပ် ကပ္ပလက်ာရကျမ်း"** စတင်ပြုစု ရေးသားသည်မှ အဆုံးတိုင် မညည်းမညူ ဖဝါးချင်းထပ် ပါရမီဖြည့် ပေးခဲ့သော ဇနီးဖြစ်သူဒေါ်မေနှုးကား (ခ) ဒေါ်ယဉ်မင်းစု (တိုင်းရင်းဆေးဆရာမ၊ ပဋ္ဌကာရ တိုင်းရင်းဆေးကုခန်း၊ မြစ်ကြီးနားမြို့) အား အထူးပင်ကျေးဇူးတင်ရှိကြောင်း မှတ်တမ်း ပြုအပ်ပါသည်။

....

ကပ္ပလက်ဘရကျမ်းသို့ ထဲထဲဝင်ဝင် (၁)

(သို့မဟုတ်)

အင်း စမ ပညာအခေါင်အချုပ်ကျမ်း၏ နိဒါန်း

တစ်ခုသော ညနေ (၇)နာရီခန့်တွင် မိတ်ဆွေကြီး ကိုတင်သောင်း၊ မန္တလေးသား ကားဘော်ဒီဆရာ မန်းသား သက်နိုင်၊ တပည့်မောင်ထင်ကျော် (မောင်ပါစိုး)တို့နှင့်အတူ အသက် (၅၀)ကျော်ခန့် ဝဝခန့်ခန့် အမျိုးသားကြီးတစ်ဦးတို့ ကျွန်ုပ်ထံသို့ စုစုစည်းစည်း မလာစဖူး အလာထူး၍ ရောက်လာကြ၏။ ကျွန်ုပ်သည် လက်ဖက်သုပ်ပန်းကန်၊ ရေနွေးဓာတ်ဗူးနှင့် ပန်းကန်လုံးတို့ကို ထိုးပေးရင်း ဧည့်ဝတ်ပြုလိုက်၏။

ကိုတင်သောင်းမှာ လောကီအင်းစမ ဂမ္ဘီရပညာကို အထူးလေ့လာထားသည့် ဆရာအမည်မခံသော ဆရာတစ်ဦးဖြစ်၍ သံပန်းသံတံခါးလုပ်ငန်းဖြင့် အသက်မွေးသူတစ်ဦး ဖြစ်သည်။ မန်းသားသက်နိုင်မှာ လက်လှမ်းမီသမျှ ဗေဒင်ကျမ်းဂန်များ၊ ဆောင်းပါးများ ဖတ်ရှုလေ့လာပြီး သူနှင့် တွေ့ကြုံဖူးသူ ဗေဒင်ဆရာများကို ဦးနှောက်စားအောင် စကားကပ်ဖွဲ့ ပြောရမှ အိပ်ပျော်စားဝင်သူတစ်ဦးဖြစ်၏။ တပည့်မောင်ထင်ကျော်မှာ ကျွန်ုပ်၏ ပညာ လက်ဆင့်ကမ်း တပည့်ကျော်တစ်ဦးဖြစ်ပြီး မြစ်ကြီးနားမြို့၌ သုတေသနပြု ဗေဒင်ဟောပြောခွင့်ပြုပြီးသော တပည့်မောင်ပါစိုးပင်ဖြစ်သည်။ သူတို့နှင့်အတူ ပါလာသူ ဝဝခန့်ခန့် အမျိုးသားကြီးမှာ လောကီဂမ္ဘီရပညာ ဝါသနာကြီးသူ ဦးဘမင်းဆိုသူဖြစ်ပြီး မြစ်ကြီးနားတစ်ဖက်ကမ်းမှ ခတ်ချို၊ ဝိုင်းမော်၊ ဝါရှောင်၊ တရုတ်ပြည်နယ်စပ်အထိ ခြေလှမ်းဆန့်ကာ ဆေးကုနေသော ဆရာတစ်ဦး ဖြစ်ကြောင်း ကျွန်ုပ်အား မိတ်ဆက်ပေး၍ သိလိုက်ရ၏။ ကိုတင်သောင်းမှ -

"ဟောဒီ မန်းသားသက်နိုင်ပေါ့ ဆရာ၊ ဆရာဦးဘမင်းကို ပြဿနာလုပ်လာလို့"

ဟု ပြောလိုက်ရာ (၁)ပေခန့် စူထွက်နေသောဝမ်းဗိုက်ကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်လျက် ၊ မန်းသား သက်နိုင်မှ -

"ပြဿနာလုပ်တာ မဟုတ်ပါဘူး ဆရာဘုန်း၊ ဟောဒီ ဆရာဦးဘမင်းရဲ့ လက်မောင်းနဲ့ ရင်ဘတ်မှာ ၎ သ ည က အက္ခရာလေးလုံး ထိုးထားတာတွေလို့ ကျွန်တော်က အဲဒါဘာလဲ၊

ဘာအဓိပ္ပာယ်လဲလို့ မေးမိတာ၊ အဲဒါ ဆရာဦးဘမင်းက ၎ သ ည က ဆိုတာ တသံလျှင်းချိတ်တဲ့။ ဗျည်း (၃၃)လုံးမှာ အသံ (၄)သံ ထွက်တဲ့ ဗျည်း အက္ခရာ အထူးခြားဆုံးမို့ ထိုးထားတာလို့ ပြောတယ် ဆရာဘုန်းရဲ့။ အဲဒီတော့ ကျွန်တော်က-"

မန်းသားသက်နိုင်သည် ထုံးစံအတိုင်း သူ့စကားကို သူအများ အာရုံစိုက်သည့်အခါတိုင်း ပြုနေကျ ခြောက်ကပ်ကပ်လုပ်ချောင်း (၃)ချက် ဆိုးလိုက်ပြီး ရိတိတိ ငေါ့တော့တော့အသံဖြင့်-

"ရေတော့အမှန်၊ ဖတ်တော့အသံလို့ အဆိုရှိတယ် လို့။ တသံလျှင်းချိတ်လို့ ဆိုကြတာ ကျွန်တော် မကြား ဖူးသေးဘူး။ တတလင်းဂျိတ်လို့ပဲ ခေါ်ကြဆိုကြတာမို့ ၎ သ ည က လို့ ရေးမယ့်အစား အမှန်အတိုင်း တ တ လ ဂ လို့ ရေးထိုးပါလားလို့ ပြောမိတာပါဆရာ"

ကျွန်ုပ်သာမက အားလုံးလိုလိုပင် ဣန္ဒြေမဲ့မတတ် ရယ်နေကြလေ၏။ ဦးဘမင်း တစ်ယောက်သာလျှင် ရှုတည်တည်ဖြစ်နေလေ၏။ မန်းသားသက်နိုင်မှ ဆက်၍-

"အဲဒီလို ထူးခြားတဲ့ အက္ခရာကို သုံးချင်ရင် ထဆင်ထူး (ဿ) ကို သုံးတာက ပိုကောင်းတယ်လို့ စေတနာနဲ့ အကြံပြုတာပါဆရာ။ ဘာလို့လဲဆိုတော့ ထဆင်ထူး (ဿ) ဆိုတာက ဗျည်း (၃၃)လုံးရဲ့ အလယ်လုံး ဖြစ်နေတာရယ်၊ ထပ်ဆင့်ပြီးထူးတဲ့ အဓိပ္ပာယ် ဖျူပွတ်ရှိနေတာရယ် မို့ပါလို့ ပြောမိပြန်တော့ ဟောဒီ ကိုတင်သောင်းက. . ."

မန်းသားသက်နိုင် စကားမဆုံးမီ မိတ်ဆွေကြီးကိုတင်သောင်းသည် စားအုံ့ဆဲဆဲ ကွမ်းယာကို ပါးစပ်ထဲမှ ပြန်ထုတ်လိုက်ပြီး -

"ကျွန်တော်ရှင်းပြတော့လဲ သူက လက်မခံတာခက်တယ် ဆရာရဲ့၊ ကျွန်တော် ရှင်းပြတာက ၎ သ ည က ဆိုတာ 'သိကြားမင်းစောင့်တဲ့ စမ ပါ' လို့ ပြောတဲ့ဟာကို ကိုသက်နိုင် ဘာပြောတယ် မှတ်လဲ၊ ကြဲကြဲဖန်ဖန် ကိုတင်သောင်းရာ တဲ့၊ သိကြားမင်းက ဗုဒ္ဓ သာသနာကိုပဲ စောင့်ရှောက်တယ် ကြားဖူးပါတယ်။ ဘယ်လိုလုပ်ပြီး ၎ သ ည က ကို စောင့်နေရတာတုန်းတဲ့။ နောက်ပြီး ဒီသိကြားမင်းဆိုတာကလည်း 'အင်ဒရာ' လို့ ခေါ်တဲ့ နိုင်ငံခြားသား သောတာပန်နတ်မင်းကြီးတဲ့ ဆရာဘုန်းရဲ့။ အဲဒီ နတ်မင်းကြီးက ဘယ်နှယ့်ကြောင့် ဗမာ ဗျည်းအက္ခရာကို စောင့်မတုန်းဆိုပဲ။ တော်တော့ကို ကပ်ဖဲ့တိုက်တဲ့ လူပဲ ဆရာ"

ကိုတင်သောင်း စကားဆုံးသည်နှင့် တစ်ပြိုင်နက် မန်းသားသက်နိုင်မှ စကားဆက်ပြောရန် ဟန်ပြင်လိုက်စဉ် ကျွန်ုပ်မှ ဝင်၍ -

"မန်းသားနဲ့တော့ ဖက်မငြင်းပါနဲ့ဗျာ။ သူက ထဆင်ထုး ရေးပြရင်တောင် မျက်မှန်ကိုင်းဖြုတ်ချထားတာဆိုပြီး အသေငြင်းမယ့်သူဗျ" ဟု စကားဝိုင်းကို ထိန်းပေးလိုက်၏။ ထိုအခါ ဦးဘမင်းက -

"အဲဒါနဲ့ ဆရာ့ဆီ ကျွန်တော်တို့ လာကြတာဘဲ ဆရာ။ ဘာလို့လဲဆိုတော့ ဟောဒီဆရာထင်ကျော်က ဆရာသိတယ်ဆိုလို့ရယ်၊ နောက်ပြီး ခေါင်း (၃)လုံးရှိသူကို ဆည်းကပ်ရမယ်ဆိုတာရယ်ကြောင့်ပဲ"

ဟု လေးလေးစားစား တစ်ခွန်းချင်း ပြောလိုက်လေ၏။ ကျန်သူများကလည်း ရှင်းပြပေးပါရန် အသီးသီး အဘိယာစက ပြုကြကုန်၏။

ကျွန်ုပ် ရန်နိုင်ဘုန်းမြင့်သည် တစ်ဆယ့်ငါးမိနစ်တိတိ ပါးစပ်ပိတ်သွား၏။ လောကီဂမ္ဘီရနယ်ပယ်သည် အစွန်း တရား (၂)ပါး မလွတ်သောကြောင့် အသီးတစ်ရာ အညှာတစ်ခု၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ရှုပ်ထွေးပွေလီလှချေ၏။ ကိုယ့်အယူအဆနှင့်ကိုယ်၊ အလယ်၌ တစ် (၁)ကို ရေးထားသည်ကို မိမိရှုထောင့်အရ ပစောက်, င, ဂငယ်, မြင်နိုင်ခွင့်ရှိကြသည်ဖြစ်ရာ "ဖွမ်ဖြစ်နေပါဦးမယ်ဗျာ" ဟု ဝင်ပြောလိုက်၏။

(ဖွမ်ကို ဖွန်ဟု အသံမထွက်ဘဲ 'ပွမ် ပွမ်- ဖွမ် ဖွမ်' ဖွမ်ဟု အသံထွက်ဖတ်ပါ-စကားချပ်)

ထိုအခါ အားလုံးလိုလိုမှ-

"ဖွမ် ဟုတ်လား ဆရာ၊ ဘာဖွမ်လဲဗျ" ဟု မေးကြလေ၏။

ကျွန်ုပ်သည် လန်ဒန်စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်လိုက်ပြီးနောက် -

"တစ်ခါတုန်းကဆိုပဲ ဘုန်းကြီးကျောင်းတစ်ကျောင်း အဲ ဉပုသ်နေ့တစ်နေ့ ဆိုပါတော့ဗျာ။ ဉပုသ်ဇရပ်အနီး က ဝါးရုံခြေရင်း တောင်ပို့အောက်ခြေနားမှာ တောက်တဲ့လိုလို အိမ်မြှောင်လိုလို အကောင်ကြီးတစ်ကောင်ကို ဉပုသ်သည်တွေက တွေ့တော့၊ ဘာကောင်ကြီးမှန်း မသိတဲ့အတွက် ခပ်လှမ်းလှမ်းက ဦးသူတော်ကြီးကို ခေါ်ပြပြီး မေးတော့ ဦးသူတော်ကြီးက သေသေချာချာ စစ်ဆေးကြည့်ရှုပြီးမှ ဟာ. . . ဉပုသ်သည်တို့ရဲ့၊ ဒီသတ္တဝါကို 'ဖိန့်'လို့ ခေါ်သကွဲ့လို့ ဖြေပြီး လှည့်ထွက်သွားတယ်ဆိုဘဲ"

"ဆက်ပါဦး ဆရာဘုန်း" ဟု ကိုတင်သောင်းမှ ပြောလေ၏။

"အဲဒါကို ဥပုသ်သည်တစ်ယောက်က အတွန့်တက်ပြီး မန်းသားသက်နိုင်လိုပဲကပ်ပြီး ပြောသတဲ့။ ခင်ဗျားတို့တစ်တွေ တောင်ပို့ကြီးကို မတွေ့ကြဘူးလား၊ တောင်ပို့ထဲက ထွက်လာတဲ့ အကောင်ပဲဗျာ။ ဖွတ် ပဲ ဖြစ်ရမှာပေါ့။ မကြားဖူးကြဘူးလား၊ ဖွတ်ထွက်မှတောင်ပို့မှန်းသိဆိုတဲ့ စကားကို ဆိုပြီး ပြောလိုက်တော့ ဥပုသ်သည်တွေက (၂)စု ကွဲသွားပြီး တစ်စုကဖွတ်ကွ၊ ကျန်တဲ့တစ်စုက ဖိန့်ကွနဲ့ ငြင်းကြပါလေရော"

ထိုအခါ တုဏှိဘာဝေ ဦးဘမင်းက -

"အဲဒါနဲ့ ကျွန်တော်တို့ မေးတာ ဘာဆိုင်လို့လဲဆရာ"

ဟု ဝင်မေးသဖြင့် မောင်ထင်ကျော်က တားထားလိုက်၏။ ကျွန်ုပ်မှ -

"အဲဒီလို ဖွတ်ကွ၊ ဖိန့်ကွနဲ့ ငြင်းခုန်သံက ဆူညံနေတော့ ကိုရင်ကြီးတစ်ပါးက ပြေးလာပြီး စစ်ဆေးကြည့်ရှု ပြန်ရော။ ပြီးမှ ကိုရင်ကြီးက ခိုင်မာတဲ့ သန္နိဋ္ဌာန် ချထားတဲ့ လေသံနဲ့ ဥပုသ်သည် ဒကာ၊ ဒကာမကြီးတွေရဲ့၊ ဒီသတ္တဝါက ဖွတ်လဲမဟုတ်၊ ဖိန့်လဲမဟုတ်၊ ဖွပ် လို့ ခေါ်တယ်ဗျ။ သေသေချာချာ မှတ်ထားကြ လို့ ကြားဝင် ဆုံးဖြတ်ပြီး ဖျန်ဖြေပေးလိုက်တယ်တဲ့"

ဟု ပြောလိုက်ကာ ဓာတ်ဘူးထဲမှ ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်စဉ် မန်းသား သက်နိုင်က-

(ဖွပ်-ဦး ဖွပ်- ဟူသော အသံမှ ဖွပ်အသံဖြင့် ဖတ်ပါ- စကားချပ်)

"ဥပုသ်သည်တွေ (၃)စုကွဲပြီး ငြင်းပြန်ရောဆိုပါတော့"

"အိမ်း . . ဟုတ်ပ ကိုသက်နိုင်တို့ရေ တစ်စုကဖွတ်ကွ၊ တစ်စုက ဖိန့်ကွ၊ ကျန်တဲ့တစ်စုက ဖွပ်ကွနဲ့ ငြင်းခုံကြတာ ခင်ဗျားတို့ (၄)ယောက် ငြင်းတာကို မမီဘူးဆိုဘဲ။ ဒါနဲ့ အသံတွေ ကျယ်လာလိုက်တာ ကျောင်းထဲမှာ ကျိန်းနေတဲ့ ကိုယ်တော်ကြီး နိုးလာပြီး ပြဿနာ အရင်းအမြစ်ကိုမေး၊ သတ္တဝါကြီးကို အနီးကပ် စစ်ဆေးကြည့်ရှုပြီးတော့ ဥပုသ် သည်တွေကို ငြင်းခုံခြင်းရဲ့အပြစ်တွေ သေသေချာချာဆုံးမညွှန်ကြားပြီးတော့မှ 'ဒကာ ဒကာမကြီးတို့၊ ဒီသတ္တဝါကြီးဟာ ဓာတ်ကြီး(၄)ပါးနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ တိရစ္ဆာန် တစ်ကောင် ဆိုတာ သေသေချာချာမှတ်ကြ။ ပညတ်သဘောနဲ့ **တထစ်ချကောက်ဆိုရရင် ဒီသတ္တဝါဟာ ဖွတ် မဟုတ်သလို ဖိန့်လို့လဲ မမှန်ဘူး။ ဖွပ်ဆိုရင် ပါစင်အောင် လွဲမှာမို့ ထဲထဲဝင်ဝင် မှတ်ကြမယ်ဆိုရင်တော့ 'ဖွမ်' လို့သာမှတ်ကြပေတော့ဗျား'** ဆိုပြီး ကျောင်းပေါ်ပြန်ကြ

သွားလေရော ဆိုပဲ"ဟု ပြောကာ နိဂုံးချုပ်လိုက်လေရာ ကျွန်ုပ်မှတစ်ပါး အားလုံးသော သူတို့သည် တော်တော်နှင့် မရပ်နိုင်အောင် ရယ်မောကြလေတော့၏။

ကျွန်ုပ်သည် လက်ထဲမှ စီးကရက်တိုကို ပြာခွက်ထဲ ထိုးချေလိုက်ပြီးနောက်-

"ခင်ဗျားတို့ရဲ့ ၄ သ ည က ပြဿနာကို ကျုပ်က ဝင်ပြီး ရှင်းပြလိုက်မှ အခု ကျုပ်ပြောခဲ့သလို ဖွမ် ဖြစ်သွားမှာ ကြောက်ရသဗျ"

ဟု ကျွန်ုပ်ဖွင့်ခဲ့သော စကားကို ပြန်ချုပ်လိုက်လေ၏။ ဦးဘမင်းမှ ကျွန်ုပ်ကို-

"ဆရာဘုန်း ရှင်းပြ၊ သင်ပြမယ်ဆိုရင် ဖွတ်ဘဲဖြစ်ဖြစ်၊ ဖိန့်ဘဲဖြစ်ဖြစ်၊ ဖွပ်ဘဲဖြစ်ဖြစ် အိုဗျာ နောက်ဆုံး ဖွမ် ပဲဖြစ်နေဖြစ်နေ မှတ်သားပါရစေဆရာ"

ဟု အနူးအညွတ်ခွင့်တောင်းလိုက်လေ၏။ ဦးဘမင်းကဲ့သို့ပင် မိတ်ဆွေကြီး ကိုတင်သောင်း၊ မန်းသားသက်နိုင် နှင့် တပည့်မောင်ထင်ကျော်တို့ကလည်း ဂျိကျပူဆာ နေကြပြန်၏။

ကျွန်ုပ်သည် ပိုင်နိုင်သော ဆုံးဖြတ်ချက်နှင့်အတူ ကျွန်ုပ်၏ ကံ့ကူလက်လှည့်ဆရာကြီး အဘဦးနန္ဒောဘအား စိတ်ထဲမှ ကန်တော့လိုက်ပြီး ခွင့်တောင်းလိုက်၏။ ထို့နောက် ဝှိုက်ဘုတ် (White Board) ရှေ့သို့လျှောက်သွားကာ ဆော့ပင်ခေါ် ဝှိုက်ဘုတ်ပြားပေါ်ရေးသည့် မင်တံ (Soak Pen) အဖုံးကို ကလစ်ကနဲ မြည်အောင် ဖွင့်လိုက်လေတော့၏။

ဤသည်ပင်လျှင် အင်းစမပညာအခေါင်အချုပ်ကျမ်းဟု ဆိုအပ်သော ကမ္ဘာလက်ာရကျမ်း၏ အဖွင့်နိဒါန်းပင် ဖြစ်ချေတော့သတည်း။

....

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျွန်ုပ်သည် ဘုရား တရား သံဃာ ရတနာသုံးပါး၊ မိဘဆရာ အနန္တော အနန္တငါးပါးကိုရိုသေစွာ ရှိခိုးပြီးနောက် လောကီပညာအခေါင်အချုပ်ဟုဆိုအပ်သော ကပ္ပလက်ာရကျမ်းအား ပညာလိုလားအမျိုးသားတို့ လွယ်လင့်တကူနားလည်စေရန် ရှေးမူမပျက် ကိုယ်တွေ့စွက်လျက် ဖွင့်ဆိုရှင်းပြသွားမည် ဖြစ်၏။

နောက်ခံသမိုင်းကြောင်းအကျဉ်း

သရေခေတ္တရာမြို့ ဒုတိယမင်းဆက် (ရာဇဝင်အဆိုအရ နှစ်ဆယ့်ငါးဆက်မြောက်) သုပညာနဂရဆိန္နမင်းလက်ထက် သာသနာသက္ကရာဇ် (၆၂၉)ခု ၊ အတိုသက္ကရာဇ် (၇)ခုနှစ်တွင် ဥတ္တမသိရီအမည်ရှိသော မထေရ်တစ်ပါးကို ကိုးကွယ်ခဲ့သည်။ ထိုမထေရ်၏ ကျောင်းသင်္ခမ်း အနီး၌ ရှေးအစဉ်အဆက် ဆိုစမှတ်ပြုသော ဗိဇ္ဇစက္ကုရသေ့ဂူ ရှိသည်။ တစ်နေ့သောအခါ ထိုရသေ့ဂူ ပြိုလေရာ ဥတ္တမသိရီမထေရ် သွားကြည့်ခဲ့ပြီး ကျောက်သေတ္တာအတွင်းမှ ကြေးပုရပိုက်တစ်ဆူကို ရရှိခဲ့သည်။ ကျောင်းသို့ရောက်၍ ချဉ်ရည်တို့ဖြင့် ပွတ်ဆေးကြည့်ရာ ထူးဆန်းနက်နဲသော စဖို၊ စမ၊ နေလ အက္ခရာတို့ကို တွေ့မြင်ရ၍ သန်ပုရပိုဒ်သို့ ကူးရေးခဲ့လေ၏။ ထိုသို့ ကူး၍ မပြီးမီ၊ လေမိုးတိမ်မည်း အမိုက်တိုက်မှောင်ကြီး ကျခဲ့၏။ ထိုစဉ်ပင် မူရင်းကြေးပုရပိုဒ် ကွယ်ခဲ့သည်။ မပျောက်ကွယ်ဘဲ ကျန်ရှိသော အက္ခရာတို့ကို ဥတ္တမသိရီမထေရ်သည် မာဂဓဘာသာဖြင့် စကားပြေစီကုံးရေးသားခဲ့သည်။ ဤသို့ဖြင့် ဗိဇ္ဇစက္ကုရှင်ရသေ့၏ ဝိဇ္ဇာမယိဒ္ဓိတန်ခိုးဖြင့် ကြေးပုရပိုဒ်၌ ဖန်ဆင်းရေးသားခဲ့သော အက္ခရာတို့သည် ဥတ္တမသိရီမထေရ် ကူးယူစီရင်ရေးသားခဲ့သောကြောင့် ဥတ္တမသိရီကျမ်း (သို့မဟုတ်) ကပ္ပလက်ာရကျမ်း ဟူ၍ ထင်ရှားလာခဲ့သည်။ ထိုကျမ်းသည် နှစ်ပေါင်း (၁၀၀၀)ကျော် တိမ်မြုပ်ပျောက်ကွယ်လျက်ရှိရာမှ ကောဇာသက္ကရာဇ် (၁၁၂၂)ခုနှစ်၊ ဒုတိယစစ်ကိုင်းမြို့တည်မင်း လက်ထက်တွင် တစ်ကျော့ပြန် ထင်ရှားလာ၏။ ထိုစဉ်က မတစ်လုံးကြေ တောင်တွင်းဆရာတော်ခင်ကြီးဖျော်သည် စစ်ကိုင်းမြို့၌ သီတင်းသုံးနေတော်မူ၏။ တောင်ငူမြို့မှ ပညာလာသင်သူ သျှင်ဝရသာမိမထေရ်သည် ထို ကပ္ပလက်ာရကျမ်းကြီး၏ အနက်အဓိပ္ပာယ်နားမလည်၍ ဆရာတော်ခင်ကြီးဖျော်အား မေးလျှောက်ရာ အက္ခရာပုဒ်ပါဌ် ရှင်းလင်းစီရင်ကာ မူလ မာဂဓဘာသာမှ မြန်မာဘာသာသို့ ပြန်ဆို ရေးသားပေးခဲ့လေသည်။

ကောဇာသက္ကရာဇ် (၁၁၇၄)ခုနှစ်၊ **အမရပူရမြို့**တည် ဘိုးတော်ဘုရားလက်ထက်သို့ ရောက်သောအခါ ထုံးသစ်ရှာဇာတိဖွား **သဒ္ဓမ္မနန္ဒမထေရ်** (၇)ဝါအရ၌ မတွေ့ရဖြို့၌ သိတင်းသုံးနေစဉ် **ကပ္ပလက်ာရကျမ်း**ကို အပြီးတိုင် သဘောပေါက်ခဲ့လေ၏။ ထို့ကြောင့် မူရင်း **ဥတ္တမသိရိကျမ်းရင်း** မာဂဓဘာသာကို ရှစ်လုံးဘွဲ့ဂါထာဖြင့် **တစ်ဖန်** ပြန်လည်ရေးသားခဲ့သည်။ ဂါထာပေါင်း (၃၁)ပုဒ်၊ မော်ဆုတောင်း (၉)ဂါထာ ဖြည့်စွက်ပြီး မူရင်း ဥတ္တမသိရိကျမ်းမြွက်မှ ပြထားသော အရိပ်တို့ကို အကောင်မြင်အောင် ဂမ္ဘီရဉာဏ်ဖြင့် တီထွင်ထားခဲ့လေသည်။

ဤသို့ဖြင့်**ကပ္ပလက်ာရကျမ်း**ရင်းကြီးသည်ယနေ့ခေတ်တွင်**သဒ္ဓမ္မနန္ဒမထေရ်ကျမ်း**အဖြစ် ထင်ရှားတည်ရှိ ခဲ့ပြီး၊ မဟာဂမ္ဘီရဉာဏ်၊ ဇွဲ လုံ့လ ဝီရိယ၊ ပါရမီတို့အလျှောက် ပေါက်မြောက်ခဲ့ကြသော ရှေးဆရာမြတ်တို့ဖြစ်သည့် ပုဂ္ဂိုလ်မြတ်တို့သည် လေးလုံးစပ်လက်ာသွားတို့ဖြင့် **အရကောက်လက်ာများ** ဖြည့်စွက်လျက် နောင်းလူများ အတွက် လမ်းပြခဲ့ကြပါသည်။

<u>**ကပ္ပလက်ာရကျမ်းသက်တမ်း**</u>

ယခု ကျွန်ုပ် ရေးသားစဉ် သာသနာသက္ကရာဇ်	-	၂၅၅၁ ခုနှစ်
ဥတ္တမသိရိမထေရ် ရေးသားစဉ် သာသနာသက္ကရာဇ်	-	၆၂၉ ခုနှစ်
(၁) ဥတ္တမသိရိမထေရ်ကျမ်းသက်တမ်း	-	**၁၉၂၂ နှစ်**
ယခုကျွန်ုပ်ရေးသားစဉ် မြန်မာကောဇာ	-	၁၃၆၉ ခုနှစ်
မတလုံးကြေ ဆရာတော် ရေးသားစဉ် မြန်မာကောဇာ	-	၁၁၂၂ ခုနှစ်
(၂) ဆရာတော်ခင်ကြီးဖျော်ကျမ်းသက်တမ်း	-	**၂၄၇ နှစ်**
ယခု ကျွန်ုပ် ရေးသားစဉ် မြန်မာကောဇာ	-	၁၃၆၉ ခုနှစ်
သဒ္ဓမ္မနန္ဒမထေရ် ရေးသားစဉ် မြန်မာကောဇာ	-	၁၁၇၄ ခုနှစ်
(၃) သဒ္ဓမ္မနန္ဒမထေရ်ကျမ်းသက်တမ်း	-	**၁၉၅ နှစ်**

ကျွန်ုပ် **ရန်နိုင်ဘုန်းမြင့်**သည် တိုက်ကြီးမြို့ ဇေယျဝတီကျောင်းတိုက်မှ အဘဆရာကြီး **ဦးနန္ဒောဘာသထံ** တွင် လောကီပညာများ အမွေခံသင်ယူခဲ့ရာ တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ **အဂ်ဝိဇ္ဇာဒီပိကာကြီး** တတိယတွဲ အဆုံးစာမျက်နှာ၌ **ကပ္ပလက်ာရကျမ်း အရကောက်လက်ာ** အရောက်တွင် အဘဆရာကြီး ဦးနန္ဒောဘာသမှ ကပ္ပလက်ာရ ကျမ်းရင်းကြီးကို အင်္ဂါရတ်ကဏ္ဍမှတစ်ပါး ကျမ်းပေါက်သင်ကြားပေးခဲ့ပါသည်။ အင်္ဂါရတ်အပိုင်းကို အဘယ့်ကြောင့် သင်မပေးခဲ့ခြင်းကို ကျွန်ုပ် (၂၀၀၄) ခုနှစ်တွင် သဘောပေါက်ခဲ့ပေသည်။

ကျွန်ုပ်သည် ရန်ကုန် တိုင်းရင်းဆေးဆရာ တစ်နှစ်သင်တန်းကို (၂၀၀၄)ခုနှစ်တွင် ရန်ကုန်မြို့ မရမ်းကုန်း ဌဲစုံမှ ရတနာမာရ်အောင်ဆရာကြီး အဘဦးငွေခဲ (**ကျော်ဇေယျသိဒ္ဓိရှင်**) အိမ်တွင် နေထိုင်၍ တက်ရောက်ခဲ့ ရပါသည်။ ကျွန်ုပ်သည် အားလပ်ချိန်များ၌ ယခုရေးသားလျက် ရှိသော **ကပ္ပလက်ာရအခေါင်အချုပ်ကျမ်း**အတွက် ကျမ်းကိုးများ ဖြစ်သည့် ကျမ်းညွှန်းပါ ကျမ်းကြီးများ၊ ကျွန်ုပ်၏ မှတ်စုများဖြင့် လွန်စွာ ခေါင်းရှုပ်နေသည်ကို ကြည့်ပြီး အဘ ဦးငွေခဲမှ ကျွန်ုပ်အား လွန်စွာ သနားသွားလေ၏။ အင်းစမပိုင်း၌ လက်တွေ့ မည်မျှ ကျမ်းကျင်ပါစေ **အင်္ဂါရတ်ကဏ္ဍ**သည် ဆရာကိုယ်တိုင် ဘေးမှ ကြည့်ကြပ်ထောက်ပြမှ၊ ကိုယ်တိုင်ကလည်း ဝါသနာပါရမီပါမှ ၊သမုဒ္ဒရာရေပြင် ခြင်တစ်ထောက် စာမျှသာ ရနိုင်လေ၏။ အင်္ဂါရတ်အပိုင်း ကဏ္ဍ၌ ကျွန်ုပ်လက်တွေ့ပြလောက်အောင် ပါရမီ နည်း၍လားမသိချေ။ အဘ ဦးငွေခဲက ကျမ်းပြုရာ၌ လက်တွေ့ မတတ်လျှင် မထည့်ရေးကောင်း။ နောင်လာနောက်သားတို့ နားထဲ အဆိပ်ထည့်သလို ကန်းသွားတတ်ကြောင်း၊ အကယ်၍ ကိုယ်မတတ်သည့် အပိုင်းကို တတ်ယောင်ကား ထည့်ရေးပါက သူ၏နာမည်ကို ထည့်ခွင့်မပြုကြောင်း ဆုံးမခဲ့ပါသည်။

တစ်ခုတိုက်ဆိုင်သည်မှာ အဘဦးနန္ဒောဘာသမှ ကျွန်ုပ်အား ကပ္ပလက်ာရ အင်းစမ သင်ပေးစဉ်က အသက် (၈၀)အတွင်း ဝင်စဖြစ်သကဲ့သို့ အဘ ဦးငွေခဲ (ကျော်ဇေယျသိဒ္ဓိရှင်)မှ ကျွန်ုပ်ကို **ကပ္ပလက်ာရ အင်္ဂါရတ်အပိုင်းကဏ္ဍ** ရှင်းလင်းသင်ကြားပေးစဉ်ကလည်း အသက် (၈၀)အတွင်း ဝင်စပင် ဖြစ်၏။ ကျွန်ုပ်အား သင်ကြားပေးပြီးနောက် အဘ ဆရာကြီး ဦးနန္ဒောဘာသ ကွယ်လွန်သွားသကဲ့သို့၊ အဘဆရာကြီး ဦးငွေခဲမှ ကျွန်ုပ်အား ကပ္ပလက်ာရ ကျမ်းပါအင်္ဂါရတ်အပိုင်းကဏ္ဍကိုရှင်းပြသင်ပေးပြီးနောက် အသက် (၈၀)၌ ကွယ်လွန်ခဲ့ပေ သည်။

တပ္ပလက်ာရကျမ်းကြီးသည် ကမ္ဘာ့အသိတိခေတ်(၈၀)၊ သက်တော်(၈၀)အာဏာတည်၊ စသည့် အရေးကြီးဆုံးသောအပိုင်းကို မီးမောင်းထိုးပြလေရှော့သလားဟု ကျွန်ုပ်တွေးမိ၏။

ကျွန်ုပ်သည် ဤတပ္ပလက်ာရ **အင်းစမပညာအခေါင်အချုပ်ကျမ်း**ကို အနှော သတ်ရေးပြီး သော်လည်း စာအုပ် အဖြစ် ထုတ်ဝေရန် အကြိမ်ကြိမ် စဉ်းစားခဲ့သည်မှာ (၃)နှစ်ကျော်ကြာခဲ့ပြီး၊ နိဒါန်း၌ ကျွန်ုပ်အား ဤကျမ်းကို ရေးသားရန် တောင်းပန်ခဲ့သူ တပည့်ကျော်မောင်ပါစိုးပင် ကွယ်လွန်ခဲ့သည်မှာ တစ်နှစ်ကျော် ရှိပေပြီ။

"ကျမ်းပြုဆရာ ၊အသင်ကော မည်ရွေ့မည်မျှ ပေါက်မြောက်ပြီလဲ" ဟု မေးလာမည်ကို အထူးစိုးရွံ့ခဲ့၏။ သို့ သော် ကွယ်လွန်သူ တပည့်မောင်ပါစိုး ပြောခဲ့သလို -

"ကျမ်းရင်းကြီးထဲကညွှန်ပြထားတဲ့အတိုင်း *ဥပဒက္ခိတ္တာစ* **စုံစမ်းဆင်ခြင် မြော်မြင် စဉ်းစား ၍လည်း** *စိရကာလံဝ* **မြင့်ရှည်စွာ ကာလပတ်လုံးလျှင် ဇိဝန္တ အသက်တစ် ချောင်း ကောင်းစွာမွေးလင့်ကြကုန်** ဆိုသလို ဆရာနေထိုင်စားသောက်လှုပ်ရှားနေတာပဲ အာစရိုရယ်၊ ထုတ်ဖြစ်အောင်ထုတ်စမ်းပါ" ဟူသော စကားများက ကျွန်ုပ်ကို အားတက်စေသဖြင့် ဤ **တပ္ပလက်ာရအင်းစမပညာအခေါင်အချုပ်ကျမ်း** ကိုရေးသားထုတ်ဝေလိုက်ပါတော့သတည်း။

....

အင်းစမပညာအခေါင်အချုပ် ကပ္ပလက်ာရကျမ်း

ကရာကရောတမံမောဟ်၊ ပဗောဓေသိဇနမ္ဗုဇံ။
မေမေတ္တာ ဓမ္မရံသီဟိ၊ ဝရံသော ဒေတုမေဗလံ။
ယမိ တဗ္ဗ ယမောဒန္တော၊ ဂမိတဗ္ဗဂမာဇိကော။
ဗလံ မာရသာ ယောဇိနော၊ ဝရံသော ဒေတု မေဇယံ။

ကျွန်ုပ်သည် အထက်ပါ ဂါထာ (၂)ဂါထာဖြင့် ဗုဒ္ဓမြတ်စွာဘုရားအား ရှိခိုးလိုက်ပြီး ထိခြင်းငါးပါးဖြင့် ကန်တော့လိုက်၏။ တစ်လက်စတည်း ကပ္ပလက်ာရ ရှေးဆရာတော်ကြီးများ၊ ဆရာပုဂ္ဂိုလ်များအား ကန်တော့လိုက်၏။ ထို့နောက် အဘဆရာကြီး ဦးနန္ဒောဘာသကို ကန်တော့လိုက်ရာ အဘမှ သာဓု (၃)ကြိမ် ခေါ်လိုက်၏။ ပြီးမှ -

"ကပ္ပတီတိကပ္ပေါ၊ ကပ္ပတိ တွေ့တိဝါကပ္ပေါ၊
ကပ္ပတိ တေနဝါ ကပ္ပေါ၊ အလံကရောတီတိ အလက်ာရော၊
ကပ္ပဿ အလက်ာရော၊ ကပ္ပလက်ာရော"

ဟု ရွတ်ဆိုလိုက်ပြီးနောက် "ဒီ ဝိဂြိုဟ်ကို အဘ အနက်ပေးမယ် လိုက်ဆို- လိုက်ရေး" "ကပ္ပတိ ကြံတတ်၊ ပိုင်းခြားတတ်၏။ ဣတိတသ္မာ ထို့ကြောင့် ကပ္ပော ကပ္ပမည်၏။ တွေ့ဂန္ထေ ဤကျမ်း၌ ဝါတေနဂန္ထေန ဤကျမ်းဖြင့် စတုက္ကရေ လေးလုံးသော အက္ခရာတို့ကို ကပ္ပတိ ကြံတတ်ပိုင်းခြားတတ်၏။ သေ သော ဂန္ထော ထိုကျမ်းသည် ကပ္ပော ကပ္ပမည်၏။ ဣစ္ဆိတံ အလိုရှိအပ် နှစ်သက်အပ်သော ခပ်သိမ်းသော အကျိုးသိဒ္ဓိကို သိဒ္ဓံ ပြီးစေကုန်သတည်း။ ဆိုတော့က ကပ္ပလက်ာရဆိုတာ လေးလုံးသော အက္ခရာတို့ကို ကြံရာကြံကြောင်းဖြစ်သော ကျမ်း၏ အဆင်တန်ဆာလို့ မှတ်ထား မောင်ဘုန်းမြင့်"

ကျွန်ုပ်မှ- "ဟုတ်ကဲ့ပါ အဘ"

"အခု မောင်ဘုန်းမြင့်ကို ပြပေးမဲ့မူက 'သဒ္ဒမ္မနန္ဒမထေရ်' ရဲ့မူဘဲ။ ဥတ္တမသိရီကျမ်း၊ ခင်ကြီးဖျော်ကျမ်းတို့ကို ထပ်မံမွမ်းမံထားတာမို့မောင်ဘုန်းမြင့်တို့လို နှောင်းလူတွေအတွက် အသင့်လျော်ဆုံးပဲကွဲ့" ကျွန်ုပ်မှ- "ဟုတ်ကဲ့ပါအဘ" ဟုပြန်ဖြေလိုက်၏။

ဥဗ္ဗာမသိရိမထေရ်မြတ် စီရင်ခဲ့သော လေးတန်အက္ခရာလေးလုံးစာကို ရှာကြံရာ ရှာကြံကြောင်းဖြစ်သော သိဒ္ဓိလေးပါး ပြီးစီးစေသည့် ကပ္ပလက်ာရကျမ်းကို ရှစ်လုံးတစ်ပါဒ ဂါထာဖွဲ့၍ သန့်ရှင်းမှန်စွာ စီရင်ခဲ့ကြောင်း၊ **လောက ဓမ္မအကျိုးနှစ်ပါး** လိုလားသော အမျိုးကောင်းသားတို့သည် စက္ခုဝိညာဏ်ဖြင့် နိစ္စမလပ် ကြည့်ရှုစေလို၏ စသဖြင့် ကျမ်းပြုဆရာ သဒ္ဓမ္မနန္ဒမထေရ်က နိဒါန်းချီခဲ့၏။ ထို့နောက် ဆက်၍ အကြောင်းဟုတ်သည် မဟုတ်သည် မှန်သည် မမှန်သည်ကို နတ်မျက်စိကဲ့သို့ မုချစင်စစ် ခွဲခြားသိနိုင်စွမ်း၍ ဒိဗ္ဗစက္ခုရှင်ရသေ့ဆရာသည် ဝိဇ္ဇာခိုရ် (၄)ပါးတို့ မှီခိုရာ ဖြစ်သော တန်ခိုးအာနုဘော် ထက်မြက်ပြည့်ဝသော အက္ခရာ (၄)လုံးကို သတ္တလောက၏ အကျိုးငှာ သုတမ္မ၊ လောဟပဏ္ဏတ္တလေ **ကောင်းမွန်ညီညွတ်သော ကြေးနီပုရပိုဒ်အပြင်၌၊** *ဟတ္တေန* **လက်ဖြင့်၊** *အလိက္ခိတွာ* **မရေးမူ၍** *အတ္တနော* **မိမိ၏ ဝိဇ္ဇာမယိဒ္ဓိဉာဏေန ဝိဇ္ဇာမယိဒ္ဓိဉာဏ်ဖြင့်** *အနုစ္ဆဝိကံ* **အံ့ဖွယ်ရှိအောင်** *လိက္ခိတွာ* **တစ်ပါးရေး၍** *ဂုယှေန* **လျှို့ဝှက်သဖြင့်** *ဌပေသော* **ထားခဲ့ပြီ။ ထို လျှို့ဝှက်သောနည်းကို ဉာဏ်ရှိသော အက္ခရာကို အလိုရှိကုန်သော သူတို့သည် (**အဟံ **သဒ္ဓမ္မနန္ဒမထေရ်နာမတွင်ဆန်း ငါရဟန်းထံ)** *သုဏာထ* **နာလင့်ကုန်။**

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသ နှုတ်တက်ရွရွ သင်ကြားပေးခဲ့သည်များကို လွယ်ကူစွာ မှတ်သားခဲ့ပြီး ယခုပြန်လည်တင်ပြရာ၌ ကျမ်းပြုသူ အာဘော် ပဓာနထားရေးသားရသောကြောင့် အသင်စာဖတ်သူ ပညာလိုလား အမျိုးကောင်းသားသမီးတို့သည် ရှေ့သို့ မလောစေဘဲ တစ်ဆင့်ချင်း လေ့လာမှတ်သားသင့်ပေသည်။ ပါဠိအနက် နှစ်သက်သူတို့အတွက် ပါဠိနှင့်အနက်၊ စကားပြေနှစ်သက်သူတို့အတွက် စကားပြေ၊ တိုက်ရိုက်အဖြေသိလိုသူများအတွက် တိုက်ရိုက်အဖြေ တွဲစပ်ရေးသားရမည်ဖြစ်၍ ရေးသားရသူ ကျွန်ုပ်အတွက် မည်မျှ ခက်ခဲပါစေ၊ စာရှုသူအတွက် လွယ်ကူမည်ဆိုပါက ရေးသားရကျိုးနပ်သည်ဟုခံယူထားမိပါသည်။

စတုဇုတိသမ္ဗန္ဓသ လေးပါးသောအရောင်နှင့် ပြည့်စုံသော၊ မေရုရာဇ မေရုရာဇသ မြင့်မိုရ်တောင်မင်း၏၊ ပရိဝါရေ အခြံအရံဖြစ်သော၊ ယုဂန္ဓေ ယုဂန္ဓိုရ်တောင်ဖျား၌၊ မဟာဇဝေါ ကြီးသော၊ လျင်မြန်ခြင်းရှိသော၊ ကောဂရုဠော ဂြိုဟ်အိုတစ်ခုသည် အဗ္ဘိ ရှိ၏။	တနင်္ဂနွေ ဂြိုဟ် နေမင်း (စဖို) ကို ဆိုလိုသည်။
မြရောင်၊ ရွှေရောင်၊ ငွေရောင်၊ ဖလ်ရောင် အရောင်(၄)မျိုးဖြင့် ပြည့်စုံသော မြင့်မိုရ်တောင်မင်း ၏ အခြံအရံတစ်ခု၌ ပါဝင်သောယုဂန္ဓိုရ်တောင်အဖျား၌ အလွန်လျင်မြန်သော ဂြိုဟ် ၄က်အိုတစ်ကောင်ရှိ၏။	
သောဂရုဠော ထိုဂြိုဟ်အိုသည် ဒွိသဟဿပရိဝါရေ ဒွိသဟဿပရိဝါရေသု- ကျွန်းငယ်နှစ်ထောင် အရံရှိကုန်သော စတုသုမဟာဒီပေသု ကျွန်းကြီး (၄)ကျွန်းတို့၌၊ ဝိစရိတွာ ပျံသွားလှည့်လည်၍၊ ဂေါစရတိ ကျက်စား၏။ သောဂရုဠော၊ ထိုဂြိုဟ်အိုသည်၊ မနုဇာန် လူတို့အား အနုကမ္ပံ အစဉ်သနားသည်ကို ဥပါဒါယ အကြောင်းပြု၍ စတုက္ခရ စတုသုအက္ခရေသု အက္ခရာလေးလုံးတို့တွင်	ဂြိုဟ်အိုခေါ် နေမင်းသည် ကျွန်းကြီး (၄)ကျွန်းကို လှည့်ပတ်ရာ၌-
ထိုနေမင်းသည် အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်းတည်းဟူသော ကျွန်းကြီး(၄)ကျွန်းကို လှည့်လည်ပျံသန်းရာ ထိုကျွန်းလေးကျွန်း၌ နေကြကုန်သော လူတို့အဖို့	
မူလက္ခရံ-မူလအက္ခရာဖြစ်သော ဇကဲ -တစ်လုံးကိုလည်းကောင်း (နေမင်း၏ ပကတိပုံသဏ္ဌာန်ကို ဆိုလိုသည်။) →	နေမင်း၏ပကတိပုံ ○

<table>
<tr><td>ဘူတက္ခရေ -ဘူတအက္ခရာဖြစ်သော
ဒွေ -နှစ်လုံးတို့ကိုလည်းကောင်း၊</td><td rowspan="2">နေထွက် -'ဝ' တစ်ခြမ်း 'ဂ'
နေဝင် - 'ဝ' တစ်ခြမ်း 'ဂ'
ဘူတ နှစ်လုံး</td></tr>
<tr><td>နေ၏ မူလသင်္ကေတ 'ဝ' မှ ပွားထွက်လာသော
ဘူတသင်္ကေတနှစ်ခုဖြစ်သည့်၊</td></tr>
<tr><td>ဣတိ -ဤသို့
တယောက္ခရေ -သုံးလုံးသော အက္ခရာတို့ကို
ဧကဒိဝသေ -တစ်နေ့တည်း၌၊ တိက္ခတ္တုံ-သုံးကြိမ်၊
ပကာသေတိ -ထင်ရှားပြ၏။
(နေ၏မူလသင်္ကေတ 'ဝ' နှင့် နေထွက် 'ဂ' ဘူတသင်္ကေတ (၂) လုံး၊စုစုပေါင်း အက္ခရာ (၃) လုံးကို နေမင်းသည် တစ်နေ့သုံးကြိမ်ထင်ရှားစွာပြ၏ဟု ဆိုလိုသည်။)</td><td>နေထွက် - ဂ -ငယ်
နေ့လည် - ဝ -ပင်
နေဝင် - ဂ - ဖြစ်ပြန်
သုံးတန်အက္ခရာ
နေမှလာ
မှတ်ပါစဖိုဂိုဏ်း</td></tr>
</table>

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသ ရှင်းပြသည်များကို အသေးစိတ်မှတ်နေလေ၏။

"နေမင်းဟာ ကျွန်းကြီး (၄)ကျွန်းကို ပတ်တယ်။ အဲဒီအခါ လူတွေရဲ့ မျက်လုံးထဲမှာ နေ့မွန်းတည့် ပကတိ 'ဝ'လုံးသင်္ကေတ အဲဒါ ပုံသေမို့ မူလ လို့မှတ်။ မူလကနေ ပွားလာတဲ့ နေထွက် 'ဂ'ငယ်၊ နေဝင် 'ဂ' ငယ်ပုံသင်္ကေတနှစ်ခုကို ဘူတအက္ခရာ နှစ်လုံးလို့ မှတ်လိုက် ဟုတ်ပြီနော်။ အဲဒီတော့ မူလနဲ့ဘူတ ပေါင်းပြီး တစ်နေ့တည်း၌ သုံးကြိမ်ထင်ရှားပြ၏ လို့ ဝှက်ထားတာပေါ့"

တေသွက္ခရေသု ထိုအက္ခရာ(၃)လုံးတို့တွင် ဒွေ နှစ်လုံးကုန်သော၊ ဘူတေ ဘူတက္ခရေ ဘူတအက္ခရာတို့ကို၊ သမ္ဗန္ဓဘာဝေ-သမ္ဗန္ဓဘာဝနေ စပ်သည်၏အဖြစ်ဖြင့် သမ္ပိဏ္ဍိတွာ- ပေါင်း၍ ဧကော အက္ခရော တစ်လုံးတည်းသော အက္ခရာသည်ဖြစ်၏။	ဘူတ (၂)လုံး နေထွက် ၊ နေဝင် ဂ + ဂ ပေါင်းလိုက်သော် 'က'
အထက်ပါ 'ဂ' 'ဝ' 'ဂ' ဘူတအက္ခရာ(၃)လုံးမှ နှစ်လုံးသော ဘူတအက္ခရာတို့ကို ပေါင်း၍ သို့မဟုတ် စပ်၍ ရေးလိုက်ပါက အခြားသော ဘူတအက္ခရာ တစ်လုံးကို ရ၏။	ထို့ကြောင့်နေမင်းပြ စဗို နောက်ထပ်တစ်လုံး 'က'ကို ရ၏။
မူလက္ခရေ မူလအက္ခရာနှင့် သဟ တကွ ဂရှင့်သော ဂဠုန်မင်းမှ ဒွက္ခရာ နှစ်လုံးသော အက္ခရာတို့ကို လဘန္တိ ရကုန်၏။ တေစက္ခရေ ထိုအက္ခရာတို့ကို ဒိသွာ မြင်၍ မနုဇာ လူတို့သည် ဝါကိဋ္ဌကမ္မံ ရောင်းဝယ်လယ်လုပ်ခြင်းစသော အမှုတို့ကို ကရောန္တိ ပြုကြကုန်၏။ ဂဠုန်တည်းဟူသော နေမင်းထံမှ အက္ခရာနှစ်လုံးကို ရရှိသည်ဟု ဆိုလိုသည်။	'ဝ' + 'က' နေမင်း မှ ပြ (၂) လုံးရ စဗို (၂) လုံး ပ။ နေမင်းမှ ပြ 'ဝ' နှင့် 'က' စဗို နှစ်လုံးရ။

"မောင်ဘုန်းမြင့်၊ ဒီအပိုဒ်မှာ *ဝါကိဋ္ဌကမ္မံ* ဆိုတဲ့ ပါဠိကို သေသေချာချာကြည့်။ 'ဝ' နဲ့ 'က' ကို ဝှက်ထားတာ တစ်ခါတည်းပေါ်လာလိမ့်မယ်။ ဝါကိဋ္ဌကနေ "ဝ"ကို ယူ။ ကမ္မံကနေ 'က'ကိုယူ၊ မှတ်မိရဲ့လား" ဟု အဘဆရာကြီး ဦးနန္ဒောဘာသမှ ရှင်းပြလိုက်၏။

အထ -ထိုမှတစ်ပါး၊ *ဝါ* တစ်နည်းကား၊ မေရုပရိဝါရေ မြင့်မိုရ်တောင် အခြံအရံဖြစ်သော

ယုဂန္ဓရေ ယုဂန္ဓိုရ်တောင်များ၌ ဥပ္ပတ္တိတွာ ဖြစ်သွားလှည့်လည်၍ ဝိစရန္တော သွားသော၊ ဇွိသဟဿပရိဝါရေ(သု) ကျွန်းငယ် နှစ်ထောင်အရံ ရှိကုန်သော မဟာဒီပေ မဟာဒီပေသု ကျွန်းကြီး(၄)ကျွန်းတို့၌ အတ္တနော မိမိ၏ ဩဘာသ အရောင်အဝါဖြင့် သီတလ် သီတလကာရော ချမ်းအေးခြင်းကို ပြုတတ်သော မန္တူသင့် မန္တူသာသစ္ဓေါ ငှက်မင်းသည် စတုက္ခရော-စတုအက္ခရာန်၊ အက္ခရာလေးလုံးတို့ကို ဉာပနတ္တံ-သိစေခြင်းငှာ. . .

"မောင်ဘုန်းမြင့်၊ ဒီအပိုဒ်ကို ရှင်းပြစမ်း" ဟု အဘမှ မေးလိုက်ရာ ကျွန်ုပ်မှ-

"ယုဂန္ဓိုရ်တောင်ကို အရောင်ထွက်တဲ့ ကရဝိက်ငှက်မင်းက ပတ်ပြီးပျံတဲ့အခါ အက္ခရာ (၄)လုံးပေါ်ထွက်တယ်ပေါ့ အဘ"

"ဟုတ်တယ်ကွယ့်၊ အဲဒီ ကရဝိက်ငှက်မင်း ခေါ်တဲ့ တနင်္လာဂြိုဟ်လမင်းကနေ အက္ခရာ (၄)လုံး ရရှိတယ် ကွဲ့"

မူလက္ခရံ မူလအက္ခရာဖြစ်သော ဧကံ တစ်လုံးကိုလည်းကောင်း	**တရဝိက် → လမင်း** လပြည့်၌ပြ '၀' မူလအက္ခရာတစ်လုံးရ၏။
မူလပုံသင်္ချာန်တစ်လုံးကိုလည်းကောင်း	
ဘူတက္ခေ ဘူတက္ခရေ ဘူတအက္ခရာဖြစ်ကုန်သော စတ္တာရော လေးလုံးတို့ကိုလည်းကောင်း၊ မူလအက္ခရာ "၀" မပါဘဲ ဆင့်ပွား ဘူတအက္ခရာ (၄)လုံးကို ပြ၏ ဟု ဆိုလိုသည်။	**ဘူတအက္ခရာ (၄)လုံး လမင်းသည်** လဆန်း ၃/၄ → ၇ ပုံသင်္ချာန် လဆန်း ၈ → ၈ ပုံသင်္ချာန် လဆုတ် ၈ → ၉ ပုံသင်္ချာန် လကွယ်ကာနီး → ၆ ပုံသင်္ချာန် အားဖြင့် ဘူတအက္ခရာ (၄)လုံးကိုပြ၏။
ဣတိ ဤသို့ ပဉ္စက္ခရော ငါးလုံးသော အက္ခရာတို့ကို မနုဇာန် လူတို့အား အနုကမ္ပံ အစဉ်သနားသည်ကို ဥပါဒါယ စွဲ၍၊ ဧကမာသေ တစ်လတည်း၌ ပဉ္စက္ခတ္တုံ ငါးကြိမ် ပကာသေတိ ပြ၏။	**လဆန်း လပြည့် လဆုတ်** ၇ ၆ ၀ ၈ ၉

ကရဝိက်ငှက်ခေါ် လမင်းသည် သူ၏ မူလပုံသဏ္ဍာန် (၁)မျိုး၊ ဘူတပုံသဏ္ဍာန် (၄)မျိုးတို့ကို လဆန်း၊ လပြည့်၊ လဆုတ် စုစုပေါင်း (၁)လတည်း၌ ပုံသဏ္ဍာန် (၅)မျိုးကို ပြသလေသည်။	**လမင်းမှ ရရှိသော မူလဘူတအက္ခရာ (၅)လုံး**
ကရဝိကဗီဝိတက္ခရေ ကြဝိကဗီဝိ တက္ခရေသု - **ကရဝိတ်ငှက်မင်းသည်ပြအပ်သော အက္ခရာဟူကုန်သော၊** ပဉ္စက္ခာ ပဉ္စသုအက္ခရာရေသု **အက္ခရာငါးလုံးတို့တွင်** အဗျုဠ္ဌ ဥါရာန် **အစ အဆုံး အက္ခရာနှစ်လုံးတို့၏** သဘာဝတ္တာ **သဘောတူသည်၏အဖြစ်ကြောင့်။**	လဆန်း လပြည့်လဆုတ် ဘူတ (၂)လုံး | မူလ (၁)လုံး | ဘူတ (၂)လုံး 

"ဒီအပိုဒ် မောင်ဘုန်းမြင့်နားလည်လား" ဟုအဘမှ ဖြတ်မေးလိုက်ရာ ကျွန်ုပ်က -

"မရှင်းဘူးအဘ" ဟု ပြန်ဖြေလိုက်၏။

"ဒီလိုကွယ့် . . 'ဂ' နဲ့ 'ပ' က တစ်တွဲ ၊ 'ဓ' နဲ့ 'ဗ'က တစ်တွဲ။ အဲဒီ အစနဲ့ အဆုံး (၂)လုံးစလုံးဟာ အတည့် ပြောင်းပြန် သဘောချင်းခပ်ဆင်ဆင် တူတာကို ဆိုလိုတာကွဲ"

ဟု ရှင်းပြလိုက်သဖြင့် ကျွန်ုပ်သည် မှတ်စုစာအုပ်အတွင်း တစ်လုံးချင်းရေးမှတ် သွင်းလိုက်ပါ၏။

ဂ ပြောင်းပြန် ပ

ဓ ပြောင်းပြန် ဗ

"ဒါကြောင့် သဘောချင်း တူတဲ့ 'ဂ'ရယ်၊ 'ဗ'ရယ် နှစ်လုံးကို ပယ်ကြည့် မောင်ဘုန်းမြင့် ဘာတွေကျန်မလဲပြော" ဟု အဘဆရာကြီး ဦးနန္ဒာဘာသက ကျွန်ုပ်အား မေးလိုက်လေ၏။

အစအဆုံး အက္ခရာ(၂)လုံးတို့၏ - သဘာဝဝတ္တာ သဘောတူသည်အဖြစ်ကြောင့် အညေ အညတြေ အမှတ်မရှိကုန်သော ဒွက္ခရေ အက္ခရာနှစ်လုံးတို့ကို မာရေ မာရေတွာ သတ်၍ တယောက္ခာ-တယောအက္ခရာ၊ အက္ခရာသုံးလုံး တို့သည်၊ ဒိဿန္တိ ထင်ကုန်၏။	
အစ "ဂ" နှင့် အဆုံး "ဗ" တို့သည် သဘောချင်းတူ၍ သတ်လိုက် (ဝါ) ပါယ်လိုက်သည်ရှိသော် လမင်းထံမှ အကျန် အက္ခရာ (၃)လုံးကို ရရှိလေ၏။	ပ,ဝ,ဂ လမင်းထံမှရသော အက္ခရာ(၃)လုံး
ပုဗ္ဗေ ရှေး၌ ဂရုဠ ဂရုဠရာဇာ ဂဠုန်မင်းသည် *ဒီပိတာ ဒီပိတေဟိ* ပြအပ်ကုန်သော၊ *ဒွက္ခရေဟိ* အက္ခရာ (၂)လုံးတို့နှင့် သမ္ပိဏ္ဍိတွာ ပေါင်း၍ *ပဉ္စအက္ခရာ* ငါးလုံးသော အက္ခရာတို့သည် *ဘဝန္တိ* ဖြစ်ကုန်၏။	နေမင်းပြ စဖို (၂)လုံး ⇨ က,ဝ လမင်းပြ စမ (၃)လုံး ⇨ ပ,ဝ,ဂ + စုစုပေါင်း ⇨ က,ဝ,ပ,ဝ,ဂ
ရှေး၌ ဂဠုန်ငှက်မင်းမှ ရရှိခဲ့သော စဖို (၂)လုံး၊ ယခု လမင်းမှ ရသော စမ (၃)လုံး ပေါင်းလိုက်သော် အက္ခရာ (၅)လုံး ရရှိလာမည်ဖြစ်သည်။	အက္ခရာ (၅)လုံး ရရှိ၏။

တေသုစ ထို(၅)လုံးသော အက္ခရာတို့တွင်လည်း
တယော (၃)လုံးတုန်သောဘူတက္ခရာ ဖြစ်ပွားတတ်ကုန်သော ဘူတအက္ခရာတို့သည် ဝါ တို့ကို အဓောပရိက္ခဟေ အဓောဥပရိက္ခဟေန အောက်အထက်ပြန်လှန်၍ ယူခြင်းဖြင့်
ဆ ခြောက်လုံးသော အက္ခရာတို့သည်
ဟောန္တိ ဖြစ်ကုန်၏။

နေ	လ
က, ဝ	ပ, ဝ, ဓ

မူလ(၂)လုံး

မူလနှစ်လုံးကို ချန် ဘူတ(၃)လုံးကို စဉ်၍ အထက်အောက်ပြောင်းပြန် လှန်သော်

က	ပ	ဓ
ဃ	ဂ	ဗ

အထက်ပါ စဖို စမ 'က'နှင့် 'ဝ'တွင် ဘူတအက္ခရာသည် 'က'ဖြစ်ပြီး 'လ'မှ ရသော စမအက္ခရာ ပ,ဝ,ဂတို့တွင် 'ပ'နှင့် 'ဂ'တို့သည် ဘူတအက္ခရာများ ဖြစ်ကြ၏။ ထိုဘူတ (၃)လုံး က, ပ, ဂတို့ကို အထက်အောက်လှန်ပါက (၆)လုံးသော အက္ခရာ တို့ကို ရရှိလာမည်။

က-ပြောင်းပြန် ဃ။
ပ-ပြောင်းပြန် ဂ။
ဓ-ပြောင်းပြန် ဗ။
အထက်အောက်ဘူတ (၆)လုံးကို ရရှိ၏။

မူလာပန မူလအက္ခရာတို့သည်ကား
ဒွေ နှစ်လုံးတို့သည်
ဟောန္တိ ဖြစ်ကုန်၏။

မွန်းတည့်နေ (မူလ)	လပြည့် (မူလ)
ဝ	ဝ

ဣတိ ဤသို့
ဝဍ္ဎက္ခရေဟိ ပြန့်ပွားသော အက္ခရာတို့နှင့်
သဟ တကွ
အဋ္ဌက္ခရာ ရှစ်လုံးသော အက္ခရာတို့သည်
ဟောန္တိ ဖြစ်ကုန်၏။
အထက်ပါ ရရှိသော ဘူတ (၆)လုံးတွင် မူလ (၂)လုံးကို အထက်အောက် ယှဉ်က ရှစ်လုံးသော အက္ခရာပြည့်ကို ရရှိလေ၏။

က	ပ	ဓ	ဝ
ဃ	ဂ	ဗ	ဝ

ဤနေရာသို့ အရောက်၌ အဘဆရာကြီး ဦးနန္ဒောဘာသသည် ကျွန်ုပ်အား ပြုံးကြည့်လျက် -

"ကဲ မောင်ဘုန်းမြင့်၊ အခုအထိ စိတ်ရှည်လက်ရှည်နဲ့ တောက်ရ စမ (၈)လုံး မှာ ဘာထူးခြားတာ မြင်သလဲကွယ့်" ကျွန်ုပ်သည် မိနစ် (၂၀) ခန့်ကြာသည်အထိ မဖြေနိုင်ခဲ့ပါချေ။ အဘသည် သူ၏လက်လုပ်ဖျဉ်းမဆေးတံထဲသို့ဆေးမှုန့်များ တတောက်တောက် သိပ်ထည့်လိုက်ပြီး မီးညှိအောင်ညှိကာ ဖွာရှိုက်လိုက်ကာ -

"ကဲပါ ငါတပည့်ရယ်၊ နံသင့်တွေ ပေါင်းကြည့်လကွယ့်"

က	တနင်္လာနံသင့်	၂	ယ	ဗုဒ္ဓဟူးနံသင့်	၄
ပ	ကြာသပတေးနံသင့်	၅	ဂ	တနင်္လာနံသင့်	၂
ဓ	စနေနံသင့်	၇	ဗ	ကြာသပတေးနံသင့်	၅
ဝ	ဗုဒ္ဓဟူးနံသင့်	၄	ဝ	ဗုဒ္ဓဟူးနံသင့်	၄
	စုစုပေါင်း	၁၈		စုစုပေါင်း	၁၅

"ဟုတ်ပြီအဘ၊ က,ပ,ဓ,ဝ နံသင့်ပေါင်း (၁၈) ရယ်၊ ယ,ဂ,ဗ,ဝ နံသင့်ပေါင်း (၁၅) ရယ် ရတယ်အဘ"

"အဲဒီတော့ ဆက်ပြောဦးကွယ့် ဘာထူးခြားသလဲ" ဟုအဘမှမေးလိုက်ရာ- ကျွန်ုပ်သည် စဉ်းစားမနေတော့ဘဲ

"အဲဒီ (၁၈) နဲ့ (၁၅) နဲ့ နှုတ်ရင် (၃)၊ ပေါင်းရင် (၃၃) ပေါ့ အဘ"

"တော်စွာ့ ငါ့တပည့်ရယ်၊ ပေါင်းလိုက်ရင် ရပါပြီကွဲ့။ အဲဒီ (၃၃) ဂဏန်းဟာ "က" အစ "အ"အဆုံး ဗျည်း (၃၃) လုံးပေါ့ကွယ်" ဟု ပြောရင်း အဘ၏ ကြင်နာစွာထုလိုက်သော မနာမကြင် လက်သီးဖွဖွလေးကို ကြည်နူးစွာ ခံယူလိုက်မိ ပါသည်။ အဘယ်ကြောင့်ဆိုသော် **တပွလက်ာရကျမ်း** မသင်ရမီအထိ အဘသည် ကျွန်ုပ်အား ထစေ့မှုတ် (ထန်းသီးကြေးစည်ထုတုတ်)ဖြင့် ဖေခဖကျွပ်း ဖွတ်ဖွတ်ကျေအောင် ဆော်ခဲ့ဖူး၍ ဖြစ်ပါသည်။

တကွရာ တေအကွရာ ထိုအကွရာတို့ကို၊ ဥဒ္ဒဥ အထက်၌လည်းကောင်း၊အစောစ **အောက်၌ လည်းကောင်း၊** ဣတိ ဤသို့၊ စတ္တာရိ စတ္တာရိ (၄)လုံး (၄)လုံးစီ၊ ယုဋ္ဌေ ယုဋ္ဌေဗွာ

ဘက်ယှဉ်၍၊ *ငပျန္တေ ငပိယန္တေ* ထားအပ်ကုန်၏။ *တက္ခရာ တေအက္ခရာ* ထိုရှစ်လုံးသော အက္ခရာတို့သည်၊ *သစ္စာ* မှန်ကန်သည်၊ *သစေဟောန္တိ* အကယ်၍ ဖြစ်ကုန် မူကား၊ *ဂဏနတော* ဂဏန်းသင်္ချာ အရေအတွက်အားဖြင့်၊ *တေတ္တိံသစ* သုံးဆယ့်သုံးပါးတို့သည်လည်း၊ *ဟောန္တိ* ဖြစ်ကုန်၏။ *တေအက္ခရာ* ထိုအက္ခရာတို့သည်၊ *အသဒိသ (နံ)* အတုမရှိသော အကျိုးကို ပေးခြင်းငှာ စွမ်းနိုင်ကုန်သော၊ *စတုက္ခရာနံ* (၄)လုံးသော အက္ခရာတို့ကို၊ *ပရိဂ္ဂဟဏာစ* ကောက်ယူကြောင်းတို့သည်၊ *ဟောန္တိ* ဖြစ်ကုန်၏။

ကျွန်ုပ်မှ- "ဒါဖြင့်ရင် အဘ ဒီဗျည်း (၃၃) လုံးဟာ မူလအက္ခရာ (၄)လုံးကို ကောက်ယူနိုင်ဖို့ အကြောင်းတရား တစ်ခုပဲပေါ့နော် အဘ"

"ဟုတ်ပ့ါ မောင်ဘုန်းမြင့်ရယ်၊ ဗျည်း (၃၃) လုံးကို မူတည်ထားပြီး နောက်လာမယ့် အကြောင်းတရားတွေနဲ့ အသုံးချကြည့်ရင် မူလအက္ခရာကို တွေ့ရမှာ သေချာပေါက်ပေါ့ကွယ်။ ဒ့ါထက် အစကနေ အခုအထိ ကောက်ယူ ရရှိ ခဲ့တဲ့ အက္ခရာ (၈)လုံးရဖို့ လွယ်သလားကွယ့်"

"အားပါး. . . မလွယ်ပါဘူးအဘ"

"ဒါဖြင့်ရင် မောင်ဘုန်းမြင့် တို့တွေ ဒီကပ္ပလက်ာရကျမ်းအကြောင်း မစမီမှာ ကျမ်းဦးပဏာမ နှစ်ဂါထာကို အမြဲရွတ်ဖတ်ပူဇော်ရစမြဲကွယ့်. . ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်အဘ"

"ဘာဖြစ်လို့ရွတ်ခိုင်းသလဲသိရအောင်ကွာ၊ တစ်ကြောင်းချင်းချရေးရင်းရွတ်ကြည့်လိုက်ပါဦး"

ကာ ရာကရော တမံ မောဟံ၊
ပ ဗောဓေသိ ဇနမ္ဗုဇံ၊
မ မေတ္တာ ဓမ္မရံသိဟိ၊
ဝ ရံသော ဒေတု မေမလံ။ ။
(ကျမ်းဦးအာသီသပထမဂါထာ)

ဃ မိတ္တဋ္ဌ ယမော ဒန္တော၊

ဝ မိတ္တဋ္ဌ ဂမာမိကော။

ဗ လံ မာရသ ယောဇိနော၊

ဝ ရုံသော ဒေတုမေဇယ်။ ။

(ဒုတိယဂါထာ)

ဟု ကျွန်ုပ်မှ ရွတ်ဖတ်လိုက်၏။ အဆုံး၌ အဘဆရာကြီးမှ သာဓု (၃)ကြိမ် ခေါ်ဆိုလိုက်၏။ ပြီးမှ-

"ဂါထာရဲ့ အစတွေကို မျဉ်းသားပြီး ကောက်ကြည့် မောင်ဘုန်းမြင့်ရေ"

ဟု ခိုင်းလိုက်ရာ ကျွန်ုပ်သည် ဂါထာ အစစာလုံးများကို မျဉ်းသားကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့လိုက် ရ၏။

က ဃ

ပ ဂ

မ ဗ

ဝ ဝ

"ဟုတ်တယ် မောင်ဘုန်းမြင့်၊ 'က'ကြီး ပြောင်းပြန် ယပက်လက်၊ ပစောက် ပြောင်းပြန် ဂငယ်၊ မ အောက်ချိုင့် ပြောင်းပြန် ဗ ထက်ချိုင့်။ "ဝ" နဲ့ "ဝ" ဟုတ်ပြီလား။ အဲဒါကို အထက်အောက် စဉ်ကြည့်လိုက်ရင် စောစောက ဂဠုန်အိုးနဲ့ ကရဝိက်တို့က ရတဲ့ အက္ခရာရှစ်လုံးနဲ့ တူမနေဘူးလား" ဟုပြောကာ အောက်ပါအတိုင်း စီပြလိုက်၏ -

အာသီသ ပထမဂါထာ အစများ	က	ပ	မ	ဝ
အာသီသ ဒုတိယဂါထာ အစများ	ဃ	ဂ	ဗ	ဝ

ကျွန်ုပ်မှ - "ဟုတ်တယ်နော် အဘ၊ အရမ်း အံ့သြစရာဘဲ" ဟု အားပါးတရ ပြောလိုက်ပါ၏။ အဘမှ ဆက်၍ သင်ပေးပြန်သည်။

ပရိဂ္ဂဟံ ကောက်ယူရာ ကောက်ယူကြောင်းဖြစ်သော၊ *အဋ္ဌက္ခရံ* ရှစ်လုံးသော အက္ခရာကို၊ *ဒဿေတွာ* ပြပြီး၍၊ *ဒါနိ-ဣဒါနိ* ယခုအခါ၌၊ *ပရိဂ္ဂဟဏနယဥ္စ* ကောက်ယူကြောင်းနည်းကိုလည်း၊ *ဒဿယိဿာမိ* ပြဆိုပေအံ့။ *တံ* ထိုကောက်ယူနည်းကို၊ *မေ-မမ* ငါ၏၊ *သန္တိကေ* အထံ၌၊ *အက္ခရတ္ထိကာ* အက္ခရာကို ကောက်ယူခြင်းငှာ အလိုရှိသော သူတို့သည်၊ *သောထ* နာလင့်ကုန်။

တေတ္တိံသပိဏ္ဍကက္ခရေ (၃၃) လုံးသော ပိဏ္ဍကအက္ခရာတို့ကို၊
ပဌမံ ရှေးဦးစွာ၊ *လိက္ခိတွာ* -ရေး၍၊
ဌပေ-ဌပေယျ ထားရာ၏။
တတော ထိုနောင်မှ၊
ဂယဏက္ခရမှိ ကောက်ယူကြောင်း
အက္ခရာ (၈)လုံးကိုလည်း၊
ဝုတ္တနယေန ဆိုအပ်ပြီးသောနည်းဖြင့်၊
ရေး၍၊ *ဌပေယျ* ထားရာ၏။

ကပဓဝ,ယဂဗဝ(၈)လုံး အက္ခရာ နံသင့်ပေါင်း၃၃အရေ
အတွက် ၃၃ လုံးကို တည်ပြီး ရေးထားရမည်။ ထို (၈)လုံး
အက္ခရာကိုလည်း အစဉ်လိုက် တည်ထားရမည်။

က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

က	ပ	ဓ	ဝ
ယ	ဂ	ဗ	ဝ

ဌပိတေပန ထားပြီးသော်ကား၊ *အဋ္ဌသု* ရှစ်လုံးကုန်သော။ *ဂါဟကက္ခရေသု* ကောက်ယူကြောင်း အက္ခရာတို့တွင်၊ *အာဒိမှာ* အစဖြစ်သော၊ *ဥပရိက္ခရဝသတော* အထက်အက္ခရာနေရာမှ၊ *ပဋ္ဌာယ* စ၍၊ *ဘောမိမ္မေဟိ* *ဘောဓိပက္ခိယ* တရားတို့ဖြင့်၊ *တေတ္တိံသပိဏ္ဍကက္ခရေ* (၃၃)လုံးသော ပိဏ္ဍကတ်အက္ခရာတို့၌၊ *ဂဏေတွာ* ရေတွက်၍၊ *ပတ္တအက္ခရော* ရောက်သောအက္ခရာကို၊ *အန္တရာယတော* ကွယ်စေအပ်၏။ *တတော* ထိုနောင်မှ၊ *အာဒိမှာ* အစဖြစ်သော၊ *အဓောက္ခရဌာနတော* အောက်အက္ခရာနေရပ်မှ၊ *ပဋ္ဌာယ*

စ၍၊ ဗောဓိမဏ္ဍိုဟိ ဗောဓိပက္ခိယတရားတို့ဖြင့်၊ တထေဝ-တထာဇေ ထိုရှေ့အတူပင်လျှင်၊ ဂဏေတွာ ရေတွက်၍၊ ပဏ္ဍိအက္ခရော ရောက်သောအက္ခရာကို၊ အန္တရာယေ ကွယ်စေအပ်၏။

"ရှင်းပါတယ်နော် မောင်ဘုန်းမြင့်"

"အဘ ထပ်ရှင်းပြပါဦး" ဟုကျွန်ုပ်က ထပ်မံမေးလိုက်သဖြင့် အဘသည်၊

"လွယ်ပါတယ်ကွယ်။ အထက်အက္ခရာက ဘာလဲ"

"'က' ကြီးပါအဘ"

"အဲဒီတော့ ဗျည်း (၃၃) လုံးအစ 'က' ကြီးကနေ (၃၇) လုံးမြောက် ရေတွက်ကြည့် ဘာရလဲပြော" ကျွန်ုပ်မှ ရေတွက်ကြည့်လိုက်ပြီးနောက်- "'ယ' ကြီးတွေ့တယ် အဘ" ဟု ပြောလိုက်၏။ အဘမှ သူ၏ ဆေးတံကို ပြာခွက်ထဲ တစ်တောက်တောက် ခါချရင်း-

"အဲဒီ 'ယ' ကြီးကို သတ်ပစ် ။ ကြက်ခြေခတ်သတ်လိုက်၊ 'က' ကြီးက ရေလို့ရတဲ့အတွက် 'က' ကြီးအပေါ်မှာ ရေးလိုက်"

"ဟုတ်ပြီ အဘ"

"'က' ကြီးအတွက် ကိစ္စပြီးရင် ကျမ်းရင်းထဲက ဘာတဲ့၊ အဓောက္ခရ အောက်အက္ခရာ နေရပ်မှ ပဉ္စာယ စ၍ ဆိုတော့ 'က' ကြီးအောက်က 'ယ'ပက်လက် သူ့အလှည့်ဘဲ 'ယ' ပက်လက် ကစပြီးရေ၊ စောစောတုန်းက သတ်ထားခဲ့တဲ့ ကြက်ခြေခတ်ပယ်သတ်ထားတဲ့ 'ယ'ကို ထည့်မတွက်နဲ့ ဆိုရင် ဘာကို တွေ့မလဲ"

ခေတ္တအကြာ ကျွန်ုပ်မှ- "'သ' ကို တွေ့တယ်အဘ"

"အဲဒီ 'သ' ကို 'ယ' ပက်လက်က ရလို့ 'ယ' ပက်လက်အောက်မှာသွင်း။ အထက်ကရရင် အထက်ကိုထည့်၊အောက်ကရရင်- အောက်မှာထည့် ၊အလွယ်မှတ်ရင် ထက်လျှင်ထက်က အောက်လျှင်အောက်က အစဉ်အတိုင်း မှန်အောင်ထည့်။ ပြီးရင် အထက်(၄)ကွက် မှာ ဘာရသလဲ၊ အောက်(၄)ခွင်မှာ ဘာတွေရသလဲ၊ အဘကိုပြ ဟုတ်ပြီလား"

ထိုစဉ်က ကျွန်ုပ်အသက်အရွယ်ဖြင့် (၃)ရက်ခန့် ချာလပတ်လည်ပြီးမှ အဖြေမှန်ကို ရရှိခဲ့၏။ အမှန်မှာ စ ကောက်ရာ အက္ခရာကို ဗျည်း (၃၃) လုံးမှ ဗောဓိပက္ခိယ (၃၇)လုံးမြောက်ဖြင့် ကောက်ရာ၌ ရှေ့မှ သတ်ပြီးသော ဗျည်းများကို ထပ်သွားခြင်း၊ ကျော်သွားခြင်းတို့ကြောင့်မှန်း အဘဦးနန္ဒောဘာသကိုယ်တိုင် 'ထုံးစက်' ပြမှ သိခဲ့ရပါသည်။

ဤနေရာ၌ **'ထုံးစက်ပြခြင်း'** အကြောင်းကို နှောင်းလူ လူငယ်များသိရန် ရှင်းပြလိုပါသည်။ ကျွန်ုပ်သည် အဘ ဦးနန္ဒောဘာသထံတွင် စတင်ပညာသင်စဉ်မှစ၍ (၃)ပေ (၂)ပေ ရှိသော ကျွန်းပျဉ်ချပ်ကြီးပေါ်၌ မိုးပြဒယ်အောက်မှ အိုးမည်းများ သုတ်လိမ်းလျက် မပြောင်နေအောင် စီရင်ရ၏။ ပြီးမှ ကုံ့ကူဆံတုံး၊ ယနေ့ ကလေးများ ကစားကဲ့သို့ ဂျင်ပုံ ခပ်ဆင်ဆင်ကို ညာလက်ဖြင့် အုပ်၍ အိုးမည်းသုတ်ထားသော သင်ပုန်းချပ်၌ အဘခေါ်ပေးသမျှ ရေးရလေ၏။ ထိုအခါ ရေးသမျှတို့သည် စာလုံးအဖြစ် ရောက်မလာတော့ဘဲ ဦးတည်ရာမရှိ ချော်တောငေါ့လေတော့၏။ အဘမှ ထုထောင်း ရိုက်ပုတ်ရင်း သူ၏လက်ဖြင့် ကျွန်ုပ်၏ လက်ကို အုပ်ကိုင်ကာ လှည့်၍လှည့်၍ ရေးကာ သင်ပြပေးရ၏။ ထို့ကြောင့် **အဘဦးနန္ဒောဘာသ** သည် ကျွန်ုပ်၏ **လောကီပညာကုံ့ကူလက်လှည့် ဆရာကြီးစစ်စစ် ဖြစ်၏**။ ကျွန်ုပ် ကျက်မှတ်၍ ပြီးသောအခါ မိုးပြဒယ်မှ အိုးမည်းများဖြင့် ရေးပြီးသမျှကို ပြန်ဖျက်ရ၏။ **သင်ပုန်းချေသည်** ဟု ဆရာကြီးက ပြောပါသည်။ ထို့နောက် ကျွန်ုပ် ကျက်မှတ်ထားသမျှကို တစ်လုံးမကျန် ရေးပြရ၏။ အားလုံးမှန်ခဲ့သော် "မှန်ဦးကွာ. . . မှန်ဦး၊ မင်း အားလုံး မှန်နေမှတော့ ဆရာလုပ်တဲ့ငါက ဘာထောက်ပြစရာ ရှိဦးမလဲကွ" ဟု ပြောကာ ထန်းစေ့မှုတ်ဖြင့် ထု၏။ အနည်းငယ် ထူပူ၍ မူးနောက်သွားရုံမျှသာ ခံစားရ၏။ မှားသော စာလုံးများတွေ့လျှင်လည်း၊ အဘသည် ကွမ်းအစ်ထဲမှ ကွမ်းရွက်၏ အရိုးကို လက်ဖြင့် ဆိတ်ယူပြီး ကွမ်းရိုးထိပ်ဖျားအား သွားဖြင့် ကိုက်ဖွပြီး ထုံးဗူးထဲ နှစ်ကာ ထို ထုံးတို့ထားသော ကွမ်းရိုးဖြင့် ကျွန်ုပ်ရေးထားသော (စာပြန်ထားသော) အမှားစာလုံးများကို ထုံးစက်ဖြင့်တို့၍ "ဟောဒီမှာတစ်လုံး" ဟု ထုံးစက်ပြစဉ် ကျွန်ုပ်မှ ငုံ့အကြည့် အဘ၏ ဘက်လက်မှ ထန်းစေ့မှုတ်သည် ကျွန်ုပ်၏ ဘယ်ညာ ချိုစောင်းများနှင့် မိတ်ဆုံစားခဲ့ရပါသည်။ အဘဦးနန္ဒောဘာသ၏ မိတ်ဆွေများက "ဘယ့်နှယ့် ကိုနန္ဒောရဲ့ ခင်ဗျားဟာက မှားလဲထု၊ မှန်လဲထုနဲ့ ဒီကလေးအဖို့ နေစရာကို မရှိတော့ဘူး" ဟု ပြောသည့်အခါတိုင်း -

"ဟာ မင်းတို့ မသိပါဘူး၊ ဒီကောင်က အငြိုးအမျက်ကြီးမယ့် ကင်းမြီးကောက် 'စန်း'သမားဗျ၊ ဒါကြောင့် အငြိုးအမျက် မကြီးရအောင် ငယ်ငယ်ကတည်းက သင်းပုန်းချေတဲ့နည်း သင်ပေးရတာဗျို့။ နောက်ပြီး ဒီငချွတ်က အမိ အဘထက် မြတ်မဲ့၊ ဆရာထက်တော်မယ့် သားကောင်း တပည့်ကောင်းဖြစ်တဲ့အခါမှာ ဆရာ, ဆရာမှန်းသိအောင် နာနာဆော်ထားရတာဗျို့" ဟု အမြဲတမ်း ပြောလေ့ရှိပါသည်။

"ဟဲ့ကောင် နာသလားကွ"ဟု မေးသည့်အခါ ကျွန်ုပ်မှာ ပြုံးဖြီးဖြီးဖြင့် - "နည်းနည်းတော့ နာတယ်အဘ"ဟု ပြန်ပြောရပါ၏။ အဘ၏ မိတ်ဆွေများက- "ကောင်လေး သတ္တိကောင်းသားပဲ" ဟု ပြောသည့်အခါ အဘမှ- "အဲဒါပေါ့ဗျ မချိသွားဖြည်းဆိုတာ" အဘက ခပ်အေးအေး ပြန်ပြောတတ်ပါသည်။

'က'မှစ၍ (၃၇)လုံးမြောက် "ဃ"ကို

	က	ခ	ဂ	ဃ (crossed out)	င
	စ	ဆ	ဇ	ဈ	ည
	ဋ	ဌ	ဍ	ဎ	ဏ
(၁)	တ	ထ	ဒ	ဓ	န
	ပ	ဖ	ဗ	ဘ	မ
	ယ	ရ	လ	ဝ	သ
		ဟ	ဠ	အ	

'က' ကရေလို့ 'က'အထက်မှာ ရေး။

(ထက်လျှင် ထက်က)

ဃ			
က	ပ		ဝ
ဃ	ဂ	ဗ	ဝ

'ဃ'မှစ၍ (၃၇)လုံးမြောက် "သ"ကို

	က	ခ	ဂ	(ဃ)	င
	စ	ဆ	ဇ	ဈ	ည
	ဋ	ဌ	ဍ	ဎ	ဏ
(၂)	တ	ထ	ဒ	ဓ	န
	ပ	ဖ	ဗ	ဘ	မ
	ယ	ရ	လ	ဝ	သ (crossed out)
		ဟ	ဠ	အ	

'ဃ' ကရေလို့ရတဲ့အတွက် 'ဃ' အောက်မှာသွင်း။

(အောက်လျှင် အောက်က)

ဃ			
က	ပ	ဓ	ဝ
ဃ	ဂ	ဗ	ဝ
သ			

'ပ'မှစ၍ရေ (၃၇)လုံးမြောက် "ယ"ကို

(၃)

က	ခ	ဂ	ဃ	င
စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ
တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	ရ	လ	ဝ	သ
	ဟ	ဠ	အ	

'ပ' မှစ၍ ရေတဲ့အတွက် 'ပ'အထက်မှာ ရေး။

(ထက်လျှင် ထက်က)

ယ			
က	ပ	ခ	ဝ
ယ	ဂ	ဗ	ဝ
သ			

'ဂ'မှစ၍ရေ (၃၇)လုံးမြောက် "ည"ကို

(၄)

က	ခ	ဂ	ဃ	င
စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ
တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	ရ	လ	ဝ	သ
	ဟ	ဠ	အ	

'ဂ' မှစ၍ ရေတဲ့အတွက် 'ဂ'အောက်မှာ ရေး။

(အောက်လျှင် အောက်က)

ယ	ယ		
က	ပ		ဝ
ယ	ဂ	ဗ	ဝ
သ	ည		

'ဓ'ကစ၍ (၃၅)လုံးမြောက် "ရ"ကို

(၅)

က	ခ	ဂ	ဃ	င
စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ
တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	ရ	လ	ဝ	သ
	ဟ	ဠ	အ	

'ဓ' ရလို့ရတဲ့အတွက် 'ဓ' အပေါ်မှာရေး

'ဗ'ကစ၍ (၃၅)လုံးမြောက် "က"ကို

(၆)

က	ခ	ဂ	ဃ	င
စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ
တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	ရ	လ	ဝ	သ
	ဟ	ဠ	အ	

'ဗ'ကစ၍ ရေလို့ရတဲ့အတွက် "ဗ"အောက်မှာရေး။

ယ	ယ	ရ	
က	ပ	ဓ	ဝ
ယ	ဂ	ဗ	ဝ
သ	ည		

(ထက်လျှင်ထက်က)

ယ	ယ	ရ	
က	ပ	ဓ	ဝ
ယ	ဂ	ဗ	ဝ
သ	ည	က	

(အောက်လျှင်အောက်က)

'ဝ'ကစ၍ (၃၇)လုံးမြောက် "ဇ"ကို

(၇)

က	ခ	ဂ	ဃ	င
စ	ဆ	ဇ	ဈ	ည
နှ	ဋ	ဌ	ဍ	ဏ
တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	ရ	လ	ဝ	သ
	ဟ	ဠ	အ	

'ဝ'ကစ၍ရေလို့ရတဲ့အတွက် "ဝ" အပေါ်ကသွင်း။

'ဝ'ကစ၍ (၃၇)လုံးမြောက် "နှ"ကို

(၈)

က	ခ	ဂ	ဃ	င
စ	ဆ	ဇ	ဈ	ည
နှ	ဋ	ဌ	ဍ	ဏ
တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	ရ	လ	ဝ	သ
	ဟ	ဠ	အ	

'ဝ'ကစ၍ရေလို့ရတဲ့အတွက် "ဝ"ရဲ့ အောက်မှာသွင်း။

ယ	ယ	ရ	ဇ
က	ပ	ဓ	ဝ
ယ	ဂ	ဗ	ဝ
သ	ည	က	

(ထက်လျှင်ထက်က)

ယ	ယ	ရ	ဇ
က	ပ	ဓ	ဝ
ယ	ဂ	ဗ	ဝ
သ	ည	က	နှ

(အောက်လျှင်အောက်က)

ဧဝမာဒိ နာနယေန ဤသို့ စသော နည်းဖြင့်၊ အန္တရာယိတွာ ကွယ်စေ၍၊ အန္တအစောက္ခရေ အဆုံးဖြစ်သော အက္ခရာတို့သို့၊ ပတ္တေဝစ ရောက်လတ်သောလျှင်၊ နာဝိက္ကဒါရံ သဘော် သူကြီးမယားဖြစ်သော၊ သဂဠုံ ရင့်မာစွာသန္ဓေရှိသော၊ ဧကံ တစ်ယောက်သော၊ ကုလိတ္ထိ ကုလားမကို၊ ဖုဿတိ တွေ့လေ၏။

ယ	ယ	ရ	ဇ
က	ပ	ဓ	ဝ
ယ	ဂ	ဗ	ဝ
သ	ည	က	ဠ

('ဠ' သည် တစေခတ်၊ မီးတောက်ခတ်မ ဖြစ်ရကား သဘော်သူကြီး၏မယား ဟု ဝှက်ခြင်းဖြစ်သည်။)

ဠ → သဘော်သူကြီးမယားဖြစ်သော ရင့်မာစွာ ပဋိသန္ဓေရှိသော တစ်ယောက်သော ကုလားမကို တွေ့လေ၏။

('ဠ' သည် စနေဖြစ်၍ ကုလားလူမျိုးကို ညွှန်း၏)

အဆုံးဖြစ်သော အောက်အက္ခရာ ရောက်လတ်သောလျှင်

တံ(တမေဝကုလိတ္ထိံ) ထိုကုလားမကိုလျှင်၊ ဝိဇာယိတုံ သားဖွားစိမ့်သောငှာ၊ ပဋိဝိဇ္ဈနာသမ္ပယုတ္တစိတ္တသန် တာသု ထိုးထွင်း၍သိသော ဉာဏ်နှင့်ယှဉ်သော၊ စိတ်ဟု ဆိုအပ်ကုန်သော၊ ဂဗ္ဘဒ္ဓရာသု လက်သည်ဝမ်းဆွဲတို့ကို၊ သန်ရော-သန်ရာပိတေသု ပြုပြင် စေအပ်ကုန်သည်ရှိသော်၊ သုဝဏ္ဏော-သုဝဏ္ဏသဒိသေ ရွှေအဆင်းနှင့်တူသော၊ အဆင်း ရှိကုန်သော၊ ပုတ္တေ သားတို့ကို၊ ဝိဇ္ဇာယိ ဖွား၏။

"ဠ" အက္ခရာကို အသံထွက်ရွတ်သည့်အခါ အခြားသော စမ အက္ခရာများ ပေါ်ထွက်မည် (ဝါ) မွေးဖွားမည်ကို ဆိုလို၍ ကိုယ်ဝန်အရင့်အမာနှင့် ရှိသည်ဟု ဝှက်၍ ဖော်ပြသည်။ ဤသည်ကိုပင် လက်သည်ဝမ်းဆွဲဟု တင်စားသော ထိုးထွင်းဉာဏ် ယှဉ်၍ "ဠ" အက္ခရာကို အသံထွက်ဖတ်လိုက်သည့်အခါ 'ဠ'အက္ခရာမှ မူလ "ဠ" အသံအပြင် "သံ" "ညင်း" "ကြိတ်" ဟူသော အသံရှိသည့် "သ-ည-က" အက္ခရာ(၃)လုံး ပေါ်ထွက်လာလေ၏။

တာယမာတုယာ ထိုကုလားမဖြစ်သော အမိနှင့်၊ သဟ တကွ၊ တယောပုတ္တာ သား(၃)ယောက်တို့သည်၊ စတုက္ခရာ အက္ခရာ(၄)လုံးတို့သည်၊ ဟောန္တိ ဖြစ်ကုန်၏။ တေဟိ ထိုလေးလုံးသော အက္ခရာတို့မှ၊ လဒ္ဓသင်္ချာသု ရအပ်သော သင်္ချာတို့ကို၊ သမ္ပိဏ္ဍာ-သမ္ပဏ္ဍိတဗ္ဗာသု ပေါင်းအပ်ကုန်သည်ရှိသော်၊ အဋ္ဌာရသ တစ်ဆယ့်ရှစ်ပါးတို့သည်၊ ဘဝန္တိ ဖြစ်ကုန်၏။

ဓာတုသောစ ဓာတ်အားဖြင့်ကား၊ ပထဝီ ပထဝီဓာတ်လည်းကောင်း၊ အာပေါ

အမိ သား(၃)ယောက်

↓

ရှ သ ည က

နံသင့် ⇒ ၇ + ၆ + ၃ + ၂ = ၁၈ (အဋ္ဌာရသ)

အာပေါဓာတ်လည်းကောင်း၊ ဝါယော ဝါယောဓာတ်လည်းကောင်း၊ တေဇော တေဇောဓာတ်လည်းကောင်း။ ဣတိ ဤသို့၊ စတ္တာရောဘေဒါ လေးပါးပြားကုန်သည်၊ ဘဝန္တိ ဖြစ်ကုန်၏။

ဤနေရာသို့ အရောက်၌ အဘဆရာကြီး ဦးနန္ဒောဘာသမှ ကျွန်ုပ်အား -

ရှ	→	အဋ္ဌော တေဇော ဓာတ်မ	ဟူ၍ဓာတ်(၄)ပါး ကွဲပြားလာ လေ၏။
သ	→	ဝံသော အာပေါ ဓာတ်မ	
ည	→	စရေ ဝါယော ဓာတ်ဖို	
က	→	ဂဇ္ဇော ပထဝီ ဓာတ်ဖို	

"မောင်ဘုန်းမြင့်၊ ဒီနေရာမှာ ကျမ်းရင်းကြီးထဲက သုဝဏ္ဏော-သုဝဏ္ဏာသဒိသော ရွှေအဆင်းနှင့် တူသော အဆင်းရှိကုန်သော၊ ပုတ္တေ သားတို့ကို၊ ဝိဇ္ဇာယိ ဖွား၏ ဆိုတာကို ရှေးဆရာကြီးတွေက 'ကုလားမသား၊ သုံးယောက်ဖွား၊ ရွှေသားညီနောင်၊ တန်ခိုးဆောင်၊ အခေါင်သိဒ္ဓိ၊ တုမရှိ' လို့ စပ်ဆိုညွှန်ပြခဲ့တာ တစ်ခါတည်း ရအောင်မှတ်။ ဒါမှ မောင်ဘုန်းမြင့် ကိုယ်တိုင် ကပ္ပလက်ာရလမ်းကြောင်း လျှောက်တဲ့အခါ လွယ်ကူမှာ"

"ဟုတ်ကဲ့ မှတ်သားပါ့မယ် အဘ"

"မှတ်လက်စနဲ့ ဆက်မှတ်ရအောင်။ နေ , လ၊ မူလဘူတ စမကနေ ကောက်လို့ရတဲ့ ဇယားကွက်ကို ပြန်ဆွဲ၊ ပြီးရင် အဘကိုပေး. . ."

ဟု ဆို၍ ကျွန်ုပ်မှ အောက်ပါဇယားကွက်ကို ပြန်၍ ဆွဲပြရ၏။ အဘမှ ဆက်၍-

"စဖို၊ စမ၊ နေလပိုင်နက်၊ နှစ်ချက်ကွဲပြား၊ မန္တရား (လ)၊ဩသဓ(နေ)၊ဆုပေးလေမှ-"

ဃ	ဃ	ရ	ဇ	⇨ စဖို (၄)လုံး၊ 'နေ' ဂိုဏ်း၊ ဩသဓ (နေ) (ထက်ခွင်ဩသဓ)
က	ပ	ဓ	ဝ	
ဃ	ဂ	ဗ	ဝ	
သ	ည	က	၎	⇨ စမ (၄)လုံး၊ 'လ' ဂိုဏ်း၊ မန္တရား (လ) (အောက်ဆုံးမှကား၊မူလအက္ခရာ၊ လေးလုံးစာတည့်)

အပေါ်ဆုံးက 'ဃ-ဃ-ရ-ဇ' ဟာ 'က-ပ-ဓ-ဝ' နေဂိုဏ်းကနေ ကောက်ယူရလာတာမို့ စဖို (၄)လုံး ဖြစ်သကွဲ့။ အဲဒီ စဖိုလေးလုံးဟာ (၉၆)ပါးကို ကုနိုင်စွမ်းတဲ့ ဆေးစွမ်းသတ္တိရှိလို့ ပါဠိလို ဩသဓလို့ခေါ်တယ်။ ဩသဓ(နေ)လို့ မှတ်။ အောက်ဆုံးတန်း'သ-ည-က-၎' ကျပြန်တော့ 'ဃ-ဂ-ဗ-ဝ' (လ) ဂိုဏ်းကနေ ကောက်လို့ရတာမို့ လောကီဂန္ဓာရီ အတတ် ထွက်ရပ်လမ်းကို သွားနိုင်တယ်။ ရတနာအတိ ပြီးစေတတ်လို့ မန္တရား(လ)လို့မှတ်ကွယ့်။ ရှေ့ရောက်ရင် ထပ်တွေ့မှာ ထက်ခွင်ဩသဓ၊ အောက်ဆုံးမှကား၊ မူလအက္ခရာ၊ (၄)လုံးစာတည့်၊ စိန္တာမုနိ၊ ပြီးတိုင်ဘိသို့၊ သိဒ္ဓိ(၄)ဖြာ၊ ပြီးတတ်စွာသည် စသဖြင့် မောင်ဘုန်းမြင့် တစ်ပါတည်း မှတ်ထား"

"ဟုတ်ကဲ့ မှတ်ထားပါတယ်အဘ"

"အခု ပထမဦးဆုံးပြခဲ့တဲ့ နေလ(၂)ပါးကနေဆင့်ပွားခဲ့တဲ့မူလဘူတ'က-ပ-ဓ-ဝ' ပြောင်းပြန် 'ဃ-ဂ- ဗ-ဝ' ရှစ်လုံးကို ဗျည်း (၃၃) လုံးထဲကနေ ဗောဓိပက္ခိယ၊ (၃၇)ပါးအရ (၃၇) လုံး မြောက်ကို ကောက်ယူပုံယူနည်းကို ရှင်းရဲ့လား မောင်ဘုန်းမြင့်"

"ရှင်းပါတယ် အဘ"

"ဟုတ်ပြီကွယ့်၊ မောင်ဘုန်းမြင့်ကို တစ်ယောက်ယောက်က မေးမယ် ဆိုပါတော့ကွယ်။ ဂုဏ်တော် (၉)ပါး မို့ (၉)လုံးကောက်၊ အဋ္ဌာရသမို့ (၁၈)လုံးကောက်၊ စက် (၁၀၈)ကွက်မို့

(၁၀၈)လုံးကောက်၊ ရာသီ (၁၂)ပါးမို့ (၁၂)လုံး ကောက်၊ နက္ခတ် (၂၇)လုံးမို့ (၂၇)လုံးကောက် စသဖြင့် ကောက်ရင် မရဘူးလား။ ဘယ့်နှယ့်ကြောင့် ဗောဓိပက္ခိယ (၃၇)ပါးမှ ရွေးပြီး ကောက်ရသလဲဆိုရင်. . . ."

"ကျွန်တော်က အဘ သင်မပေးခဲ့လို့၊ လို့ ပြောမှာပေါ့"

အဘသည် အားရပါးရ ရယ်လိုက်၏။ အဘ ဤသို့ အားရပါးရ ရယ်သည်မှာ အလွန်မြင်ရခဲပါသည်။

"မောင်ဘုန်းမြင့်ရယ်၊မင်းကိုအင်္ဂလိပ်စာသင်ပေးတုံးက'မျောက်လောက်လေးခွရသလို' မဖြစ်စေနဲ့လို့ အဘမှာခဲ့တယ်၊ အခုဟာက တို့ရွာက 'ဖျော့ကြီး' လိုမဖြစ်စေနဲ့လို့ပြောရမလိုဘဲ"

"ရှင်းပြပါဦး အဘ"

"ဒီလိုကွယ့်၊ တို့များ ငယ်ငယ်တုန်းက တို့ရွာမှာ ရွှေတံဆိပ်ရ ဆရာဖျော့ကြီးဆိုတာ ရှိတယ်။ တို့များက ခပ်ငယ်ငယ်မို့ 'ဦးဖျော့ကြီး၊ ခင်ဗျား ရွှေတံဆိပ် ဘယ်သူက ပေးလို့ရတာလဲ'လို့မေးရင် သူ့အဖိုးပေးခဲ့တာလို့ဖြေတယ်။ ဒါဖြင့်ရင် 'ခင်ဗျားရဲ့အဖိုးကဘယ်ကရသလဲ' လို့မေးတဲ့အခါ တံမျက်လှည်းရင်း ကောက်တွေ့တာလို့ပြန်ဖြေသကွဲ့မောင်ဘုန်းမြင့်ရယ်၊ အဘ ဆက်သင်ပေးမကွဲ့ ဒါမှ ရွှေတံဆိပ်ရ ဖျော့ကြီးဘဝ မရောက်မှာ"

ကျွန်ုပ်လည်း အဘနှင့် အတူ ရယ်လိုက်၏။

ကပ္ပလက်ာရကျမ်းကို ယခု ကျွန်ုပ် ပြန်ရေးရာ၌ ကျွန်ုပ်အဖို့ ဦးနှောက်အစားဆုံး အပိုင်းတစ်ပိုင်းကို ပြပါဆိုလျှင် ယခု ရေးပြမည့်အပိုင်းသည် ရှေ့ဆုံးမှ ဖြစ်ပေလိမ့်မည်။ ပါဠိသင်္ချာ ဂုဏ်စာများဖြစ်၍ နှစ်ပေါင်းများစွာ ကြာသောအခါ လွယ်ကူစွာ မမှတ်မိခဲ့ပါချေ။ အလွန်ပင် ဦးနှောက်စားခဲ့ရပါပေသည်။

ဂဟဏနယ် ကောက်ယူနည်းကို၊ *ဒသေတွာ* ပြပြီး၍၊ *က္ကဒါနိ* ယခုအခါ၌၊ *ကိဋ္ဌနယ၌* ကိန်းတွက်နည်းကိုလည်း၊ *အဟံ* ငါသည်၊ *ဒဿယိဿာမိ* ပြပေအံ့။ *တံနယံ* ထိုကိန်းတွက်နည်းကို၊ မေ မမ ငါ၏၊ *သန္တိကာ* အထံမှ *အက္ခရတ္တိကာ* အက္ခရာကို ကောက်ယူခြင်းငှာ အလိုရှိသော သူတို့သည်၊ *သုဏာထ* နာလင့်ကုန်။

ပုဗ္ဗေ ရှေးကောက်ယူရာ၌၊ *ပက္ခိယမဝ္ဂေဟိ* ဗောဓိပက္ခိယတရားတို့ဖြင့်၊ *ဂဟဏံ* ကောက်ယူခြင်းကို၊ *ကရောတိ* ပြု၏။ *ကသ္မာ* အဘယ့်ကြောင့်၊ *တေဟိမဝ္ဂေဟိ*

ထိုတရားတို့ဖြင့်၊ *ဂဟဏံ* ကောက်ယူခြင်းကို၊ *ကရောတိ* ပြုသနည်း။ *ကွတိပုစ္ဆာ* ဤသို့သော အမေးသည်၊ *သတိ* ရှိသော်၊ *တေစတုက္ခာ-တေစတုအက္ခရာ* ထို(၄)လုံးသော အက္ခရာတို့သည်၊ *စန္ဒ-သူရေ* လ-နေတို့ကို၊ *နိဿယ* မှီ၍၊ *ဝတ္တန္တိ* ဖြစ်ကုန်၏။ *တသ္မာ* ထို့ကြောင့်၊ *တေဟိဓမ္မေဟိ* ထိုတရားတို့ဖြင့်၊ *ဂဟဏံ* ကောက်ယူခြင်းကို၊ *ကရောတိ* ပြု၏။

ကောက်ယူစရာကိန်းများစွာရှိသည့်အနက်ဗောဓိပက္ခိယ(၃၇)ပါးကိုမှရွေး၍ ကောက်ရသနည်းဟူသော်ထိုအက္ခရာတို့သည်နေ၊ လ (၂)ပါးမှပေါက်ဖွားလာသောကြောင့် ဖြစ်သည်။

ယေဓမ္မာ အကြင်ဗောဓိပက္ခိယတရားတို့သည်၊ *ကေဟိ-ကိမ္ဘြေဟိ* အဘယ်ကိန်းတို့မှ၊ *အာဂတာ* လာကုန်သနည်း။ *ကွတိပုစ္ဆာယံ* ဤသို့သော အမေးသည်၊ *သတိ* ရှိသော်၊ *တေဓမ္မာ* ထိုဗောဓိပက္ခိယတရားသည်၊ *စန္ဒသူရာနံ* လ၊နေတို့၏၊ *ယောဇနသင်္ချာတော ယူဇနာသင်္ချာမှ*၊ *အာဂတာ* လာကုန်၏။ *တသ္မာ* ထို့ကြောင့်၊ *ဗောဓိပက္ခိဓမ္မေဟိ* ဗောဓိပက္ခိယတရားတို့ဖြင့်၊ *ဂဟဏံ* ကောက်ယူခြင်းကို၊ *ပဏ္ဍာ-ပဏ္ဍိတာ* ပညာရှိတို့သည်၊ *ကရောန္တိ* ပြုကုန်၏။

နေလတို့၏ ယူဇနာသင်္ချာမှ ဗောဓိပက္ခိယသင်္ချာ (၃၇) ပေါ်ထွက်သည်ဖြစ်၍ ပညာရှိတို့သည် ကောက်ကိန်း(၃၇)ကို ဆင်ခဲ့၏။

ဂရုဠရာဇာ ဂဠုန်မင်းမှ၊ *အလတ္တံ* ပြုအပ်သော၊ *ခမိသုမေရုသင်္ချာယံ ခံက္ကသုမေရုဟူသော* သင်္ချာကို၊ *ဋ္ဌိတံ-ဋ္ဌိတံကတွာ* တည်သည်ကိုပြု၍၊ *စရဏာကိမ္ဘြေန* စရဏာကိန်းဖြင့်၊ *ဘာဂရေယျ* စားရာ၏။ *လဒ္ဓံပန* ရသောလဒ်သည်ကား၊ *ဓမ္မာနံ* ဗောဓိပက္ခိယတရားတို့၏၊ *သချီ* သင်္ချာသည်၊ *ဘဝတိ* ဖြစ်၏။ *ဋ္ဌိသေသဥ္စ* နှစ်ခုသော အကြွင်းကိုလည်း၊ *ဌပေ ယျာမ* ထားဦးကုန်ရာ၏။

စန္ဒတော လမှ၊ *လဒ္ဓါ-သဒ္ဓါယ* ရအပ်သော၊ *သဝရစရဏာမေရုသင်္ချာယ* သဝရစရဏာဟူသောသင်္ချာ၌၊ *ပုဗ္ဗဒွိသေသံ* ရှေ့စားကြွင်း (၂)ခုကို၊ *မိသေတွာ* ရော၍၊ *တထေဝ* ထိုရှေ့အတူပင်လျှင်၊ *စရဏာကိမ္ဘြေန* စရဏာကိန်းဖြင့်၊ *ဘာဂရေယျ* စားရာ၏။ *လဒ္ဓံ-လဒ္ဓံပန* ရသောလဒ်သည်ကား၊ *သေသံယေဝဓမ္မာနံ* ထိုဗောဓိပက္ခိယ တရားတို့၏ သာလျှင်၊ *သချီ* သင်္ချာသည်၊ *ဘဝ-ဘဝတိ* ဖြစ်၏။ *သေသံပန* အကြွင်းကိုကား၊ *ရေဝတိမှိနက္ခတ္တေ* ရေဝတီအဆုံးရှိ နက္ခတ် (၂၇)လုံး၌၊ *မိသေတွာစ* ရောပြန်၍လည်း၊ *ပုဗ္ဗနယေန* ရှေးနည်းဖြင့်၊ *ဘာဂရေ* စားရာ၏။

ကျွန်ုပ်သည် နေဝန်းယူဇနာ (၁၅၀)နှင့် လဝန်းယူဇနာ (၁၄၇)ကို ကောင်းစွာ မှတ်မိ၏။ သို့သော် နေမင်းယူဇနာ (၁၅၀) နှင့် ဝှက်ထားသော ခံက္ကသုမေရုသင်္ချာနှင့် မည်သို့ ချိတ်ဆက်ကြောင်း၊ ထိုနည်းတူ လမင်းယူဇနာ (၁၄၇) နှင့် ဝှက်ထားသော သဝရစရဏမေရုသင်္ချာတို့ မည်သို့ချိတ်ဆက်ကြောင်း တော်တော်နှင့်စဉ်းစားမရခဲ့ပါ။ စွယ်စုံကျော်ထင်ကျမ်း အပိုဒ် (၄၇- ၄၈) ၌ 'ဆန်းဆရာအလို' လောကသင်္ကေတ (၉)မျိုးကို ကျီးသဲလေးထပ်ဆရာတော်ကြီး ဖြေဆိုထားပုံကို တွေ့ရ၏။

မေရု (၁)၊ ပါဒ (၂)၊ ယာမ(၃)

သမုဒ္ဒေါ (၄)၊ ပါဏ (၅)၊ ဥတုႋရသ (၆)၊

သဝရ (၇)၊ ပဿူ (၈)၊ ဆိဒ္ဒြ (၉) ဟူ၍ တွေ့ရပေရာ မေရု - (၁) နှင့် သဝရ- (၇) မှတစ်ပါး အခြားကိုမတွေးနိုင်ခဲ့ချေ။ ကျွန်ုပ်မည်သို့မျှမမှတ်မိနိုင်ခဲ့သော ဤအခက်အခဲကို ဖြေရှင်းပေးသူမှာ ကျော်ဇေယျသိဒ္ဓိရှင် ရတနာမာရ်အောင် ဆရာကြီး အဘဦးငွေခဲ ဖြစ်ပါသည်။ ကျွန်ုပ် တိုင်းရင်းဆေးဆရာဖြစ် (၁)နှစ်သင်တန်းကို အဘဦးငွေခဲ အိမ်၌ တည်း၍ တက်ရောက်ခဲ့ရစဉ်က ကျွန်ုပ် ဦးနှောက်စားနေပုံကြည့် မကြည့်ရက်၍ ရှင်းပြပေးခဲ့ခြင်း ဖြစ်သည်ဟု ဆိုပါသည်။

"ဒီလိုကွ ပိဋကသင်္ချာယူဆပုံ အမျိုးမျိုး ရှိတယ်။ မင်းမမှတ်မိတာ မဆန်းပါဘူး။ မင်းရေးထားတဲ့ ပါဠိအဖွဲ့မှာ နေဝန်းက ခံက္ကသုမေရု ဟုတ်လား၊ က္ကသု ကို ဂဏန်းနဲ့ လဲလိုက်ရင် က္ကယု။ ဒီလိုဆိုရင်' ခံ 'ကတစ်ပုဒ်၊ 'က္ကယု' က တစ်ပုဒ်၊ 'မေရု' ကတစ်ပုဒ် သုံးပုဒ်ထွက်မယ်။ ဒီတော့ကာ 'ခံ' က သုည (၀)၊ 'က္ကယု'က ငါး (၅)၊ 'မေရု'က တစ် (၁)။ ပိဋက က သင်္ချာကို နောက်ကနေ ဘာသာပြန်ရင် တစ်၊ ငါး၊ သုည မင်းပြောတဲ့ နေဝန်းယူဇနာ (၁၅၀) ပေါ့ကွ"

ကျွန်ုပ်ရင်ထဲ လိုက်ကနဲ နေအောင် ပီတိဖြာသွားပါသည်။ အဘဦးငွေခဲမှ ဆက်၍-

"စောစောက မင်းရေးထားတဲ့ ကျီးသဲလေးထပ်ဆရာတော် အဖြေထဲက သမုဒ္ဒေါ (၄)ဆိုတာ ကပ္ပလက်ာရ မှာ စရဏ (၄)နဲ့ အတူတူဘဲ။ ဒီနေရာမှာ စရဏ တစ်ဆယ့်ငါးပါး ယူသရွေ့ လွဲနေဦးမှာကွ။ ကပ္ပလက်ာရ မှာ အဓိကကျတဲ့ အမြိတ္တ၊ ပါပ၊ သူရဋ္ဌ၊ ကောလီ အသိတိဓာတ်ကြီး (၄)ခုကို ညွှန်းတာမို့ ကပ္ပလက်ာရ မှာ စရဏကိန်းခြေနှ၊ စရဏကိန်း ဆိုရင် (၄)ကိုပဲ ယူရမယ်။ လဝန်းယူဇနာ သဝရ စရဏ မေရု သင်္ချာမှာ 'သဝရ' က တစ်ပုဒ်၊ 'စရဏ'က

တစ်ပုဒ်၊ 'မေရှ' တစ်ပုဒ် ခွဲလိုက်ရင် သုံးပုဒ်ထွက်လာမယ်။ သဝရ (၇)၊ စရဏ (၄)၊ မေရှ (၁) နောက်ပြန်စဉ်လိုက်ရင် လဝန်းယူဇနာ မြင့်မိုရ်တာ (၁၄၇) ရပြီပေါ့ကွာ။ ကိုင်း ဘယ့်နှယ့် ရှင်းရဲ့လား"

"ဟုတ်ကဲ့ ရှင်းပါပြီ အဘ"

"နောက်ထပ် မှုကွဲတစ်မျိုး ရှိသေးတယ်ကွ။ မှတ်မယ်ဆိုရင်လည်း တစ်လက်စတည်း မှတ်ကွာ။ နမိယု မေရုသင်္ချာယျံ ဝဋ္ဋုန်မင်းခေါ် နေမင်းမှ 'နမိယု' ဆိုတဲ့ မြင့်မိုရ်သင်္ချာ။ သံဝယ မေယုသင်္ချာယျံ လမင်းပြတဲ့ 'သံဝယ' ဆိုတဲ့ မြင့်မိုရ်သင်္ချာ နှစ်မျိုး ရှိသေးတယ်။ အဲဒီ ပိဋကသင်္ချာကောက်တဲ့ ဇယားက ဒီလိုရှိတယ်"

ဟု ပြောကာ အောက်ပါဇယားကွက်ကို ဆွဲပြပြီး ရှင်းပြပေးခဲ့ပါသည်-

၁	၂	၃	၄	၅	၆	၇	၈	၉	၀
က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ	တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ					
ယ	ရ	လ	ဝ			သ	ဟ	ဠ	အ

န = ၀,   မိ = ၅,   ယု = ၁ -- နေမင်းအဝန်းယူဇနာ (၁၅၀)

သံ = ၇,   ဝ = ၄,   ယ = ၁ -- လမင်းအဝန်းယူဇနာ (၁၄၇)

စရဏ ကိန္ဒြေနှ-စရဏစားကိန်း = ၄ (ပါပ, သူရဇ္ဇ, အမြိတ္တ, ကောလီ)

တေဓမ္မာ ထိုဗောဓိပက္ခိယတရားတို့သည်၊ စန္ဒသူရာနံ လနေတို့၏၊ ယောဇနသင်္ချာတော ယူဇနာသင်္ချာမှ၊ အာဂတာ လာကုန်၏ ဟူသော ကျမ်းရင်းဂါထာအရ

နေ၏အချင်းယူဇနာ = ၅၀
×၃
နေ၏အဝန်းယူဇနာ = ၁၅၀

မေရု ကြယု ခံ
ယု မိ န

(ခံ ကြယု မေရုသင်္ချာ (ဝါ) နမိယုသင်္ချာဟု ဝှက်ထားသော နေမင်းအဝန်းယူဇနာ)

လ၏အချင်းယူဇနာ = ၄၉
×၃
လ၏အဝန်းယူဇနာ = ၁၄၇

မေရု စရဏ သဝရ
ယ ဝ သံ

(သဝရ စရဏ မေရု သင်္ချာ (ဝါ) သံဝယ သင်္ချာဟု ဝှက်ထားသော လမင်း အဝန်း ယူဇနာ)

ကျွန်ုပ်သည် ဤနေရာသို့ ရောက်လာသည့်အခါမှ အဘဦးနန္ဒောဘာသ ရှင်းပြခဲ့စဉ်ကို တဖြည်းဖြည်း သတိ ရလာ၏။ နေ၏ အချင်းယူဇနာကို (၃)နှင့်မြှောက်၊ နေမင်းအဝန်းသင်္ချာကို ရ၏။ ထိုနည်းတူ လမင်းအချင်းယူဇနာကို တည် (၃)နှင့်မြှောက်၊ လမင်းအဝန်းယူဇနာကို ရ၏။

"ဘာဖြစ်လို့ (၃)နဲ့ မြှောက်ရတာလဲ အဘ"

ကပ္ပလက်ာရမှာ ကိန်း (၃)ကိန်း ဆင်ထားတယ် မောင်ဘုန်းမြင့်ရဲ့၊ ***အကွ္ခရာပါဒကိန်း၊*** နေမင်းကရတဲ့ ***သူရိယ မဏ္ဍလကိန်း၊*** လမင်းက ရတဲ့ ***စန္ဒမဏ္ဍလကိန်း*** တွေပေါ့ကွယ်။ လောလောဆယ် ဒီလောက်ဘဲ မှတ်ထားဦးကွဲ့။ ရှေ့မှာ ဒါတွေ သင်ကိုသင်ရမှာ"

နေ၏အချင်းယူဇနာ = ၅၀
ကိန်း (၃)ကိန်း ×၃
နေ၏အဝန်းယူဇနာ = ၁၅၀

လ၏အချင်းယူဇနာ = ၄၉
×၃
လ၏အဝန်းယူဇနာ = ၁၄၇
ဒွိသေသဋ္ဌ အကြွင်း +၂
၁၄၉

၃၇ ဗောဓိပက္ခိယ
စရဏစားကိန်း ၄ | ၁၅၀
၁၂
၃၀
-၂၈
(ဒွိသေသဋ္ဌ) ၂ ⇒ အကြွင်း

၃၇ ဗောဓိပက္ခိယ
စရဏစားကိန်း ၄ | ၁၄၉
၁၂
၂၉
-၂၈
၁ ⇒ အကြွင်း

တေသံပနထိုအကြွင်းကို၊ ရေဝတိမှိနက္ခတ္တေရေဝတီ အဆုံးရှိသော၊ နက္ခတ်(၂၇)လုံး၌၊ *မိသေယတ္တာစ*-ရောပြန်၍လည်း၊ *ပုဗ္ဗနယေန*-ရှေးနည်းဖြင့်၊ *ဘာဂရေ*-စားရာ၏။

အကြွင်း → ၁
နက္ခတ် → ၂၇ လုံး
စရဏာစားကိန်း ၄ | ၂၈ | ၇ လဒ်
| ၂၈ |
အကြွင်း → ၀

သေသံအကြွင်းသည်၊ နတ္ထိမရှိပြီ(ဝါ)ကုန်၏(ဝါ)သုဉ်း၏၊ လဒ္ဓံပနရသောလဒ်သည်ကား၊ *သံဝစ္ဆရမာသာဒိနံ* နှစ်၊ လ စသည်တို့၏၊ *ဆိန္နဘူတံ* ပိုင်းခြားရာဖြစ်သော၊ *ဒေဝါဒိနံ* နတ်လူစသည်တို့၏၊ *ကမ္မ ဟရဏာပဋိသန္ဓိဂ္ဂဟဏစုတိကရံ* အမှုဆောင်ခြင်း၊ ပဋိသန္ဓေယူခြင်း၊ စုတိခြင်းကိုပြုရာဖြစ်သော၊ *ဂရုဠာဒိနာဂကွဲဝ* ဂဠုန်အစ နဂါးအဆုံး ရှိသည်သာလျှင်ဖြစ်သော၊ *သတ္တဒိဝသံ* ခုနစ်ရက်သည်၊ *ဘဝတိ* ဖြစ်၏။

အထက်ပါ အကြွင်း(၁)နှင့် နက္ခတ် (၂၇) လုံး ပေါင်း (၂၈) ကို စရဏာစားကိန်း (၄)ဖြင့် စားရာ အကြွင်း မရှိ ပြတ်၏။ ရလဒ် (၇)သည် တနင်္ဂနွေ အစ၊ စနေ အဆုံး (၇)နေ့နံကို ရ၏။ ဤသို့ဖြင့် နေမင်း၊ လမင်းမှ ကောက်ရ အက္ခရာများကို မူတည်၍ မူလအက္ခရာ ငှသံညင်းကြိတ် (ငှ)ကောက်ယူနည်း၊ ကောက်ယူရာ၌ ကိန်းဆင်ထားသော ဗောဓိပက္ခိယ (၃၇) ကိုရအောင် ဖော်နည်းတို့ကို သဘောပေါက်သိရှိခဲ့၏။

အဘ ဦးနန္ဒာဘာသမှ-

"မူလစမ 'ငှ' ဖော်နိုင်ပြီဆိုရင် မာတ်အင်းမာတ်မှော်ကဏ္ဍတွေ တိုက်ရိုက်ပြပေးလို့ရပြီ မောင်ဘုန်းမြင့်ရဲ့။ ဒါပေမယ့် ကပ္ပလက်ာရ ဆရာအရှင် သဒ္ဓမ္မနန္ဒမထေရ် က ၊အညမီရေဟိ တစ်ပါးသော ပညာရှိတို့နှင့်၊ *သန္တိတ္ဘာ* နီးနှောဆွေးနွေးမေးမြန်းတိုင်ပင်နှီးဆင်ခြင်၍၊ *ပုနပ္ပုနံ* အဖန်တလဲလဲ၊ *ပညက္ခိနာ* ပညာမျက်စိဖြင့်၊ *စိန္တယန္တု* ကြံစည်စေကုန်သတည်း။ *ဝိမံသန္တု* စုံစမ်းစေကုန်သတည်း။ *မာရေန္တုစ* ဆောင်လည်းဆောင်စေကုန်သတည်း ရယ်လို့ လမ်းညွှန်ထားပါသကွယ့်။ ဒါကြောင့် နောင်တစ်ချိန်ချိန်မှာ မောင်ဘုန်းမြင့် အခက်မကြုံရအောင်

တစ်ခါတည်း အဘ သင်ကြားပေးလိုက်မယ်။ ဒီတစ်ခါ ကောက်ရမယ့်နည်းက ဘေးမရှိသော ဇာတ်တော်ဖြင့် ကောက်ယူနည်းကွဲ့။ကဲ . . . စကြရအောင်"

ဗောဓိပက္ခိယဓမ္မေဟိဗောဓိပက္ခိယတရားတို့ ဖြင့်၊ ဂဟကနယ ကောက်ယူရာကောက်ယူကြောင်းဖြစ်သော နည်းကို၊ *ဒဿေတွာ* ပြပြီး၍၊ *ဒါနိ-ဣဒါနိ* ယခုအခါ၌၊*အဘယဇာတကပဒေန* ဘေးမရှိသောဇာတ်တော်အင်းနည်းဖြင့်၊ *ဂဟကနယံ* ကောက်ယူသောနည်းကို၊ *အဟံ* ငါသည်၊ *ဒဿယိဿာမိ* ပြပေအံ့။ *တံနယံ* ထိုနည်းကို၊ မေ ငါ၏၊ *သန္တိကာ* အထံမှ၊ *အက္ခရတ္ထိကာ* အက္ခရာကောက်ယူခြင်းကို အလိုရှိကုန်သော သူတို့သည်၊ *သုဏာထ* နာလင့်ကုန်။

သောဠသ ပထမံကုဋ္ဌရံ နဝဟံသေတထေဝ စာတိအာဒိ သောဠသ (လ) တထေဝ စ ဤသို့အစရှိသော *ဂါထာပဒံ* ဂါထာပုဒ်ကို၊ *နိဿာယစ* မှီ၍လည်း၊ *ဝိရစိတံ* စီရင်အပ်သော၊ *သောဠသပဒံ* သောဠသအင်းကို၊ *ပထမံ* ရှေးဦးစွာ၊ *လိက္ခိတွာ* ရေး၍၊ ဌပေယျ ထားရာ၏။ *တထောတို့နောက်မှ၊ ယုဝါဒိတေတ္တိ သဇနကုလာနိစ* ရှမ်းအစရှိသော သုံးကျိပ်သုံးယောက်သော လူမျိုးတို့ကိုလည်း၊ *ယထာက္ကမံ* အစဉ်သင့်၊ သုန္ဒရံ ကောင်းစွာ၊ နိသီဒါပေယျ နေစေကုန်ရာ၏။

သောဠသအင်း ခေါ် အဘယဇာတကအင်း လက်ာအရ-

အစကြိုးကြာ (၁၆) ခါနှင့်၊ ဟသ်ာ (၉) ဖြစ်၊ (၆)ဖြစ်ကားခို၊ ကျေးညို (၃)ခါ၊ သံသာကြူးထိပ် ကရဝိတ် (၅)၊ (၄)ပါး ကိန္နရီ၊ စာမရီ (၁၅)၊ မျောက်ကား (၁၀) ၊ ဆင်ဝယ် (၁၁) ၊ နွားဖြစ် (၁၄)၊ စေတေး သိန္ဓဝ၊ ကျွဲ အဌ နှင့်၊ သံသာမြပြောင်း ဥဒေါင်း (၂)ခါ၊ သာလိကာ သတ္တ၊ ဥဒ္ဒါဒိဿ ကြက်၊ ဝက်ကား (၁၃) ၊ မှတ်ယူသုံးသည်၊ မြတ်ဘုန်းသီဟ ရန်ကင်းတည်း။

၁၆	၉	၆	၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇	၁၂	၁၃

သောဠသအင်း
(ဝါ)
အဘယဇာတကအင်း

→ ရထားပြေး

ရှမ်းအစရှိသော သုံးကျိပ်သုံးယောက်သောလူမျိုး

က	ခ	ဂ	ဃ	င
စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ
တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	ရ	လ	ဝ	သ
	ဟ	ဠ	အ	

ဤကောက်နည်းကို အဘဦးနန္ဒာဘာသ သင်ပေးစဉ်က အထက်ပါလက်ာဖြင့် ရထားပြေးနည်းအပြင်၊ 'ဆံသွယ်၊ မြလေး၊ ဥသျှောင်၊ကွေးနှင့်' အင်းစောင့်ထား။ (၃၅) နှစ် ဘုရားဖြစ်ကို ကေတစ်နှုတ်၊ တစ်ခုရှုံ့ထောင့်သန်း၊ ပုဏ္ဏကမျက် စောင်းခေါ် ဇာပုံလေးသွားနည်းဖြင့် အထူးအလေးထား သင်ပြပေးခဲ့ပါသည်။ နောင်သောအခါ မဏိဇောတရသ်အင်း ခေါ် အာယုခက်အင်းကို သင်ရသည့်အခါ၌ ဤပညာကွက်သည် သမအင်း၊ ဝိသမအင်း၊ ပေါင်လဲရပ်စောက် စသည်ဖြင့် လေ့ကျင့်ရာတွင် (အသုံးပြုရာတွင်) အလွန် အသုံးဝင်ခဲ့ပါသည်။ ရှေ့ကဏ္ဍများ၌ အလျဉ်းသင့်သလို ဖော်ပြသွားပါမည်။

နိသိဒါ ပိတေသုပန **နေစေအပ်ကုန်ပြီးသည်ရှိသော်ကား၊** *အာဒိယုဝတော* **အစရှိသော ရှမ်းမှ၊** *ပဥ္စာယ* **စ၍၊** *တသ္မိံသောဠသပဒေဝ* **ထိုသောဠသအင်း၌ပင်လျှင် (ဝါ) တွင်၊** *တိရိယံဖိလာ ရတနတ္တယဝါစကေန* **ရတနာ (၃)ပါး အပေါင်းကို ဟောတတ်သော၊** *ကိမြွေန* **ကိန်းဖြင့်၊** *သမ္ဗတ္တဇနော* **ရောက်သောသူကို၊** *ဟန္တဗ္ဗော* **သတ်အပ်၏။**

အစရှိသော ရှမ်းမှဟုဆို၍ ဗျည်း (၃၃)လုံး၏အစ၊ 'က'ကို ယူရမည်ဖြစ်ပြီး ရတနာ(၃)ပါးကို ဟောသောကိန်း ဟု ညွှန်းထားသည်မှာ ကျေးညို (၃)ခါဟူသော အကွက်ပင် ဖြစ်၏။ ထို့ကြောင့် 'က' ကြီးမှ (၃)လုံးမြောက် 'ဂ'ကို သတ်ရမည်ဖြစ်ပြီး ထို 'ဂ'ငယ်ကို ကျေးညို (၃)ခါဟူသော အကွက်၌ ထည့်သွင်းထားရပေမည်။

ကျေးညို (၃)ခါအကွက်အတွက် "ဂ"ငယ်ကို ရေးသွင်းပြီး နောက်တစ်ကွက်မှာ ကရဝိတ် (၅)ဖြစ်၍ "ဂ" ငယ်ကို သတ်ပြီး နောက်အက္ခရာ "ဃ" မှ (၅)လုံး၊ ဆက်၍ ရေသောအခါ "ဇ" ကို ရမည်။ ထို"ဇ"ကို သတ်ပြီး ကရဝိတ် (၅)အကွက်၌ "ဇ"ကို ထည့်ရမည်။ သတိပြုရန်မှာ သတ်ပြီးသော စာလုံးများကို ထပ်၍ မရေတွက်ရန် ဖြစ်သည်။ သတ်ရမည့် အက္ခရာကို ကြက်ခြေခတ်ပြထားမည် ဖြစ်ပြီး သတ်ပြီးသား ဗျည်းအက္ခရာကို ဝိုင်းပြထားပါသည်။

ရတနာ (၃)ပါးဟုပြသောကျေးညို (၃)ခါ **အစရှိသောရှမ်းမှ(၃)လုံး**

(၁)

			၃

က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

			ဂ

တတော ထိုနောက်မှ၊ ကမံ အစဉ်အတိုင်း။ ကိန္နရေန ကရဝိက်ကိန်းဖြင့်၊ ပတ္တဇနေ ရောက်သောသူကို၊ ဟန္တဗွေ သတ်အပ်၏။

(၂)



(၃)



(၄)



(၅)

			၃
၅	၄	၁၅	၁၀

မျောက်ကား ၁၀

က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

'လ'မှ ၁၀-လုံးရေ

			ဂ
ဇ	ဌ	ရ	င

---

(၆)

			၃
၅	၄	၁၅	၁၀
၁၁			

ဆင်ဝယ် ၁၁

က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

'စ'မှ ၁၁-လုံးရေ

			ဂ
ဇ	ဌ	ရ	င
ဒ			

---

(၇)

			၃
၅	၄	၁၅	၁၀
၁၁	၁၄		

နွားဖြစ် ၁၄

က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

'ဓ'မှ ၁၄-လုံးရေ

			ဂ
ဇ	ဌ	ရ	င
ဒ	အ		

(၈)

			၇
၅	၄	၁၅	၁၀
၁၁	၁၄	၁	

ဓကေး သိန္ဓ၀

က→	ခ	(ဂ)	ဃ	(င)
စ	ဆ	(ဇ)	ဈ	ည
ဋ	(ဌ)	ဍ	ဎ	ဏ
တ	ထ	(ဒ)	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	(ရ)	လ	ဝ	သ
	ဟ	ဠ	(အ)	

'က'မှ (၁)လုံးရေ

			ဂ
ဇ	ဌ	ရ	င
ဒ	အ	က	

(၉)

			၇
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈

ကျွဲ အငှ နှင့်

(က)	ခ→	(ဂ)	ဃ	(င)
စ	ဆ	(ဇ)	ဈ	ည
ဋ	(ဌ)	~~ဍ~~	ဎ	ဏ
တ	ထ	(ဒ)	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	(ရ)	လ	ဝ	သ
	ဟ	ဠ	(အ)	

'ခ'မှ (၈)လုံးရေ

			ဂ
ဇ	ဌ	ရ	င
ဒ	အ	က	ဍ

(၁၀)

			၇
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂			

ဥဒေါင်း (၂) ခါ

(က)	ခ	(ဂ)	ဃ	(င)
စ	ဆ	(ဇ)	ဈ	ည
ဋ	(ဌ)	(ဍ)	ဎ	ဏ
တ	ထ	(ဒ)	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	(ရ)	လ	ဝ	သ
	ဟ	ဠ	(အ)	

'ပ'မှ (၂)လုံးရေ

			ဂ
ဇ	ဌ	ရ	င
ဒ	အ	က	ဍ
ဏ			

(၁၁)

			၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇		

သာလိကာ သတ္တ

က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

'တ'မှ (၇)လုံးရေ

			ဂ
ဇ	ဌ	ရ	င
ဒ	အ	က	ဍ
ဏ	ဗ		

(၁၂)

			၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇	၁၂	

ဒွါဒသ ကြက်

က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

'ဘ'မှ (၁၂)လုံးရေ

			ဂ
ဇ	ဌ	ရ	င
ဒ	အ	က	ဍ
ဏ	ဗ	ဆ	

(၁၃)

			၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇	၁၂	၁၃

ဝက်ကား (၁၃)

က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

'ဈ'မှ (၁၃)လုံးရေ

			ဂ
ဇ	ဌ	ရ	င
ဒ	အ	က	ဍ
ဏ	ဗ	ဆ	ဃ

(၁၄)

၁၆			၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇	၁၂	၁၃

အစကြိုးကြာ (၁၆)ခါ နှင့်

က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

'လ'မှ (၁၆)လုံးရေ

န			ဂ
ဇ	ဌ	ရ	င
ဒ	အ	က	ဍ
ဏ	ဗ	ဆ	ယ

(၁၅)

၁၆	၉		၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇	၁၂	၁၃

ဟဿာ (၉)ဖြစ်

က ခ ဂ ဃ င
စ ဆ ဇ ဈ ည
ဋ ဌ ဍ ဎ ဏ
တ ထ ဒ ဓ န
ပ ဖ ဗ ဘ မ
ယ ရ လ ဝ သ
ဟ ဠ အ

'ပ'မှ (၉)လုံးရေ

န	ဠ		ဂ
ဇ	ဌ	ရ	င
ဒ	အ	က	ဍ
ဏ	ဗ	ဆ	ယ

ဣတ္ထိဝေမာဒိနာနယေန ဤသို့ အစရှိသောနည်းဖြင့်၊ ဟန္တာ သတ်၍၊ သောဠသမေ ဝါရေ တစ်ဆယ့်ခြောက်ခုမြောက်သောအကြိမ်၌၊ သဂတ္တံ ရင့်မာသောကိုယ်ဝန်ရှိသော၊ ဧကံ တစ်ယောက်သော၊ ကုလတ္ထိံ ကုလားမကို၊ ဖုဿတိ တွေ့လေ၏။ သာပန ထိုကုလားမကို၊ နစမာရေတဗ္ဗာ မသတ်အပ်။

အထက်ပါအတိုင်း ကျေးညှိအိမ်မှ စ၍ ကောက်လာရာ (၁၅)ကွက်အထိ ရရှိခဲ့ပြီး ဖြစ်၏။ ယခု (၁၆)ကြိမ် မြောက်၌ တွေ့သော အက္ခရာကို မသတ်အပ်ဟူ၍ အရှင်ဖမ်းယားရပေမည်။ အဘယ့်ကြောင့် အရှင်ဖမ်းထားရသနည်း ဆိုသော် -

(၁၈)

၁၆	၉	၆	၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇	၁၂	၁၃

(၆) ဖြစ်ကား ခို

က ခ ဂ ဃ င

မသတ်အပ် စ ဆ ဇ ဈ ည

ဋ ဌ ဍ ဎ ဏ

တ ထ ဒ ဓ န

ပ ဖ ဗ ဘ မ

ယ ရ လ ဝ သ

ဟ ဠ အ

'ခ'မှ (၆)လုံးရေ

န	ဠ	ဋ	ဂ
ဇ	ဌ	ရ	င
ဒ	အ	က	ဍ
ဏ	ဗ	ဆ	ယ

သာဝိ ထိုကုလားမသည်လည်း၊ ဂစ္ဆံ-ဂစ္ဆသ ကိုယ်ဝန်၏၊ ပက္ကတာ-ပရိပက္ကတာ မှင့်မာသည်၏အဖြစ်ကြောင့်၊ တယောပုတ္တေ သားသုံးယောက်တို့ကို၊ ဝိဇာယိ ဖွားမြင်၏။ ပဟာသုဝိ ထို(၃)ယောက်သောသားတို့ကို၊ ဝိဇာယိ ဖွားမြင်၏။ တေသုပိ ထို (၃)ယောက်သော သားတို့တွင်လည်း -

ပဋ္ဌိသန္ဓေရင့်သော				
အမိကုလားမ				
ဋ မှ ⇨	သံ	ညင်း	ကြိတ်	ဟူသော သား(၃)ယောက်ကို မွေးဖွား၏။
	သ	ည	က	

ဧကောပုတ္တော တစ်ယောက်သားကား၊ သက္ကော သက်(ကသည်း)တည်း။ ဧကောပုတ္တော တစ်ယောက်သား ကား၊ ရာမညရဋ္ဌော ရာမညတိုင်းသားတည်း၊ ဧကောပုတ္တော တစ်ယောက်သားကား၊ ယုဝေါ ရှမ်းတည်း။ ဣတိ ဤသို့၊ကုလာကုလဘေဒါ အမျိုး ကွဲပြားကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏။ (သဒ္ဒမ္ဗနန္တမထေရ်မူဋ္ဌ-သက္ကော သိကြားတည်း ဟုပြဆိုသော်လည်း အဘဦးနန္ဒောမှ သက္ကော သက်လူမျိုးဟု သင်ပြခဲ့၏) အမိသည် ကုလားမဖြစ်ပြီး သား (၃)ယောက်တို့မှာ- သက် (ကသည်း)၊ ရာမညတိုင်းသား၊ ရှမ်း တို့ ဖြစ်ကြလေသည်။ ဆိုလိုသည်မှာ -



ဝယသာပန အရွယ်အားဖြင့်ကား၊ မာတု အမိသည်၊ ဒသာ-ဒသဝယာ ဆယ်နှစ်အရွယ်ရှိ၏။ ပုတ္တေသုပိ သားတို့တွင်လည်း၊ မဟာပုတ္တော သားကြီးသည်၊ ကေဝီသတိဝယော နှစ်ဆယ့်တစ်နှစ်အရွယ်ရှိ၏။ ပဇ္ဈိပုတ္တော-မဇ္ဈိမပုတ္တော သားလတ်ကား၊ အဋ္ဌဝယော ရှစ်နှစ်အရွယ်ရှိ၏၊ ကဏိ-ကဏိဋ္ဌပုတ္တော သားထွေးသည်ကား၊ ပန္နရ သဝယော တစ်ဆယ့်ငါးနှစ်အရွယ်ရှိ၏။ ဣတိ ဤသို့၊ ဝယောပိ အရွယ်ကိုလည်း၊ ဉာတဗ္ဗော သိအပ်၏။

အမေက (၁၀)နှစ်၊ သားကြီးက (၂၁)နှစ်၊ သားလတ်က (၈)နှစ်၊ အငယ်ဆုံး သားထွေးက (၁၅)နှစ်ဆိုရာ၌-

	အမိ	သားကြီး	သားလတ်	သားထွေး
အသက်	မ	သ	ည	က
(ဂြိုဟ်သက်)⇨	၁၀	၂၁	၈	၁၅

'မ' စနေဂြိုဟ် (၁၀)၊ 'သ' သောကြာဂြိုဟ်သက် (၂၁)၊ 'ည' အင်္ဂါဂြိုဟ်သက် (၈) တို့နှင့် 'က' တနင်္လာဂြိုဟ်သက် (၁၅)၊ အစရှိသည့် ဂြိုဟ်သက်များကို ယူရမည်ဖြစ်ပါသည်။

တာယမာတုယာ ထိုအမိနှင့်၊ သဟ တက္ခ၊ တယောပုတ္တာ သား(၃)ယောက်တို့သည်၊ စတုက္ခရာ အက္ခရာလေးလုံးတို့သည်၊ ဟောန္တိ ဖြစ်ကြကုန်၏။ မာတုယာစ အမိ၏လည်းကောင်း၊ ပုတ္တာနဥ္စ သားတို့၏လည်းကောင်း၊ အာယု အသက်တို့ကို၊ ပိဏ္ဍိတွာ-သမ္ပိဏ္ဍိတွာ ပေါင်း၍၊ စတုပညာသာ ငါးဆယ့်လေးနှစ်တို့သည်၊ ဟောန္တိ ဖြစ်ကြကုန်၏။

မူလအက္ခရာဖြစ်သော 'ဠ သ ည က' ၏ ဂြိုဟ်သက်အားလုံးကို ပေါင်းယူပါက စတုပညာသ ခေါ် (၅၄) ရရှိ၏။

ဠ		သ		ည		က		
၁၀	+	၂၁	+	၈	+	၁၀	=	၅၄ (စတုပညာသ)

"အဲဒီတော့ မောင်ဘုန်းမြင့်ရေ၊ ဒီနေရာမှာ တစ်လက်စတည်း မှတ်သင့်တာ မှတ်ကို မှတ်ရမှာ (၂)ခုရှိတယ်။ စောစောက နေလ (၂)ပါးကနေ ဗောဓိပက္ခိယ (၃၇)ပါးနဲ့ ကောက်လို့ရတဲ့ "ဠ" ကို 'ဠ' သံညင်းကြိတ် (ဠ-သ-ည-က) လို့ ယူကြပြီး အခုကောက်ခဲ့တဲ့ သောဠသအင်း အဘယဇာတကနည်းနဲ့ ကောက်လို့ရတဲ့ "ဠ"ကို 'ဠ'သံညင်းချိတ်လို့ အသံလွှဲယူပြီး (ဠသညခ)လို့ ယူကြတာတွေလည်း ရှိကြတယ်။ အဘအနေနဲ့ကတော့ 'က' ကြီးရော၊ 'ခ' ခွေး ရော (၂)ခု စလုံး ဥပရဇ္ဈည်း (မြတ်သောဇ္ဈည်း) ချည်းဘဲမို့ မခွဲတော့ဘဲ 'ဠသညက' ကိုပဲ ပုံသေသုံးခဲ့တယ်။

(ကျော်ဇေယျသိဒ္ဓိရှင်ရတနာမာရ်အောင်ဆရာကြီး အဘဦးငွေခဲမှ အက္ခရာ ပိဋ္ဌာ နည်းဖြင့် ခွဲပြရာတွင်၊ "က" သည် သိထိလ အက္ခရာ(သံပျော့)၊ "ခ" သည် ဓနိတ အက္ခရာ (သံပြင်း)။ "က" သည် ပုလ္လိင် (ကျား)နတ်၊ "ခ" သည် ဣတ္ထိလိင် (မ)နတ်။ ပထဝီဓာတ်ချင်းတူသော်လည်း 'ကျား၊မ' ကွာခြားချက်ရှိ၍ ယောကျ်ား မိန်းမ အင်းစမ စီရင်ရာတွင် 'ပီယအပွင့်'ဓာတ် စီရင်ရာ၌ အလွန်စဉ်းစားသင့်ကြောင်း သတိပေးဆုံးမ ရှင်းပြခဲ့ပါသည်။)

အဘ ဦးနန္ဒောဘာသမှ ဆက်၍ "သောဠသအင်းနဲ့ ကောက်ရစမတွေ သွင်းထားတဲ့ အင်းကို ယှဉ်ကြည့်ကွဲ၊ မောင်ဘုန်းမြင့်။ ကောက်ရအက္ခရာတွေကို နံသင့်ပေါင်းကြည့်။ ပြီးရင် အဘကိုပြ" ကျွန်ုပ်မှ အောက်ပါအတိုင်း ရေးချလိုက်ပြီး အဘကို ရိုသေစွာ ပြလိုက်၏။

အဘဦးနန္ဒောဘာသမှ -

၁၆	၉	၆	၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇	၁၂	၁၃

သောဠသအင်း
ခေါ်
အဘယဓာတကအင်း

⇨ ⇨

ဋ	ဠ	ဍ	ဂ
ဓ	ဌ	ရ	င
ဒ	အ	က	ဎ
ဏ	ဗ	ဆ	ယ

ကောက်ရအက္ခရာများ
ထည့်ထားသည့်အင်း

ဋ	-	၇
ဠ	-	၈
ဍ	-	၇
ဂ	-	၂
ဓ	-	၃
ဌ	-	၇
ရ	-	၈
င	-	၂
ဒ	-	၇
အ	-	၁
က	-	၂
ဎ	-	၇
ဏ	-	၇
ဗ	-	၅
ဆ	-	၃
ယ	-	၄
နံသင့်ပေါင်း	-	၈၀

"မှန်တယ် မောင်ဘုန်းမြင့်၊ အဲဒီ (၈၀) ဆိုတဲ့ ဂဏန်းဟာ ကပ္ပလက်ာရကျမ်းမှာ မရှိမဖြစ် အရေးပါတဲ့ ပါပ၊ သူရင္ဆ၊ အမြိတ္တ၊ ကောလီ၊ ကမ္ဘာဓာတ်လို့ခေါ်တဲ့ အသီတိဓာတ်သက် (၈၀) ဘဲကွဲ့။ ဒါကြောင့် အသီတိအင်းလို့ ခေါ်သကွဲ့။ အသီတိဓာတ်အင်းမှာ ဗျည်းအက္ခရာသွင်းတဲ့ 'ဗျည်းအင်း' ရယ်၊ နံသင့်ဂဏန်းသွင်းထားတဲ့ 'ဂဏန်းအင်း' ရယ်လို့ (၂)မျိုး ရှိကြတယ်။ တစ်လက်စတည်းမှတ်။ ရှေ့လာမယ့် 'အဋ္ဌာရသအင်း'ကဏ္ဍမှာ ဒီ 'အသီတိဂဏန်းအင်း' ကို အလယ် (၄)ကွက်ထဲ ထည့်ရမှာ"

ဋ	ဠ	ဍ	ဂ
ဓ	ဌ	ရ	င
ဒ	အ	က	ဎ
ဏ	ဗ	ဆ	ယ

အသီတိ ဗျည်း အင်း

သက်တော် (၈၀)အာဏာ
တည်အင်း
ခေါ်

၇	၈	၇	၂
၃	၇	၈	၂
၇	၁	၂	၇
၇	၅	၃	၄

အသီတိ ဂဏန်းအင်း
(အဋ္ဌာရသ အင်း၌ သုံး၏)

“အဲဒီတော့ မောင်ဘုန်းမြင့်၊ သန္နိကိုထုတ်၊ မယုတ်မပို၊ ဆိုရင်းသက်တော် (၈၀) လို့လည်းမှတ်။ နောက်ပြီး အသီတိအင်း၊ ခေါ်ဆိုခြင်းကား၊ ကျေးမင်းအိမ်က၊ အစကောက်သွင်း၊ ရှုပ်နံ့ချဉ်းသော်၊ သက်တော်မာတ်သက်၊ (၈၀)ထွက်၏ ဆိုတာကိုလည်း တစ်ပါတည်း သဘောပေါက်အောင်၊ နားလည်အောင် မှတ်ပေတော့”

ကျွန်ုပ်မှ -

“ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်အဘ”

ဟု ကျွန်ုပ်ကပြန်ဖြေလိုက်ရာ အဘကဆေးတံကို ပြာခေါက်ချရင်း-

ဣဒါနိ ယခုအခါ၌၊ ဂဟက္ခရံ လေးလုံးသောအက္ခရာ၏၊ ကောက်ယူကြောင်း ဖြစ်သော ရှစ်လုံး အက္ခရာကို၊ ဓမ္မာသတ္တေ အဘိဓမ္မာ (၇)ကျမ်း၌၊ ဂဝေသိတ္ဗာ ရှာကြံ၍၊ ဓာတုပဒံ မာတ်အက္ခရာ လေးဖြာသောအင်းကို ချရာချကြောင်း ဖြစ်သောနည်းကို၊ အဟံ သဒ္ဒမ္မနန္ဒအမည်ရသော ငါသည်၊ ဒဿယိဿာမိ ပြပေအံ့။ တံ နယ ပဒံ ထိုကောက် ယူကြောင်းဖြစ်သောနည်းကို၊ မေ ငါ၏၊ သန္တိကာ အထံမှ၊ ဓာတုဇ္ဈိတာ မာတ်အင်းကို အလိုရှိသောသူတို့သည်၊ သောတ နာလင့်တုန်။

ဓမ္မသတ္တ-ဓမ္မသတ္တသ အဘိဓမ္မာ (၇)ကျမ်း၏၊ နာမံ အမည်ဖြစ်သော၊ အာဒျက္ခရံ အစအက္ခရာကို၊ ကမံ အစဉ်အတိုင်း၊ လိခံ-လိက္ခိတ္ဗာ ရေး၍ (ဝါ) ရေးပြီးသော်၊ ယ-က္ခရေန ‘ယ’ အက္ခရာနှင့်၊ သဒိသက္ခရံ သဘောတူသော အက္ခရာကို၊ မာရေတွာ သတ်၍ (ဝါ) ချေ၍ (ဝါ) ပယ်၍ (ဝါ) ပယ်ပြီးသည်ရှိသော်၊ စတုသေသက္ခရံ လေးလုံးကြွင်း အက္ခရာကို၊ ဌပေ ထားရာ၏။

(မူလအက္ခရာ၊ ကောက်နည်းမှာကား၊ တရားအတိ၊ အဘိဓမ္မ၊ ကျမ်းအစတွင်၊ ‘ယ’နှင့်တူရာ၊ ပယ်ခွာလှန်မှောက်၊ ရှစ်လုံးမြောက်၏)

အဘိဓမ္မာ (၇)ကျမ်း၏ အစ စာလုံးများကို ယူရမည်ဖြစ်၍ -

၁။ ဓမ္မသင်္ဂဏီ	မှအစ	- ✕
၂။ ဝိဘင်း	မှအစ	- ဝ
၃။ ဓာတုကထာ	မှအစ	- ဓ
၄။ ပုဂ္ဂလပညတ်	မှအစ	- ပ
၅။ ကထာဝတ္ထု	မှအစ	- က
၆။ ယမိုက်	မှအစ	- ~~ယ~~
၇။ ပဋ္ဌာန်း	မှအစ	- ~~ပ~~

အဘိဓမ္မာ(၇)ကျမ်း

"ယ" နှင့်တူရာ ပယ်ခွာဟုဆို၍

ယ- ပယ်

ဓ (၂)လုံး - (၁)လုံးပယ်

ပ (၂)လုံး - (၁)လုံးပယ်

လိုက်သော်-

က ,ပ , ဓ, ဝ

(၄)လုံးရ၏။

ဌပ်တေပန ထားပြီးသော်ကား၊ တံသေသံ ထိုလေးလုံးကြွင်းအက္ခရာကို၊ အစုဒွံ အောက်အထက်၊ ပရိဝတ္တေတွာ ပြန်လှန်၍ (ဝါ) ပြန်လှန်၍ ယူလိုက်သည်ရှိသော်၊ အဋ္ဌက္ခရံ ရှစ်လုံးအက္ခရာသည်၊ ဟောတိ ဖြစ်၏။

အဘိဓမ္မာ (၇)ကျမ်းမှ အစ စာလုံးများကို ယူ၍ "ယ" နှင့် တူရာ အက္ခရာများကို ပယ်လိုက်သည့်အခါ က, ပ, ဓ, ဝ အက္ခရာ (၄)လုံးရသည်။ ထို (၄)လုံးကို "က" ပက်လက် = ယ၊ "ပ" ပက်လက် = ဂ၊ "ဓ" ပက်လက် = ဗ နှင့် "ဝ" ပက်လက် = ဝ ဟူ၍ အထက်အောက် ပြန်လှန်လိုက်ပါက စုစ[illegible] (၈)လုံး ရရှိပေသည်။ ထို့ကြောင့် တရားအတိ၊ အဘိဓမ္မ၊ ကျမ်း အစတွင်၊ "ယ" နှင့်တူရာ၊ ပယ်ခွာလှန်မှောက်၊ ရှစ်လုံးမြောက်၏ ဟုရှေးဆရာကြီးများက လမ်းပြထားခဲ့သည်။

က	ပ	ဓ	ဝ	
ယ	ဂ	ဗ	ဝ	------လှန်မှောက် ရှစ်လုံးမြောက်၏။

တံဂဟာဏ ထိုရှစ်လုံးသော အက္ခရာကို(ဝါ) ထိုရှစ်လုံးသောအက္ခရာဖြင့်၊ တေတ္တိံသပိဋကအက္ခရာ (၃၃)လုံးသောပိဋကတ်အက္ခရာ၌(ဝါ) (၃၃)လုံးသော ပိဋကတ်

အက္ခရာတွင်၊ ဇောဓိပက္ခိယသင်္ချာယ သုံးဆယ့်ခုနစ်ပါးသော ဇောဓိပက္ခိယတရားသင်္ချာဖြင့်၊ အစဉ့် အထက်အောက်၊ ကမ် အစဉ်အတိုင်း၊ ဂဏေတွာ ရေတွက်၍၊ ပတ္တက္ခရော ကျရောက်သော အက္ခရာကို၊ သုဋ္ဌပေယျ ကောင်းစွာ ထားရာ၏။

(ထက်အောက်လူးလာ၊ တက်သက်မှာလျင်၊ စားရာမှတ်ခဲ့ သုံးဆယ့်သုံးရှိ ဗျည်းဇာတိကို၊ ဇောဓိပက္ခိယ၊ သင်္ချာသဖြင့်၊ ကောက်ရသမျှ ထက်အောက်ရှု၍၊ ပုံတုပွားလာ၊ တစ်ဆယ့်ခြောက် သာလျင်၊ လေးဘော်မြင်လိမ့်)

က	ခ	ဂ	ဃ	င
စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ
တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	ရ	လ	ဝ	သ
	ဟ	ဠ	အ	

ယ	ယ	ရ	ဇ
က	ပ	၈	ဝ
ယ	ဂ	ဗ	ဝ
သ	ည	က	ဋ

⇨ ဆယ့်ခြောက်သာလျင် လေးဘော်မြင်လိမ့်။ (စံနေတုံ ခြောက်- တစ်ကျိပ်ခြောက်တည့်)

နေမင်း၊ လမင်းပြအက္ခရာတို့မှ ဇောဓိပက္ခိယ (၃၇)လုံးကောက်နည်းကို ပြခဲ့ပြီး ဖြစ်၏။ ထို 'ဋ' သံညင်းကြိတ်ကို ရရှိမည်ဖြစ်ကြောင်း 'ဆယ့်ခြောက်သာလျင်၊ လေးဘော်မြင်လိမ့်' ဟု ညွှန်ပြထားခြင်း ဖြစ်ပေသည်။

ဥဒ္ဓက္ခရံ အထက်အက္ခရာသည်၊ ဘေသဇ္ဇံ ဆေးနံအက္ခရာမည်သည်သာလျင်၊ ဟောတိ ဖြစ်၏။ အဓောက္ခရံ အောက် ကောက်ရ အက္ခရာသည်ကား၊ မန္တံ မန္တရားအက္ခရာ မည်သည်သာလျင်၊ ဟောတိ ဖြစ်၏။ တံမူလက္ခရံ ထို အောက်ကောက်ရ အက္ခရာသည်၊ မူလက္ခရာစ နာမ မူလအက္ခရာမည်သည်လည်း၊ ဟောတိ ဖြစ်၏။ တံမူလက္ခရံ ထိုမူလအက္ခရာကို၊ ပဒေသု လေးပါးသောအင်းတို့တွင်၊ ဣစ္ဆိတဋ္ဌာနံ အလိုရှိရာကို (ဝါ) အလိုရှိရာ၌၊ မူလံကတွာ မူလ ပြု၍၊ သုဋ္ဌပေယျ ဓာတ်သွားညီစွာ သွင်းထားရာ၏။

(ထွက်ခွင်ဩသ၊ အောက်ဆုံးမှကား၊ မူလအက္ခရာ၊ လေးလုံးစာတည့်၊ စိတ္တာမုနိ၊ ပြီးတိုင်ဘိသို့၊ သိဒ္ဓိလေးဖြာ၊ ပြီးတတ်စွာသည်၊ သစ္စာထက်အောင် သွေးစေသတည်း။ သီလကြိုင်အောင် မွှေးစေသတည်း။)

ဃ	ဃ	ရ	၉
က	ပ	၈	၀
ဃ	၇	ဗ	၀
သ	ည	က	ရှ

ကောက်ရ အက္ခရာ

ဂဟာဏ အက္ခရာ

ဩသဓ 'နေ' (ထက်ခွင်ဩသဓ)
(မြနှောင်ချုပ်ထား၊ ထက်မှာငြားက ဩသဓဟု၊ နာမမည်ရှေး၊ အမည်ပေးလော့)

အောက်ဆုံးမှကား၊ မူလအက္ခရာ၊ လေးလုံးစာတည့်။

ဤနေရာသို့ ရောက်သောအခါ ကျွန်ုပ်သည် အဘ ဦးနန္ဒာဘာသကို ခွင့်တောင်း၍ -

"အဘ၊ ကျွန်တော် တစ်ခု မေးမလို့"

ဟု ပြောလိုက်ရာ အဘမှ -

"မောင်ဘုန်းမြင့် မေးချင်တာက ကျမ်းရင်းထဲက၊ သုဋ္ဌပေယျ **လေးပါးခေတ်သွား၊ မမှားညီကြောင်း၊ ကောင်းစွာ သွင်းထားရာ၏ ဆိုတာ မဟုတ်လား"**

"ဟုတ်ပါတယ် အဘ"

"ရှေ့ကဏ္ဍတွေရောက်ရင် အကျယ်သိရမှာပေါ့ကွယ်။ ကပ္ပလက်ာရ အင်းစမ အစီအရင်မှာ "ခေတ်သွားညီစွာ"၊ "အင်္ဂါ (၄)ချက်အညီ"၊ "လေးဖြာအင်္ဂါ စုံလင်စွာ"၊ စသဖြင့် ညွှန်းတယ်ကွယ့်။ (၁) စမအကောက်မှန်ရမယ်။ (၂) အင်းသွားပုံ မှန်ရမယ်၊ (၃) ခေတ်လေးပါး ပိုင်းဖြတ်ပုံ မှန်ရမယ် (၄) လ၊ နေ့ အချိန်၊ အရပ် မှန်ရမယ်။ စတဲ့ အင်္ဂါ (၄)ချက် ညီညွတ်မှုတရမယ်"

ကျွန်ုပ်မှ - "ဟုတ်ကဲ့ပါအဘ"

"မူလစမကောက်နည်း (၃)နည်း သင်ပေးခဲ့ပြီးပြီ။ ဘာနည်းတွေလဲ မောင်ဘုန်းမြင့် မှတ်မိလား၊ အဘကို ပြောပြ"

ဟု ကျွန်ုပ်အား မေးလိုက်၏။

"မှတ်မိပါတယ် အဘ၊ ပထမနည်းက နေမင်းနဲ့လမင်းပြ အက္ခရာ (၄)လုံးနဲ့ ပြောင်းပြန် အက္ခရာ (၄)လုံး စုစုပေါင်း (၈)လုံးကို တည်၊ ဗျည်း (၃၃) လုံးကနေ အက္ခရာစဉ်အတိုင်း စောမိပက္ခိယ (၃၇) ပါးနဲ့ ကောက်တဲ့ကိန်း" .

"ဟုတ်ပကွဲ၊ ဒုတိယနည်းကကော"

"အဘယဇာတကအင်းလို့ ခေါ်တဲ့ သောဠသအင်းကို တည်၊ ကျေးညီအိမ်ကစပြီး ဗျည်းသုံးဆယ့်သုံးလုံးကနေ အစဉ်အတိုင်းကောက်၊ ကောက်ရ အက္ခရာတွေကို နံ့သင့်ပေါင်း၊ အသီတိဓာတ်သက် (၈၀) ရတဲ့ ဒုတိယနည်း"

"မောင်ဘုန်းမြင့် အဘထင်တာထက် ပိုမှတ်မိနေပါလား၊ ဒါကြောင့်လည်း ဝါသနာဘာဂီ ဆက်တိုင်းမီလို့ ဆိုကြတာဘဲ။ နောက်ကောက္ခဲ"

"အခုဘဲ အဘပြခဲ့တဲ့ အဘိမ္မော (၇)ကျမ်းက အစကိုယူ၊ 'ယ' ပက်လက်နဲ့ တူရာကိုပယ်။ ကျန်တဲ့(၄)လုံးနဲ့ ပြောင်းပြန် (၄)လုံး၊ ပေါင်း (၈)လုံးကို မူတည်၊ ဗျည်း (၃၃) လုံးကနေ အက္ခရာစဉ်တိုင်းကောက်။ ပထမနည်းအတိုင်း အဖြေထွက်တယ် အဘ။ အဲဒါ တတိယနည်း"

"မှန်တယ် မောင်ဘုန်းမြင့်၊ အခုတစ်ခါတော့ ရှေးဆရာ့ဆရာကြီးတွေ ပြခဲ့တဲ့ စကားစပ် လင်္ကာတွေထဲက မူလအက္ခရာကောက်ပုံနည်း တချို့ အဘပြပေးမယ်။ သေသေချာချာ မှတ်ရုံနဲ့ မရဘူး။ ကြောင်ပုစ္ဆနံစား ကြွပ်ကြွပ်ဝါး ဆိုသလို နှုတ်တက်ရွရွ အာဂုံဆောင်ကွယ့်။ ဘာတဲ့ အာဂုံဆောင်မှ အာဂလူတဲ့။ အာဂလူ အူကလာ။ အူကလာတော့ ချေး။ ချေးဆိုတော့ နံ့၊ နံ့ရင်ပိတ်၊ နံ့ပိတ်တော့ နီဗ္ဗာန်တဲ့။ ရှေးပညာရှိစကားကွဲနော် မောင်ဘုန်းမြင့်"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် မှတ်ပါ့မယ်"

"ကရဏီယအောက်၊ ဝလေးထောက်နှင့်၊ ကောက်လေဘိက၊ ဂဏန်းရလိမ့်"

"ဒီနည်းက လွယ်မလိုနဲ့ ခက်သကွဲ့။ 'ကရဏီယအောက်'လို့ ပြတဲ့အတွက် 'က'ကြီး အထက် 'ယ'ပက်လက် အောက် ရေးကြည့်ရင်ယယ ပုံ ရသကွဲ့။ ကယှက် ယယှက်ပေါ့ကွယ်။ ဟနေတဲ့နေရာတွေ ဆက်ကြည့်ရင် 88 →'ဝ'လုံး (၄)လုံး ပူးထားသလို တွေ့ရမယ်။ အဲဒါကို 'ဝ' လေးထောက်လို့ မှတ်။ ဟုတ်ပြီနော်။ "ဝ"ဆိုတာ ဗုဒ္ဓဟူး။ 'ဝ' လေးထောက် ဆိုတော့ ဗုဒ္ဓဟူး (၄)လီ (၄×၄ = ၁၆)ဖြစ်ရောကွဲ့။ မြင်တယ်နော် မောင်ဘုန်းမြင့်။ ဒါကြောင့် ဗျည်း (၃၃) လုံးထဲကနေ 'ဝ'ကနေ လေးလေးလီ (၁၆)လုံး ထောက်ရေကြည့် ဘာရသလဲကွဲ့ ပြော"

ကျွန်ုပ်မှ စိတ်ဖြင့် ရေတွက်ကြည့်လိုက်ပြီးနောက်-

"မှ သံညင်းကြိတ် (မှ)ရတယ်အဘ"

ဟု ဝမ်းသာအားရ အော်ပြောလိုက်၏။ ထိုအခါ အဘ ဦးနန္ဒောဘာသမှ -

"အဲဒါပေါ့ မောင်ဘုန်းမြင့်ရဲ့၊ ကရဏီယအောက်၊ ဝလေးထောက်နှင့်၊ ကောက်လေဘိက၊ ဂဏန်းရလိမ့် ဆိုတာ။ နောက်တစ်ခုက ကရဏီယအောက်၊ ဝလေးထောက်၊ ရှင်ကြီးထီးနှင့်ပျောက် တဲ့ကွဲ။ "ရှ" ဆိုတဲ့ ရှင်ကြီးလည်း ရရော စောစောတုန်းကရတဲ့ ၄၄ 'ဝ'ခလေးလုံးပူး ဒါမှမဟုတ် ထဆင်ထူး နှစ်လုံးပူး တစ်ခါတည်း ပျောက်သွားရော ဆို ပေါ့ကွယ်။ "ဝ" (၄)လုံး (၄×၄=၁၆) အရ ဗျည်း (၃၃) လုံးရဲ့ (၁၆) လုံးမြောက်က ဗဟိုကျတဲ့ ထဆင်ထူးကွယ့်။ "ဝ" ကနေ (၁၆) လုံးမြောက် မူလအက္ခရာ "ရှ" ကိုရတဲ့အခါ စောစောက ဗဟိုချက်ကျတဲ့ "ထ" ကို မယူတော့ဘဲ တစ်ခါ တည်း ဖျောက်လိုက်ရတာကိုဆိုတာ"

"ဟုတ်ကဲ့ပါ အဘ"

ဟု ကျွန်ုပ်မှ ရိုသေစွာ ပြောလိုက်၏။

"ဝရကနကမယေမေ၊ ဤရှစ်ထွေကို၊ ချေသည်လေးလုံး၊ သုံးသည်လေးပါး၊ စက်က သွား၍၊ ရညားအက္ခရာ၊ တစ်လုံးသာလျှင်၊ ကျော်စောထင်သည်၊ သူပင်နိဂုံးအချုပ်တည်း" ဒီအပိုဒ်ကို မရှင်းပြခင် မောင်ဘုန်းမြင့် မှတ်မိသလား။ ဒီ **ဝရကနမယေမေ** ဆိုတဲ့ ပါဠိစာသားကို ဘယ်မှာ တွေ့ဖူးသလဲ"

ကျွန်ုပ် စဉ်းစားလေ အဖြေမရလေ ဖြစ်၏။ အဖြေမရလေ စဉ်းစားလေနှင့် တင်ယောက် တည်း ချွေးပြန်နေစဉ် အဘမှ -

"ပရိတ်ကြီး (၁၁) သုတ် အမွှန်းမှာ ရှာကြည့်လေကွာ"

ဟု ထောက်ပေးလိုက်သဖြင့် ကျွန်ုပ်သည် **"သမန္တာစက္ကဝါဠေသု"** အစရှိသော ပရိတ်ကြီး အမွှန်းကို နှုတ်မှ ဖွဖွရွတ်ရင်း -

"**ဧတေ အာယန္တုဒေဝါ၊ ဝရကနကမယေ၊ မေရုရာဇေ**"

ဟုခပ်ကျယ်ကျယ် ရွတ်လိုက်စဉ်၊ အဘမှ လက်ကာပြလိုက်ပြီး -

"ရပြီ မောင်ဘုန်းမြင့်၊ တစ်ခါတစ်ရံမှာ ကိုယ့်ကို အဲဒီလို အငိုက်ဖမ်းပြီး မေးလာရင် အဖြေရခက်သကွဲ၊ သိတော့ သိတယ်။ မသိဘူးဆိုတာလိုပေါ့။ ဟုတ်တယ်။ အဲဒီ ပါဠိကနေ ယူပြီးတော့ ရှေးဆရာကြီးတွေ ဝှက်ထားခဲ့တာ။ **ဝရကနကမယေမေ၊ ဤရှစ်ထွေကို၊** ချေသည်လေးလုံး၊ သုံးသည်လေးပါး ဆိုတော့၊ ရှေ့က (၄)လုံးဖြစ်တဲ့ **ဝရကန** (၄) လုံးကို ချေဖျက်ပစ်ရမယ်။ အဲဒါ 'ချေသည်လေးလုံး'ပေါ့။ ကျန်တဲ့ **ကမယေမေ** ကတော့

'သုံးသည်လေးပါး' လို့ယူ။ ဘယ်လို သုံးသလဲ သိချင်ရင် ကမယေမေ (၄)လုံးရဲ့ နံသင့်သင်္ချာတွေကို ယူပြီး ပေါင်းကြည့်ရအောင် -"

	က		မ		ယေ		မေ	
နံသင့်သင်္ချာ	၂	+	၅	+	၄	+	၅	= ၁၆ ရ၏။

"အဲဒီ နံသင့်သင်္ချာပေါင်း (၁၆) ကိုယူ။ 'စက်ကသွား၍' လို့ ဆိုတဲ့အတွက်၊ 'စက်' ဆိုတာ 'ဗဟို'။ ဗဟိုဆိုတော့ "ဝ" လုံးသဏ္ဍာန်။ ဒါကြောင့် ဗျည်း (၃၃) လုံးထဲက "ဝ" လုံးကနေ ကမယေမေ နံသင့်သင်္ချာပေါင်း (၁၆)အရ၊ (၁၆) လုံးမြောက် ကောက်လိုက်ရင် မူလအက္ခရာ ငွေသည်းကြိုတ် (ငွ)ကို ရမယ်။ ဒါဟာ နိဂုံးအချုပ်ဘဲပေါ့။ မူလအက္ခရာ ရနေမှတော့ နောက်ထပ် ဘာဆက်ရှာစရာ လိုတော့မှာလဲကွယ့်"

"အရမ်းထူးဆန်းတာဘဲနော် အဘ"

ဟု ကျွန်ုပ်မှ ပြောလိုက်ရာ အဘ ဦးနန္ဒောဘာသမှ ကျွန်ုပ်အား ပြုံးပြလိုက်ပြီးနောက် -

"မောင်ဘုန်းမြင့်၊ ဗောဓိပက္ခိယသင်္ချာ (၃၇)ရအောင် တွက်တာ မှတ်မိလား"

"မှတ်မိတယ် အဘ၊ နေဝန်းအချင်း ယုဇနာ (၅၀) ကို ကိန်း (၃)ကိန်း ဆင်ထားလို့ (၃)နဲ့မြှောက်၊ စရဏ စားကိန်း (၄)နဲ့စား"

"ရပြီ မောင်ဘုန်းမြင့်၊ အဲဒီနည်း တော်တော် ခက်ရဲ့လား"

"ခက်ပါတယ်အဘ"

"အခု အဘပြောပြနေတဲ့ 'ဝရကနကမယေမေ' ဤရှစ်လွှဲဟာ ဗောဓိပက္ခိယ(၃၇)ကို ဝှက်ထားတာကွဲ့"

"ဟုတ်တယ် အဘ၊ ဗောဓိပက္ခိယ သင်္ချာ (၃၇)ရတယ်"

"နေမင်း လမင်းကရတဲ့ အက္ခရာပေါင်း (၈)လုံး၊ ဒါမှမဟုတ် အဘိဓမ္မာ (၇)ကျမ်း အစက ယူတဲ့ အက္ခရာပေါင်း (၈)လုံးကိုတည်၊ ဗျည်း (၃၃) လုံးကနေ ကောက်ရ အက္ခရာတွေကနေ (၃၇) လုံးစီ ကောက်သွားဖို့ ဝှက်ထားတဲ့ 'ဗောဓိပက္ခိယ' သင်္ချာပေါ့ကွယ်"

"ဟုတ်လား အဘ" ကျွန်ုပ်မှ အလောတကြီး မေးလိုက်ရာ" 'ဝရကနကမယေမေ' ကို စဉ်ပြီးနံသင့်ပေါင်း ကြည့်လေကွယ်" ဟုအဘကပြုံးကာပြောလိုက်ပါသည်။

ဝ	-	၄
ရ	-	၈
က	-	၂
န	-	၇
က	-	၂
မ	-	၅
ယေ	-	၄
မေ	-	၅
နံသင့်သင်္ချာပေါင်း ⇨		၃၇ (ဗောဓိပက္ခိယ ၃၇-ပါးသင်္ချာ)

ကျွန်ုပ်သည် ရှေးဆရာကြီးများ၏ လက်ာသွားတို့၏ နက်နဲပုံကို မျက်ဝါးထင်ထင် တွေ့လိုက်ရ၍ ထူးဆန်း အံ့ဩနေမိသကဲ့သို့ အဘဦးနန္ဒာဘာသ၏ စေတနာ၊ မေတ္တာ၊ ပညာတို့ကို အထပ်ထပ် ကန်တော့နေမိပါ၏။ ထိုစဉ် အဘမှ -

"ကရဏီယတွင် 'ပဋိယသညနာည' ကိုထုတ်၊ နားရွက်ကိုဆုပ်၊ ထီးကိုယုတ်၊ သဘောတူရာ အက္ခရာချင်းအုပ်၊ အစကိုနှုတ်၊ အဆုံးကိုရွှံ့၊ အဟုတ်လေးလုံး အက္ခရာ လို့ ဝှက်ထားတဲ့ နည်းတစ်ခု ရှိသေးသကွဲ့။ မောင်ဘုန်းမြင့်၊ ဒီပါဠိစာသားတွေ ဘယ်ကနေ ယူထားသလဲ သိလား"

"ဒီတစ်ခါတော့ ကျွန်တော် ကြိုတွေးထားမိတယ် အဘ၊ မေတ္တသုတ်ထဲက '**န ပရောပရံ နိကုဗ္ဗေထ**' အပိုဒ်ကပါ"

"တော်ပြန်ရော မောင်ဘုန်းမြင့်ရယ်၊ အဲဒီလို ချက်ကျလက်ကျနဲ့ သွက်လက်ချက်ချာ တာကို အဘ အချစ်ဆုံးကွဲ့၊ အဲဒီတော့ 'ကရဏီယ' အစချီတဲ့ မေတ္တသုတ်ထဲက 'ပဋိယသည နာည'ကိုထုတ်၊ နားရွက်ကိုဆုပ်၊ ထီးကိုယုတ်ရမယ်တဲ့။ အဓိပ္ပာယ်က နားရွက်နဲ့တူတဲ့ 'န' ငယ်နဲ့ ရေးချရယ်၊ ထီးနဲ့တူတဲ့၊ လုံးကြီးတင်ရယ်ကို ပယ်ပစ်ရမှာလို့ ဆိုတာကွယ့် ကြည့်စမ်း"

ကျွန်ုပ်သည် လုံးကြီးတင်နှင့် ရေးချပယ်သတ်ထားသော 'ပ ဋ ယ သ ည ည' ကို စူး စိုက်ကြည့်နေမိသည်။ ထို့နောက် -

"အစကို နှုတ်၊ အဆုံးကို ရှုံ့ တဲ့ကွဲ။ အဲဒီထဲက အစ စာလုံးကို နှုတ်ရပယ်ရမယ်။ ထိုနည်းတူ အဆုံးစာလုံးကို ရှုံ့ရ မယ်ဆိုတာက မောင်ဘုန်းမြင့် သိပြီးသားပဲ တစ်ခုရှုံ့ တစ်ခုယုတ်

ပ ဋ္ဌ ယ သ ည [illegible] ည ⇨ ပ ဋ ယ သ ည ည

လျှော့ချရတဲ့သဘော။ ဒီတော့ကာ အစစာလုံးနဲ့ အဆုံးစာလုံးကို ပယ်ပစ်ရမယ်။ အဲ့ဒ်တော့ -

[illegible] ဋ ယ သ ည [illegible]

အစကိုနှုတ် အဆုံးကိုရှုံ့

ကျွန်ုပ်သည် အဘဦးနန္ဒောဘာသ ရေးပြသော ဋ ယ သ ည ကို စူးစိုက်ကြည့်နေရာ အဘမှ-

"အဲဒီ ဋ ယ သ ည ဆိုတာ တို့ရှာနေတဲ့ မူလအက္ခရာ ဋသံညင်းကြိတ်လို့ ခေါ်တဲ့ (ဋ) ပေါ့ကွာ မောင်ဘုန်းမြင့်ရဲ့" ထိုအခါ ကျွန်ုပ်မှ -

"အဘကလဲ 'ဋ'သံညင်းကြိတ်ဆိုရင် ဋ သ ည က ဖြစ်ရမှာ ဘယ်လိုလုပ်၊ ဋ ယ သ ည ဖြစ်သွားရတာတုံး"

ဟု အငမ်းမရ မေးလိုက်၏။ အဘမှ သူ၏ အုံးမှုတ်ခွက်ထဲမှ လက်ဘက်အသား တစ်ငုံကို ယူ၍ မြုံလိုက်ပြီး-

"မောင်ဘုန်းမြင့်. . . မောင်ဘုန်းမြင့်၊ အဲဒီလို ဆုံးဖြတ်ချက် ဆန္ဒစောမိလို့ အဘ ဆော်ခဲ့နှက်ခဲ့တာတွေ မေ့ကုန်ပြီလား၊ အခုဘဲ အဘရွတ်ပြခဲ့တဲ့ အထဲမှာ 'သဘောတူရာ အက္ခရာချင်းအုပ်' ဆိုတာလေကွယ်။ ယ နဲ့ က တနလ်ာနံချင်း သဘောချင်းတူလို့။ ယ နဲ့ က လဲလိုက်ပြီး "ယ" အပေါ်မှာ "က" ကို အုပ်လိုက်ပေါ့ကွယ်။ ဒါဟာ ရှေးဆရာကြီးတွေရဲ့ အဓိကမြုပ်ကွက်ပေါ့။ ဒီမှာကြည့်. ."

"ကျွန်တော် မြင်ပါပြီ အဘ၊ ဆန္ဒစောပြီး ပြောမိတဲ့အကျင့်ကိုလည်း ကျွန်တော် ကြိုးစားပြီး ဖျောက်ပါ့မယ် အဘ"

အဘမှ ခေါင်းငြိမ့်ပြီး ပြုံးကြည့်နေစဉ် ကျွန်ုပ်မှ ဆက်၍ -

ဋ ~~ယ~~ သ ည ⇨ ဋ က သ ည

က

"ရွ က သ ည - ရွ သ ည က။ အဘပြောသလို အဟုတ် (၄)လုံး အက္ခရာ ရပြီ အဘ" ဟု ဝမ်းသာအားရ ပြောလိုက်မိ၏။ အဘ ဦးနန္ဒောဘာသသည် ကျွန်ုပ်၏ နဖူးအား ခပ်ဖွဖွ ထုရင်း -

"မောင်ဘုန်းမြင့် အသက်အရွယ်နဲ့ ဒီလောက်တော်တာကို အဘ ချီးကျူးသင့်သကွဲ့။ ဒါပေမဲ့ ပြည့်ဝတဲ့တပည့်ဆိုတာ ဆရာထက် တော်ရမယ်၊ တတ်ရမယ်ဆိုတာ မှတ်ထား ငါ့တပည့်။ ဆရာဆိုတာ 'ဇရာ' သဘောအရ 'ကျလူ'၊ 'တပည့်'ဆိုတာ အရွယ်နဲ့ အားမာန်အရ 'တက်လူ'။ ဟုတ်ပြီလား" ဟု ဆုံးမလိုက်၏။

ကျွန်ုပ်သည် အဘဦးနန္ဒောဘာသထံ၌ အတိတ်ကာလ ပညာသင်ခဲ့စဉ်တစ်လျှောက် ခံခဲ့ရသော အထုအထောင်း မှန်သမျှတို့သည် အဘ၏ အထက်ပါ ဆုံးမစကားတို့ အောက်၌ နည်းလေစွာ့တကားဟု နောင်တရမိကြောင်း ပီတိမျက်ရည် ဝဲလည့်လည်၍ အဘခြေအစုံကို ဦးတိုက်ကာ တောင်းပန်မိ၏။ အဘမှ လှိုက်လှဲစွာ သာဓု(၃)ကြိမ် ခေါ်လိုက် ပြီးနောက် -

"ဒီမူလ အက္ခရာ လေးလုံးစာကို ကောက်ယူပုံ တစ်နည်း ဖွက်ထားသကွဲ့ မောင်ဘုန်းမြင့် ရဲ့။ ခလုတ်ထိလျှင်မွေးမိခင်။ မားမပဲ့လျှင်ဖိုသို့ဝင်။ နေမရှိလျှင်အမိုက်ပင်။ ဆင်မြင်း စီးလျှင်ကျောမှာတင်။ ဤလျှင် အက္ခရာလေးလုံးတည်း - တဲ့။ ကဲ မောင်ဘုန်းမြင့်၊ ကြိုးစားပြီး ဖြည်ကြည့်ဦးကွဲ့။"

ဟု ပြောကာ အဘသည် လက်ဖက်မြုံ့လျက် ရေနွေးကြမ်း တစိမ့်စိမ့် သောက်ရာ၊ ဆေးတံတငွေ့ငွေ့ မြင်း၍ ဖွာရှိုက်လျက် ရှိစဉ် ကျွန်ုပ်မှာ ချွေးပြန်လျက် ရှိ၏။ နာရီဝက်ခန့်အကြာ၌ ကျွန်ုပ်မှ -

"ရပြီ အဘ၊ ဖော်လို့ရပြီ။ ကျွန်တော် ရေးထားတာ ကြည့်ပါဦး"

ဟု ပြောရင်း အောက်ပါအတိုင်း ရေးထားသော ကျွန်ုပ်၏ မှတ်စုစာအုပ်ကို ရိုသေစွာ ကမ်းလင့်ပေးလိုက်၏ -

"ဟုတ်ပြီ မောင်ဘုန်းမြင့်ရေ၊ ဉာဏ်အပြေးသွားကဘဲ။ နောက်တစ်ခု ထပ်ဝှက်ပြန်ပြီကွဲ့။ မမွားမှန်စွာ၊ အက္ခရာကား၊ သရမကု၊ ပယ်သည်ပြုမှ၊ လေးခုဓာတ်ပုံ၊ လေးလုံးစုံစေ၊ လေးထွေအက္ခရာ၊ လေးလုံးစာကို၊ သိသာခြားနား၊ ရိက္ခာထားသည်။ တဲ့ကွယ့်။ နောက်

ခလုတ်ထိတော့ အမိ 'တ' ⇒ ၎ ⎫
ခါးမပဲ့တော့ ဖိုထဲမှာဓားကို 'သ' ⇒ သ ⎬ ၎ ,သ, ည,က မူလအက္ခရာ လေးလုံးစာ
နေမရှိရင်အမိုက်၊ အမိုက်ဆိုတော့ 'ည' ⇒ ည ⎪
ဆင်မြင်းစီးတော့ ကျောမှာတင်တာ'က' ⇒ က ⎭

(ကကြီးဆင်)

တစ်ဆက်တည်းဘဲ၊ **ဆောင်ရွက်မှတ်သား၊ ပညာနားကျိုး ဆိုထားကောင်းပေ၊ မလွတ်စေနှင့်၊** သရမကု၊ ဤလေးစုကို၊ **တစ်ခုမကျန်၊ ပယ်သည်မှန်၏။** ကဲ မောင်ဘုန်းမြင့်ရေ အဘ သဲလွန်စပေးမယ်။ **သရမကု ဤလေးစု** ကို တစ်ခုမကျန် ပယ်ကြည့်ဦး"

ကျွန်ုပ်သည် ဉာဏ်မီသလောက် ကြိုးစားဖော်ကြည့်ပါ၏။ မည်သို့မျှ စဉ်းစား၍ မရသည့်တိုင် အလွယ်နှင့် အလျှော့မပေးလိုသူဖြစ်၍ ကြိုးစားဖော်ကြည့်ပါသည်။ ဤတစ်ခုတည်းနှင့်ပင် ကျွန်ုပ် မှတ်မိသလောက် (၁)လကျော်ကျော် ကြာသွားပြီးမှ အဘ ဦးနန္ဒာဘာသ က -

"ငါ့တပည့်၊ ခွဲကတော့ ကြီးပ့ါကွာ။ ကဲ ဒီကိုလာ အဘ ရှင်းပြပေးမယ်။ **သရမကု** ပါတဲ့ ဂါထာကို ဟောဒီလို စီကြည့်ပြီးမှ အဲဒီ သရမကု (၄)ခုစလုံး ပယ်ကြည့်-

"က ဓ ဏ ယ ဝ ဋ္ဌ ဎ ဆ (လေ န)

မယူရ

သ ရ မ ကု (၄) ခု စ လုံး ကို ပယ် လိုက် ရင်။

က၊ ဏ၊ ယ၊ ဋ္ဌ (၄)ခု ရမယ်ကွဲ့ မောင်ဘုန်းမြင့်။ အဲဒီမှာ **က** နဲ့ **ယ** ပေါင်းလိုက်တော့ ဋ္ဌ သေသေချာချာ ဆက်ကြည့်ရင် "ဝ" လေးလုံး ပူးထားတဲ့ 88 ပုံတွေ့ရမယ်ကွဲ့၊ "ဝ" (၄) ထောက် သဘောပေ့ါကွယ်။ နောက်ထပ် **ဏ၊ ဌ။** ကဲ ဗျည်း သုံးဆယ့်သုံးလုံး ရေကြည့်။ ဏကြီး ပြီးတော့ တဝမ်းပူ။ ပြီးရင် ဘာလာမလဲ " မေးလိုက်ရာ ကျွန်ုပ်မှ-

"ထ ဆင်ထူးပေ့ါ အဘ"

"အဲဒါပေ့ါကွယ်၊ ဋ္ဌ ကနေ ဗျည်း (၃၃) လုံးရဲ့ ဗဟိုဗျည်း **ထဆင်ထူး** ကို ယူရမှာ။ နောက်ပြီး အဲဒီ ဋ္ဌ ကို ထိစပ်ပြီး ရေးကြည့်ရင် 'ဝ' လေးလုံးပူး 88 ရမှာဘဲ။ ဒီတော့ ဗျည်း (၃၃) လုံးထဲက "ဝ" ကနေ (၄)ကြိမ် (၄)လီ စုစုပေါင်း (၁၆)ကြိမ် ထောက်ကြည့်ရင် မူလအက္ခရာ

လေးလုံးစာ ဆိုတဲ့ "ရ" နည်းညင်းကျိတ် ရမယ်ကွယ့်။ ဒါကို စောစောက ရှင်းပြခဲ့တဲ့ ကရဏီယအောက် ဝလေးထောက်မှာ အဘ ရှင်းပြပြီးပြီနော်"

"ဟုတ်ကဲ့ပါ အဘ၊ အဲဒီ အချက်ကို ထည့်မစဉ်းစားမိဘဲ လျှံသွားတာ"

ဟု ကျွန်ုပ်မှ ဝန်ခံလိုက်ရင်း အဘ ရှင်းပြသည်များကို အလွတ်ရသည်အထိ မှတ်သားလိုက်ပါ၏။ အဘ ဦးနန္ဒောဘာသမှ ဆက်၍-

"ကဲ မောင်ဘုန်းမြင့်ရေ လာပြန်ပြီ နောက်တစ်နည်း -

လေးလုံးစာကို၊ စိတ္တဥာဏ၊ ကောက်၍ရညား၊ အင်းသွားတတ်သိ၊ ပညာရှိတို့၊ ဒကွိဏာဝေါ၊ ဇမ္ဗူကြောတွင်၊ မကောသိပ္ပံ၊ သိဒ္ဓိကံကို၊ ဝရံ ခရံ ယာနံ နိဗ္ဗာနဝရံ၊ မေးဖြေသံငယ်၊ ဝိတက်နည်းမှာ၊ ကြံစိပ်ဖြာ၍။ ကဲ. . . ကြိုးစားလိုက်ဦး ငါ့တပည့်"

ဟု ပြောကာ အဘသည် အောက်သို့ ဆင်းကာ တုတ်ကောက်တောင်ဝှေးဖြင့် လမ်းလျှောက်နေလေ၏။ အဘ ဦးနန္ဒောဘာသသည် အသက် (၈၀) အတွင်း ရောက်သည့်တိုင်အောင် မျက်စိကောင်းဆဲ၊ သွားအားလုံးကောင်းဆဲ၊ အသံကြည်လင်ဆဲ ဖြစ်သည့်တိုင်အောင်

ငယ်စဉ်က ဒဏ်ကြောင့် ခါးကုန်းသည်ဖြစ်၍ ကျွန်ုပ်အား သူသွားလေရာ တစ်လျှောက် ကျွန်ုပ်၏ ပုခုံးကို ကိုင်ကာ လမ်းလျှောက်ရလေ၏။ ထို့ကြောင့်ကျွန်ုပ်အား လက်ကတုံးတောင်ဝှေး မောင်ဉာဏ်ပြေး ဟု မကြာခဏ ခေါ်လေ့ရှိ၏။

ကျွန်ုပ်သည် အဘ ဝှက်ထားခဲ့သော စာပိုဒ်ကို အလျင်စလို မဆုံးဖြတ်တော့ဘဲ အစ သင်စမှ ယခု ရောက်သည် အထိ မှတ်စုများကို ထပ်တလဲလဲ ဖတ်ရှုစဉ်းစားပြီးနောက် အဘ ခေတ္တထိုင်နားရာ သရက်ပင်အောက် ခုံတန်းထံသို့ အပြေးသွားလိုက်ပြီး -

"ရပြီ အဘ၊ လက်စသတ်တော့ က,ပ,ဃ,ဝ အက္ခရာ (၄)လုံးကို ဝှက်ထားတာကိုး" ဟုပြောလိုက်ရင်း ကျွန်ုပ်၏ မှတ်စုကို ပြလိုက်လေ၏။



"မှန်သားပဲကွဲ၊ ဒီနေရာမှာ 'ယ' ပက်လက်ဟာ 'ပ'စောက် နှစ်ခု ကပ်ထားတာကို မြင်ဖို့ မလွယ်ဘူး။ 'ဗ' ထက်ချိုင့် ပြောင်းပြန်' ဓ 'အောက်ချိုင့်ကို မြင်ဖို့ မလွယ်ဘူး။ဒီလိုပဲ 'ယ' ပက်လက်ပြောင်းပြန် 'က' ကြီးမြင်ဖို့။ 'ဗ' ထက်ချိုင့်ပြောင်းပြန် 'ဓ'အောက်ချိုင့်ကို မြင်ဖို့တကယ်မလွယ်ဘူး။ မောင်ဘုန်းမြင့် ပြောစမ်း အဘကို ဘယ်လို စဖော်သလဲ"

"ဒီလိုပါ အဘ၊ ကျမ်းရဲ့အစမှာ သင်ခဲ့ရတဲ့ **က, ပ, ဓ ,ဝ** (၄)လုံးကို စဉ်းစားရင်း စဉ်းစားရင်းနဲ့ ကွက်ကနဲ မြင်မိတာပါ။ အဖြေကို သိပြီးမှ အစကို ပြန်ဖော်သလို စဉ်းစားမိတာပါ"

ဟု ပြောလိုက်ရာ အဘမှ သူ၏ တုတ်ကောက်ဖြင့် ကျွန်ုပ်၏ ချိုစောင်း (၂)ဖက်ကို မနာ့တနာ ခေါက်လိုက်ပြီးနောက် -

"ဟုတ်တယ် မောင်ဘုန်းမြင့်၊ အဲဒီ က, ပ,ဓ , ဝ (၄)လုံးကို ပြောင်းပြန်လှန် စီလိုက်ရင် **ယ,ဂ,ဗ,ဝ** စုစုပေါင်း (၈)လုံးရသကွယ့်။အဲဒီ (၈)လုံးကို တည်ပြီးဗျည်း (၃၃) လုံးကနေ ဗောဓိပက္ခိယ (၃၇)ပါးအရ (၃၇)လုံးကျော်ပြီးကောက်ရင်နောက်ဆုံးမှာ'ဋ' (ဋ,သ,ည,က)မူလအက္ခရာလေးလုံးစာ ရယ်၊ထက်ခွင်ဩသဓ ခေါ်တဲ့ ဩသဓ (နေဂိုဏ်း)၊ ဆေးအတွက်သုံးတဲ့ ယ,ယ,ရ,ဇ (၄)လုံးရယ် ရတာမှတ်မိရဲ့လား၊ မှတ်မိပြီဆိုရင် အခုချက်ချင်း ကောက်ပြီး ထည့်ကြည့်စမ်း"

ဟု လျှပ်တစ်ပြက် ခိုင်းလိုက်ရာ ကျွန်ုပ်သည် ရှေ့သင်ခန်းစာများကို ညက်ညက်ကြေခဲ့သည်ဖြစ်ရာ (၁၀) မိနစ်အတွင်း အောက်ပါအတိုင်း ကောက်ယူရေးပြလိုက်၏ -

ယ	ယ	ရ	ဇ
က	ပ	ဓ	ဝ
ယ	ဂ	ဗ	ဝ
သ	ည	က	ဋ

"ဟုတ်ပြီကွဲ၊ တစ်လက်စတည်း မှတ်ရ အောင်။ **နေပေါ် လပျောက်၊ ထက်တွင်ကောက်မှ** ဆိုတဲ့အတိုင်း အပေါ်ဆုံးက **ယ ယ ရ ဇ** (၄)လုံး ဟာ နေပေါ်ပြီး လပျောက် တဲ့ **နေဂိုဏ်းဆေး** အဖြစ်သုံးလို့ ဩသဓ **"နေ" ဆုပေးလေမှ** ဆိုတာ မြင်အောင်ကြည့်"

ကျွန်ုပ်သည် အဘ ဦးနန္ဒောဘာသ ရှင်းပြသည်များကို သေချာစွာ မှတ်သားနေမိ၏။ ခေတ္တအကြာ၌ အဘမှ -

"နေပျောက်အောက်မြော်၊ 'လ'ရေးပေါ်ကို လို့ ဆိုထားတဲ့အတွက် 'နေ' ပျောက်တော့ 'လ'ပေါ်၊ အောက်က အက္ခရာ (၄)လုံးက 'လ' ဂိုဏ်း။ စန္ဒြလလို့ မှတ်ရမကွဲ့။ ဒီတော့ကာ လိုက်မှတ်ငါ့တပည့်၊ နေပေါ်လပျောက်၊ ထက်တွင်ကောက်မှ၊ နေပျောက်အောက်မြော်၊ 'လ'ရေးပေါ်ကို၊ ကောက်၍ဆိုက၊ စဖိုစမ၊ နေလစုံလင်၊ ရှစ်လုံးထင်လိမ့်၊ 'နေ'လျှင်အဖို၊ 'လ'ကိုအမ၊ ဝေါဟာရဖြင့် - ကဲ ပေးစမ်း၊ စောစောက ရေးထားတဲ့ အင်းကွက်ကို"

ဟု ပြောရင်း အောက်ပါအတိုင်း ဖြည့်ပေးလိုက်၏။

ကောက်ယူရရှိအက္ခရာ

ဂဟာဏ အက္ခရာ

ဃ	ယ	ရ	ဇ
က	ပ	ဆ	ဝ
ယ	ဂ	ဗ	ဝ
သ	ည	က	ရှ

နေပေါ်လပျောက်/ 'နေ' လျှင် အဖို

သြသရ 'နေ' (ထက်ခွင်သြသရ)

နေပျောက်အောက်မြော်/ 'လ' ကို အမ

စန္ဒြ "လ" (မူလ အက္ခရာလေးလုံးဝေ)

ဥဒ္ဒကွရ် အထက်အက္ခရာသည်၊ *ဘေသဇ္ဇံဝ* ဆေးနံ့အက္ခရာမည်သည်သာလျှင်၊ *ဟောတိ* ဖြစ်၏။ *အဓွကွရ်* အောက်-ကောက်ယူရသည့် အက္ခရာသည်ကား၊ မန္တံ မန္တရားအက္ခရာ မည်သည်သာလျှင်၊ *ဟောတိ* ဖြစ်၏။ *တံဓွကွရ်* ထို အောက် ကောက်ရ အက္ခရာသည်၊ မူလအက္ခရာစ *နာမ* မူလအက္ခရာ မည်သည်လည်း၊ *ဟောတိ* ဖြစ်၏။ *တံမူလကွရ်* ထိုမူလအက္ခရာကို၊ *ပဒေသု* လေးပါးသော အင်းတို့တွင်၊ *ဣစ္ဆိတဋ္ဌာနံ* အလိုရှိရာကို (ဝါ) အလိုရှိရာ၌၊ *မူလံကတွာ* မူလပြု၍၊ *သုဋ္ဌုပေယျ* ခတ်သွားညီစွာသွင်းထားရာ၏။

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသ ညွှန်ပြသည်များကို တသွေမတိမ်း မှတ်ယူနေမိ၏။ အဘသည် နှုတ်တက်ရွရွ အာဂုံဆောင် မှတ်ယူ စေခြင်း၊ ထပ်တလဲလဲ တွေးခေါ် ယူဆစေခြင်းကိုသာ အားပေးခဲ့ပြီး ကျွန်ုပ်၏ မှတ်စုစာအုပ်၌ မှတ်သားထားသမျှကို အကြိမ်ကြိမ် စစ်ဆေးမေး၊ အားရလောက်သည့်အခါ မှတ်စုစာရွက်များကို ဆုတ်ဖြကာ ဖယောင်းတိုင်၌ ပတ်ချည်၍ စေတီရင်ပြင်၌ မီးပူဇော်စေခဲ့သည်ချည်းသာဖြစ်ရာ နှစ်ပေါင်း (၃၀) ကျော် ဤကာလ၌ ပြန်ရေးရသော ကျွန်ုပ်အဖို့ လွန်စွာမှ ခက်ခဲပြီး အချိန်ကာလများစွာ ကြာမြင့်ခဲ့ရပေသည်။

"ကဲ မောင်ဘုန်းမြင့်၊ ဆက်ကြရအောင်၊ စောစောက ဘယ်ရောက်သွားပြီလဲ"

"နေလျှင်အဖို၊ လကိုအမ၊ ဝေါဟာရဖြင့် ရောက်နေပြီအဘ"

ဟု ကျွန်ုပ်မှ ပြန်ဖြေလိုက်၏။ ထိုအခါ အဘမှ -

"အိမ်း ဟုတ်သကွဲ့၊ **နဲ၏နည်းတုံး၊ စာရှစ်လုံးတွင်၊ လေးလုံးစီပ၊ နေလပိုင်နက်၊ နှစ်ချက် ကွဲပြား၊ စန္ဒြလ၊ သြသခနေ၊** ဆုပေးလေမှ ဒီအထိ ရှင်းရဲ့လား မောင်ဘုန်းမြင့်"

"ရှင်းပါတယ် အဘ၊ အဘ အစောပိုင်းက ရှင်းပြခဲ့ပြီးပြီဘဲ။ ထက်ခွင်သြသခ၊ အောက်ဆုံးမှကား၊ မူလအက္ခရာ၊ လေးလုံးစာတည့် ဆိုတာရယ်၊ သြသခ 'နေ' ဂိုဏ်း၊ စန္ဒြ 'လ'ဂိုဏ်း ရယ်"

"ကဲ ဒါဆို လိုက်မှတ်ဦး၊ စန္ဒြလ၊ သြသခနေ၊ ဆုပေးလေမှ၊ **ဝေဒဗ္ဗဟု၊ နာမသညာ၊** ကောက်ထုံးစာတွင်၊ ပါဝင်ချင်၏။ **ပုဗ္ဗဂ်မာ၊ ရှေးသောခါက၊ ငါးရှာငါးဆယ်၊ ဇာတ်တော်ဝယ်၌၊** ဘုန်းကြွယ်ရှင်စော၊ မိန့်ခဲ့ဟောသည်၊ သဘောမှန်လှ၊ **ဝေဒဗ္ဗတီ၊** ဇာတ်တော်ရှိသည်၊

"ဒီနေရာမှာ မူလအက္ခရာကောက်ဖို့ **ဝေဒဗ္ဗ** ဆိုတဲ့စကားလုံးကို နှစ်ကြိမ်တိတိ ညွှန်ပြထားတာကို မြင်အောင် မှတ်ကွဲ့"

"ကဲ မောင်ဘုန်းမြင့်ရေ အဘရွတ်ပြတာ ဆက်ပြီး မှတ်ဦး။ မြန်နှောင်ချုပ်ထား၊ ထက်မှာ ဗြားက၊ သြသခဟု၊ **နာမမည်ရှေ၊ အမည်ပေးလော၊ အောက်ရှေမှန်စွာ၊ လေးလုံးစာကို၊ သေချာစဉ်စီ၊ တက်သက်ညီသော်၊ လေးလီလေးရပ်၊ ပြန်ဂဟတ်ဖြင့်၊ ဖတ်လျှင်ညီလှ၊ ဝေဒဗ္ဗဟု၊ ဂါထာပြုသည်။**

"ဆိုတော့ကာ ဒီအပိုဒ်မှာလည်းဘဲ ဝေဒဗ္ဗ ဆိုတဲ့ စကားလုံး ပါလာပြန်ပြီ၊ မောင်ဘုန်းမြင့် စဉ်းစားပြီး ဖော်ကြည့် ပါလား"

ကျွန်ုပ်သည် အဘဖတ်ပြသော လက်ာပိုဒ်ကို နှုတ်မှ တရွရွ ရွတ်ဆိုရင်း **လေးလီလေးရပ် ပြန်ဂဟတ်ဖြင့်၊ ဖတ်လျှင်ညီလှ၊ ဝေဒဗ္ဗ** ဆိုသည်ကိုထပ်တလဲလဲဆင်ခြင်ကြည့်လိုက်ပြီးနောက်-



"အဘ။ ဝေဒဗ္ဗ ဆိုတာကို ဖြည်ချလိုက်ရင် 'ဝေ'ကနေ 'ဝ'ကိုယူ၊ 'ဒ'ကနေ 'က'ကိုယူ၊ 'ဗ'ရဲ့ ဇောက်ထိုး 'ဓ'ရယ် ယူလိုက်မယ်ဆိုရင်. . . 'က' တခြမ်း 'ဂ' ငယ်ပက်လက် 'ပ'ရယ်-

အားလုံး ပေါင်းစပ်လိုက်ရင် က ပ မ ဝ အက္ခရာ (၄)လုံးကို ပြန်ဂဟတ် ဖတ်ကြည့်ရင် ယ ဂ ဗ ဝ အက္ခရာ (၄)လုံး စုစုပေါင်း (၈) လုံးရမယ်အဘ။ ဒါကို ဗျည်း (၃၃) လုံးကို ဗောဓိပက္ခိယနဲ့ သတ်ကြည့်ရင် ဩဿမ နေဂိုဏ်း (၄)လုံးဖြစ်တဲ့ ဃ ယ ရ ဇ နဲ့ မူလအက္ခရာ (၄)လုံး ဖြစ်တဲ့ ဋ သ ည က (၄)လုံးပဲ ပြန်ရတော့မှာပေါ့နော်"

"မှန်တယ် မောင်ဘုန်းမြင့်၊ အဘသင်ပေးခဲ့တဲ့ အစကနေ၊ အခုထက်ထိ ဒီလောက် ဒိုးကနဲ ဒေါက်ကနဲ မှတ်မိတာကိုက အတော့်ကို ပါရမီ ရှိတယ်ဆိုရမယ်။ မူလအက္ခရာ ဋသံညှင်းကြိတ် (ဋ) ဋ-သ-ည-က ရဲ့ ကျယ်ပြန့် ပုံတွေကို အဘ အကျဉ်းချုပ် ပြပေးမယ် ဒီမှာကြည့်"

၁	ဋ				ပါဠိတော်သဘော
၂	ဋ	သံ	ညှင်း	ကြိတ်	အဋ္ဌကထာ သဘော
၃	၇	၆	၃	၂	ဋီကာသဘော (ဂဏန်းပြ)
၄	×၉	×၉	×၉	×၉	အနုသဘော (မြှောက်ကိန်း)
၅	၆၃	၅၄	၂၇	၁၈	မဓုသဘော (မြှောက်ရသချာ)
၆	သွယ်ဆံ	မြလေး	ကွေးနှင့်	ဥသျှောင်	ယောဇနာ သဘော
၇	၉+၃	၉+၃	၉+၃	၉+၃	ဂဏ္ဌိသဘော(အပေါင်းနဝင်းကြေ)
၈	၀	၀	၀	၀	ဂူဠ္ဌတ္ထရသဘော (တြင်းကြေ)
၉	၆ - ၃	၅ - ၄	၂ - ၇	၁ - ၈	အင်းစောင့်ဂဏန်း

(ဤသို့ဖြင့်၊ ဘေးရန်ဆီးကာ၊ လိုရာသာ သုံးစေဖို့၊ အသက်ရှည်မှု၊ အနာကင်းမှု၊ ကာယ၊ ဝီယ၊ နေ၊ သုခ၊ သုံးလေ ပြဒါးသတ်ဆေး၊ ချုပ်ဆေး၊ ဤမှာပင်ယူသည်။)

ကျွန်ုပ်သည် အဘ ဦးနန္ဒောဘာသ သင်ပြပေးသည့် မူလအက္ခရာလေးလုံးစာဖြစ်သော မ္မ၊ သ၊ ည၊ ဏ ၏ ထူးခြားချက်များကို "ငါ" မတွေ့မီ "စာတွေ့" ငယ်စဉ်ကတည်းကပင် ရင်ထဲ နှလုံးသားထဲ စွဲအောင် မှတ်မိခဲ့၏။ (နောင်သောအခါ မဏိဇောတရသ်အင်းခေါ် အာယုခတ်အင်း သင်ကြားပေးရာ၌ အထက်ပါ အင်းစောင့်ဂဏန်း သွယ်ဆံ၊ မြလေး၊ ဥသျှောင်၊ ကွေးနှင့် (၆၃-၅၄-၁၈-၂၇)သည် ဇာတ်လိုက်ကျော်ဖြစ်ခဲ့လေ၏)

"မြင်အောင်ကြည့် မောင်ဘုန်းမြင့်ရေ၊ အခု အဘ ပြပေးခဲ့သလို 'မ္မ' ကနေ ပွားယူလာတဲ့ ယောဇနာသဘော ဖြစ်တဲ့ သွယ်ဆံ၊ မြလေး၊ ဥသျှောင်၊ ကွေးနှင့် ဆိုတာရယ်၊ နောက်ပြီးတော့ အင်းစောင့်ဂဏန်း ပြထားတဲ့ (၆-၃၊ ၅-၄၊ ၁-၈၊ ၂-၇) ဆိုတာကို လေးကွက် စတုရန်းထဲ ထည့်ကြည့်လိုက်၊ ပြီးရင် အဘကိုပြ"

ဟု ကျွန်ုပ်အား ပြောလိုက်ရာ ကျွန်ုပ်သည် အောက်ပါအတိုင်း ရေးထည့်ပြီး အဘဆရာကြီး ဦးနန္ဒောဘာသကို ရိုသေစွာ ပြသလိုက်၏ -

		သွယ်	ဆံ
မြ	လေး		
		ဥ	သျှောင်
ကွေး	နှင့်		

(ယောဇနာသဘော)

		၆	၃
၅	၄		
		၁	၈
၂	၇		

(အင်းစောင့်ဂဏန်း)

"ဟုတ်ပြီ။ ဒီတော့ သိဒ္ဓတ္ထမင်းသားဟာ ဗုဒ္ဓဘုရားအဖြစ်ကို ရောက်စဉ် အသက် ဘယ်လောက်ရှိပလဲ"

"တောထွက်စဉ် (၂၉) နှစ်နဲ့ ဒုက္ကရစရိယာ (၆)နှစ် ပေါင်းတော့ အဲ (၃၅) နှစ်ပါ အဘ"

ဟု ကျွန်ုပ်မှ စဉ်းစားဖြေဆိုလိုက်၏။

"အဲဒီ (၃၅) နှစ်၊ ဘုရားဖြစ်ကို 'ဧက' တစ်နှုတ်၊ 'ဒွေး' နှစ် နဲ့စား ရလဒ်ကို ပြောပါဦးကွဲ့"

ကျွန်ုပ်သည် စိတ်ထဲမှ (၃၅ - ၁ = ၃၄ ÷ ၂ = ၁၇) ဟု ဖျတ်ကနဲ တွက်လိုက်ပြီး -

"(၁၇) ရတယ်အဘ"

"တော်သားပဲ ငါ့တပည့်၊ အဲဒီ (၁၇) ကိုတည်၊ အင်းစောင့်(၁)နှုတ်၊ ရတဲ့ (၁၆) ကို (၁)ဂဏန်း ထောင့်တိုက် လွတ်တဲ့ အကွက်မှာထည့်။ အဲဒီလိုဘဲ (၁၇) တည်၊ အင်းစောင့် (၂) နှုတ်၊ ရတဲ့ (၁၅) ကို (၂)ဂဏန်း ထောင့်တိုက်လွတ်တဲ့ အကွက်မှာထည့်။ နောက်ဆုံး အင်းစောင့်ဂဏန်း (၈)အထိ တွက်ပြီး အစဉ်တိုင်း ထည့်သွား။ ပြီးရင် အဘကိုပြော"

၁၆	၉	၆	၃
၅	၄	၁၅	၁၀
၁၁	၁၄	၁	၈
၂	၇	၁၂	၁၃

ကျွန်ုပ် ဖြည့်လိုက်သော အင်းကွက်ကို အဘဆရာကြီးသည် ခေါင်းတငြိမ့်ငြိမ့်ဖြင့်ကြည့် လိုက်ပြီးနောက် -

"အင်းစောင့် (၁)ကနေ (၈)အထိ အစဉ် အတိုင်း ထည့်ရတယ်၊ ဒီလို အင်းသွားနည်းကို **ပုဏ္ဏကမျက်စောင်းခေါ် ဇာဖျံလေး** သွားနည်းလို့ ခေါ်တယ်။ သေသေ ချာချာမှတ်" ဟု အဘ မှပြောလိုက်သဖြင့် -

"ဟုတ်ကဲ့ပါ အဘ" ဟု ကျွန်ုပ်မှ ရိုသေစွာ ပြောလိုက်၏။

"ဒီအင်းကွက်ကို သေသေချာချာကြည့် မောင်ဘုန်းမြင့်၊ မင်းအရင်က ဒီအင်းမျိုး တွေ့ဖူးလား"

ကျွန်ုပ်သည် ထပ်တလဲလဲ စဉ်းစားပြီးသော်လည်း နှုတ်မှ မထွက်ရဲသလောက် ဝါးတားတား ဖြစ်နေသဖြင့် အဘမှ -

"အခုနကဘဲ သင်ပြီးသားဥစ္စာ **'အဘယဇာတကအင်းခေါ်တဲ့သောင္ဇသအင်း'**ရဲ့ အင်းသွားလက်ာအတိုင်း ရထားပြေး ရွတ်ကြည့်လေကွယ်"

ဟု ထောက်ပေးလိုက်၏။ ကျွန်ုပ်သည် လက်ကနဲ လင်းသွားသော အမြင်ဖြင့် အောက်ပါအတိုင်း တစ်ခုချင်း ရွတ်လိုက်၊ အင်းကွက်ရှိ ဂဏန်းနှင့် တိုက်ကြည့်လိုက်ဖြင့် ရင်ထဲ၌ တလှပ်လှပ် ပီတိဖြစ်နေမိ၏။ တစ်ပြိုင်နက်တည်းပင် အဘ၏ စေတနာနှင့် ကျေးဇူးကို နှလုံးသားထဲမှ ကန်တော့နေမိပါ၏။

အစကြိုးကြာ (၁၆)ခါနှင့်၊ ဟသ်ာ (၉) ဖြစ်၊ (၆)ဖြစ်ကားခို၊ ကျေးညို (၃)ခါ၊ သံသာကြူးထိပ် ကရပိတ် (၅)၊ (၄)ပါး ကိန္နရီ၊ တမရီ (၁၅)၊ မျောက်ကား (၁၀)၊ ဆင်ဝယ် (၁၁) နွားဖြစ် (၁၄) စကေား သိန္ဓဝ၊ ကျွဲ အမှုနှင့်၊ သံသာမြဖြောင်း- ဥဒေါင်း (၂)ခါ၊ သာလိကာ သတ္တာ၊ ဒွါဒသ ကြက်၊ ဝက်ကား (၁၃) မှတ်ယူသုံးသည်၊ မြတ်ဘုန်းသိဟ ရန်ကင်းတည်း။

"နောက်ပြီး မောင်ဘုန်းမြင့်ရေ၊ အဲဒီ အင်းကွက်ကို ဒေါင်လိုက်၊ ကန့်လန့်၊ ကြက်ခြေ ဘယ်လိုပေါင်းပေါင်း (၃၄) ရတယ်။ သေသေချာချာထပ်ကြည့်။ ဘယ်စတုရန်း (၄)ကွက် တစ်ဆက်တည်း ပေါင်းပေါင်း (၃၄) ပဲ ရတယ်ကွယ်"



"ရထားပြေးနည်းနဲ့ထည့်ရင် ရပေမယ့် ပုဏ္ဏကမျက်စောင်းခေါ် ဇာပုံလေးသွားကို သင်ပေးပြီး ဇာပုံလေးသွား အတိုင်း အင်းဂဏန်းတွေ ထည့်ခိုင်းတာ တစ်ချိန်ချိန်ကျရင် ငါ့တပည့် မောင်ဘုန်းမြင့် သိလာမှာကွယ်"

(အမှန်ပင် ကျွန်ုပ် သိရှိခဲ့ပါသည်။ အာယုခက်အင်းခေါ် မဏိဇောတရယ်အင်း စီရင်ရာတွင် အထက်ပါ ပုဏ္ဏကမျက်စောင်းခေါ် ဇာပုံလေးသွားနည်းအတိုင်း အင်းဂဏန်းများကို ထည့်မှ

သာလျှင် မူရင်းအသက်အတိုင်း ပြန်လည်ရရှိပါ သည်။ အသက်သည် 'စုံ' ဂဏန်းဖြစ်ပါက အထက်ဖော်ပြပါအတိုင်း မည်သို့ပေါင်းပေါင်း မူရင်းအသက် ပြန်ရရှိပါသည်။ အသက်သည် 'မ' ဂဏန်း ဖြစ်ပါက ဒေါင်လိုက်၊ ကန့်လန့်၊ ကြက်ခြေသာလျှင် မူရင်းအသက် ရရှိပါသည်။ အင်းစောင့် ဂဏန်းကို ဒေါင်လိုက်၊ ကန့်လန့် (၀ါ) အတက်အဆင်း (၀ါ) ပေါင်လဲ၊ ရပ်စောင့် (၃၂) မျိုးအထိ ရရှိနိုင်ကြောင်း နောက်ဆက်တွဲကဏ္ဍ၌ ပြဆိုထားပါသည်။ အကျယ်သိလိုသူများ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ဖြေဆိုခဲ့သော စွယ်စုံကျော်ထင်ကျမ်းအပိုဒ် (၁၀၈)ရှိ 'အာယုခက်ဝယ်၊ အင်းလေးသွယ်၊ ဘယ့်နှယ့်ဂဏန်း စသနည်း'၌ လေ့လာနိုင်ပါသည်။ ထိုအဖြေ၌ အင်းစောင့်ဂဏန်း သွယ်ဆံ၊ မြလေး၊ ဥသျှောင်၊ ကွေးနှင့်ကို မူလအက္ခရာလေးလုံးစာ ၎ သ ည က မှ မယူဘဲ-

ဒွါရ ၉ ပါး	ဒွါရ ၉ ပါး	ဒွါရ ၉ ပါး	ဒွါရ ၉ ပါး
× ခန္ဓာ ၅ ပါး	× ဓါတ် ၄ ပါး	× ဘဝ ၃ ပါး	× သုခဒုက္ခ ၂ ပါး
၄၅	၃၆	၂၇	၁၈
မြလေး	ဆံသွယ်	ကွေးနှင့်	ဥသျှောင်

ဟု ယူဆဖြေဆိုထားကြောင်း တွေ့ရှိရပါသည်။)

"ကဲ ဒီတော့ မောင်ဘုန်းမြင့်ရေ၊ မူလအက္ခရာလေးလုံးကောက်ယူပုံနည်း အမျိုးမျိုးကို အသေးစိတ် နားလည် သွားပြီဆိုရင် သင်ပြီးခဲ့တဲ့ မူလအက္ခရာလေးလုံးကောက်နည်းတွေကို ပြန်ချုပ်လိုက်ကြရအောင်"

"ဟုတ်ကဲ့ အဘ"

ဟု ကျွန်ုပ်မှ ဖြေလိုက်ပြီး အောက်ပါအတိုင်း အဘကို ဖြေပြလိုက်ပါသည်။

(တစ်) နေမင်းလမင်းပြ အက္ခရာ (၄)လုံးမှ ကောက်ယူနည်း၊

(နှစ်) အဘယဇတကအင်းကနေ ကောက်ယူတဲ့နည်း၊

(သုံး) အဘိဓမ္မာကျမ်းအစကနေ ကောက်ယူတဲ့နည်း၊

(လေး) ကရဏီယအောက်ဝလေးထောက် ကောက်နည်း၊

(ငါး) ဝရကနကမယေမေကနေ ကောက်ယူတဲ့နည်း၊

(ခြောက်) ပဋိယသညနာညကနေ ကောက်ယူတဲ့နည်း၊

(ခုနစ်) ခလုတ်ထိလျှင် မွေးမိခင် ဆိုတဲ့ လင်္ကာကနေကောက်တဲ့နည်း၊

(ရှစ်) သရမကု တစ်ခုမကျန် ပါယ်သည်မှန်ကောက်တဲ့နည်း၊

(ကိုး) ဝရုံ ခရုံ ယာနံ နိဗ္ဗာနဝရုံကနေ ကောက်ယူတဲ့နည်း၊

(တစ်ဆယ်) ဝေဒဗ္ဗတိဇာတ်တော်ရှိသည် ကောက်တဲ့နည်း၊

"ဟုတ်တယ် မောင်ဘုန်းမြင့်ရေ **အရှင်သဒ္ဓမ္မနန္ဒမထေရ်** ရဲ့ ကျမ်းရင်းကြီးနဲ့ ရှေးဆရာ ဆရာတွေရဲ့ လက်သွား တွေအရ မူလအက္ခရာ ကောက်နည်းတွေကို အဘတစ်ခုမကျန် ရှင်းပြခဲ့ပြီးပြီ။ မောင်ဘုန်းမြင့်ကလည်း ကျောင်းကျောင်း ပြေး မှတ်မိတယ်ဆိုတော့ အဘ သင်ရကျိုး နပ်ပါပေတယ်"

"အဘ သင်ပေးတာက ရှင်းလို့ပါ အဘ၊ ကျွန်တော် ဒီလောက်တော်လို့ မဟုတ်ရပါဘူး"

"လူလေးရဲ့ အသက်အရွယ်နဲ့ ယှဉ်ရင် အတော့်ကို တော်ပါပေတယ်လို့ ချီးကျူး ရမှာကွယ့်။ ဘာလို့လဲဆိုတော့ အဘတောင် မောင်ဘုန်းမြင့်အရွယ်က မောင်ဘုန်းမြင့်လောက် မတော်ခဲ့တာ အမှန်ပဲကွဲ့" ဟု အဘမှ တစ်လုံးချင်း ပြောလိုက်လေတော့၏။

နံနက်စောစောပိုင်း ဖြစ်၏။ အဘသည် ရေနွေးကြမ်းခွက်ကို ကိုင်လျက် -

"မောင်ဘုန်းမြင့်ရေ မူလအက္ခရာကောက်နည်းမျိုးစုံကို နားလည်ပြီးရင် နောက်တစ်ဆင့် တက်ကြရအောင်။ တံမူလက္ခရံ ထိုမူလအက္ခရာကို၊ ပဒေသု လေးပါးသောအင်းတို့တွင်၊ ဣစ္ဆိတံ ဌာနံ အလိုရှိရာကို (ဝါ) အလိုရှိရာ၌၊ မူလံ ကတွာ မူလပြု၍၊ သုဌပေယ္ယ ခာတ်သွားညီစွာ သွင်းထားရာ၏။-လို့ဆိုထားလေတော့ တို့များအသုံးပြုရမယ့် အင်း (၄)မျိုးကို ပထမသိရမယ်ကွဲ့။

(တစ်) ပါပ (စရေ) ဝါယောအင်း၊

(နှစ်) သူရဋ္ဌ (အန္တော) တေဇောအင်း၊

(သုံး) အမြိတ္တ (ဝံသေ) အာပေါအင်းနဲ့

(လေး) ကောလီ (ဂစ္ဆေ) ပထဝီအင်းဆိုပြီး (၄)မျိုးရှိကြောင်း ပထမသိကို သိထားရမယ်။ ရှင်းပြီလား"ဟု မေးလိုက်ရာ ကျွန်ုပ်သည် 'အာယုစန်းနက္ခတ်ပညာ' သင်ခဲ့စဉ်ကတည်းက နားလည်ပြီးသား ဖြစ်သည့်အပြင် ထိုစဉ်ကပင် 'အာယုစန်း' ဟောကွက်များကို ထဲထဲဝင်ဝင် ရင်းနှီးခဲ့သည်ဖြစ်ရကား-

"ဟုတ်ကဲ့၊ ရှင်းပါတယ်အဘ" ဟု ပြန်ဖြေလိုက်ပါ၏။

"ဣန္ဒြိတ်ဌာန် အလိုရှိရာကို (ဝါ) အလိုရှိရာ၌ ဆိုတာကတော့ ဝါယောအင်းကို လိုရင် ပါပကို မူလတည်ပြီး *(အာဒိ)* **အစ**၊ *(အလယ်)* **မဇ္ဈ**၊ *(အဝသာန်)* **အဆုံး** ခွာတ်လှည့်မှန်အောင် ရေးသွင်းရတာကို ဆိုလိုတာ။ ဒီအဆင့်မှာ ဒီလောက်မှတ်ထားဦး။ ရှေ့အပိုင်းတွေမှာ တစ်ဆင့်ပြီး တစ်ဆင့် ရှင်းသွားမယ် ဟုတ်ပလား"

"ဟုတ်ကဲ့ပါ အဘ"

ဟု ကျွန်ုပ်မှ ပြန်ဖြေလိုက်၏။ အဘဆရာကြီး ဦးနန္ဒောဘာသသည် သူ၏ ပျဉ်းမသား ဆေးတံအိုးထဲသို့ ဆေးမှုန့်များ သိပ်ထည့်ကာ မီးညှိဖွာရှိုက်လိုက်ပြီးနောက် -

"အဘ တိုင်ပေးတဲ့အတိုင်း လိုက်မှတ်၊ အလွတ်ရအောင်ကျက်ပြီး ပြန်ရေးနိုင်အောင် ကြိုးစား။ မရှင်းတာတွေ ရှင်းသွားစေဖို့က အဘအပိုင်း၊ ရှင်းပြီးသားတွေ မေ့မသွားဖို့နဲ့ လက်တွေ့ အသုံးချဖို့က မောင်ဘုန်းမြင့်ရဲ့တာဝန်။ ကဲ စကြရအောင်။ *တံဌာန်* ထိုအရပ်သည်၊ *မူလ* မူလလည်းကောင်း၊ *အာဒိ* အာဒိလည်းကောင်း၊ မဇ္ဈိ-**မဇ္ဈ** အရပ်သည် လည်းကောင်း၊ *အဝသံ* **အဝသံအရပ်သည်လည်းကောင်း၊** *ကွတ်ကမ်ဌာန်* **ဤလေးပါးသောအရပ်ဌာနကို၊** *ဉာဏ်ကွိတွာ* ဉာဏ်ဖြင့်ဆင်ခြင်၍၊ *စတုမရိယာပဒံ* **လေးပါးအပိုင်းအခြားရှိသော** အင်းပုံကို၊ *လိခံ-လိက္ခိတွာ* **ရေး၍**၊ *ဂြဟဂဟံ* ဂြိုဟ်အိမ်ကို၊ *ကရေ* ပြုရာ၏"

ကျွန်ုပ်သည် အဘဆရာကြီး၏ တစ်လုံးချင်း ပီသစွာ ရွတ်ဆိုပြသည်ကို လက်မှ မီအောင်ရေး၊ နှုတ်မှ တရွရွ ရွတ်ဆိုရင်း အလွတ်ရအောင် ကျက်မှတ်လိုက်၏။

"ဒီအပိုဒ်ကို နောက်မှ ဆက်ရှင်းမယ်။ လောလောဆယ်ဆယ် အလွတ်မှတ်ထားရမှာက *မူလ၊ စ၊ လယ်၊ ဆုံး။* ကပ္ပလက်ာရအခေါ်ကတော့ မူလ၊ **အာဒိ၊ မဇ္ဈ၊ အဝသံ။ ဆိုစမ်း (၇၇) ခေါက်"**

ကျွန်ုပ်သည် အဘစေခိုင်းသည့်အတိုင်း လက်ချိုးရေကာ (၇၇) ခေါက် ရွတ်ဆိုလိုက်ရာ အလွတ်ရရုံမျှမက သေသည့်တိုင် မှတ်မိသွားတော့၏။

"ဒီ မူလ၊ အာဒိ၊ မဇ္ဈ၊ အဝသံ ဖြစ်ပေါ်ပုံက ဒီလိုကွဲ့"

(၁) မူလကိန်းဖြစ်ပေါ်ပုံ

တနင်္ဂနွေနံသင့်	၁
တနင်္လာနံသင့်	၂
အင်္ဂါနံသင့်	၃
ဗုဒ္ဓဟူးနံသင့်	၄
ကြာသပတေးနံသင့်	၅
သောကြာနံသင့်	၆
စနေနံသင့်	၇
ရာဟုနံသင့်	၈
မူလကိန်း ⇨	၃၆ တြင်း

(၂) အာဒိကိန်းဖြစ်ပေါ်ပုံ

တနင်္လာဂြိုဟ်သက်	၁၅
သောကြာဂြိုဟ်သက်	၂၁
အာဒိကိန်း ⇨	၃၆ တြင်း

(၃) မဇ္ဈိုကိန်းဖြစ်ပေါ်ပုံ

ကြာသပတေးဂြိုဟ်သက်	၁၉
ဗုဒ္ဓဟူးဂြိုဟ်သက်	၁၇
မဇ္ဈိုကိန်း ⇨	၃၆ တြင်း

(၄) အဝသံကိန်းဖြစ်ပေါ်ပုံ

တနင်္ဂနွေဂြိုဟ်သက်၆+အင်္ဂါဂြိုဟ်သက်၈+

စနေဂြိုဟ်သက်၁၀+ရာဟုဂြိုဟ်သက်၁၂+

အဝသံကိန်း ⇨ ၃၆ တြင်း

"မူလ၊ အာဒိ၊ မဇ္ဈို၊ အဝသံကိန်းတွေဟာ (၃၆) တြင်းဆိုတာ ရှင်းပြီးနော်။ကဲ. . . မောင်ဘုန်းမြင့်၊ လိုက်ဆို လိုက်မှတ်လိုက်ဦး။ *တံပြဟဂဟံ* ထိုဂြိုဟ်အိမ်ကို၊ ကတေစပြပြီးသော်ကား။ မူလဋ္ဌာနဒိကတ္တာ မူလဋ္ဌာနက အစပြု၍၊ *က-ကာရာဒိ၊ န-ကာရန္တံ* 'က'အက္ခရာအစ၊ 'န'အက္ခရာအဆုံးရှိသော၊ ဝီသက္ခရံ နှစ်ဆယ်သော အက္ခရာကို၊ *ဓာတု ဂတံ* ဓာတ်သွားညီစွာ (ဝါ) ဓာတ်သွားအတိုင်း၊ နိက္ခိတံ ချထားအပ်၏။ *တတော* ထို့နောင်မှ၊ ပုန တစ်ဖန်၊ *သ-ဟ-ကွ်ရံ* 'သ,ဟ' အက္ခရာနှစ်လုံးကို၊ နိက္ခိတံ ချအပ်၏။ ဒီနေရာမှာ မောင်ဘုန်းမြင့် အထူး သတိပြုစရာ ရှိသကွယ်-

"ကောလိ-ဂဗ္ဘေ ပထဝီဓာတ်မှာ- က၊ ခ၊ ဂ၊ ဃ၊ င (၅)လုံး၊

ပါပ-စရေ ဝါယောဓာတ်မှာ - စ၊ ဆ၊ ဇ၊ ဈ၊ ည (၅)လုံး၊

သူရဋ္ဌ-အန္တော တေဇောဓာတ်မှာ - ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န (၁၀)လုံး

စုစုပေါင်း အလုံး (၂၀) ရှိတာကို *က-ကာရာဒိ၊ န-ကာရန္တံ၊* 'က' အက္ခရာအစ၊

'န'အက္ခရာအဆုံးရှိသော၊ ဝိသက္ခရံ နှစ်ဆယ်သော အက္ခရာလို့ ခေါ်တယ်။ အဲဒါပြီးတော့မှ အမြိတ္တ ဝံသေ အာပေါမာတ်မှာ 'သ ဟ' (၂)လုံးကို မာတ်အိမ် (၄)အိမ် အပြည့်ဖြည့်တဲ့အခါ ၊သ ဟ၊ သ ဟ ဆိုပြီး (၄)လုံး ဖြည့်လိုက်ရတော့ စုစုပေါင်း (၂၄) လုံး ဖြစ်သွားတယ်ကွယ်။ ရှေ့မှာ လေးကျွန်းမြင့်မိုရ်အင်းထဲ ထည့်ကြည့်ရင် ပိုရှင်းသွားလိမ့်မကွဲ."

"ဟုတ်ကဲ့ပါ အဘ"

"ဒါဆို ဆက်မှတ်ရအောင်။ တောက်လျှောက်လိုက်ဆိုပြီးမှတ်၊ ဆုံးတော့မှ၊ အဘ ရှင်းပြမယ်။ ကိုင်း စရအောင်၊ နိက္ခိတေန ချပြီးသော်ကား၊ *က-ကာရဋ္ဌာနေ* က-အက္ခရာနေရာအရပ်၌၊ *အဋ္ဌက္ခရံ* ရှစ်လုံးသောအက္ခရာသည်လည်းကောင်း၊ *န-ကာရဋ္ဌာနေ* န-အက္ခရာနေရာ၌၊ *ဆ-အက္ခရံ* ခြောက်လုံးအက္ခရာလည်းကောင်း၊ *ဒက္ခိဏဝါမဋ္ဌာနေ* လက်ယာလက်ဝဲ အရပ်၌၊ *ပဉ္စက္ခရံ* ငါးလုံးအက္ခရာလည်းကောင်း၊ *က္ကတိက္ကမံအက္ခရံ* ဤသို့ 'က' နေ (၈)လုံး၊ (၆)လုံး 'န'မှာ လက်ယာလက်ဝဲ၊ အမြဲပဉ္စ၊ အမှန်ရသော အက္ခရာသာလျှင်၊ သစ္စံ မှန်ကန်သည်၊ *ဟောတိ* ဖြစ်၏။

ပါပ သူရာ မြိတ္တာ ကောလီ ပါပ၊ သူရဋ္ဌ၊ အမြိတ္တ၊ ကောလီဟူသော အမည် စဉ်တို့သည်၊ *ဝေတုဂတာနာမ* မာတ်သွားအစဉ်မည်ကုန်၏။ *က္ကတိက္ကမာစဝေတုယော* ဤလေးပါးသော မာတ်သွားအမည်တို့သည်၊ *အဓောစ* အောက်သို့လည်းကောင်း (ဝါ) အောက်မှ၊ *ဥဒ္ဓဋ္ဌ* အထက်သို့လည်းကောင်း (ဝါ) အထက်မှ၊ *ဒက္ခိဏဋ္ဌ* တောင်သို့လည်း ကောင်း (ဝါ) တောင်မှ၊ *ဥတ္တရဋ္ဌ* မြောက်သို့လည်းကောင်း၊ *က္ကတိ* ဤသို့၊ *ဝက်ဝက်ဂတိယာ* အောက်ထက်တောင်မြောက် (အောက်)ဟူသော အကောက်ခရီးဝီထိဖြင့် (အောက်ထက် တောင်မြောက်ဝီထိကောက် အစဉ်ဖြင့်) *ဂစ္ဆန္တိ* သွားကုန်၏"

ကျွန်ုပ် ရေးမှတ်နေစဉ် အဘဆရာကြီး ဦးနန္ဒောဘာသသည် ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်ကာ အမောဖြေနေ၏။ ထို့နောက် ချထားသော ဆေးတံကို ခပ်ကြမ်းကြမ်း ဖွာလိုက်ရာ မီးခိုးများ ထွက်လာသည်ကို အားပါးတရ ရှိုက်လိုက်ပြီးနောက်-

"မောင်ဘုန်းမြင့်၊ အဘထပ်ပြောမယ်၊ နားထောင်၊ အခု သင်ပေးနေတဲ့ ကပ္ပလက်ာရကျမ်း ဆိုတာဟာ အမှန် တော့ ကပ္ပ = ကမ္ဘာ၊ အလက်ာရ = တန်ဆာ လို့ ဆိုတဲ့အတွက် ကမ္ဘာ့အဆင် တန်ဆာဖြစ်တဲ့ နေရယ်၊ လရယ် ကရတဲ့ စမ အက္ခရာတွေကို အစီအရင် ပြုရသကွယ်။ ဒီတော့ကာ အနောက်ကျွန်း၊ အရှေ့ကျွန်း၊ မြောက်ကျွန်း၊ တောင်ကျွန်း အစရှိတဲ့ ကျွန်းကြီး(၄)ကျွန်းက

ဓာတ်ခိုးဓာတ်ငွေ့တွေဟာ ကောင်းကင်ကို ပါပ၊ သူရဇ္ဇ၊ ကောလီ၊ အမြိတ္တ-တစ်နည်းပြောရရင် အောက်၊ အထက်၊ မြောက်၊ တောင်ဆိုပြီး အတည့်အဖြောင့် (ဝီထိဖြောင့်) အတိုင်းတက်သွားကြတယ်။ ယောဒီမှာကြည့်"

ဟု ပြောကာ အောက်ပါပုံကြမ်းကို ဆွဲပြလေ၏ -



မြေပြင်ဓါတ်အိမ်မှ
ဓါတ်ခိုးဓါတ်ငွေ့များကောင်းကင်သို့
အောက်၊ ထက်၊ မြောက်၊ တောင်၊
အဖြောင့်အတိုင်း တက်သွားပုံ

"မောင်ဘုန်းမြင့်၊ ဘယ်ဘက်လက်ကို ပက်လက်လှန်လိုက်အဲဟုတ်ပြီ။ လက်သန်းကို ကွေးထား၊ လက်ခလယ် နဲ့ လက်မကို တည့်တည့် ထား။ နောက်ပြီး တော့ လက်ညှိုးကို မြောက်ဘက်၊ လက် သူကြွယ်ကို တောင်ဘက်တည့်တည့်လက်(၄) ချောင်းကို အပေါ်ထောင်ထားလိုက်။ အဲဒါကို အောက်ထက်မြောက်တောင်လို့ မှတ်ထား။ မြေပြင် က ဓာတ်ခိုး ဓာတ်ငွေ့တွေ ကောင်းကင်ကို အတည့်တက်နေတဲ့အတိုင်း မြင်ရမယ်။ ကောင်းကင်ကို မော့ကြည့်ရင် မိုးကောင်းကင်က တို့တွေကို အပေါ်က မှောက်ထားသလို ဖြစ်လေတော့ ထောင်ထားတဲ့ လက် (၄)ချောင်းကို မှောက်ကြည့်လိုက် အိမ်း. . . ဟုတ်ပြီ"

ကျွန်ုပ်သည် အဘ ဦးနန္ဒောဘာသ ညွှန်ပြသကဲ့သို့ ဘက်ဘက်လက်ဝါးကို ပက်လက်လှန်လိုက်ကာ လက်သန်းကို ကွေးထားလိုက်ပြီး လက်ခလယ်နှင့် လက်မ အတည့်ဆိုင်ထားသကဲ့သို့ လက်သူကြွယ်နှင့် လက်ညှိုးကိုလည်း တည့်နိုင်သမျှ တည့်အောင်ထားကာ၊ ပက်လက်လှန်ထားလိုက်သော လက်ဝါးကို ဆတ်ကနဲ မှောက်ချလိုက်၏။ ထိုအခါ လက်မနှင့် လက်ခလယ်သည် နေရာမပြောင်းဘဲ လက်ညှိုးနှင့် လက်သူကြွယ်သည် ဝဲမှယာ (သို့မဟုတ်) မြောက်နှင့် တောင် ပြောင်းလဲသွားလေ၏။ တစ်နည်းအားဖြင့် လက်ညှိုး (ကောလီ)နှင့် လက်သူကြွယ် (အမြိတ္တ) တို့သည် နေရာချင်း လဲသွားလေတော့၏။

"ဒါကြောင့် မောင်ဘုန်းမြင့်၊ မြေပြင်ဓာတ်အိမ်အတိုင်းက အောက်ထက်မြောက်တောင် (ဝီထိအဖြောင့်) ဖြစ်နေ ပေမယ့်လို့ကောင်းကင်ဓာတ်အိမ်ကို မြေပြင်ဓာတ်အိမ်အဖြစ် ပြောင်းလိုက်တဲ့အခါ ဝင်္ကဂတိယာ - အောက်၊ ထက်၊ တောင်၊ မြောက် ဝီထိကောက် ခရီးဖြင့်၊ ဂစ္ဆန္တိ - သွားကုန်၏- လို့ ညွှန်ပြထားသကွဲ့"

နောင်သောအခါ အသိတိဓာတ်ကျမ်းကို လေ့လာသင်ကြားရသောအခါ ငရနဲ့ဆရာတော် စီရင်ခဲ့သည်မှာ မြေပြင်ဓာတ်အိမ်ဖြစ်ပြီး ကပ္ပလက်ာရကျမ်းလာ စမ တို့သည် ကောင်းကင်ဓာတ်အိမ်ကို မြေပြင်ဓာတ်အိမ်အဖြစ်ယူကြောင်း ကွဲပြားစွာ သိရှိခဲ့ရပါသည်။

	(ထက်) သူရှ	
ကောလိ (မြောက်)		အမြိတ္တ (တောင်)
	ပါပ (အောက်)	

အောက်၊ ထက်၊ မြောက်၊ တောင်၊
(ဝီထိဖြောင့်)
မြေပြင်ဓါတ်အိမ်

	(ထက်) သူရှ	
ကောလိ (မြောက်)		အမြိတ္တ (တောင်)
	ပါပ (အောက်)	

အောက်၊ ထက်၊ တောင်၊ မြောက်
(ဝီထိကောက်)
ကောင်းကင်ဓါတ်အိမ်ကို
မြေပြင်ဓါတ်အိမ်ယူပုံ

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသ ဆက်လက်သင်ကြားပေးမည်ကို မှတ်သားနာယူရင်း ရှေ့ဆက် မည့်စကားများကို ငံ့လင့်နေမိ၏။ အဘဆရာကြီးမှ -

"မြင့်မိုရ်တောင်ရဲ့ အရံတောင်စဉ် (၇)ထပ်မှာ ယုဂန္ဓိုရ်တောင်ဖျားမှာ လှည့်လည်နေတဲ့ နေမင်း၊ လမင်းရယ်၊ နောက်ပြီး အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်း စတဲ့ ကျွန်းကြီး (၄)ကျွန်းရယ်၊ ဒီကမ္ဘာ့ အဆင် တန်ဆာတွေကို စနစ်တကျ အသုံးပြုဖို့ ကျမ်းပြုဆရာက ဌာနတည်တဲ့ အရပ်ကို 'မူလ' ပြီးရင် 'အစ' (အာဒိ)၊ ပြီးရင် 'အလယ်' (မဇ္ဈ)၊ ပြီးရင် 'အဆုံး'

(အဝသ်) ဆိုပြီး အရပ်(၄)ပါးပိုင်း ဖော်ပြခဲ့တယ် မောင်ဘုန်းမြင့်ရဲ့၊ ဒါကို ဣတိက္ကမ်ဌာန် - ဤလေးပါးသော အရပ်ဌာနကို၊ ဉာဏကွ်တွာ - ဉာဏ်ဖြင့်ဆင်ခြင်၍ ဆိုတဲ့အပိုဒ်မှာ ဖော်ပြခဲ့တယ်။ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် အဘ"

ဟု ကျွန်ုပ်မှ ဖြေလိုက်ရာ၊ အဘသည် အောက်ပါအတိုင်း ရေးဆွဲပြကာ ဆက်လက် ရှင်းပြပြန်၏-



"အဲဒီလို မူလ၊ အာဒိ၊ မဈို၊ အဝသ် ဆိုပြီး ပိုင်းခြားလိုက်တာကို လေးကျွန်းတစ်မြင့်မိုရ်ပိုင်းတယ်လို့ မှတ်ထား မောင်ဘုန်းမြင့်။ အခု အဘ ဆွဲပြတဲ့ ဇယားကွက်ဟာ 'ပါပ' ကို မူလ တည်ထားတဲ့အတွက် ပါပ၊ သူရဿ၊ အမြိတ္တ၊ ကောလိ ဆိုတဲ့ အောက်ထက်တောင်မြောက် ဝိထိကောက်အတိုင်းဘဲ မူလ၊ အာဒိ၊ မဈို၊ အဝသ် ဆိုပြီး ချရတယ်။ စောစောက ပြောပြီးခဲ့တဲ့ ဤလေးပါးသော အရပ်ကို ဉာဏ်ဖြင့် ဆင်ခြင်၍ *စတုမရိယာပဒံ* - လေးပါးအပိုင်းအခြားရှိသော အင်းပုံကို၊ *လိခံ-လိက္ခိတွာ* ရေး၍ *ဂြဟဂဟံ* - ဂြိုဟ်အိမ်ကို၊ ကရေ - ပြုရာ၏။ ဆိုတော့ စောစောက အဘ ရေးပြခဲ့တဲ့ မူလ၊ အာဒိ၊ မဈို၊ အဝသ် လေးဘက်လေးတန် ထောင့်ခတ် လိုက်ရုံဘဲ။ အဲဒါကို လေးကျွန်းမြင့်မိုရ်အင်းလို့ ခေါ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လေးကျွန်း တစ်မြင့်မိုရ် ပိုင်းထားပြီးသားကို အင်းကွက်လုပ်လိုက်လို့ပဲ၊ ကဲ ပေးစမ်း စာအုပ်ကို"



(အောက်ထက်တောင်မြောက်
ဝီထိကောက်)



(လေးကျွန်း
တစ်မြင့်မိုရ်ပိုင်းထားပုံ)



(လေးဘက်လေးတန်ဘောင်
ခတ်လိုက်သောအခါ
လေးကျွန်းမြင့်မိုရ်
အင်းဖြစ်လာပုံ)

"နောက်ပြီး ဟောဒီ လေးကျွန်းမြင့်မိုရ်အင်းထဲက မူလတည်ရာတိုင်းဟာ ပါပ၊ သူရဿ၊ အမြိတ္တ၊ ကောလီနဲ့ ညီနေရမယ်။ အဲဒီမှာကြည့် ပါပနဲ့ မူလ တည့်နေတဲ့အတွက် ပါပ-ဝါယော ဂြိုဟ်အိမ်လို့မှတ်"

"ဟုတ်ကဲ့ မှတ်မိပါပြီ အဘ"

"အဲဒီအထိ နားလည်အောင် တဖြည်းဖြည်း မှတ်လာရင် နောက်ပိုင်း ဂြိုဟ်အိမ်တွေမှာ အလွယ်တကူ နားလည်လာမှာပေါ့ကွယ်။ စောစောက လေးကျွန်းမြင့်မိုရ်အင်းကွက် ဂြိုဟ်အိမ်မှာ မူလအကွက်ဟာ ပါပနဲ့ တည့်နေတဲ့အတွက် လွတ်နေတဲ့ အလယ်ကွက်မှာ ပါပကို ရေးလိုက်။ မူလ၊ အာဒိ၊ မဇ္ဈိ၊ အဝသံ စာလုံးတွေကို ဂြိုဟ်အိမ် အပြင်ဘက် ထုတ်ရေးလိုက်ကွဲ့"
ဟုပြောလိုက်သဖြင့် ကျွန်ုပ်သည် အဘဆရာကြီး စေခိုင်းသည့်အတိုင်း ရေးဆွဲလိုက်ပါ၏။



(အောက်ထက်တောင်မြောက်)



(ပါပ - ဝါယော ဂြိုဟ်အိမ်)

"ဟုတ်ပြီ မောင်ဘုန်းမြင့်၊ အဘ ဆက်ရှင်းပြမယ်။ သေသေချာချာ နားထောင်။ ဘာတဲ့ကွဲ့ တံဂြဟာဂယံ - ထိုဂြိုဟ်အိမ်ကို၊ ကတေစ ပြုပြီးသော်ကား၊ မူလဌာနဒိကတွာ - မူလဌာနတ အစပြု၍၊ က-ကာရာဒိ၊ န-ကာရန္တံ 'က' အက္ခရာအစ၊ 'န' အက္ခရာ အဆုံးရှိသော၊ ဝိသက္ခရံ နှစ်ဆယ်သော အက္ခရာကို၊ ဓာတုဂတံ ဓာတ်သွားညီစွာ (ဝါ) ဓာတ်သွားအတိုင်း၊ နိက္ခိတံ ချထားအပ်၏။ အဓိပ္ပာယ်က ရှင်းပြီးသားပဲဥစ္စာ။ ဓာတ်သွားညီစွာ ဆိုတာက ပါပ၊ သူရဇ္ဇ၊ အမြိတ္တ၊ ကောလီ အစဉ်အတိုင်း သွားရမှာကို ပြောတာကွယ့်။ ဒါ့ထက် ဂြိုဟ်အိမ်ထဲ ထည့်ရမယ့် 'က' အစ 'န' အဆုံး အက္ခရာ အလုံး (၂၀) ကို မှတ်မိလား မောင်ဘုန်းမြင့်"

"မှတ်မိပါတယ် အဘ။ ကောလီပထဝီအတွက်၊ က၊ ခ၊ ဂ၊ ဃ၊ င (၅)လုံး။ ပါပဝါယောအတွက် စ၊ ဆ၊ ဇ၊ ဈ၊ ည (၅)လုံး၊ သူရဇ္ဇတေဇောအတွက် ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န၊ (၁၀)လုံး စုစုပေါင်း အလုံး (၂၀) ပါ အဘ"

"တော်စွ ငါ့တပည့်၊ အရွယ်နဲ့ မလိုက်အောင်ဘဲ။ ကဲကွယ်၊ အဲဒီ အလုံး (၂၀) ကို မူလ၊ အာဒိ၊ မဇ္ဈ၊ အဝသံ လေးကျွန်းတစ်မြင့်မိုရ်ပြေးအတိုင်း ပြေးကြည့်စမ်း"



(အောက်ထက်တောင်မြောက်)

"ရပ်. . ရပ်၊ မြန်မြန်ရပ် မောင်ဘုန်းမြင့်၊ ပထဝီဓာတ် အက္ခရာသွင်းလို့ 'င'မှာ ဆုံးသွားရင် ဝါယောဓာတ်ကို အဲဒီဆုံးတဲ့ နေရာမှာ ပြန်စရတယ်ကွယ့်။ အဲဒါကို မူလအိမ်မှာ ပြန်ပြီး ဓာတ်ပဋိသန္ဓေတည်တယ် လို့မှတ်ရတယ်။ အလွယ်မှတ်ချင်ရင် ဆုံးတဲ့ မူလနေရာက ပြန်စပေါ့ကွယ်။ ဒီတော့ ဝါယောအဆုံး 'ည'ရဲ့နောက်မှာ တေဇောအစ 'ဋ'နဲ့ ပြန်စ ဖို့ပါမှတ်ကွဲ့။ ကဲ. . . . ကဲ၊ မှတ်မိရင် ပြန်ပြေးကြည့်ဦး"

ကျွန်ုပ်သည် သတိကြီးစွာထားလျက် ပါပဂြိုဟ်အိမ်ကို ပြန်ဆွဲကာ လေးကျွန်းတစ်မြင့်မိုရ် အင်းပြေး (သို့မဟုတ်) ပါပ၊ သူရဋ္ဌ၊ အမြိတ္တ၊ ကောလီ ခတ်သွားအစဉ်အတိုင်း၊ ခတ်ပဋိသန္ဓေ မှန်စွာတည်အောင် ရေးသွင်းလိုက်ပြီးနောက် အဘဆရာကြီး ဦးနန္ဒောဘာသအား ရိုသေစွာ ပြလိုက်၏။ အဘသည် ကျွန်ုပ် အောက်ပါအတိုင်း ရေးသွင်းသည်ကို ကြည့်ပြီး -

	အာဒိ သူရဋ္ဌ	
ကောလီ အဝသံ		အမြိတ္တ မဏ္ဍူ
	ပါပ မူလ	

(အောက်ထက်တောင်မြောက်)



“မှန်သွားပြီ မောင်ဘုန်းမြင့်၊ တတော ထို့နောက်မှ၊ ပုန တစ်ဖန်၊ သ-ဟက္ခရ သ ဟ အက္ခရာနှစ်လုံးကို၊ နိက္ခိတ် ချအပ်၏ လို့ ဆိုထားလေတော့ ပထဝီ (၅)လုံး၊ ဝါယော (၅)လုံး၊ တေဇော (၁၀) လုံး စုစုပေါင်း (၂၀) တည်း သော အက္ခရာထည့်ပြီးတာနဲ့ မူလ၊ အာဒိ၊ မဏ္ဍူ၊ အဝသံ အစဉ်အတိုင်း 'သ ဟ၊ သ ဟ' ထပ်ဖြည့်ကြည့်လိုက်ဦး။ အဲဒီအခါမှ အက္ခရာ (၂၄) လုံးကို ဂြိုဟ်အိမ်ချလို့ အပြီးဖြစ်သွားမှာ။ ကဲ အက္ခရာ (၂၄) လုံးကို ဂြိုဟ်အိမ်အပြီး ချကြည့်လိုက်ဦးကွဲ မောင်ဘုန်းမြင့်”

	အာဒိ သူရဇ္ဇ	
ကောလိ အဝသံ		အမိုဃ္ဃ မဇ္ဈိ
	ပါပ မူလ	

(အောက်ထက်တောင်မြောက်)



(သူရဇ္ဇတေဇောဓါတ်အိမ် အစင်အကြယ် ဓါတ်လှည့်ချပြီးပုံ)

"ဟုတ်တယ်ကွဲ့. . . မောင်ဘုန်းမြင့် ဉာဏ်အပြေးသားကပဲ။ ဒါကြောင့် အဘအားထားရတာ။ သ,ဟ ထပ်ဖြည့်တဲ့အခါ မူလအိမ်ပြန်စဘို့ မမေ့တာကို အဘ သဘောကျသကွယ့်။အခုလို အထပ်ထပ်လေ့ကျင့်ပေးတာ ဘာကြောင့်လဲ. . . သိလား"

"မှတ်မိအောင်ပါအဘ"

"နီးတော့နီးသားပဲ။ဒီအပိုင်းကဏ္ဍက အလွန့်ကို အရေးကြီးသကွဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကပ္ပလက်ာရကျမ်းရဲ့ အနှစ်က၊ ဒီအပိုင်းမှာ မူတည်ထားတယ်။ ဓါတ်သွားညီစေ၊ ဓါတ်အိမ်တည်စေဓါတ်လှည့်ချလေ ဆိုတာ အမှားမခံဘူးကွဲ့။ ဒါ့ကြောင့်လည်း ဓာတုဂတံ- ဓါတ်သွားညီစွာ (ဝါ) ဓါတ်သွားအတိုင်း။ နိက္ခိတံ- ချထားအပ်၏။. . . လို့ ကျမ်းပြုဆရာက အတိအကျညွှန်ပြခဲ့တာ။ကဲ. . ပိုပြီးမှတ်မိအောင်ဒီနေ့တစ်နေ့လုံး၊ဒီညတစ်ညလုံး အခုသင်ခဲ့တဲ့ ပါပဝါယော ဓါတ်

အိမ် အစင်အကြယ်သွင်းပုံကို လေ့ကျင့်ခန်းသင်ပြီးသားတွေကို အထပ်ထပ်ကျက်။ မနက်ဖြန် အဘ စစ်မကွဲ"

အဘ၏ 'မနက်ဖြန်' ဆိုသော စကားလုံးသည် ရက်သတ္တပါတ် (၃)ပါတ်အထိ ကြာမြင့်ခဲ့ပါသည်။ အဘသည် ရုတ်တရက် ခရီးသွားရသောကြောင့် ဖြစ်ပါသည်။ ဘယ်သွားသွား ကျွန်ုပ်အား လက်ကတုံးတောင်ဝှေး ပုခုံးကိုင် လမ်းလျှောက်လေ့ရှိသော အဘသည် ယခုတစ် ခေါက်သာမက ဤကာပ္ပလက်ာရကျမ်းရင်းကြီးကို သင်ကြားလေ့ကျင့်ပေးသည့် ကာလတစ် လျှောက်လုံး ကျွန်ုပ်ကို ကျက်မှတ်လေ့ကျင့်စေခဲ့ပြီး ဘယ်ကိုမျှ မခေါ်ခဲ့ပေ။ အဘဆရာကြီး ခရီးမှ ပြန်ရောက်ပြီးနောက် ခေတ္တ အမောဖြေနေစဉ် ကျွန်ုပ် နင်းနှိပ်ဝတ်ပြုမှုကို ခေတ္တမျှသာ ခံယူပြီး သင်ခန်းစာအစမှ သင်ကြားပြီးသမျှကို အထပ်ထပ် စစ်မေးခဲ့ပါသည်။ မှားသမျှကို အမှန်ပြင်ပေးခဲ့ပြီး မှန်သမျှကိုလည်း မွမ်းမံပေးခဲ့ပါသည်။

"ကဲ . . မောင်ဘုန်းမြင့်ရေ ပါပဝါယောအိမ်ကို အစင်အကြယ်ရေးသွင်းပြီးရင် ကျွန်တာတွေ လွယ်သွားပြီကွဲ့၊ အခု သူရဋ္ဌ တေဇာဓာတ်အိမ်ကို ဆက်သွားမယ်။ ဒီတော့ သူရဋ္ဌ၊ အမြိတ္တ၊ ကောလိ၊ ပါပ လေးကျွန်းတစ်မြင့်မိုရ် ဓာတ်အလှည့်အစဉ်အတိုင်း သူရဋ္ဌအိမ်မှာ မူလတည်လိုက်ပြီးရေးကြည့်စမ်း။ ပြီးရင် အဘကိုပြ ဟုတ်ပြီလား"

ကျွန်ုပ်သည် အောက်ပါအတိုင်း ရေးသွင်းလိုက်ပြီး အဘကို ရိုသေစွာ ပြလိုက်လေ၏ -



(ထက်-တောင်-မြောက်-အောက် ဝီထိကောက်)



(သူရဋ္ဌ-တေဇောဂြိုဟ်အိမ်ပုံ)

"ဟုတ်ပြီကွဲ။ စောစောက ချထားခဲ့တဲ့ အက္ခရာ (၂၄) လုံးကို ဓာတ်သွားညီအောင် ဓာတ်လှည့် ချစမ်း။ လေးကျွန်းတစ်မြင့်မိုရ်အပြေးတိုင်းပြေး။ ဓာတ်အက္ခရာဆုံးတိုင်း၊ နောက်ထပ်ဓာတ်အက္ခရာကို မူလမှာ ပြန်တည်ဖို့ လုံးဝ မမေ့နဲ့၊ ဟုတ်ပြီနော်"

ကျွန်ုပ်သည် အသက်ပင် ရဲရဲမရှူရဲလောက်အောင် သတိစိုက်ကာ အောက်ပါအတိုင်း ရေးထည့်လိုက်၏ -



(ထက်-တောင်-မြောက် သွင်း"အောက်၊ ဝီထိကောက်)

(သူရဿတေဇောဓါတ်အိမ်
အစင်အကြယ် ဓါတ်လှည့်ချပြီးပုံ)

"မောင်ဘုန်းမြင့်၊ စာအတော်ကြေသားပဲကွယ့်။ ဒီလို စာတွေမှာ ပိုင်ပိုင်နိုင်နိုင် မကြေ ညက်ရင် လက်တွေ့ ကျင့်ကြံတဲ့အခါမှာ အခက်အခဲ အများကြီး ကြုံရမှာ သေချာတယ်။ ဒါကြောင့် အဘက ရှေ့မလော့ဘဲ တစ်ဆင့်ချင်း သင်ပေးတာ"

ကျွန်ုပ်မှ- "ဟုတ်ကဲ့ပါ အဘ" ဟု ခေါင်းငြိမ့်ရင်း ပြန်ဖြေလိုက်၏။

"အခု ဓာတ်လှည့်ချရမှာက အမြိတ္တ အာပေါဓာတ်အိမ်။ ဒီတော့ ဓာတ်လှည့်အစဉ်က အမြိတ္တ၊ ကောလီ၊ ပါဝ၊ သူရဇ္ဇ။ ဒါကြောင့် အမြိတ္တမှာ မူလတည်ပြီး၊ အက္ခရာ (၂၄) လုံးကို မမှားအောင်သွင်း"



(တောင်၊မြောက်၊ အောက်၊ ထက်၊ ဝီထိကောက်)



(အမြိတ္တ - ဝံသေ ဓါတ်အိမ်
အစဉ်အကြယ်ဓါတ်လှည့် ချပြီးပုံ)

အဘဆရာကြီး ဦးနန္ဒောဘာသသည် ကျွန်ုပ်ရေးသွင်းခဲ့သော အမြိတ္တဝံသေဓာတ်အိမ်ကို ကြည့်ရင်း ခေါင်းတငြိမ့်ငြိမ့်ဖြင့် ဘာမှ မပြောဘဲ ငြိမ်နေ၏။ ကျွန်ုပ်မှာ 'ငါ ဘာများ မှားပါလိမ့်မလဲ' ဟု စိုးရွံ့နေမိ၏။ အတန်ကြာမှ -

"ငါ့တပည့်၊ အခု နောက်ဆုံးသွင်းရမှာက ကောလီ ပထဝီဓာတ်အိမ်ကွယ်။ ဒီတော့ ကောလီအိမ်မှာ မူလ တည်ပြီး အက္ခရာ (၂၄) လုံးကို ဓာတ်လှည့်အစဉ်အကြယ် ချလိုက်ဦး"

ကျွန်ုပ်သည် ကောလီပထဝီဓာတ်လှည့်အစဉ်ကို ပထမဦးဆုံး စဉ်းစားကြည့်ရာ လေးကျွန်းတစ်မြင့်မိုရ်ပြေးနည်း အရ ကောလီ၊ ပါပ၊ သူရဿ၊ အမြိတ္တ ဖြစ်ကြောင်း နားလည်မိသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ကောလီဓာတ်အိမ်ကို မူလတပ်လျှက် အာဒိ၊ မဇ္ဈိ၊ အဝသံအထိ ဓာတ်လှည့်အစဉ်ပြေးထည့်လိုက်၏။ ထို့နောက် (၂၄) လုံးသောအက္ခရာတို့ကို ဓာတ်သွားညီစွာ ရေးသွင်းလိုက်ပါသည်။



(ခံမြောက်၊ အောက်၊ ထက်၊ တောင်၊ဝီထိတောက်)



(ကောလီ ပထဝီဓါတ်အိမ်
အစင်အကြယ်ဓါတ်လှည့်ချပြီးပုံ)

အဘဆရာကြီး ဦးနန္ဒောဘာသသည် ကျွန်ုပ် ရေးသွင်းပြီးသော ပါပ၊ သူရဿ၊ အမြိတ္တ၊ ကောလီဓာတ်အိမ်ကြီး (၄)အိမ်ရှိ ဓာတ်လှည့်အညီချထားသော ဖြိုဟ်အိမ်အတွင်းရှိ အက္ခရာ (၂၄) လုံးကို စစ်လိုက်ပြီး -

"မောင်ဘုန်းမြင့်ရေ ပါပ၊ သူရဿ၊ အမြိတ္တ၊ ကောလီဓာတ်လှည့် အစင်အကြယ်ချပြီးတာတွေ စစ်ကြည့်ရအောင်" ဟုအဘမှ စေခိုင်းလိုက်သဖြင့် ကျွန်ုပ်သည် အောက်ပါအတိုင်း ရေးစီပြလိုက်၏ -

ပါပ (ဝါယော)၊ သူရဿ (တေဇော)၊ အမြိတ္တ (အာပေါ)၊ ကောလိ (ပထဝီ)

ခါတ်အိမ် (၄) အိမ် အစင်အကြယ် ချပြီးပုံ



အဘဆရာကြီးဦးနန္ဒောဘာသသည် ကျွန်ုပ်အား ပြုံးကြည့်လိုက်ပြီး -

"ကဲ. . မောင်ဘုန်းမြင့်ရေ အဲဒီခါတ်အိမ်(၄) အိမ်စလုံးကို သေသေချာချာကြည့်စမ်း၊ဘာထူးခြား နေလဲလို့" ဟုရုတ်တရက်ကောက်ကာငင်ကာ မေးလိုက်လေ၏။

ကျွန်ုပ်သည် ဓာတ်အိမ် (၄)အိမ်စလုံးကို စေ့စေ့ငုငု ကြည့်လိုက်ပြီး နှုတ်မှ ရွတ်ဆိုရင်း လက်မှ တစ်လုံးချင်း ရေကြည့်လိုက်၏။

"*က-ကာရဌာနေ၊* 'က' **အက္ခရာနေရာအရပ်၌၊** *အဌက္ခရံ-* **ရှစ်လုံးအက္ခရာ သည်လည်းကောင်း၊** *န ကာရဌာနေ* 'န' **အက္ခရာနေရာဌာန၌၊** *ဆ အက္ခရံ* **ခြောက် လုံးအက္ခရာလည်းကောင်း၊** *ဒက္ခိဏဝါမဌာနေ* **လက်ယာလက်ဝဲအရပ်၌၊** *ပဥ္စက္ခရံ* **ငါးလုံး အက္ခရာသည်လည်းကောင်း၊** *ဣတိက္ကမံအက္ခရံ ဤသို့၊* **'က'နေရှစ်လုံး၊ ခြောက်လုံး 'န'မှာ၊ လက်ယာ လက်ဝဲ၊ အမြဲပဥ္စ၊ အမှန်ရသော အက္ခရာသာလျှင်၊ သစ္စံ မှန်ကန်သည်၊ ဟောတိ ဖြစ်၏။** ဆိုတဲ့အတိုင်း ကျွန်တော် ရေကြည့်တယ် အဘ၊ 'က' အက္ခရာဘက်မှာ ရှစ်လုံးချည်းဘဲ ရှိသလို၊ 'န' အက္ခရာဘက်မှာ ခြောက်လုံးစီ ရှိပါတယ်။ ဘယ်ညာ နှစ်ဖက်စီမှာတော့ ငါးလုံးစီဘဲ အဘ။ ကျွန်တော် ဒါကိုပဲ မြင်မိတယ်"

ကျွန်ုပ် စကားအဆုံး၌ အဘသည် သာဓု (၃)ကြိမ် ခေါ်ပြီးနောက်-

"အဲဒီလို ဒက်ကနဲ မြင်တတ်တာကိုက ငါ့တပည့် မောင်ဘုန်းမြင့်ရဲ့ ပါရမီနဲ့ဉာဏ်အပြင် သိချင်တတ်ချင်စိတ်ကိုပါ ချီးကျူးရမှာကွဲ့၊ ဒါကြောင့် ရှေးပညာရှင်တွေက မောင်ဘုန်းမြင့် ရွတ်ခဲ့တဲ့ ပါဠိအနက်ကို 'က'ကစ၍၊ ဝီသတွက်ကျူး၊ 'န'တွင်ဆုံးမှ၊ 'သ ဟ' ထပ်ဖြည့်၊ ဓာတ်လှည့် ချလေ၊ 'က' နေ ရှစ်လုံး၊ ရှေ့ဆုံး 'န' မှာ၊ ခြောက်လုံးသာတည့်၊ လက်ယာလက်ဝဲ၊ အမြဲ ငါးခု၊ မှန်အောင်ပြုမှ၊ 'က' ဟုမှတ်စ၊ ဓာတ်အိမ်ကသာ၊ မူလအက္ခရာ၊ အင်းချရာ၏ လို့ စာဖွဲ့ခဲ့ တယ်ကွယ့်"

ဟု ပြောရင်း အထက်ပါ လက်ာစပ်ကို နှုတ်တိုက် သင်ပေးခဲ့၏။

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသ၏ တစ်ဆင့်ချင်း သင်ပေးသမျှကို တသွေမတိမ်းမှတ်သားနာယူခဲ့၏။ ထိုအပြင် ညအိပ်ယာဝင်ချိန်၌ အဘအားနင်းနှိပ် ဝတ်ဖြည့်ပေးစဉ်တိုင်း အဘထံမရှင်းသမျှ ပြန်မေးခြင်း၊ အလွတ်ပြန်ဆိုပြရခြင်း၊ အဘကထပ်မံ ညွှန်ကြားခြင်းဖြင့် ပို၍ မှတ်မိလာခဲ့ချေတော့၏။

"ရှေ့ဆက်ကြရအောင် မောင်ဘုန်းမြင့်။အဘရွတ်ပြမယ်. . မှတ်ထား။ *အန္တောဂဗ္ဘေစရေ ဝံသေတိနာမယုဂလံ*-**အန္တော၊ ဂဗ္ဘေ၊စရေ၊ ဝံသေ၊ဟူသော ဓါတ်နံ့ အစုံကို၊** *ကမံ၊* **အစဉ်အတိုင်း၊** *မေသာဒိ*-**မိဿ အစရှိသော၊ဒွါဒသ ရာသီ (၁၂) ရာသီ၌** *ပဒက္ခိဏံ*-**လက်ျာရစ်၊** *နိက္ခိပေယျ*- **ချရာ၏။**

အန္တောနာမံ- **အန္တောနာမ်သည်၊** *သူရဓါတု* -**သူရဠ့ဓါတ်နံ့မည်၏။***ဂဗ္ဘေနာမံ*-**ဂဗ္ဘေနာမ်သည်၊** *ကောလီဓါတု*-**ကောလီဓါတ်နံ့မည်၏။** **စရေနာမံ-စရေနာမ်သည်၊***ပါပဓါတု*-**ပါပဓါတ်နာမ်မည်၏။ဝံသေနာမံ-ဝံသေနာမ်သည်၊***အမြိတ္တဓါတု*-**အမြိတ္တဓါတ်နာမ်မည်၏။**

မိဿသိင်္ဂနေ- **မိဿ၊သိဟ်၊ဓနု ရာသီသည်၊***တေဇော*-**တေဇောဓါတ်ရာသီမည်၏။** *ပြိဿကန္နေမကေ*- **ပြိဿ၊ကန်၊မကာရ ရာသီသည်၊** *အာပေါ်*-**အာပေါ ဓါတ်ရာသီမည်၏။** **မေထုန်တူလေကုမ္ဘေ-မေထုန်၊တူ၊ကုမ်ရာသီသည်၊** *ဝါယော*- **ဝါယောဓါတ်ရာသီမည်၏။** *ကက္ကဋေမြိတ္တမိန္နေ*-**ကြကင့်၊ဗြိစ္ဆာ၊မိန် ရာသီသည်၊** *ပထဝီဓါတု* **ပထဝီဓါတ်ရာသီမည်၏။** *ဣတိက္ကမံဓါတုနာမံ*-**ဤ (၁၂) ပါးသောရာသီဓါတ်အမည်ကို** *ပဒိတ္တိတာ*-**လေးဖြာဓါတ်အင်းကိုအလိုရှိသောသူတို့သည်၊***သုလက္ခေယျ*-**ကောင်းစွာမှတ်သားရာ၏။** ကဲ. . . မောင်ဘုန်းမြင့်၊ မရှင်းတာရှိသေးလား"

"မရှိပါဘူး အဘ"

ဟု ပြန်ဖြေလိုက်ပါသည်။ အဘဆရာကြီး ဦးနန္ဒောဘာသထံမှ လက်ရိုး၊ လက်ဆန်း ပညာကွက်များကို လွှန်ခဲ့သော (၅)နှစ်ကျော်ကပင် နေ့စဉ်မပြတ် ထိတွေ့နေရသည်ဖြစ်ရာ ယခုကပ္ပလက်ာရကျမ်း သင်ယူချိန်အသက်(၁၆)နှစ်၌ ဇာတာဖွဲ့၊ ဇာတာစစ်၊ ဇာတာ ဟောနေသည်ဖြစ်ရာ ကျွန်ုပ်အတွက် မခက်လှပေ။ သို့သော် ပညာရှာ နှောင်းလူများ အတွက် ကျွန်ုပ် ရှင်းပြလိုက်ပါသည်။

(က)



(သုရဿ တေဇော(၃) အိမ်
တြိကောဏဆက်သွယ်ပုံ)



(ခ)



(အမြိတ္တအာပေါ (၃)အိမ်
တြိကောဏ ဆက်သွယ်ပုံ)



(ဂ)



(ပါလ ဝါယော (၃)အိမ်တြိကောဏ ဆက်သွယ်ပုံ)

(ဃ)



(တောလီပထဝီ(၃)အိမ်တြိကောဏဆက်သွယ်ပုံ)

"မောင်ဘုန်းမြင့် မှတ်မိသေးလား"

"ဘာကိုလဲ အဘ" ဟု ကျွန်ုပ်မှ ပြန်မေးလိုက်ရာ အဘမှ -

"အဘ မောင်ဘုန်းမြင့်ကို အာယုစန်း စုတ်ဆန်းစုတ်ပျက်၊ ဓာတ်ဆန်းဓာတ်ပျက်သင်ပေးခဲ့တုန်းက ဒီဓာတ်သက်တွေ ဘယ်ကရတာလဲလို့ မေးခဲ့တာ" ဟု ပြန်ဖြေလိုက်၏။ ကျွန်ုပ်က-

"မှတ်မိတာပေါ့ အဘ။ အဘက ဘာမှ မဖြေဘဲ ကျွန်တော့်ကို ထန်းစေ့မှုတ်နဲ့ ထုထည့်လိုက်တာ"

ဟု ဖြေလိုက်ရာ မရယ်စဖူး အားပါးတရ ရယ်လိုက်သော အဘကြောင့် ကျွန်ုပ် အံ့သြနေမိ၏။ ပြီးမှ " အဲဒီတုန်းက သင်ပေးလိုက်ရင် မူလခေါင်းစဉ်ဖြစ်တဲ့ အာယုစန်းပညာကွက်တွေ သွေဖည်သွားမှာကတစ်ချက်၊ နောက်ပြီး အဲဒီတုန်းက မောင်ဘုန်းမြင့်ရဲ့ ဉာဏ်ရည်က နုသေးတာက တစ်ချက်၊ အခါမသင့်သေးတာကတစ်ချက်ပေါ့ကွယ်၊ အခု အချိန်တန်လို့ ငါ့တပည့် သင်ရ သိရ မှတ်ရတော့မှာပဲ။"

ထိုအခါ ကျွန်ုပ် သိချင်တတ်ချင်လွန်းလှသောပညာကွက်များ သင်ရတော့မည်ဖြစ်၍ ဝမ်းသာ လိုက်သည်မှာ နောင်မကြာမီ (၁၀) တန်းစာမေးပွဲ၌ သမိုင်းဘာသာရပ် ဂုဏ်ထူးဖြင့် အောင်စာရင်းတွင်ကိုယ့်အမည်ကိုတွေ့ရသည်ထက် အဆတစ်ရာမျှမက သာပါပေသည်။ အဘယ်ကြောင့်ဆိုသော် (၁၀) တန်းစာမေးပွဲကို အဖက်ဖက် ပြင်ဆင်ဖြေဆိုခဲ့သည်ဖြစ်၍ သေချာပေါက် အောင်မည်ကို သိနိုင်သော်လည်း အဘဆရာကြီးထံမှ ပညာတစ်ခွန်းတစ်စရဖို့မှာ လုံးဝမသေချာသည့်အပြင်၊ လုံးဝ ကြိုတင်မသိနိုင်သောကြောင့် ဖြစ်ပါသည်။

အဘဆရာကြီး ဦးနန္ဒောဘာသသည် သူ၏ လက်စွဲတော် ကိုယ်တိုင်လုပ် နှစ်ချိုပျဉ်းမသား ဆေးတံကို ဆေးအပြည့်သိပ်လိုက်ပြီး မီးတစ်ရှိုက် နှစ်ရှိုက်ဖွာလိုက်ကာ နှပ်ထားလိုက်၏။ ထို့နောက် -

"ပါပဓာယုတ္တ ပါပဓာတ်အသက်သည်၊ ဇာဝီသံ နှစ်ဆယ့်နှစ်နှစ်၊ ဟောန္တိ ဖြစ်၏။ သူရာယုဓာတု သူရဋ္ဌဓာတ် အသက်သည်၊ ဒွါဒသ တစ်ဆယ့်နှစ်နှစ်၊ ဟောန္တိ ဖြစ်၏။ မြိတ္တာယုဓာတု အမြိတ္တဓာတ်အသက်သည်၊ သောဠသ တစ်ဆယ့်ခြောက်နှစ် ဟောန္တိ ဖြစ်၏။ ကောလီဓာတာယု ကောလီဓာတ်အသက်သည်၊ တိံသာစ အနှစ်သုံးဆယ်တို့သည်၊ ဟောန္တိ

ဖြစ်၏။ ကမ္မာဓာတု စတုကမာ ဤဓာတ်လေးပါး အသက်အစဉ်တို့ကို၊ ကဝိဇနာ ဓာတ်ဆရာ ပညာရှိတို့သည်၊ သုလက္ခဏာ ကောင်းစွာ မှတ်ထားအပ်ကုန်၏။ ကဲ မောင်ဘုန်းမြင့် နားလည် ရင် အဓိပ္ပာယ်ပြောပြ"

"ဟုတ်ကဲ့ပါ အဘ။ ပါပဓာတ်သက် (၂၂) နှစ်၊ သူရဠဓာတ်သက် (၁၂)နှစ်၊ အမြိတ္တဓာတ် သက်(၁၆)နှစ်နဲ့ နောက်ဆုံး ကောလီဓာတ်သက်က အနှစ် (၃၀)ပါ အဘ"

"သေသေချာချာ မှတ်ထားနော်။ ပါဠိအနက်တွေ ပြီးတာနဲ့ တွက်ပုံတွက်နည်းတွေအတွက် ရှင်းပြတော့မှာ။ မှတ်လက်စနဲ့ ဆက်မှတ်လိုက်ဦး။ ဣဒါနိ ယခုအခါ၌ ကိဗ္ဗနယဥ လေးပါးသော အင်း၏၊ သွင်းရာဖြစ်သော ကိန်းတွက်ဆင်နည်းလို၊ အဟံ ငါသည်၊ ဒဿယိဿာမိ ပြပေအံ့။ တံနယံ ထိုနည်းကို၊ မေ ငါ၏၊ သန္တိကာ အထံမှ၊ ဝိဇ္ဇာမယိန္ဓိကာ ဝိဇ္ဇာမယ တေဇတန်ခိုးနှင့် ယှဉ်ကုန်သော၊ စတုဓာတုရစိန္တိတာ လေးပါးသော ဓာတ်အကျွရာကို စီရင်ခြင်းငှာ အလိုရှိကုန်သော သူတို့သည်၊ သောထ နာလင့်ကုန်။ ဆိုတော့ကာ မောင်ဘုန်းမြင့်က ဒီပညာကို အလိုရှိတဲ့သူ ဖြစ်လေတော့ ကျမ်းပြုဆရာ မိန့်မှာခဲ့သလို၊ သောထ နာလင့်ကုန် ပေါ့ကွာ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အဘ။ တသွေမတိမ်း နာယူကျင့်ကြံအားထုတ်ပါ့မယ် ခင်ဗျာ"

ဟု ရိုသေစွာ ပြန်ဖြေလိုက်ပါ၏။ အဘမှ ဆက်၍ -

အဘဆရာကြီး ဦးနန္ဒောဘာသသည် ဆေးတံကို နှစ်ချက် သုံးချက်မျှ ဖွာရှိုက် လိုက်ပြီး နောက် အောက်ပါ အတိုင်း ဆက်လက်သင်ကြားပေးပါ၏။

"ပါပေ ပါပဓာတ်အင်း၌၊ စုတံ နေ့ရာဖြစ်သော၊ ကိဗ္ဗ ကိန်းသည်၊ ရဝိ လေးဆယ့်နှစ်ခုသည်၊ ဟောတိ ဖြစ်၏၊ သူရေ သူရဠဓာတ်အင်း၌၊ စုတကိဗ္ဗ နေ့ကိန်းသည်၊ ဝီဠာ နှစ်ဆယ့်ရှစ်ခုသည်၊ ဟောတိ ဖြစ်၏။ အမြိတ္တေ အမြိတ္တဓာတ်အင်း၌၊ စုတကိဗ္ဗ နေ့ကိန်းသည်၊ ဝိတာ ခြောက်ဆယ့်နှစ်ခုသည်၊ ဟောတိ ဖြစ်၏။ ကောလီ ကောလီဓာတ် အင်း၌၊ စုတကိဗ္ဗ နေ့ကိန်းသည် နာမံ ငါးဆယ်သည်၊ ဟောတိ ဖြစ်၏။ မှတ်လို့ ရရဲ့လား မောင်ဘုန်းမြင့်။ ပြီးရင် မှတ်မိသလောက် အဘကို ပြောပြ။ နားမလည်တာရှိရင် မေးပေါ့"

ဟု ပြောလိုက်ရာ -

"ပါပ နှောကိန်းက (၂၄)၊ သူရဋ္ဌနှောကိန်းက (၂၈)၊ အမြိတ္တနှောကိန်းက (၆၈)၊ ကောလီနှောကိန်းက (၅၇)။ ဒါကို ကျွန်တော် အာယုစန်းပညာ သင်ခဲ့တုန်းက အဘ ပြပေးလို့ မှတ်မိတယ်။ ဒါပေမယ့် ဘာလို့လုပ်ပြီး ဒီကိန်းတွေ ဖြစ် လာတာလဲ အဘ"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်၏၊ အဘမှ -

"မကြာတော့ပါဘူး ငါ့တပည့်ရယ်၊ ကဲ. . မှတ်စရာရှိတာ ဆက်မှတ်လိုက်ဦး။ ပြီးတာနဲ့ မောင်ဘုန်းမြင့် အနှစ်နှစ် အလလ သိချင်နေတာကို အဘ တစ်လက်စတည်း ရှင်းပြပေးပါ့မယ်။ *ပါပါ -ပါပါယ* **ပါပဓာတ်အင်း၏၊** *ဘာဂံ* **စားရာဖြစ်သော၊** *ကိန္နံ* **ကိန်းသည်၊** သညာ **ခုနစ်ခုသည်၊** *ဟောတိ* **ဖြစ်၏။** သူရာ သူရာယ **သူရဋ္ဌဓာတ်အင်း၏၊** *ဘာဂကိန္နံ* **စားကိန်းသည်၊** ဓေယျာ **တစ်ဆယ့်ရှစ်ခုသည်၊** *ဟောတိ* **ဖြစ်၏။** *အမြိတ္တာ အမြိတ္တာယ* **အမြိတ္တဓာတ်အင်း၏** *ဘာဂကိန္နံ* **စားကိန်းသည်** မုနိ ငါးခုသည် *ဟောတိ* **ဖြစ်၏။** *ကောလိ ကောလိယာ* **ကောလီဓာတ်အင်း၏၊** *ဘာဂကိန္နံ* **စားကိန်းသည်၊** နယေ ဆယ်ခုသင်္ချာသည်၊ *ဟောတိ* **ဖြစ်၏။** ရရဲ့လား မောင် ဘုန်းမြင့်။ ပါပစားကိန်းက (၇)၊ သူရဋ္ဌစားကိန်းက (၁၈)၊ အမြိတ္တ စားကိန်းက (၅)နဲ့ ကောလီ စားကိန်း (၁၀)၊ ဒီအထိရရဲ့လား"

ထို့နောက် အဘဆရာကြီး ဦးနန္ဒောဘာသည် ပိဋကသင်္ချာ ဇယားကွက်ကို ဆွဲပြပြီး အထက်ပါ ဂါထာတို့၌ ဝှက်ထားသော **ရဝိ၊ ဒိဋ္ဌာ၊ ဇိတာ၊ နာဝံ** တို့ကိုလည်းကောင်း၊ **သညာ၊ ဓေယျာ၊ မုနိ၊ နယေ** တို့ကိုလည်းကောင်း ရှင်းပြခဲ့ပါသည်။ ကျွန်ုပ်တွင် တွက်ကိန်းဆင်ပုံ အဆင့်ဆင့် ရှိနေသော်လည်း၊ မှတ်မိနေဆဲ ဖြစ်သော်လည်း၊ ထိုပါဠိ 'ပိဋကသင်္ချာ' ကို မမှတ်မိပါတော့ချေ။ နှစ်ပေါင်းများစွာ ကြာမြင့်မှ ပြန်ရေးရသည်ဖြစ်ရာ အနှစ်နှစ် အလလ မှတ်တမ်းမှတ်ရာများကို ရှာဖွေမွှေနှောက်သော်လည်း ထိုပါဠိပိဋကသင်္ချာဇယားကွက်မှာ ပျောက်ခြင်းမလှ ပျောက်နေ၍ ကျွန်ုပ်မှာ ရှေ့ဆက်ရေးရန် အခက်အခဲများစွာ ရင်ဆိုင်ခဲ့ရပါသည်။

(၂၀၀၄)ခုနှစ်တွင် ကျွန်ုပ်သည် တိုင်းရင်းဆေးဆရာဖြစ် တစ်နှစ်သင်တန်း (ရန်ကုန်)ကို မရမ်းကုန်း၊ ဖွဲ့စုံရပ်၊ သမာဓိ (၃)လမ်း၊ အမှတ် (၃၅၄) ရှိ ရတနာမာရ်အောင် ဆရာကြီး ဦးငွေခဲ အိမ်တွင်နေထိုင်ပြီးတက်ရောက်ခဲ့ပါသည်။ဆရာကြီးဦးငွေခဲသည်ပြည်မြို့ရတနာ မာရ်အောင်တောရ ရွှေမျိုးနားဆရာတော်ဦးဝိဇ္ဇာဗလ(ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး)

၏ပါရမီဖြည့်ဘက် လက်ရင်းတပည့်ဖြစ်ပြီး ကျွန်ုပ်နှင့် ဆုံတွေ့ချိန်တွင် ရတနာမာရ်အောင် ဆရာကြီးဦးငွေခဲအမည်အစား ၊ရွှေဖျိုင်းနား ဆရာတော်ဘုရားကြီးမှ ကျော်ဇေယျသိဒ္ဓိရှင် (အကွရာဝိဇ္ဇာ)ဘွဲ့အမည်ဖြင့် ချီးမြှောက်ထားချိန် ဖြစ်ပေသည်။

ဆရာကြီးဦးငွေခဲသည် လောကီကိစ္စများကို ဘေးချိတ်ကာ လောကုတ္တရာသက်သက်ဖြင့် နေထိုင်ချိန် ဖြစ်၍ လောကီပညာရပ်များကို မေးမြန်းသည့်အခါတိုင်း အော်ဟစ်ဆူဆဲလွှတ်သည်က များ၏။ ကျွန်ုပ်သည် အဘဦးငွေခဲ၏ ဝေယျာဝစ္စများ ပြုပေးသည်မှလွဲ၍လောကီပညာရပ်များကို မေးမြန်းခဲ့ခြင်း မရှိပါချေ။ အဘဦးငွေခဲ၏ လက်သုံး ဆုံးမစကားမှာ မလိုချင်မှရသည် ဟူ၍ ဖြစ်ပါသည်။ လူ့အသက်ကယ်ဆေးပညာရပ်ကိုပင် ဗုဒ္ဓအဘိဓမ္မာကို ရှင်းပြရင်း ညွှန်ပြပေး လေ့ရှိရာ ကျွန်ုပ် အခန်းထဲ၌ တကုပ်ကုပ်ဖြင့် အခန်းအောင်းရက်များကြာနေသဖြင့် တစ်နေ့၌ ကျွန်ုပ်အား ခေါ်၍မေးသဖြင့် အထက်ပါ ပါဠိပိဋကသင်္ချာကဏ္ဍတွင်ကျွန်ုပ် ရှေ့ဆက်မရကြောင်း ပြောပြမိရာ၊ အဘ ဦးငွေခဲသည် ကျွန်ုပ်အား လွန်စွာ သနားသွားသည်ဆို၏။ ပြီးမှ ကျွန်ုပ်၏ အခက်အခဲအား ရှင်းပြပေးရုံမျှမက ကပ္ပလက်ာရကျမ်းလာ ခါတ်အင်းစမတို့မှတစ်ဆင့် အဂ္ဂိရတ်လမ်းကိုပါ တစ်လက်စတည်း ရှင်းပြခဲ့ပါသည်။ ထိုအဖြင့် အဂ္ဂိမ်းကို၊ ယာပထ မျှတစေသော၊ အဂ္ဂိယာ့ထိ (အဂ္ဂိရတ်) လက်တွေ့စီရင်ပုံများကို ဆရာကြီးဦးငွေခဲမှ သူ၏ တပည့်ကြီးများဖြစ်သော ပဲခူးမြို့မှ ဆရာကြီး ဦးထွန်းရှိန်နှင့် ဆရာကြီး ဦးကံထမ်းမောင် တို့ထံ အပ်နှံသင်ယူစေခဲ့ပါသည်။ ဆရာကြီး ဦးထွန်းရှိန်နှင့် ဆရာကြီး ဦးကံ ထမ်းမောင်တို့သည် ပဲခူးမြို့ နဂါးလိန်လမ်း မှ ဆရာကြီး ဦးငွေခဲ စီရင်ခဲ့သော 'သီလာမိက' အောင်မြေဖြုံဝင်း၌ ကျွန်ုပ်အား ဆက်လက် သင်ကြားပေးခဲ့ပါသည်။ ကပ္ပလက်ာရကျမ်းရင်း လက်ာမှ **နဂါးမသေ၊ ဘားမကျေတည့်၊ နဂါးမဟုတ်၊ ဘားဘဖြုတ်ကို . . နဂါးမသေ၊ ခါတ်မကြေတည့် အစ ရှိသည်တို့မှာ အဂ္ဂိယာ့ထိ** ပညာ။ပုဂ္ဂလပညတ်ဓါတ်ဆေးပညာတို့၏ မူလအစကနဦး လမ်းပြချက်များ ဖြစ်ကြောင်း ကျွန်ုပ် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါသည်။ရတနာမာရ်အောင်ဆရာကြီး အဘဦးငွေခဲ (ကျော်ဇေယျသိဒ္ဓိရှင်)မှ ရှင်းလင်းပြသသည်ဖြစ်၍ ကျွန်ုပ်အတွက် လွန်စွာ အဆင်ပြေသွားသည်ဖြစ်ရာ၊ ရှေ့ဆက်ရေးသားရန် လွယ်ကူသွားပါသည်။

ပါဠိပိဋကသင်္ချာကောက်ယူရန်ဇယားကွက်

၁	၂	၃	၄	၅	၆	၇	၈	၉	၀
က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	ည
ဋ	ဌ	ဍ	ဎ	ဏ	တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ					
ယ	ရ	လ	ဝ			သ	ဟ	ဠ	အ

ပါပဓာတ်သက် ⇨ ဗာဝီသ = ၂၂ နှစ်
ပါပနှောကိန်း ⇨ ရဝိ (ရ = ၂, ဝ = ၄) = ၄၂
ပါပစားကိန်း ⇨ သညာ (သ = ၇) = ၇ {ဇယားမှ ကောက်}

သူရဿဓာတ်သက် ⇨ ဒွါဒသ = ၁၂ နှစ်
သူရဿနှောကိန်း ⇨ ဒိဌာ (ဒ = ၈, ဌ = ၂) = ၂၈
သူရဿစားကိန်း ⇨ ဇေယျာ (ဇ = ၈, ယ = ၁) = ၁၈ {ဇယားမှ ကောက်}

အမြိတ္တဓာတ်သက် ⇨ သောဠသ = ၁၆ နှစ်
အမြိတ္တနှောကိန်း ⇨ ဇိတာ (ဇ = ၈, တ = ၆) = ၆၈
အမြိတ္တစားကိန်း ⇨ မုနိ (မ = ၅) = ၅ {ဇယားမှ ကောက်}

ကောလီဓာတ်သက် ⇨ တိံသ = ၃၀ နှစ်
ကောလီနှောကိန်း ⇨ နာမံ (န = ၀, မ = ၅) = ၅၀
ကောလီစားကိန်း ⇨ နယေ (န = ၀, ယ = ၁) = ၁၀ {ဇယားမှ ကောက်}

ဤကပ္ပလက်ခရကျမ်းကို ဖွင့်ဆိုရေးသားစဉ် အဘဆရာကြီး ဦးနန္ဒာဘာသ၏ သွန်သင်ပြောဆိုခဲ့သည်များကို ပုံရိပ်သဖွယ် ထင်မြင်ကြားယောင်လျက် ရှိ၏။

"မောင်ဘုန်းမြင့်ရေနောင်များမှာအခွင့်သင့်ရင်၊ ငရန်ဆရာတော်ဘုရားကြီးရဲ့ အသီတိဓာတ်ကျမ်း ကို ရအောင်လိုက်ကွယ့်။ အခု အဘသင်ပေးတဲ့ ကပ္ပလက်ာရကျမ်းထဲက ပါပ၊ သူရဋ္ဌ၊ အမြိတ္တ၊ ကောလီ ဓာတ်သက်တွက်ပုံနဲ့ အဲဒီ အသီတိဓာတ်ကျမ်းက ယူထားတာ နှိုင်းယှဉ်ကြည့်နိုင်ဖို့ပေါ့ကွယ်"

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသ ညွှန်ပြခဲ့သလို အသီတိဓာတ်ကျမ်းကို ကြိုးစားခဲ့သော်လည်း အစီအစဉ်တကျ တတ်မြောက်ခဲ့ခြင်း မရှိဘဲ ဟိုတစ်စ၊ သည်တစ်စမျှသာ ရခဲ့ပါသည်။ နောင်သောအခါ သီရိစက္ကာဘိဃောသ၊ တံဆိပ်တော်ရ ၊ ငရန်ဆရာတော် ဘုရားကြီး နှင့် လောကုတ္တရာ ဆရာတော်ဘုရားကြီးတို့သည် ရေးသားစီရင်တော် မူအပ်သော အသီတိဓာတ်ကျမ်းနှင့် ဦးပုညဟောကိန်းရကန်(တတိယအကြိမ်၊ ၁၃၁၉-ခု ဝါခေါင်လ) ကျမ်းစာအုပ်ကို ကံအားလျော်စွာ ရရှိခဲ့ပြီး လေ့လာကြည့်ရာ အတန်အသင့် နားလည်ခဲ့ပါ၏။ ထိုကျမ်းစာအုပ် စာမျက်နှာ (၃၈) တွင် အဘဆရာကြီး ဦးနန္ဒောဘာသ ညွှန်ပြခဲ့သည်များကို အောက်ပါအတိုင်း တွေ့ရပါသည်။

ဇမ္ဗူဒီပါကျွန်းယူဇနာကား၊ တြိသုည အဋ္ဌစော် (၁၈၀၀၀) ရှိ၏။ သပြေပင် ယူဇနာကား သုညသုညဆဋ္ဌ (၆၀၀) ရှိ၏။ ကျွန်းယူဇနာတည်၊ သပြေပင် ယူဇနာနှင့်စား။ လပ်တား၊ ကောလီဓာတ်သက် (၃၀) ဖြစ်၏။ ပုဗ္ဗဝိဒေဟာကျွန်း ယူဇနာကား သုစတုနဝပဉ္စ (၅၉၄၀) ရှိ၏။ ကန့်ကော်ပင် ယူဇနာကား သုညသတ္တစမ္ဗ (၂၇၀) ရှိ၏။ ကျွန်း၏ ယူဇနာတည်၊ ကန့်ကော်ပင် ယူဇနာနှင့်စား၊ ပါပဓာတ်သက် (၂၂) ခုဖြစ်၏။ အပရဂေါယာနကျွန်း ယူဇနာကား သုညစတုဆစမ္ဗ (၂၆၄၀) ရှိ၏၊ ညောင်ပင်ယူဇနာကား သုညစမ္ဗဝီသ (၂၂၀) ရှိ၏။ ကျွန်းယူဇနာတည် ညောင်ပင်ယူဇနာနှင့်စား။ သူရဋ္ဌဓာတ်အသက်(၁၂) ခုဖြစ်၏၊ ဥတ္တရကုရုကျွန်း ယူဇနာကား သုညရသ နဝစတု (၄၉၆၀) ရှိ၏၊ အုန်းပင်ယူဇနာကား သုညကေတြိသဋ္ဌ (၃၁၀) ရှိ၏။ ကျွန်းယူဇနာတည်၊ အုန်းပင်ယူဇနာနှင့်စား၊ အမြိတ္တဓာတ်အသက် (၁၆) ဖြစ်၏။

အထက်ပါ အသီတိဓာတ်ကျမ်း အရ တွက်ချက်နေရာချလိုက်သောအခါ အောက်ပါ အတိုင်း ဓာတ်အိမ်ကို ရရှိပါသည် -

	ပုဗ္ဗဝိဒေဟကျွန်း (အရှေ့ကျွန်း) ပါပ ဓာတ်သက် (၂၂)နှစ်	
ဥတ္တရကုရုကျွန်း (မြောက်ကျွန်း) အမြိတ္တဓါတ်သက် (၁၆)နှစ်		ဇမ္ဗူဒီပါကျွန်း (တောင်ကျွန်း) ကောလီဓါတ်သက် (၃၀)နှစ်
	အပရ ဂေါယာကျွန်း (အနောက်ကျွန်း) သူရဋ္ဌ ဓါတ်သက် (၁၂)နှစ်	

ဆက်လက်ပြီး အဘဆရာကြီး ဦးနန္ဒောဘာသ၏ သင်ပြပုံများကို အသေးစိတ် တွက်ချက်ဖော်ပြပေးပါမည်။

ပါပ (စနေ)

အပရဂေါရာ ဟူသည့်အနောက်ကျွန်းအကျယ်ယူဇနာသုည စတုနဝပဋ္ဌ (၅၉၄၀)ကို တည်၍ ကျွန်းဦးထိန်ပင်အရိပ်ယူဇနာသုည သတ္တစမ္မ (၂၇၀)နှင့် စားက ပါပဓာတ်သက် ဗာဝီသ (၂၂) နှစ်ရ၏။

```
         ၂၂
၂၇၀ | ၅၉၄၀
      ၅၄၀
       ၅၄၀
       ၅၄၀
         ၀
```

$$\frac{၅၉၄၀}{၂၇၀} = \text{ပါပဓာတ်သက် (၂၂)နှစ်}$$

သူရဋ္ဌ (အင်္ဂါ)

ပြုဗ္ဗဝိဒေဟ အမည်ရှိ အရှေ့ကျွန်းအကျယ်ယူဇနာ သုညစတုဆစမ္မ (၂၆၄၀)ကို တည်ကိန်းပြုပြီး ကျွန်းဦးကုက္ကိုပင်အရိပ်ယူဇနာသုညစမ္မဝီသ (၂၂၀)နှင့် စားက သူရဋ္ဌဓာတ်သက် ဒွါဒသ (၁၂) နှစ်ရ၏။

```
         ၁၂
၂၂၀ | ၂၆၄၀
      ၂၂၀
       ၄၄၀
       ၄၄၀
         ၀
```

$$\frac{၂၆၄၀}{၂၂၀} = \text{သူရဋ္ဌဓါတ်သက် (၁၂)နှစ်။}$$

<u>အမြိတ္တ(ဝံသေ)</u> ဥတ္တရကုရု ဟူသည့်မြောက်ကျွန်းအကျယ်ယူဇနာသုညရသနဝစတု (၄၉၆၀)ကို တည်ထား၊ ကျွန်းဦး ကပ္ပရုက္ခပဒေသာပင်အရိပ်ယူဇနာ သုညကေတြိသ္မ (၃၁၀)နှင့် စားပါက အမြိတ္တဓာတ်သက် သောဠသ (၁၆) နှစ်ရ၏။

```
        ၁၆
၃၁၀ ) ၄၉၆၀
      ၃၁၀
      ၁၈၆၀
      ၁၈၆၀
         ၀
```

$$\frac{၄၉၆၀}{၃၁၀}$$ = **အမြိတ္တဓါတ်သက် (၁၆)နှစ်**

<u>ကောလီ(ပထဝီ)</u> ဇမ္ဗူဒီပ အမည်ရသည့်တောင်ကျွန်းအကျယ်ယူဇနာတြိသုညအဋ္ဌကေ် (၁၈၀၀၀)ကို တည်၍၊ ကျွန်းဦး ဇမ္ဗူသပြေပင်အရိပ်ယူဇနာ သုည သုညဆဋ္ဌ(၆၀၀)နှင့် စားသော် ကောလီဓာတ်သက်တိံသ(၃၀)နှစ်ရ၏။

```
        ၃၀
၆၀၀ ) ၁၈၀၀၀
      ၁၈၀၀
         ၀
```

$$\frac{၁၈၀၀၀}{၆၀၀}$$ = **ကောလီ ဓါတ်သက် (၃၀)နှစ်**

အထက်ပါအတိုင်း တွက်ချက်ရရှိသည့် ဓာတ်အိမ်များကို ဖွဲ့ကြည့်လိုက်သောအခါ အောက်ပါအတိုင်းရရှိသည်ကို တွေ့ရပေမည် -

	ပြုဗ္ဗဝိဒေဟကျွန်း (အရှေ့ကျွန်း) သူရန္တဓါတ်သက် (၁၂)နှစ်	
ဥတ္တရကုရုကျွန်း (မြောက်ကျွန်း) အမြိတ္တဓါတ်သက် (၁၆)နှစ်		ဇမ္ဗူဒီပါကျွန်း (တောင်ကျွန်း) ကောလီဓါတ်သက် (၃၀)နှစ်
	အပရဂေါယာကျွန်း (အနောက်ကျွန်း) ပါပဓါတ်သက် (၂၂)နှစ်	

"ကဲမြင်ရဲ့လား မောင်ဘုန်းမြင့်၊ အဲဒါမြေပြင်ဓာတ်အိမ်လို့ခေါ်တယ်။ ကျွန်းလေးကျွန်းက ဓာတ်နိုးဓာတ်ငွေ့တွေဟာ ကောင်းကင်ကို အောက်ထက်မြောက်တောင် ဝိထိအစဥ်အတိုင်း တက်သွားကြသကွဲ့။ ကောင်းကင်က ဓာတ်အိမ်ကို မြေပြင်ဓာတ်အိမ်အဖြစ် ပြန်ယူပြီး ကိန်းဆင်လိုက်တဲ့အခါ လှန်ထားတဲ့ လက်ကို မှောက်လိုက်သလို လက်ခလယ် နဲ့လက်ကောက်ဝတ်က ဘက်ပြောင်းမသွားပေမယ်လို့ လက်မနဲ့ လက်သန်းက ဘက်ပြောင်းသွားတယ် မဟုတ်လား။ ဒီတော့ အမြိတ္တနဲ့ကောလီဟာဘယ်ညာပြောင်းသွားတဲ့အတွက် **အောက်ထက် တောင် မြောက် ဝိထိကောက်** ဖြစ်သွားတာကိုက ကပ္ပလက်ာရကျမ်းရဲ့ **အနှစ်ပဲကွဲ့**။ ဒီပုံကို ကြည့်ပါလား" ဟု ပြောကာ အောက်ပါအတိုင်း ရေးပြလေ၏ -

	အရှေ့ သူရဋ္ဌ (၁၂)နှစ်	
မြောက် ကောလီ (၃၀)နှစ်	မိတ်သက်	တောင် အမြိတ္တ (၁၆)နှစ်
	အနောက် ပါပ (၂၂)နှစ်	

"အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်မျက်နှာကတော့ မပြောင်းဘူး။ ထိုနည်းတူစွာ ပါပနဲ့ သူရဋ္ဌက လည်း နေရာမရွှေ့ဘူး။ အမြိတ္တနဲ့ ကောလီကိုသာ ဘက်ပြောင်းပေးလိုက်။ မြေပြင်ဓာတ် အိမ်နဲ့ တွက်ချက်တာက **အသီတိဓာတ်ကျမ်း**။ ကောင်းကင်ဓာတ်အိမ်ကို မြေပြင်ချပြီး နေလနက္ခတ်အကွာရာတွေ တွက်ထုတ်တာက **ကပ္ပလက်ာရကျမ်း** ကွဲပြားအောင်မှတ် မောင်ဘုန်းမြင့်ရေ။ ရှေ့မှာနောက်ထပ်ကိန်းတွေတွက်ရဦးမှာ။ အဲဒီအခါကျရင်လည်း ကောလီအိမ်နဲ့ အမြိတ္တအိမ် ဘယ်ညာပြောင်းတာကို မမေ့နဲ့"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် သေသေချာချာ မှတ်ပါ့မယ်"

"အိမ်း . . မောင်ဘုန်းမြင့်၊ နားနားနေနေနဲ့ စာကျက်လိုက်ဦး၊ အဘ ခဏနားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ အဘ"

အဘ ဦးနန္ဒောဘာသ ညွှန်ပြသကဲ့သို့ပင် ကျွန်ုပ် အထပ်ထပ် လေ့ကျက်မှတ်ထားခဲ့ပါသည်။ တစ်ခါတစ်ရံ မေ့လျော့သည်များ ရှိပါကလည်း အဘကို ပြန်လည်မေးမြန်းနာယူခဲ့ပါသည်။ ထို့ကြောင့်ပင် ကပ္ပလက်ာရကျမ်းလာ **အင်းစမများ၊ မူလဘူတစမ** များကို ထဲထဲဝင်ဝင် ရင်းနှီးကျွမ်းဝင်လာခဲ့ပြီး အခက်အခဲ မရှိသလောက် အဆင်ပြေခဲ့ပါပေသည်။

အထူးသဖြင့် မြေပြင်ဓာတ်အိမ်နှင့် ကောင်းကင်ဓာတ်အိမ်ယူဆရာတွင် အမြိတ္တဓာတ်အိမ်နှင့် ကောလီဓာတ်အိမ် ဘယ်ညာချိန်းပြောင်းပုံ၊ အောက်ထက်မြောက်တောင် ဝိထိအပြောင့်မှ အောက်ထက်တောင်မြောက် ဝိထိကောက်ပြေး သွားပုံတို့မှာ ဆရာတစ်ဆူ၏ ထောက်ပြမှုအပေါ် လွန်စွာမူတည်ပေသည်။ ထိုသို့ဖြစ်ရကား ကျွန်ုပ်အနေဖြင့် ရှင်းသထက် ရှင်းအောင် ရေးသားနေရခြင်းပင် ဖြစ်ချေတော့၏။

"ကဲ မောင်ဘုန်းမြင့်၊ ဒီတစ်ခါ နှောကိန်းတွက်ပုံ အဘ ရှင်းပြမကွယ်။ ဒီတော့ နှောကိန်းကို ပြတဲ့ အပိုဒ် ပြန်ရွတ်ပြဦး"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် မဆိုင်းမတွပင် -

"ပါပေ ပါပဓာတ်အင်း၌၊ စုတ် ရောနှောဖြစ်သော၊ ကိန်း ကိန်းသည်၊ ရဝိ လေးဆယ့်နှစ်ခုသည်၊ ဟောတိ ဖြစ်၏"

"ဟုတ်ပြီ ရပ်ထား၊ ပါပ၊ သူရဋ္ဌ၊ အမြိတ္တ၊ ကောလီ နှောကိန်းတွေကို အဘ တစ်ခုချင်း ရှင်းပြမယ်။ ပါပဟာ ဘာဓာတ်လဲ မောင်ဘုန်းမြင့်"

"ပါပဟာ ဝါယော၊ စရေဓာတ်ပါအဘ"

"အိမ်း ဟုတ်သကွဲ၊ စရေကြိုဟ်သက် (၂)ခုနဲ့ ပါပဓာတ်သက်အားလုံး ပေါင်းကြည့်စမ်း။ ပါပနှောကိန်း ရဝိ (၄၂) ရမကွဲ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်သည် အောက်ပါအတိုင်း ရေးလိုက်ပါ၏ -

ပါပ (ဝါယော) ⇨ စ ရေ



စ + ရေ + ပါပဓာတ်သက်

၈ + ၁၂ + ၂၂

ပါပနှောကိန်း ၄၂ (မူဝိ)

"မှန်တယ် မောင်ဘုန်းမြင့်၊ ဒီတစ်ခါ သူရဿ (တေဇော) အနွှောကို နှောကိန်းရအောင် တွက်ကြည့်ဦး။ သူရဿ ဓာတ်သက် (၁၂)နှစ် ထည့်ပေါင်းကွယ့်"

သူရဿ (တေဇော) ⇨ အ နွှော



အ + နွှော + သူရဿဓာတ်သက်

၆ + ၁၀ + ၁၂

သူရဿနှောကိန်း ၂၈ (ဒိဋ္ဌာ)

"မှန်တယ်ကွဲ့။ ဒီတစ်ခါ အမြိတ္တ (အာပေါ) ဝံသေ အတွက် နှောကိန်းတွက်ရအောင်။ ကောင်းကင်ဓာတ်အိမ်ကိုမြေပြင်ဓာတ်အိမ်အဖြစ်ယူတဲ့အခါအမြိတ္တနဲ့ ကောလီဟာ ဟိုဘက်သည်ဘက်၊ ဘယ်ညာပြောင်းသွားတာ အဘ ရှင်းပြပြီးပြီ နော် "

"ဟုတ်ကဲ့ နားလည်ပါတယ် အဘ"

"အဲဒီတော့ အမြိတ္တ နှောကိန်းလိုချင်ရင် ဝံသေမှာ ကောလီဓာတ်သက်ကိုပေါင်း။ ကောလီနှောကိန်းလိုချင်ရင် အမြိတ္တဓာတ်သက်ကိုပေါင်း။ တွက်ကြည့်လိုက်ဦး"

အမြိတ္တ(အာပေါ) ⇨ ဝံ သေ



ဝံ + သေ + ကောလီဓာတ်သက် (၃၀)

(အမြိတ္တဓာတ်သက် မပေါင်းရ)

၁၇ + ၂၁ + ၃၀

အမြိတ္တနှောကိန်း ၆၈ (ဇိတာ)



ကောလိ (ပထဝီ) ⇨ ဂ ဇွေ

ဂ + ဇွေ + အမြိတ္တဓာတ်သက် (၁၆)

(ကောလိဓာတ်သက် မပေါင်းရ)

၁၅ + ၁၉ + ၁၆

ကောလိနှောကိန်း ၅၀ (နာမံ)

အဘဆရာကြီးဦးနန္ဒောဘာသသည် ကျွန်ုပ်ရေးထားသည်များကို ကြည့်၍-

"အခုအထိဆိုရင် မောင်ဘုန်းမြင့် သိချင်လှပါတယ်ဆိုတဲ့ ဓာတ်သက်တွေဖြစ်ပေါ်ပုံ၊ နှောကိန်းတွေ ရရှိပုံ အဆင့်ဆင့် သိရပြီဘဲ။ ဒါကြောင့် စားကိန်းတွေဘက် ဆက်ကြရအောင်"

"*ပါပါ -ပါပါယ* **ပါပဓာတ်အင်း၏၊** *ဘာဂံ* **စားရာဖြစ်သော၊** *ကိန္ဒ* **ကိန်းသည်၊** *သညာ* (၇)ခုသည်၊ *ဟောတိ* **ဖြစ်၏။** *သူရာ သူရာယ* **သူရဓာတ်အင်း၏၊** *ဘာဂကိန္ဒ* **စားကိန်းသည်၊** *ဓေယျာ* (၁၈)ခုသည်၊ *ဟောတိ* **ဖြစ်၏။** *အမြိတ္တာ အမြိတ္တာယ* **အမြိတ္တဓာတ်အင်း၏၊** *ဘာဂကိန္ဒ* **စားကိန်းသည်၊** *မုနိ* (၅)ခုသည်၊ *ဟောတိ* **ဖြစ်၏။** *ကောလိ ကောလိယာ* **ကောလိဓာတ်အင်း၏၊** *ဘာဂကိန္ဒ* **စားကိန်းသည်၊** *နယေ* (၁၀)ခုသဲ့ျာသည်၊ *ဟောတိ* **ဖြစ်၏။** အဲဒီအပိုဒ်ပဲ အဘ"

"ဟုတ်ပြီ၊ စောစောတုန်းက အန္တော၊ ဂဇ္ဇော၊ စရော ဝံသောတို့ကို ဆိုင်ရာ ဂြိုဟ်သက်တွေနဲ့ ပေါင်းရသကွယ့်။ အခု စားကိန်းမှာကျတော့ ဂြိုဟ်သက်ကို မယူဘဲ အက္ခရာကို ယူရမှာ။ ဥပမာ **'စရေ' ဆိုရင် 'စ' အဂ်ါ စဆဇဈည (၅)လုံးနဲ့ 'ရေ' ရာဟု (ရ ဠ) (၂)လုံးပေါင်း။"**

ပါပ (ဝါယော) ⟹ **စ** → **စ,ဆ,ဇ,ဈ,ည** (၅) လုံး = ၅ + **ရေ** → **ရ, ဠ** (၂) လုံး = ၂

ပါပ စားကိန်း (၇) သညာ။

သူရဿ (တေဇော) ⟹ အ ဋ္ဌော

အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, ဩ
(၈)လုံး = ၈

+

တ, ထ, ဒ, ဓ, န, ဋ, ဌ, ဍ, ဎ, ဏ
(၁၀)လုံး = ၁၈

သူရဿ စားကိန်း (၁၈) ဇေယျာ။

အမြိတ္တ (အာပေါ) ⟹ ဝံ ဓေသ

ယ, လ, ဝ,
(၃)လုံး = ၃

+

သ, ဟ
(၂)လုံး = ၅

အမြိတ္တစားကိန်း (၅) မုနိ။

ကောလီ (ပထဝီ) ⟹ ဂ ဗ္ဗေ

က, ခ, ဂ, ဃ, င
(၅)လုံး = ၅

+

ပ, ဖ, ဗ, ဘ, မ
(၅)လုံး = ၁၀

ကောလီစားကိန်း (၁၀) နယော။

(အစင်အကြယ်
တွက်ပြီးဇယားပုံ)



"မှန်တယ် ငါ့ကပည့်၊ အဲဒီ စားကိန်း (၄)ခုဖြစ်တဲ့ သညာ၊ ဇေယျာ၊ မုနိ၊ နယေ ကို ရှေးပညာရှိကြီးတွေက (၄)လုံးစပ် လင်္ကာနဲ့ ညွှန်ပြတဲ့အခါ 'အောက်မှာခုနစ်၊ ထက်ဆယ့်ရှစ်နှင့်၊ စားလစ်မှန်စွာ၊ မြောက်မှာတစ်ဆယ်၊ တောင်ဝယ်တား ငါး၊ စားတို့အားဖြင့်' လို့ စပ်ဆိုညွှန်ပြခဲ့တယ်။ ဒါကိုလည်း တစ်လက်စတည်း ရအောင်မှတ်ထား၊ မောင်ဘုန်းမြင့်"

ကျွန်ုပ်သည် နှုတ်မှအာဂုံရွတ်လျက်မှတ်စုစာအုပ်ထဲသို့လိုအပ်သည်များရေးမှတ်ထားလိုက်၏။ အဘဆရာကြီးသည် မည်သို့မျှပြောလေ့မရှိဘဲ နှုတ်ဆိတ်စွာ ပြုံးကြည့်နေပါ၏။ စာအုပ်ထဲ၌ မှတ်သားသည်ထက် နှုတ်တိုက် အာဂုံ မှတ်မိအောင် လေ့ကျင့်ပေးသည်ဖြစ်၍ ယခုကဲ့သို့ နှစ်ပေါင်းများစွာ ကြာသည့်တိုင် မမေ့ခဲ့ခြင်းမှာ အဘဆရာကြီး ၏ အမြော်အမြင်ကြီးခြင်း၊ စေတနာကြီးခြင်းကြောင့်ပင် ဖြစ်ပါ၏။ အဘသည် ရေနွေးကြမ်းပူပူကို ဖြည်းဖြည်းချင်း မှုတ်သောက်လိုက်ပြီးနောက် -

"ကဲ ဒီတစ်ခါ တည်ကိန်းတွေဘက် သွားကြရအောင်ကွဲ့။ လိုက်ဆို၊ လိုက်မှတ်။ မူလ မူလဠ်တ ကိန္တ မူလ **အင်း၏ တည်ကိန်းသည်၊** *နတ္ထိ* **မရှိ၊** *အာဒိကိန္ဒ* **အာဒိအင်း၏ တည်ကိန်းသည်ကား၊** *ကေစတ္တာလီသက္ခရံ* (၄၁)**လုံးသော အက္ခရာသင်္ချာသည်၊** *ယောတိ* **ဖြစ်၏။** မဇ္ဈံ မဇ္ဈိုအင်း၏ တည်ကိန်းသည်၊ သူရိယ ယောဇနံ နေဝန်းယူဇနာ သင်္ချာ (၁၅၀) သည်၊ *ယောတိ* **ဖြစ်၏၊** *အဝသံ* **အဝသံအင်း၏ တည်ကိန်းသည်၊** စန္ဒရ ယောဇနံ လဝန်းသင်္ချာယူဇနာ (၁၄၇) သည်၊ *ယောတိ* **ဖြစ်၏။** အဓိပ္ပာယ်က အရှင်းသားပဲကွယ့်။ မူလအင်းမှာ တည်ကိန်း မရှိ တဲ့။ ဘယ်ရှိမလဲကွဲ့၊ မူလအက္ခရာက (**ဋ သ ည က**) ကရှိပြီးသားဥစ္စာ။ အာဒိတည်ကိန်းက (၄၁)၊ မဇ္ဈိုတည်ကိန်းက (၁၅၀)၊ အဝသံတည်ကိန်းက (၁၄၇)ဒါပဲမဟုတ်လားကွဲ့"

"ဟုတ်ကဲ့ပါ အဘ"

"မူလအတွက် တည်ကိန်းက ကောက်လို့ရတဲ့ မူလအက္ခရာလေးလုံးစာဖြစ်တဲ့ (***ဋ၊ သ၊ ည၊ က***)။ အာဒိအင်း အတွက် တည်ကိန်းက ***'က အစ အ' အဆုံး ဗျည်း (၃၃) လုံးနဲ့ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ'*** မူလသရ *(၈)*လုံး ပေါင်းလို့ရတဲ့ (၄၁)ဘဲကွဲ့။ ***အက္ခရာကနေ ယူလို့ရတာမို့ အက္ခရာပါဒကိန်း*** လို့ မှတ်ထား မောင်ဘုန်းမြင့်။ မဇ္ဈိုအင်းအတွက် တည်ကိန်း ကတော့ တခြားမဟုတ်ဘူး။ ***'နေမင်းရဲ့အချင်းယူဇနာ' (၅၀) ကို၊ ကိန်း(၃)တန်နဲ့ မြှောက်လို့ရတဲ့*** (၁၅၀)ပေါ့ကွယ်။ **နေမင်းက ရတာမို့ သူရိယမဏ္ဍလကိန်းလို့ ခေါ်တယ်။** အဝသံအင်းအတွက် ***'လမင်းရဲ့အချင်းယူဇနာ'***(၄၉)ကို ကိန်း (၃)တန်နဲ့ မြှောက်လို့ရတဲ့ သင်္ချာ (၁၄၇) ဟာ အဝသံအင်းရဲ့ တည်ကိန်းပေါ့ကွယ်။ ***လမင်းကရတဲ့သင်္ချာမို့လို့စန္ဒမဏ္ဍလကိန်း*** လို့ မှတ်ထားကွဲ့"

ကျွန်ုပ်သည် အဘဆရာကြီး ရှင်းပြသည်များကို အသေးစိတ် ဦးနှောက်ထဲ ရိုက်ထည့်မှတ်သား လိုက်ပါ၏။ ထို့ကြောင့်ပင် ရှေ့အခန်းများတွင် မူလ၊ အာဒိ၊ မဇ္ဈို၊ အဝသံ အင်းအသီးသီးကို တွက်ချက် ဖော်ထုတ်ရာ၌ အခက်အခဲ မရှိခဲ့ပါချေ။

ကျွန်ုပ်သည် အဘ ညွှန်ပြသော တည်ကိန်းအသီးသီးကို လွယ်လင့်တကူ မှတ်သားထားရန် အောက်ပါအတိုင်း မှတ်ထားလေ၏ -

မူလ ⟹ ၄ သ ည က ရပြီး၍ တွက်စရာမလို။

(အက္ခရာ ပါဒကိန်း)	အာဒိ	⟹	ဗျည်း (၃၃) + မူလသရ (၈)		=	၄၁
(သူရိယ မဏ္ဍလကိန်း)	မဇ္ဈိ	⟹	နေ၏ အချင်း ယူဇနာ (၅၀)	× ၃	=	၁၅၀
(စန္ဒြ မဏ္ဍလကိန်း)	အဝသံ	⟹	လ၏အချင်း ယူဇနာ (၄၉)	× ၃	=	၁၄၇

ထိုနေ့သည် မှတ်မှတ်ရရ တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်ပါသည်။ အဘ ဦးနန္ဒောဘာသသည် သင်လက်စ ကပ္ပလက်ာရကျမ်းကို ခေတ္တရပ်နားထားသည်မှာ ကျွန်ုပ်(၁၀)တန်းအောင်သည့် ကာလမှ စလျှင် (၃)လကျော်ကျော် ကြာခဲ့ပြီဖြစ်ပါသည်။ ထိုကာလတစ်လျှောက် ကျွန်ုပ်သည် ဗေဒင်ဟောပြောခြင်းဖြင့် မိဘနှစ်ပါးနှင့် အဘဆရာကြီးကို ကူညီပေးခဲ့ပါသည်။ အခြေအနေအရ ကျွန်ုပ် တက်ရောက်ခွင့်ရှိသော တက္ကသိုလ်ကို တက်ရောက်နိုင်စွမ်း မရှိခဲ့ပါချေ။ ကိုယ်တိုင်ကပင် ဗေဒင်ပညာရှင်၊ ဆေးပညာရှင် ဖြစ်လိုသည့်ဆန္ဒ ပြင်းပြခဲ့သည်ဖြစ်ရကား ယတိပြတ် ဆုံးဖြတ်ချက်နှင့် အတူ အဘဆရာကြီး ဦးနန္ဒောဘာသ၏ ပညာရိပ်ကို ဆက်လက်ခိုလှုံခဲ့ပါတော့သည်။

ကျွန်ုပ်တို့ မိသားစု နေထိုင်ရာ *တိုက်ကြီးမြို့၊ အိုးတန်းရပ်ကွက်၊ စိန်ကြီး(၁)လမ်း၊ အမှတ် (၁၈)နေအိမ်*၏ လမ်းအဆုံးသည် စိမ်းလန်းသောလယ်ကွင်းပြင်များ ဖြစ်ပြီး လယ်ကွင်းအစပ်မှ အနောက်ဘက် နေဝင်ရာ လှမ်းမျှော်ကြည့် ပါက ကျွန်ုပ် လောကီပညာရပ်များ သင်ကြားရာ '*ဇေယျဝတီကျောင်းတိုက်*'တည်ရှိပါသည်။ နွေရာသီကျောင်းပိတ်ရက် များတွင် ဗုဒ္ဓဘာသာ အခြေခံများ၊ ဆယ်စောင်တွဲ စသည်ဖြင့် သင်ကြားခဲ့ရာမှ ကျွန်ုပ်၏ ဉာဏ်ရည် ထက်မြက်ခြင်းအပေါ် အဘဆရာကြီး ဦးနန္ဒောဘာသမှ နှစ်ခြိုက်ခဲ့၍ ဆရာတော်ထံမှ အခွင့်တောင်းကာ လောကီပညာရပ်များကို အမွေခံ သင်ကြားပေးခဲ့ပါသည်။ နံနက်ကျောင်းတက်၊ ညနေ ပညာသင်၊ စနေ၊ တနင်္ဂနွေ မိဘကူ၊ ညဘက် စာကျက်စာအံဖြင့် ယခု ကျွန်ုပ် (၁၀)တန်း အောင်ခဲ့ပြီဖြစ်၏။

တစ်နေ့တာလုံး ကျောင်းဝင်းအတွင်း အလှူဒါနများ စည်ကားသည်ဖြစ်ရာ ကျွန်ုပ်သည် ကျောင်းဝေယျာဝစ္စ များအပြီး ညဘုရားဝတ်တက်ပြီးမှ အဘထံ ရောက်ခဲ့၏။ အဘဆရာကြီးသည် ကျွန်ုပ်အား သူ၏ ရှေးဟောင်းနှောင်းဖြစ်များကို ခေတ္တခဏ ပြောဆိုပြီးနောက် သင်ပြီးသမျှ သင်ခန်းစာများကို လက်တန်းမေးကာ ကျွန်ုပ်အား ဖြေဆိုစေခဲ့၏။ ကျေနပ်လောက်မှ -

"မောင်ဘုန်းမြင့်၊ အသင့်ဖြစ်ရင် ဆက်ကြရအောင်။ ကဲ စမယ်။ *အာဒိကိန္နံ* **အာဒိကိန်း** (၄၁) ခုကို၊ *ဋ္ဌိတံကတွာ* **တည်သည်ပြု၍၊** **မေသာဒိ** **မိဿစသော (၁၂) ရာသီ၏၊** *ကုဋ္ဌိတနက္ခတ္တံ* **အလိုရှိသော စတုရပါဒ်စန်းနက္ခတ်ကို၊** *စုတံကတွာ* **နှော၍၊** *အာဒိပတ္တေဌာနေ* **အာဒိရောက်ရာလေးဖြာသောအင်းဌာနတွင်၊** *စုတံကတွာစ* **နှောရာကိန်းကို နှောပြန်၍လည်း၊** *ဘာဂံ ဘာဂေန* **စားရာသောကိန်း၏ စားကိန်းဖြင့်၊** *နာဂ နာမေသု* **နဂါးနံအက္ခရာတို့နှိုက် (၀ါ) နဂါးနံအက္ခရာတို့တွင်၊** *ဂဏေတွာ* **ထွက်ဝင်ရေတွက်၍၊** *ပတ္တော* **ကျရောက်သောအက္ခရာကို၊** *ဂဟိတော* **ယူအပ်၏-** **အာဒိတည်ကိန်း အက္ခရာပါဒ** (၄၁)ကိုတည်၊ လိုတဲ့ လ ရဲ့ စန်းယှဉ်နက္ခတ်လုံးရေကို နှော။ သက်ဆိုင်ရာနှောကိန်း ထည့်ပေါင်း၊ စားကိန်းနဲ့စား။ အကြွင်းရမယ်။ ဒီအထိက တွက်ရတာ လွယ်သကွယ့်။ တကယ် မျက်စေ့လည် လမ်းပျောက်သွားတတ်တာက *နာဂနာမေသု* **နဂါးနံအက္ခရာတို့တွင်** *ဂဏေတွာ* **ထွက်ဝင်ရေတွက်၍** ဆိုတာပဲကွယ့် ။ အဘ သေသေချာချာ ပြပေးမယ်။ မပူနဲ့ "

ကျွန်ုပ်မှ- "ဟုတ်ကဲ့ပါ အဘ" ဟုဖြေလိုက်ရာ အဘသည် အောက်ပါ အတိုင်း ဆက်၍ မှတ်စေပြန်ပါသည် -

"**ဝေမေဝ ဝေတံထာ** ထိုအာဒိအင်းနှင့် **အတူလည်းကောင်း၊** *မဏ္ဍာဝသံ* **မဏ္ဍိုကိန်း၊ အဝသံကိန်းကို၊** *ဋ္ဌိတံကတွာ* တည်၍၊ *ပုဗ္ဗနယံ* **ရှေးနည်းအတိုင်း၊** *ဂဟိတော* **ရောနှော စား၍ ယူအပ်၏** ဆိုတော့ အာဒိအင်းတွက်နည်းအတိုင်း တွက်ရင် မဏ္ဍို၊ အဝသံတို့ကိုလည်း ရမယ်ပေါ့ကွယ်"

ကျွန်ုပ်သည် အဘဆရာကြီး ရှင်းပြသမျှ မလွတ်တမ်း နာယူနေမိ၏။ အဘမှ ဆက်၍

“မောင်ဘုန်းမြင့်၊ သူရဇ္ဇတေဇောအင်းကို စကြည့်ကြရအောင်။ (၁၂)ရာသီခွင်မှာ တေဇော (၃)အိမ်က ဘာတွေလဲ”

“မိဿ၊ သိဟ်၊ ဓနုပါ အဘ”

“မြန်မာလ အခေါ်ကကော”

“တန်ခူးလ၊ ဝါခေါင်လနဲ့၊ နတ်တော်လပါအဘ”

“အိမ်း ဟုတ်သကွဲ၊ စန်းယှဉ်နက္ခတ်တွေကကောကွယ်”

“တန်ခူးလမှာ စန်းယှဉ်နက္ခတ် (၁)လုံးနဲ့ (၂)လုံး။ ဝါခေါင်လမှာ စန်းယှဉ်နက္ခတ်က (၁၀)လုံးနဲ့ (၁၁)လုံး။ နောက်ပြီး နတ်တော်လမှာတော့ စန်းယှဉ်နက္ခတ် (၁၉)လုံးနဲ့ အလုံး (၂၀) ပါအဘ”

“ဟာ. . . မြန်လှချည်လား မောင်ဘုန်းမြင့်၊ ဘယ်လိုများ မှတ်ထားတာတုံး”

ဟု အဘမှ ရုတ်တရက် မေးလိုက်ရာ -

“(၉)လုံးစီ တိုးသွားတာပါ အဘ” ဟု ကျွန်ုပ်မှ ပြန်၍ဖြေလိုက်၏။

“ဘာဖြစ်လို့ (၉)လုံးစီ တိုးရသလဲ”

“တစ်ရာသီမှာ နက္ခတ် (၂)လုံးနဲ့ (၁)ပါဒ် ရှိတယ်လေ အဘ။ မိဿကနေ သိဟ်။ သိဟ်ကနေ ဓနု (၄)ရာသီစီ ခြားနေတော့ (၂)လုံး (၁)ပါဒ် အမြောက် (၄) = (၂$\frac{၁}{၄}$×၄)စုစုပေါင်း နက္ခတ် (၉)လုံးစီ ခြားနေတော့တာပေါ့ အဘ”

“အဲဒီလို ဖြတ်ထိုးဉာဏ်ပြေးတာကိုက မောင်ဘုန်းမြင့်ရဲ့ ပါရမီလို့ ပြောရမှာဘဲ။ အရှင်းဆုံး ဝန်ခံရရင် အဘတောင်မှ မောင်ဘုန်းမြင့်အရွယ်မှာ အဲဒီလောက် မမြင်မိဘူး။ ဒီတော့ကာ. . . နာဂ နာမေသု နဂါးနံအက္ခရာတို့တွင် ဆိုတာ ရှင်းပြဖို့ သူရဇ္ဇမာတ်အိမ်ချ။ (၂၄)လုံး အက္ခရာတွေကို မာတ်လှည့်ညီအောင်ချပြီးရင် အဘကိုပြော”

“ဟုတ်ကဲ့ပါ အဘ”



"ဟုတ်ပြီကွဲ၊ သေသေချာချာကြည့် မောင်ဘုန်းမြင့်၊ မူလအကွက်ထဲမှာ မူလအက္ခရာ '၎ သ ဉ တ' ပါပြီး သားဆိုတော့ ထပ်တွက်စရာ မလိုပေမယ်လို့ -

၎	→	သူရွှ	(တေဇော)
သ	→	အမြိတ္တ	(အာပေါ)
ဉ	→	ပါပ	(ဝါယော)
တ	→	ကောလိ	(ပထဝီ)

ခါတ်အိမ်အညီ၊ ခါတ်လှည့်အစီမှန်ဖို့ အရေးကြီးတယ်။ မူလပြီးတဲ့အခါ အာဒိအိမ်၊ မဇ္ဈအိမ်၊ အဝသံ အိမ် (၃)အိမ်မှာ ရှိတဲ့ နာဂနာမေသု နဂါးနံအက္ခရာတို့တွင် ဆိုတဲ့ အညွှန်းအရ နဂါးနံတွေကို ဝိုင်းကြည့်လိုက် မောင်ဘုန်းမြင့်"

ကျွန်ုပ်သည် အာဒိ၊ မဇ္ဈ အဝသံအိမ်(၃)အိမ်မှ နဂါးနံဟုဆိုအပ်သော '၎ ဌ ဍ ဎ ဏ၊ တ ထ ဒ ဓ န' တို့ကို ရှာ၍ ဝိုင်းလိုက်လေ၏။



"အဲဒီတော့ မောင်ဘုန်းမြင့်၊ မြင်အောင်ကြည့်နော်။ သူရဿတေဇောအင်း၊ အမြိတ္တ အာပေါအင်း၊ ပါပဝါယောအင်း၊ ကောလိပထဝီအင်း ဘယ်လိုခါတ်အင်းကိုပဲ ချချ။ မောင်ဘုန်းမြင့် ဝိုင်းထားတဲ့ နဂါးနံတွေကို ဖယ်ကြည့် လိုက်ရင် မူလအကွက်မှာ 'ဋ္ဌ သ ည က' ပုံသေရှိပြီး

- အာဒိမှာ ခ၊ ဆ၊ ဟ (၃)လုံးပုံသေ *(နဂါးနံတစ်လုံးပျောက်)*၊
- မဇ္ဈမှာ ဂ၊ ဇ၊ သ (၃)လုံးပုံသေ *(နဂါးနံတစ်လုံးပျောက်)*၊
- အဝသံမှာ ယ၊ ဈ၊ ဟ (၃)လုံးပုံသေ *(နဂါးနံတစ်လုံးပျောက်)*. . . ဆိုတာ ထင်ထင်ရှားရှား တွေ့ရမယ်ကွယ့်။ ပျောက်နေတဲ့ နဂါးစမ ကို ရအောင်ရှာပြီး သတ်တဲ့ နဂါးစမ သတ်တဲ့နည်း။ ဒါကို ရှေးဆရာ ဆရာကြီးတွေက ဒီလို ညွှန်ပြခဲ့သကွဲ့။ လိုက်ဆို. . ."

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒာဘာသ နှုတ်တိုက်ချပေးသမျှကို နှုတ်မှ အလွတ်ရအောင် လိုက်ဆိုပြီး နောက် အောက်ပါအတိုင်း အလွတ် ရေးချလိုက်၏ -

"အာကာတစ်ခွင်၊ ထက်ကောင်းကင်၊ အလျှင်သိန္ဒော့ရောက်။ ရှစ်သောင်းတစ်ခွင်၊ လေးထောင်တွင်၊ အလျှင်နဂါးရောက်။ တစ်လုံးပျောက်မှာ၊ အကွက်ရာ၊ ပညာရှာ၍ကောက်။ ကရဏီယအောက်၊ ဝလေးထောက်၊ ရှင်ကြီး ထီးနှင့်ပျောက်။ ထို့နောက်မှန်စွာ၊ အကွက်ရာ၊

ပညာဖွေဆနောက်။ တစ်ယောက်သူမှန်၊ ပြည်နိဗ္ဗာန်၊ အမှန်တစ်လုံးရောက်။
တောက်လေပညာ၊ ရှေ့နောက်ရှာ၊ လမ်းမှာတစ်လုံးပျောက်။ ။

တစ်ကား ဝဋ္ဋုန်၊ နှစ်တုံကား ကျား၊ သုံးကား ခြသေ့်၊ လေးကား ဆဋ္ဌန်၊ ငါးမှန်ကား ကြွက်၊ ခြောက်ချက်ပူးနံ၊ ခုနစ်တန် နဂါး၊ ရှစ်ကား ဟိုင်းပင်၊ ကိုးလျှင်နဝ၊ ကိတ်နံရ၏၊ ယူထအက္ခရာ၊ လေးလုံးစာကို၊ သိသာခြားနား၊ ကျိုးကြောင်းအားဖြင့်၊ လေးပါးသိဒ္ဓိ၊ ပြီးခေါင်ထိသည်၊ ကြီးဘိတေဇ တန်ခိုးတည်း။

လောကီသိပ္ပ၊ လိုလားကြ၍၊ လုံ့လပြီးထူ၊ ရှာမှီးသူတို့၊ ဝေဘူဘိုးနက်၊ မြတ်မျိုးပြက်သို့၊ နှစ်သက်ကြည်ဖြူ၊ နှလုံးမူလျက်၊ မှတ်ယူသုံးဆောင်ကြစေကုန်သတည်း။ ”

“အခုတစ်ခါ မောင်ဘုန်းမြင့်ရေ၊ ကျမ်းပြုဆရာက ယေဘုယျသဘော ပြဆိုထားပေမယ့် ဖြည်ရတော်တော်ခက်ခဲတဲ့ စကားလုံးကို အဘရှင်းပြမယ်။ ဘာတဲ့ နာဂနာမေသု နဂါးနံအက္ခရာတို့တွင် အဲဒါက အခုပဲ ရှင်းပြပြီးသား။ ဂဏေတွာ ထွက်ဝင်ရေတွက်၍ အဲဒါ ဆိုးတာ။ ‘ဘယ်က ထွက်လို့ ဘာကို ဝင်ရမှာလဲ’။ အဘတို့ ငယ်ငယ်တုန်းက သူငယ်ချင်းတွေနဲ့ ‘ထသတ်ကြတဲ့အထိ၊ သေသာသေရော မခေါ်မပြောကြတဲ့အထိ၊ သဘောကွဲလွဲခဲ့ကြတယ်။ အခု မောင်ဘုန်းမြင့်ကို အဘ ပြပေးမှာက အဘကိုယ်တိုင် အကြိမ်ကြိမ် လွဲခဲ့ပြီးမှ ကျမ်းရင်းကြီးထဲက အဖြေနဲ့ ညီသွားတာ။ အဘ ပြောတာ ရှင်းပြတာကို ကိုယ်တွေ့နဲ့ တိုက်ကြည့် ဖို့ အရေးကြီးတယ်။ စောစောတုန်းက သူရဿဓာတ်အိမ် ပြန်ချ”



ကျွန်ုပ်သည် အထက်ပါ သူရဿတေဇောဓာတ်အိမ်ကို အဘအား ပြလိုက်၏။ အဘမှ သေချာစွာ စစ်ဆေးကြည့် လိုက်ပြီးနောက် -

"မောင်ဘုန်းမြင့် ပိုင်းထားတဲ့ နဂါးနံတွေရဲ့ ဦးတည်ရာ၊ ရှင်းအောင် ပြောရရင် လားရာပေါ့ကွယ်။ သေသေ ချာချာကြည့်။ အာဒိ ခ၊ ဆ၊ ဌ၊ တ၊ န၊ ဟ ခြောက်လုံးဟာ 'ခ'ကနေ 'ဟ'ကို ဦးတည်နေလို့ ဌ၊ တ၊ န အပေါ်မှာ မြှားပစ်ထား။ ဒီလိုကွဲ ဌ တ န။ အဲ မဇ္ဈိမှာကျတော့ ဂ၊ ဇ၊ ဉ၊ ထ၊ သ ငါးလုံးဟာ 'ဂ' ငယ်ကနေ 'သ'ကို ဦးတည်နေလို့ လားရာအရ ထ ဉ လို့ မြှားပစ်ထား။ နောက်ဆုံး အဝသံမှာလည်း ဒီလိုဘဲ။ 'ယ' ကနေ 'ဟ' ကို ဦးတည်နေတဲ့ အတွက် ပ ဒ လို့ မြှား ပစ်ထားရမယ်။ ဒီနဂါးနံအကွက်ရာတွေဟာ မြှားရဲ့လားရာအတိုင်း ထွက်သွားကြတယ်။ တွက်ကိန်း အကြွင်းအတိုင်း လားရာဘက်ကို ထွက်ပြီးရေတွက်။ အကြွင်းကျန်သေးရင် အစကနေ ပြန်ဝင်၊ မြှားအတိုင်း ပြန်ထွက်၊ ဒါကို ဂဏေတွာ ထွက်ဝင်ရေတွက်၍ လို့ ပြဆိုထားတယ်"



"မှန်သွားပြီ မောင်ဘုန်းမြင့်ရေ။ *နဝဂ နဝမေသု* **နဂါးနံအကွက်ရာတို့တွင်**၊ *ဂဏေတွာ* **ထွက်ဝင်ရေတွက်၍** အထိ အဘရှင်းပြပြီးပြီ။ ဒီအဆင့်ကနေ အဆင့်ဆင့် တွက်ယူပြီး ပတ္တော ကျရောက်သော အကွက်ရာကို၊ *ဂဟိတော* **ယူအပ်၏** ဆိုတဲ့ အပိုင်းကို နောက်နေ့မှပဲ ဆက်ရှင်းရအောင်" ဟုပြောကာ အဘသည်အနားယူရန်ပြင်လိုက်လေသဖြင့် ကျွန်ုပ်က -

"ဟုတ်ကဲ့ပါ အဘ" ဟုပြန်၍ဖြေလိုက်ပါသည်။

ကျွန်ုပ်သည် အဘဆရာကြီးအား အိပ်ရာဝင် ဝတ်ဖြည့်ပြုစုနေရင်း သင်ပြီးသမျှသော စာများကို နှုတ်မှ ရွတ်ဆိုလျက် ရှိ၏။ အဘဆရာကြီးက မှေးစက်နားထောင်ရင်း အသံထွက်မှအစ၊ အမှားဟူသမျှကို စိတ်ရှည်စွာ ပြင်ပေးပါ၏။

ကျွန်ုပ်သည် နောက်နေ့များတွင် သင်ယူရမည့် ကပ္ပလက်ာရသင်ခန်းစာများကို စိတ်စောနေမိ၍ အိပ်ရာဝင်ချိန် ၌ လပြည့်ဝန်းကြီးသည် ကောင်းကင်ယံအလယ်သို့တိုင် ရောက်ခဲ့ချေ၏။

"မောင်ဘုန်းမြင့်၊ အဆင်သင့်ဖြစ်ရင် ရှေ့ဆက်ကြရအောင်။ ဒီတစ်ခါကျတော့ ရှေ့မှာ သင်ခဲ့ရတဲ့ တည်ကိန်း (၃)ကိန်းကို ပြန်သတိရစမ်း။ ကဲ. . . . ပြော"

"ဟုတ်ကဲ့ပါ အဘ၊ အာဒိတည်ကိန်းက အကျွရာပါဒကိန်း (၄၁)၊ မဇ္ဈိ တည်ကိန်းက သူရိယမဏ္ဍလကိန်း (၁၅၀) နဲ့ အဝသံတည်ကိန်းကတော့ စန္ဒြမဏ္ဍလကိန်း (၁၄၇) ပါ အဘ"

"ဟုတ်ပြီကွဲ့။ ဒါဆို အဘထပ်မေးရဦးမှာပေ့ါ။ ပါပ၊ သူရဋ္ဌ၊ အမြိတ္တ၊ ကောလီ မာတ်အိမ်တို့ရဲ့ မာတ်သက်၊ နှောကိန်း၊ စားကိန်းတွေကို. . ."

"မှတ်မိပါတယ် အဘ။ *ပါပမာတ်သက်* ဗာဝီသ *(၂၂)*၊ *ပါပနှောကိန်း* ရဝိ *(၄၂)*၊ *ပါပစားကိန်း*သညာ *(၇)*။ သူရဋ္ဌမာတ်သက် ဒွါဒသ (၁၂)၊ သူရဋ္ဌနှောကိန်း ဒိဋ္ဌာ (၂၈)၊ သူရဋ္ဌစားကိန်း ဇေယျာ (၁၈)။ *အမြိတ္တမာတ်သက်* သောဠသ (၁၆)၊ *အမြိတ္တနှောကိန်း* ဇိတာ (၆၈)၊ *အမြိတ္တစားကိန်း* မုနိ (၅)။ ကောလီမာတ်သက် တိံသ (၃၀)၊ ကောလီနှောကိန်း နာမံ (၅၀)။ ကောလီစားကိန်း ကတော့ နယေ (၁၀) ပါ အဘ"

အဘဆရာကြီးသည် ကျွန်ုပ် ရွတ်ပြသမျှကို မျက်စိမှိတ် နားထောင်ရင်း ခေါင်းတငြိမ့်ငြိမ့်ဖြင့် ကျေနပ်အားရ နေပုံ ပေါ်ပါသည်။ ပြီးမှ -

"အခု 'မိဿ' အစ 'မိန်' အဆုံး ရာသီ (၁၂) ပါးမှာရှိတဲ့ စန်းယှဉ်နက္ခတ်ကနေ ဆိုင်ရာ မာတ်အင်းတွေ တွက်ထုတ်ကြရအောင်"

ဟု ဆိုကာ အောက်ပါအတိုင်း တစ်လုံးပျောက်နေသော နဂါးစမကို အသေသတ် နည်း ကိုပြသခဲ့လေတော့၏ -

(က) မိဿ၊ သိဟ်၊ ဓနု တေဇော (၃) အိမ်အတွက် သူရဿ တေဇောအင်းများ

(၁) မိဿရာသီ (တန်ခူး လ) စန်းယှဉ်နက္ခတ် ၁/၂



(က) အာဒိတည် ၄၁

စန်း ၁

အမြိတ္တနှော ၆၈

အမြိတ္တစား ၅ | ၁၁၀ / ၁၁၀ | ၂၂

၀ ကြွင်း

(၅) ကြွင်းဟုယူ

→ (ဌ တ န)

စန်း ၁ (၅ကြွင်း) → တ

စန်း၂ (၁ ကြွင်း) → ဌ

(ခ) မဏ္ဍိတည် ၁၅၀

စန်း ၁

ကောလိနှော ၅၀

ကောလိစား ၁၀ | ၂၀၁ / ၂၀၀ | ၂၀

၁ ကြွင်း

← (ထ ဍ)

စန်း ၁ (၁ကြွင်း) → ဍ

စန်း၂ (၂ ကြွင်း) → ထ

(ဂ) အဝသံတည်၁၄၇

စန်း ၁

ပါပနှော ၄၂

ပါပစား ၇ | ၁၉၀ / ၁၄ | ၂၇

၅၀

၄၉

၁ ကြွင်း

→ (ပ ဒ)

စန်း ၁ (၁ကြွင်း) → ပ

စန်း၂ (၂ ကြွင်း) → ဒ



တန်ခူးလ သူရဿတေဇော (၂) အင်း

---

(၂) သိဟ်ရာသီ (ဝါခေါင်လ) စန်းယှဉ်နက္ခတ် ၁၀/၁၁



(က) အာဒိတည် ၄၁
စန်း ၁၀
အမြိတ္တနော ၆၈
အမြိတ္တစား ၅ | ၁၁၉ | ၂၃
၁၁၅
၄ ကြွင်း

(၄ၟ တ နံ) →
စန်း ၁၀ (၄ကြွင်း) → ၄ၟ
စန်း၁၁ (၅ ကြွင်း) → တ

(ခ) မရွှံတည် ၁၅၀
စန်း ၁၀
ကောလိနော ၅၀
ကောလိစား ၁၀ | ၂၁၀ | ၂၁
၂၁၀
၀ ကြွင်း
၀ ကြွင်း၍ ၁၀ ကြွင်းဟုယူ

(ထ due) ←
စန်း ၁၀ (၁၀ကြွင်း) → ဍ
စန်း၁၁ (၁ ကြွင်း) → ဍ

(ဂ) အဝသံတည် ၁၄၇
စန်း ၁၀
ပါပနော ၄၂
ပါပစား ၇ | ၁၉၉ | ၂၈
၁၉၆
၃ ကြွင်း

(ပ ဒ) →
စန်း ၁၀ (၃ကြွင်း) → ပ
စန်း၁၁ (၄ ကြွင်း) → ဒ





ဝါခေါင်လ သူရဿတေဇော (၂) အင်း

(၃) ဓနုရာသီ (နတော်လ) စန်း ယှဉ်နက္ခတ် ၁၉/၂၀



(က) အာဒိတည် ၄၁
စန်း ၁၉
အမြိတ္တနှော ၆၈
အမြိတ္တစား ၅ | ၁၂၈ / ၁၂၅ | ၂၅
၃ ကြွင်း

→ ဌ တ န

စန်း ၁၉ (၃ကြွင်း) → န
စန်း ၂၀ (၄ ကြွင်း) → ဌ

(ခ) မဏ္ဍိုတည် ၁၅၀
စန်း ၁၉
ကောလီနှော ၅၀
ကောလီစား ၁၀ | ၂၁၉ / ၂၁၀ | ၂၁
၉ ကြွင်း

← ထ ဍ

စန်း ၁၉ (၉ ကြွင်း) → ဍ
စန်း ၂၀ (၁၀ ကြွင်း) → ထ

(ဂ) အဝသံတည် ၁၄၇
စန်း ၁၉
ပါပနှော ၄၂
ပါပစား ၇ | ၂၀၈ / ၁၄ | ၂၉
၆၈
၆၃
၅ ကြွင်း

→ ပ ဒ

စန်း ၁၉ (၅ ကြွင်း) → ပ
စန်း ၂၀ (၆ ကြွင်း) → ဒ



နတ်တော်လ သူရဿတေဇော (၂) အင်း

(စ) ပြိဿ၊ ကန်၊ မကာရ၊ အာပေါ (၃)အိမ်အတွက် အမြိတ္တအာပေါအင်းများ

(၄) ပြိဿရာသီ (ကဆုန်လ) စန်းယှဉ် နက္ခတ် ၃/၄



(တောင်၊မြောက်၊ အောက်၊ ထက်၊ ဝိထိကောက်)



(အမြိတ္တ - ဝံသေ ဓါတ်အိမ် အစင် အကြယ်ဓါတ်လှည့်ချပြီးပုံ)

(က) အာဒိတည် ၄၁
စန်း ၃
ကောလီနှော ၅၀
ကောလီစား ၁၀ | ၉၄ | ၉
၉၀
၃ ကြွင်း

←
နတဌ

စန်း ၃ (၄ကြွင်း) → ဌ
စန်း ၄ (၅ ကြွင်း) → တ

(ခ) မဇ္ဈုံတည် ၁၅၀
စန်း ၃
ပါပနှော ၄၂
ပါပစား ၇ | ၁၉၅ | ၂၇
၁၄
၅၅
၄၉
၆ ကြွင်း

ဍ
ထ
↓

စန်း ၃ (၆ ကြွင်း) → ထ
စန်း ၄ (၇ ကြွင်း) → ဍ

(ဂ) အဝသံတည် ၁၄၇
စန်း ၃
သူရဿနှော ၂၈
သူရဿစား ၁၈ | ၁၇၈ | ၉
၁၆၂
၁၆ ကြွင်း

ဓ
ပ
↑

စန်း ၃ (၁၆ ကြွင်း) → ဓ
စန်း ၄ (၁၇ ကြွင်း) → ပ



စန်းယှဉ်နက္ခတ် (၃) လုံး



စန်းယှဉ်နက္ခတ် (၄) လုံး

ကဆုန်လ အမြိတ္တ အာပေါ (၂) အင်း

(၅) ကန်ရာသီ (တော်သလင်းလ) စန်းယှဉ် နက္ခတ် ၁၂/၁၃



(တောင်မြောက်၊ အောက်၊ ထက်၊ ဝိဟိကောဏ်)



(အမြိတ္တ - ဝံသေ ဓါတ်အိမ်
အစင်အကြယ်ဓါတ်လှည့်ချပြီးပုံ)

(က) အာဒိတည် ၄၁
စန်း ၁၂
ကောလီနှော ၅၀
ကောလီစား ၁၀ | ၁၀၃ / ၁၀၀ | ၁၀
၃ ကြွင်း



စန်း ၁၂ (၃ကြွင်း) → န
စန်း ၁၃ (၄ ကြွင်း) → ဍ

(ခ) မဇ္ဈုတည် ၁၅၀
စန်း ၁၂
ပါပနှော ၄၂
ပါပစား ၇ | ၂၀၄ / ၁၄ / ၆၄ / ၆၃ | ၂၉
၁ ကြွင်း



စန်း ၁၂ (၁ ကြွင်း) → ဍ
စန်း ၁၃ (၂ ကြွင်း) → ထ

(ဂ) အဝသံတည် ၁၄၇
စန်း ၁၂
သုရဗ္ဗနှော ၂၈
သုရဗ္ဗစား ၁၈ | ၁၈၇ / ၁၈၀ | ၁၀
၇ ကြွင်း



စန်း ၁၂ (၇ ကြွင်း) → ပ
စန်း ၁၃ (၈ ကြွင်း) → ဒ



စန်းယှဉ်နက္ခတ် (၁၂) လုံး



စန်းယှဉ်နက္ခတ် (၁၃) လုံး

တော်သလင်းလ အမြိတ္တ အာပေါ (၂) အင်း

(၆) မကာရ ရာသီ (ပြာသိုလ) စန်းယှဉ် နက္ခတ် ၂၁/၂၂



(တောင်၊မြောက်၊ အောက်၊ ထက်၊ ဝီထိကောက်)



(က) အာဒိတည် ၄၁

စန်း ၂၁

ကောလိနွှော ၅၀

ကောလိစား ၁၀ | ၁၁၂ / ၁၁၀ | ၁၁

၂ ကြွင်း

← နတဌ

စန်း ၂၁ (၂ ကြွင်း) → တ

စန်း ၂၂ (၃ ကြွင်း) → န

(ခ) မဏ္ဍူတည် ၁၅၀

စန်း ၂၁

ပါပနွှော ၄၂

ပါပစား ၇ | ၂၁၃ / ၂၁၀ | ၃၀

၃ ကြွင်း

ဍ / ထ ↓

စန်း ၂၁ (၃ ကြွင်း) → ဍ

စန်း ၂၂ (၄ ကြွင်း) → ထ

(ဂ) အဝသံတည် ၁၄၇

စန်း ၂၁

သူရဋ္ဌနွှော ၂၈

သူရဋ္ဌစား ၁၈ | ၁၉၆ / ၁၈၀ | ၁၀

၁၆ ကြွင်း

ဒ / ပ ↑

စန်း ၂၁ (၁၆ ကြွင်း) → ဒ

စန်း ၂၂ (၁၇ ကြွင်း) → ပ



စန်းယှဉ်နက္ခတ် (၂၁) လုံး



စန်းယှဉ်နက္ခတ် (၂၂) လုံး

ပြာသိုလ အဖြိုက္ခ အာပေါ (၂) အင်း

(ဂ) ကြကန်၊ ဖြိုးခွာ၊ မိန် ပထဝီ (၃)အိမ်အတွက် ကောလိပထဝီအင်းများ

(၃) ကြကန် ရာသီ (ဝါဆိုလ) စန်းယှဉ် နက္ခတ် ၇/၈/၉





(က) အာဒိတည် ၄၁
စန်း ၇
ပါပနှော ၄၂
ပါပစား ၇ | ၉၀ ၈၄ | ၁၂
၆ ကြွင်း
ဌ တ န ↓

စန်း ၇ (၆ကြွင်း) → န
စန်း ၈ (၇ ကြွင်း) → ဌ
စန်း ၉ (၁ ကြွင်း) → ဌ

(ခ) မဇ္ဈိတည် ၁၅၀
စန်း ၇
သူရနွနှော ၂၈
သူရနွစား ၁၈ | ၁၈၅ ၁၈၀ | ၁၀
၅ ကြွင်း
ထ ဍ ↑

စန်း ၇ (၅ ကြွင်း) → ဍ
စန်း ၈ (၆ ကြွင်း) → ထ
စန်း ၉ (၇ ကြွင်း) → ဍ

(ဂ) အဝသံတည်၁၄၇
စန်း ၇
အမြိတ္တနှော ၆၈
အမြိတ္တစား ၅ | ၂၂၂ ၂၂၀ | ၄၄
၂ ကြွင်း
ပ ဒ →

စန်း ၇ (၂ ကြွင်း) → ဒ
စန်း ၈ (၃ ကြွင်း) → ပ
စန်း ၉ (၄ ကြွင်း) → ဒ



စန်းယှဉ် နက္ခတ် (၇)လုံး



စန်းယှဉ် နက္ခတ် (၈)လုံး



စန်းယှဉ် နက္ခတ် (၉)လုံး

ဝါဆိုလ ကောလီ ပထဝီ (၃) အင်း

(ဂ) ဗြိတ္တာရောသီ (တန်ဆောင်မုန်းလ) စန်းယှဉ် နက္ခတ် ၁၆/၁၇/၁၈



(မြောက်၊ အောက်၊ ထက်၊ တောင်ဆီထိကောက်)



(က) အာဒိတည် ၄၁
စန်း ၁၆
ပါပနေ့ ၄၂
ပါပစား ၇ | ၉၉ ၉၈ | ၁၄
၁ ကြွင်း

ဌ တ န ↓

စန်း ၁၆ (၁ကြွင်း) → ဌ
စန်း ၁၇ (၂ ကြွင်း) → တ
စန်း ၁၈ (၃ ကြွင်း) → န

(ခ) မဏ္ဍိုတည် ၁၅၀
စန်း ၁၆
သူရနေ့ ၂၈
သူရစား ၁၈ | ၁၉၄ ၁၈၀ | ၁၀
၁၄ ကြွင်း

ထ ဍ ↑

စန်း ၁၆ (၁၄ ကြွင်း) → ထ
စန်း ၁၇ (၁၅ ကြွင်း) → ဍ
စန်း ၁၈ (၁၆ ကြွင်း) → ထ

(ဂ) အဝသံတည် ၁၄၇
စန်း ၁၆
အမြိတ္တနေ့ ၆၈
အမြိတ္တစား ၅ | ၂၃၁ ၂၃၀ | ၄၆
၁ ကြွင်း

ပ ဒ →

စန်း ၁၆ (၁ ကြွင်း) → ပ
စန်း ၁၇ (၂ ကြွင်း) → ဒ
စန်း ၁၈ (၃ ကြွင်း) → ပ



စန်းယှဉ် နက္ခတ် (၁၆)လုံး



စန်းယှဉ် နက္ခတ် (၁၇)လုံး



စန်းယှဉ် နက္ခတ် (၁၈)လုံး

တန်ဆောင်မုန်းလ ကောလိ ပထဝီ (၃) အင်း

(၉) မိန်ရာသီ (တခေါင်းလ) စန်းယှဉ် နက္ခတ် ၂၅/ ၂၆/ ၂၇



(မြောက်၊ အောက်၊ ထက်၊ တောင်၊ဝီထိကောက်)



(က) အာဒိတည်	၄၁		(ခ) မဇ္ဈိတည်	၁၅၀		(ဂ) အဝသံတည်	၁၄၇	
စန်း	၂၅		စန်း	၂၅		စန်း	၂၅	
ပါပနေ့	၄၂		သူရှနေ့	၂၈		အမြိတ္တနေ့	၆၈	
ပါပစား ၇	၁၀၈	၁၅	သူရှစား ၁၈	၂၀၃	၁၁	အမြိတ္တစား ၅	၂၄၀	၄၈
	၁၀၅			၁၉၈			၂၄၀	
		၃ ကြွင်း			၅ ကြွင်း			၀ ကြွင်း ↓ ၅ ကြွင်း
	(ဋ တ န) ↓			(ထ ဍ) ↑			(ပ ဒ) →	

စန်း ၂၅ (၃ကြွင်း) → န
စန်း ၂၆ (၄ ကြွင်း) → ဋ
စန်း ၂၇ (၅ ကြွင်း) → တ

စန်း ၂၅ (၅ ကြွင်း) → ဍ
စန်း ၂၆ (၆ ကြွင်း) → ထ
စန်း ၂၇ (၇ ကြွင်း) → ဍ

စန်း ၂၅ (၅ ကြွင်း) → ပ
စန်း ၂၆ (၁ ကြွင်း) → ဒ
စန်း ၂၇ (၂ ကြွင်း) → ဒ



စန်းယှဉ် နက္ခတ် (၂၅)လုံး



စန်းယှဉ် နက္ခတ် (၂၆)လုံး



စန်းယှဉ် နက္ခတ် (၂၇)လုံး

တပေါင်းလ ကောလီ ပထဝီ (၃) အင်း

(ယ) ဓမထုန်၊ တူ၊ ကုမ်ဝါယော (၃) အိမ်အတွက် ပါပ ဝါယောအင်းများ

(၁၀) ဓမထုန်ရာသီ (နယုန်လ) စန်းယှဉ် နက္ခတ် ၅/၆





(က) အာဒိတည် ၄၁

စန်း ၅

သူရဿနော ၂၈

သူရဿစား ၁၈ | ၇၄ | ၄

၇၂

၂ ကြွင်း



စန်း ၅ (၂ ကြွင်း) → တ

စန်း ၆ (၃ ကြွင်း) → န

(ခ) မဏ္ဍုတည် ၁၅၀

စန်း ၅

အမြိတ္တနော ၆၈

အမြိတ္တစား ၅ | ၂၂၃ | ၄၄

၂၂၀

၃ ကြွင်း



စန်း ၅ (၃ ကြွင်း) → ဍ

စန်း ၆ (၄ ကြွင်း) → ထ

(ဂ) အဝသံတည် ၁၄၇

စန်း ၅

ကောလိနော ၅၀

ကောလိစား ၁၀ | ၂၀၂ | ၂၀

၂၀၀

၂ ကြွင်း

စန်း ၅ (၂ ကြွင်း) → ဒ

စန်း ၆ (၃ ကြွင်း) → ပ



စန်းယှဉ် နက္ခတ် (၅)လုံး



စန်းယှဉ် နက္ခတ် (၆)လုံး

နယုန်လ ပါပ ဝါယော (၂) အင်း

---

(၁၁) တူရာသီ (သီတင်းကျွတ်လ) စန်းယှဉ် နက္ခတ် ၁၄/၁၅



(အောက်ထက်တောင်မြောက်)



(က) အာဒိတည် ၄၀
စန်း ၁၄
သူရဋ္ဌနေ့ ၂၈
သူရဋ္ဌစား ၁၈ | ၈၃ / ၇၂ | ၄
၁၁ ကြွင်း



စန်း ၁၄ (၁၁ ကြွင်း)→ တ
စန်း ၁၅ (၁၂ ကြွင်း)→ န

(ခ) မဇ္ဈိတည် ၁၅၀
စန်း ၁၄
အမြိတ္တနေ့ ၆၈
အမြိတ္တစား ၅ | ၂၇၂ / ၂၇၀ | ၄၆
၂ ကြွင်း



စန်း ၁၄ (၂ ကြွင်း) → ထ
စန်း ၁၅ (၃ ကြွင်း) → ဍ

(ဂ) အဝသ်တည် ၁၄၇
စန်း ၁၄
ကောလီနေ့ ၅၀
ကောလီစား ၁၀ | ၂၀၁ / ၂၀၀ | ၂၀
၁ ကြွင်း



စန်း ၁၄ (၁ ကြွင်း) → ပ
စန်း ၁၅ (၂ ကြွင်း) → ဒ



စန်းယှဉ် နက္ခတ် (၁၄)လုံး



စန်းယှဉ် နက္ခတ် (၁၅)လုံး

သိတင်းကျွတ်လ ပါပ ဝါယော (၂) အင်း

(၁၂) ကုမ်ရာသီ (တပို့တွဲလ) စန်းယှဉ် နက္ခတ် ၂၃/ ၂၄



(အောက်ထက်တောင်မြောက်)



(က)		(ခ)		(ဂ)	
(က)အာဒိတည်	၄၁	(ခ) မဇ္ဈိုတည်	၁၅၀	(ဂ) အဝသံတည်	၁၄၇
စန်း	၂၃	စန်း	၂၃	စန်း	၂၃
သူရဋ္ဌနှော	၂၈	အမြိတ္တနှော	၆၈	ကောလိနှော	၅၀
သူရဋ္ဌစား ၁၈	၉၂ / ၉၀ ၅	အမြိတ္တစား ၅	၂၄၁ / ၂၄၀ ၄၈	ကောလိစား ၁၀	၂၂၀ / ၂၂၀ ၂၂
	၂ ကြွင်း		၁ ကြွင်း		၀ ကြွင်း ↓ ၁၀ ကြွင်း
	န တ ဌ ↑		→ ဒ ထ		← ဒ ပ

စန်း ၂၃ (၂ ကြွင်း) → တ
စန်း ၂၄ (၃ ကြွင်း) → န

စန်း ၂၃ (၁ ကြွင်း) → ဒ
စန်း ၂၄ (၂ ကြွင်း) → ထ

စန်း ၂၃ (၁၀ ကြွင်း)→ ဒ
စန်း ၂၄ (၁ ကြွင်း) → ပ



စန်းယှဉ် နက္ခတ် (၂၃)လုံး



စန်းယှဉ် နက္ခတ် (၂၄)လုံး

တပို့တွဲလ ပါပ ဝါယော (၂) အင်း

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသ သင်ပေးသည့်အတိုင်း ရာသီ (၁၂)ပါး၊ နက္ခတ် (၂၇) လုံး အသီးသီး အသက ပိုင်ဆိုင်ရာ နဂါးနံ စမ များကို အပိုင် ဖမ်းသတ်နိုင်ခဲ့ပြီး ခေတ်သွားအညီပိုင်နိုင်စွာရေးသွင်းနိုင်ခဲ့၏။ ထိုသို့ရေးသွင်းနိုင်ခဲ့ခြင်းမှာအကြိမ်ပေါင်း မရေတွက်နိုင်လောက်အောင် အဘက အထပ်ထပ်လေ့ကျင့်ပေးသောကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် အင်း စမပညာရပ်များ မည်မျှပင် ကွဲလွဲနေကြစေကာမူ မူရင်းအချုပ် ခေတ်ကြီး (၄)ပါး၊ ရာသီ (၁၂) ပါး၊ နက္ခတ် (၂၇)လုံး ပိုင်ဆိုင်ရာ စမ အက္ခရာများသည် ဘယ်နှစ်ကြိမ် တွက်သည်ဖြစ်စေ၊ တစ်ပုံစံတည်းသာ ထွက်လေတော့၏။

နောင်သောအခါ ကျွန်ုပ်သည်၊ ကျွန်ုပ် ရောက်လေရာ ဒေသ၏ လတ္တိကျူ၊ လောင်ဂျီကျူ၊ ဒေသစံတော်ချိန်များကို မူတည်၍ လိုအပ်သော နေ့၏ စန်းယှဉ်နက္ခတ်ကို တနလ်ာပြိုဟ်ဘုတ္တိမှ အစင်အကြယ် တွက်ယူကာ ကပ္ပလက်ာရကျမ်း ညွှန်းအတိုင်း လေ့ကျင့်ကြည့်ပါသည်။ နက္ခတ် (၂၇) လုံးစလုံး မပြည့်စုံသေးပါပေ။ ကြိုးစားဆဲ၊ လေ့ကျင့်ဆဲပင် ဖြစ်ပါသည်။

"မောင်ဘုန်းမြင့်၊ မှတ်ရတာ ခက်ရဲ့လားကွယ့်"

"အောက်ခြေကနေတစ်ဆင့်ချင်း ကြေညက်အောင် လေ့ကျင့်ခဲ့လို့သိပ်ပြီး အခက်အခဲ မရှိပါဘူးအဘ" ဟု ကျွန်ုပ်မှ ဖြေလိုက်၏။

"ဒါဆို ဆက်သွားကြရအောင်။ နာဂနာမေသု နဂါးနံ့အက္ခရာတို့တွင်၊ ဂဏေတွာ ထွက်ဝင်ရေတွက်၍၊ ပတ္တော ကျရောက်သော အက္ခရာကို၊ ဂဟိတော ယူအပ်၏- ဆိုတဲ့အထိ မှတ်အိမ်အသီးသီးက နဂါးနံ့အက္ခရာတွေရဲ့ လားရာ မြားအတိုင်း အကြွင်းဂဏန်း အရေ အတွက်ရတဲ့အထိ ထွက်လိုက်ဝင်လိုက်ရေကြည့်။ အကြွင်းဂဏန်းအတိုင်း ရောက်တဲ့ နဂါးစမကို ဖမ်း၊ ဒါလည်း မောင်ဘုန်းမြင့် နားလည်ပြီးပြီဘဲ"

"ဟုတ်ကဲ့ပါ အဘ"

"ဝေမေဝ ဇဝံတထာ ထိုအာဒိအင်း အတူလည်းကောင်းလျှင်၊ မဇ္ဈာဝသံ မဇ္ဈိုကိန်း အဝသံကိန်းကို၊ ဌိတံကတွာ တည်၍၊ ပုဗ္ဗနယ် ရှေးနည်းအတိုင်း၊ ဂဟိတော ရောနှောစား၍ ယူအပ်၏။ ဒါကလည်း အရှင်းသားကဘဲ။ အာဒိအင်း တွက်သလို မဇ္ဈိ၊ အဝသံ တို့မှာလည်း ဆိုင်ရာ တည်ကိန်း စန်းနက္ခတ် နှောကိန်းအားလုံးပေါင်း။ ဆိုင်ရာ စားကိန်းနဲ့စား။ အကြွင်းအတိုင်း နာဂနာမေသု နဂါးနံ့အက္ခရာတွေမှာ ဂဏေတွာ ထွက်ဝင်ရေတွက်ပြီးဖမ်း။ ဒါလည်း မောင်ဘုန်းမြင့် တွက်တတ်သွားပြီ မဟုတ်လား"

"ဟုတ်ကဲ့ တွက်တတ်ပါပြီ အဘ"

"ဂဟိတေပန ယူပြီးသော်ကား၊ စတုပဒေသု ခက်မ(၄)ဖြာ၊ လေးလုံးစာကို သွင်းရာသော အင်းတို့တွင် (ဝါ)တို့၌၊ ဝိဒိသံ ထောင့်သန်း၊ ကုဏ္ဍပါဒံ ညီညာစတုရန်း ကြက်ခြေသန်း၍၊ စတုက္ခရံ ကောက်ရအက္ခရာလေးလုံးစာကို၊ သုဋ္ဌပေယျ လေးပါးမှတ်သွား မမှားညီကြောင်း ကောင်းစွာသွင်းထားရာ၏။ မဇ္ဈေဌာနေ အလယ်ကွက် (၄)ချက်သော အင်းဌာန၌၊ စတုပညာသု လေးခုအက္ခရာ လေးဖြာအာယု စတုပညာသအင်းကို၊ ပဝေသေ သွင်းရေးရာ၏။ ဒါကိုလည်း မောင်ဘုန်းမြင့် နားလည်ပြီးပြီဘဲ။ အဘ သတိပေးချင်တာက ကောက်ရစမအက္ခရာကို မှတ်သွားအညီ သွင်းတဲ့အခါမှာ -

ပါပ (ဝါယော)	စရေဖြစ်လို့ ဆ ဇ ဈ ည။
သူရ္ဍ (တေဇော)	အန္တောဖြစ်လို့ တ ထ ဒ နှ၊ နှ ဌ ဍ ဎ။
အမြိတ္တ (အာပေါ)	ဝံသောဖြစ်လို့ သ နဲ့ ဟ။
ကောလီ (ပထဝီ)	ဂဇ္ဇေဖြစ်လို့ တ၊ ခ၊ ဂ နဲ့ ဃ၊

စုစုပေါင်း (၁၈) လုံးသောအက္ခရာတွေ ပတ်လည်လှည့်နေတာကို တွေ့ရမယ်။ ဒီတော့ မောင်ဘုန်းမြင့်။ လေးကျွန်း တစ်မြင့်မိုရ် စာတ်အိမ် (၄)အိမ်ထဲ အက္ခရာသွင်းတာ မှတ်မိသေးလား"

"ဟုတ်ကဲ့ မှတ်မိပါတယ် အဘ။ မူလဌာနဒီကတွာ မူလဌာနေကာ အစပြု၍၊ ကကာရောဒိ န ကာရန္တံ 'က' အက္ခရာအစ၊ 'န' အက္ခရာအဆုံးရှိသော၊ ဝီသက္ခရံ နှစ်ဆယ်သော အက္ခရာ။ တတော ထို့နောင်မှ၊ ပုန တစ်ဖန်၊ သဟက္ခရံ 'သ' 'ဟ' အက္ခရာနှစ်လုံးကို၊ နိက္ခိတံ ချအပ်၏။ စုစုပေါင်း (၂၂)လုံးပါ အဘ။ 'သ' နဲ့ 'ဟ' ကို (၂)ခါ ထပ်ဖြည့်လိုက်လို့ သာ (၂၄)လုံး ဖြစ်နေလို့ 'က' နေရှစ်လုံး၊ ခြောက်လုံး 'န'မှာ၊ လက်ျာလက်ဝဲ၊ အမြဲပဋ္ဌ ဆိုပြီး (၂၄)လုံး ဆိုပေမဲ့ တကယ် သုံးထားတာက

- ပါပဝါယောအတွက် စ၊ ဆ၊ ဇ၊ ဈ၊ ည အင်္ဂါ (၅)လုံး
- သူရဗ္ဗတေဇောအတွက် ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န စနေ (၁၀)လုံး
- အမြိတ္တအာပေါအတွက် သ၊ ဟ သောကြာ (၂)လုံးနဲ့
- ကောလီပထဝီအတွက် က၊ ခ၊ ဂ၊ ဃ၊ င တနင်္လာ (၅)လုံး စုစုပေါင်း(၂၂)လုံးပါ အဘ"

"မှန်တယ် ငါ့တပည့်။ ဒီ (၂၂)လုံးသောအက္ခရာတွေကို နက္ခတ် (၂၇)လုံးနဲ့ လှည့်ဖြတ်လိုက်တာပတ်လည် (၁၈)လုံးပဲအသုံးပြုတော့ကာ အသုံးမပြုဘဲ လွတ်နေတာ နှစ်ဆယ့်နှစ်လုံးထဲက ဆယ့်ရှစ်လုံး နှုတ်တော့"

"လေးလုံးကျန်ပါတယ် အဘ"

"ကဲ ပြောစမ်း၊ ဘယ်အက္ခရာ (၄)လုံးလဲဆိုတာ" ဟု မေးလိုက်သဖြင့် ကျွန်ုပ်သည် မျက်စေ့ကို ခေတ္တမှိတ်လိုက်ရင်း -

"င၊ စ၊ ဏ၊ မ (၄)လုံးပါ အဘ"

"အိမ်း ဟုတ်သကွဲ့။ ဒါဖြင့်ရင် ဘာကြောင့် အသုံးမပြုဘဲ ကျန်နေရကာလဲဆိုတာ" ကျွန်ုပ် ဇက်ပုသွား၏။ မည်သို့ပင် စဉ်းစားစေကာမူ အဖြေထွက်မလာတော့သည့်အဆုံး၊ အဘ ဆရာကြီးမှ -

"မောင်ဘုန်းမြင့်က အမေပေးတဲ့ ဦးနှောက်နဲ့ စဉ်းစားနေလို့ ခက်နေတာ။ ညာဏ်ယှဉ်ကြည့်လေကွယ်။ မူလ တည်ထားတဲ့ အိမ်မှာ မူလ စမ အက္ခရာ မ၊ သ၊ ည၊ က (၄)လုံး ရှိတယ်မဟုတ်လား။ ဒီတော့ *'က'* နေ ရှစ်လုံး ထဲက မူလအက္ခရာ (၄)လုံး နုတ်လိုက်။ စောစောက မောင်ဘုန်းမြင့် ပြောခဲ့တဲ့ ငါ၊ စ၊ ဏ၊ ခ (၄)လုံး ကျန်သွားတော့တာပေါ့ ကွယ်။ ရှင်းပြီလား"

အဘ ရှင်းပြလိုက်သည့်အခါ ကျွန်ုပ် မျက်စိထဲ ကွင်းကနဲ လင်းကနဲ မြင်သွားလေတော့၏။ ထို့ကြောင့် -

"ဟုတ်ကဲ့ပါ အဘ၊ အခုမှ ရှင်းကနဲ မြင်မိတယ်"

"မှတ်လက်စနဲ့တလက်စတည်း ဆက်မှတ်ရအောင်။ အခု မောင်ဘုန်းမြင့် တွက်ပြီးဖမ်းခဲ့တဲ့နဂါးနံအက္ခရာနဲ့ပတ်သက်လို့ ရှေးဆရာဆရာကြီးတွေက **နဂါးနံတွင်၊ ထွက်ဝင်ရေးကာ၊ ကျရာတွင်သတ်၊ လေးလုံးမြတ်သည့်မာတ်အက္ခရာ။** လို့ ညွှန်ပြတဲ့အပြင် -

* **အစုံအစုံ၊ ဆိုပါတုံလည်း၊ တစ်မှုံတစ်မွှား၊**
  အယူမှား၍၊ နဂါးမသော၊ မာတ်မကြေတည့်။
* **စတုအက္ခရာ၊ ရေမှာရေးသား၊ မခြားနားသို့။**
* **လွယ်ကားလွယ်လျက်၊ ခက်ကားခက်၏၊ အချက်ကျကျ၊**
  ယူနိုင်ကမူ၊ ကေအဠာ၊ (၁၈)ဖြာတွင်၊ လိုရာပြည့်စုံ။

စသည်ဖြင့် ပြဆိုခဲ့ကြတယ် မောင်ဘုန်းမြင့်။ နှုတ်တက်ရွရွ ကြောင်ပုစွန်စား၊ ကြွပ်ကြွပ်ဝါးနိုင်အောင်ကျင့်ကွဲ"

ကျွန်ုပ်သည် နှုတ်တိုက် အလွတ်ကျက်မှတ်လိုက်ပြီးနောက် မှတ်စုထဲသို့ ရေးသွင်းလိုက်၏။ အဘဆရာကြီးမှ "ကဲ. . အဠာရသအင်းကဏ္ဍဘက်ဆက်ကြရအောင်ကွဲ" ဟုပြောလိုက်ရာ ကျွန်ုပ်မှ -

"အသင့်ပါ အဘ" ဟု ပြန်၍ဖြေလိုက်ပါ၏။

"မောင်ဘုန်းမြင့် အဘတိုင်ပေးတဲ့အတိုင်း လိုက်ဆို၊ ကြားလား။ ဣဒါနိ ယခုအခါ၌၊ စတုဓာတုန် လေးပါး သော မာတ်အင်းတို့ကို၊ ဝိရစ်သို့နေ စီရင်ခြင်းငှာ အလိုရှိသောသူသည်၊

ဓာ် ဤသို့၊ *ဝိရစိတံ* **စီရင်အပ်၏။** *တေသု ထိုပထဝီ၊* **အာပေါ၊ ဝါယော၊ တေဇောဟု ဆိုအပ်သော လေးပါးသော ဓာတ်အင်းတို့တွင်၊** *သိယံ* လျှင်မြန်ခြင်းကို၊ *ကင်္ခာ ကင်္ခတေန* အလိုရှိသောသူသည်၊ *ဝါယံ ဝါယောပဒံ* ဝါယောဓာတ်အင်းကို၊ *ဉာဏကိွတွာ* **ဉာဏ်နှင့်ယှဉ်ငင်ဆင်ခြင်စဉ်းစား၍၊** *ဝိရစိတံ* **စီရင်အပ်၏။** ဒီအပိုဒ်ကို မောင်ဘုန်းမြင့် သဘောပေါက်သလို အဘကို ပြောပါဦး"

"ဓာတ်ရိုက်ဓာတ်ဆင် ပညာကွက်တွေတုန်းက အဘ ခဏခဏ ပြောခဲ့တဲ့ ဥသာဝါယော၊ ဝါယောစရေ လျှင်မြန်ပေ ဆိုတာနဲ့ ခပ်ဆင်ဆင်ဘဲ အဘ"

ဟု ကျွန်ုပ်မှ ဖြေလိုက်ရာ -

"ခပ်ဆင်ဆင် မဟုတ်ဘူး ငါ့တပည့်ရဲ့။ တစ်ထပ်တည်းလို့ပြောရမှာ။ လက်ဘစပ်အနေနဲ့ကတော့ သွားခွင့်လာရန်၊ လျှင်မြန်စေလို၊ ဝါယောကိုမှု၊ ဉာဏ်နှင့်ယှူလော့ တဲ့။ ဟုတ်ပြီလား။ ပြီးရင် လိုက်ဆိုဦး။ သန္တသီလ သဗ္ဗပိယံ ငြိမ်းမှုငြိမ်းရာ **အေးရာအေးကြောင်း အပေါင်းလူသူ** ကြည်ဖြူချစ်ခင် ကြင်နာသနားခြင်းကို၊ *ကင်္ခာ ကင်္ခတေန* အလိုရှိသောသူသည်၊ *ဉာဏကိွတွာ* **ဉာဏ်နှင့်လီလင်ယှူငင်ပိုင်းခြား၍၊** *အာပေါဓာတု* **အာပေါဓာတ်အင်းကို၊** *ဝိရစိတံ* **စီရင်အပ်၏။** ဒါကလည်း အရှင်းသားကဘဲ။ ဒီ့ထက်ပိုရှင်း အောင် ဒီလိုမှတ်ကွယ့်။ ငြိမ်းမှုငြိမ်းရာ၊ အေးရာအေးကြောင်း၊ ပြိုကြောင်းပျက်မှု၊ အာပေါပြုလော့"

"ဟုတ်ကဲ့ပါအဘ ကျွန်တော် မှတ်မိအောင် ကျက်ပါ့မယ်"

"ဒါဆို ဆက်ကြရအောင်။ *မဟန္တာဝေရာစလနံ* **ကြီးမှုတစ်တန်၊ ခိုက်ရန်မပွား၊** တုတ်ဓားလက်နက်၊ သန်လျက်သစ်ချွန်၊ လေးလှံ မီးပေါက်၊ အမြောက်မကြား၊ လှုပ်ရှားမရှိ၊ ပကတိ ကြံ့ခိုင်ခြင်းကို၊ *ကင်္ခာ ကင်္ခတေန* အလိုရှိသောသူသည်၊ *ဉာဏကိွတွာ* ဉာဏ်ဖြင့် **ဝေဖန်၊ ဟုတ်မှန်စဉ်းစား ပိုင်းခြားပြီး၍၊** *ပထဝီဓာတု* **ပထဝီဓာတ်အင်းကို၊** *ဝိရစိတံ* **စီရင်အပ်၏။** ဒါကို လက်ဘစပ်နဲ့ ပြတဲ့အခါမှာ **ကြီးမှုတစ်တန်၊ ခိုက်ရန်တခြား၊** လှုပ်ရှားမရှိ၊ ငြိမ်းဘိစေမှု၊ ပြုလော့ပထဝီ လို့ ပြဆိုထားတယ်။ ဒီတော့ ဘာဓာတ်ကျန်သေးလဲ"

ဟု အဘမှ မေးလိုက်၏။ ကျွန်ုပ်မှ -

"တေဇောဓာတ်ပါအဘ" ဟု ချက်ချင်း ဖြေလိုက်၏။

"ဒါဆို မှတ်လက်စနဲ့ ဆက်မှတ်လိုက်ကွယ့်။ ဥဏ္ဏကရဘောဒကိတ္တိ ပူသည်တစ်ချက်၊ ဖျက်သည်တခြား၊ ကျော်ကြားခြင်းကို၊ ဣဋ္ဌာ ဣဋ္ဌိတေန အလိုရှိသောသူသည်၊ တေဇောဓာတု တေဇောဓာတ်အင်းကို၊ ဉာဏက္ခိတွာ ဉာဏ်နှင့် စဉ်းစား၍ (ဝါ) စဉ်းစားဆင်ခြင်၍၊ ဝိရစိတံ စီရင်အပ်၏။ အဲ၊ အလွယ်မှတ်ချင်ရင်တော့ ပူသည်တစ်ချက်၊ ကျက်သည်တခြား၊ ကျော်ကြားစေမှု၊ တေဇောပြုရှင့်။ ရအောင်မှတ်၊ ရအောင်ကျက်။ ပြီးရင် အဘဆီမှာ ပါဠိရော၊ အနက်ရော၊ လင်္ကာစပ်ရော အကုန်လုံး အာဂုံလာပြန်"

အဘသည် သူ၏ ကုတင်ပေါ်သို့ ကျောဆန့် အနားယူရန် ထသွားပြီဖြစ်၏။ ကျွန်ုပ် ၏ ကဗွလက်ာရကျမ်း အပါအဝင် လောကီပညာရပ်များ သင်ကြားရာ တိုက်ကြီးမြို့ဇေယျဝတီ ကျောင်းဝင်း ဆွမ်းစားဆောင် အနောက်ဘက် အခန်းတွင်း၌ ကျွန်ုပ်၏ စာကျက်သံများ ပဲ့တင်ထပ်နေပေတော့၏။

* *သွားခွင့်လာရန်၊ လျင်မြန်စေလို၊ ဝါယောကိုမူ၊ ဉာဏ်နှင့်ယူလော့။*
* *ပူသည်တစ်ချက်၊ ကျက်သည် တခြား၊ ကျော်ကြားစေမှု၊ တေဇောပြုရှင့်။*
* *ငြိမ်းမှုငြိမ်းရာ၊ အေးရာအေးကြောင်း၊ ပြုကြောင်းပျက်မှု၊ အာပေါပြုလော့။*
* *ကြီးမှုတစ်တန်၊ ခိုက်ရန်တခြား၊ လှုပ်ရှားမရှိ၊ ငြိမ်းဘိစေမှု၊ ပြုလော့ပထဝီ။*
* *သွားခွင့်လာရန်၊ . . .*

အဘဆရာကြီး ဦးနန္ဒောဘာသသည် လက်ထဲရှိ အကြမ်းပန်းကန်လုံးထဲမှ ရေနွေးကြမ်းပူပူ ဖန်ဖန်ခါးခါးကို လက်စသတ် သောက်လိုက်ပြီး -

"သူရိယော နေသည်၊ ဥဂ္ဂတာ ထွက်သည်မှ၊ ဧကပဟာရံ တစ်ပဟိုရ်တိုင်၊ ပထဝီကာလံ ပထဝီဓာတ်အခါ မည်၏။ ဒွိပဟာရံ တစ်ပဟိုရ်မှသည် နှစ်ပဟိုရ်တိုင်၊ အာပေါကာလံ အာပေါဓာတ်အခါမည်၏။ တိပဟာရံ နှစ်ပဟိုရ်မှ သည် သုံးပဟိုရ်တိုင်၊ တေဇောကာလံ တေဇောဓာတ်အခါမည်၏။ အတ္ထင်္ဂတံ သုံးပဟိုရ်မှသည် နေဝင်

လေးပဟိုရ်တိုင် အတွင်း၊ ဝါယောကာလ ဝါယောဓာတ် အခါမည်၏။ ဤကာလ ဤလေးပါးသော ဓာတ်အခါကို၊ ဝိဇ္ဇနေယျ သိရာ၏။ ဒါကိုတော့ မောင်ဘုန်းမြင့် အလွယ်တကူ နားလည်မှာပါကွယ်။ လက်ရှိဇာတာတွက်နည်း သင်ပေးတုန်းက ကျော်နာရီ၊ ကြားနာရီ တွက်ကိန်းမှာပါပြီးသား မဟုတ်လား"

"ဟုတ်ကဲ့ အဘ။ မြန်မာတစ်ပဟိုရ်ကို အင်္ဂလိပ်စက်နာရီ (၃)နာရီနဲ့ အချိုးချထားတာကို ဆိုတာပေါ့နော် အဘ"

"အိမ်း ဟုတ်သကွယ့်။ ဒီတော့ ဒီအပိုဒ်ကို ဟောဒီလိုမှတ် -

ပထဝီအခါ ⇒ နံနက်နေထွက်မှ (၁)ပဟိုရ် ⇒စက်နံက် (၆) မှ (၉) နာရီ

အာပေါအခါ ⇒ (၁)ပဟိုရ်မှ (၂) ပဟိုရ် ⇒စက်နံက် (၉) မှ မွန်းတည့် (၁၂)နာရီ

တေဇောအခါ ⇒ (၂) ပဟိုရ်မှ (၃) ပဟိုရ် ⇒ မွန်းတည့် (၁၂) မှ မွန်းလွဲ (၃) နာရီ

ဝါယောအခါ ⇒ (၃) ပဟိုရ်မှ နေဝင် (၄)ပဟိုရ် ⇒ စက်မွန်းလွဲ (၃) မှ ညနေ (၆) နာရီ

ကပ္ပလက်ာရကျမ်းလာ အထက်ပါ ဓာတ်(၄)ပါးစက်နာရီများကို ကျွန်ုပ်သည် ရောက်ရှိရာ နေရာဒေသ၏ ဒေသ ကွာခြားချိန် အပေါင်းအနှုတ်ညှိနှိုင်းကာ စီရင်ကြည့်ပါသည်။ ထို့အပြင် ထိုဓာတ်ကြီး(၄)ပါး အချိန်ကိုပင် ဓာတ်ရိုက်ဓာတ်ဆင် ယတြာ၊ ဆေးပေးဓာတ်စာပေး စသဖြင့် သုံးစွဲကြည့်ဆဲပင် ဖြစ်ပါသည်။ အထူးသဖြင့် ဤအင်း စမ ဓာတ်အခါဖြစ်သော ထိုဓာတ်ကြီး(၄)ပါး အခါကို တစ်ကြိမ်တစ်ခါမျှ ပြောင်းလဲစီရင်ခဲ့ခြင်း ယနေ့အထိ မရှိသေးပါချေ။

မြန်မာနာရီအရ တစ်နေ့လျှင် နာရီ (၆၀) ပိုင်းခြားထားသကဲ့သို့ နေ့ (၄)ပဟိုရ် ည (၄)ပဟိုရ် စုစုပေါင်း (၈)ပဟိုရ် ကို တစ်နေ့ပိုင်းခြားထားသည်။ အင်္ဂလိပ်စက်နာရီတွင် တစ်နေ့ကို (၂၄)နာရီ ပိုင်းခြားထားသည်။ ထို့ကြောင့် -

မြန်မာနာရီနှင့် စက်နာရီ တွဲပုံဇယား



နာရီဓက်ဝိုင်း ကြည့်ရှုရန် ညွှန်ကြားချက်

၁။ အတွင်းထပ်၊ စက် (၁၂)နာရီ နှင့် နေ့ည (၂)ချက်တီး စသည် တစ်စုံ။

၂။ အပြင်ထပ်၊ စက် (၂၄)နာရီ၊ မြန်မာ (၆၀) နာရီနှင့် နေ့ (၂)ချက် တီးစသည်တစ်စုံ။

(၈) ပဟိုရ် = စက် (၂၄) နာရီ = မြန်မာနာရီ (၆၀) = (၁) ရက်

+ ၈ ⇨ (၁) ပဟိုရ် = စက် (၃) နာရီ = မြန်မာ (၇) နာရီ (၃၀) ဗီဇနာ

ထို့ကြောင့် မြန်မာ (၁) ပဟိုရ်သည် အင်္ဂလိပ်စက် (၃)နာရီ နှင့်ညီမျှသည်။

"ကဲ မောင်ဘုန်းမြင့်ရေမှတ်စရာရှိတာမှတ်ပြီးရင်ရှေ့ဆက်ကြရအောင်ကွယ့်။ပထဝီ ကြကင်း၊ ဗြိစ္ဆာ၊ မိန် ဟူသော ကောလီ ပထဝီရာသီ ပထဝီအခါ၌၊ *ဥတ္တရဒ္ဓါနာ* မြောက်အရပ်မှ၊ မူလ် မူလကို၊ *အာဒိတကွာ* အစပြု၍၊ *ဌပေယျ* ချထားရာ၏။ *အာပေ* ပြိဿ၊ ကန်၊ မကာရဟူသော အမြိတ္တအာပေါရာသီ အာပေါအခါ၌၊ *ဒက္ခိဏဒ္ဓါန* တောင်အရပ်မှ၊ မူလ် မူလကို၊ *အာဒိကတွာ* အစပြု၍၊ *ဌပေယျ* ထားရာ၏။ *တေဇောကာလေ* မိဿ၊ သိဟ်၊ ဓနု တေ ဇောရာသီ တေဇောအခါ၌၊ *ပြုဗ္ဗဒ္ဓါနာ* အရှေ့အရပ်မှ၊ မူလ် မူလကို၊ *အာဒိကတွာ* အစပြု၍၊ *ဌပေယျ* ထားရာ၏။ *ဝါယောကာလေ* တူ၊ ကုမ်၊ မေထုန်ဟူသော ပါပဝါယောရာသီ ဝါယောအခါ၌၊ *ပစ္ဆာဒ္ဓါန* အနောက်အရပ်မှ၊ မူလ် မူလကို၊ *အာဒိကတွာ* အစပြု၍၊ *ဌပေယျ* ထားရာ၏။ *ကပ္ပဥဒ္ဓါန်* ဤတစ်ဆယ့်နှစ်ပါးသောရာသီ လေးပါးအခါတို့၌ ချအပ်သော လေးရပ်သော မူလဒ္ဓါနကိုလည်း၊ *ဇာနေယျ* သိရာ၏။ ဒါက အရှင်းသားကွယ့်။ ပထဝီ (၃)အိမ် (ကြကင်း၊ ဗြိစ္ဆာ၊ မိန်) ကောလီပထဝီ မြောက်စတည်ပေ့ါ။ အာပေါ (၃)အိမ် (ပြိဿ၊ ကန်၊ မကာရ) သုံးအိမ် အမြိတ္တ တောင်ကစ။ ဟုတ်ပြီလား။မိဿ၊ သိဟ်၊ ဓနု တေဇော၌ အရှေ့အရပ်မူလပြု။ တူ၊ ကုမ်၊ မေထုန်၊ ဝါယောတုန်ခြောက်၊ အနောက်ကစ၊ မူလချလော့တဲ့ ကဲ. . . ဖယားကိုကြည့်" ဟု အဘဆရာကြီးမှ ပြောကာတစ်ဆင့်ခြင်း ပြောပြပေးလေတော့၏။

(ဂ) မိဿသိဟ်ပြင်၊ ဓနုခွင်၌၊ ထွန်းလင်းရောင်ခြည်၊ နေလ တည်လျက်၊ အန္တောရက်တွင်၊နှစ်ချက်ကကို၊သုံးပဟိုရ်မှ၊ မီးခါတ်ရလျှင်၊ ပြုပ္ပါခွင်က၊ မူလချတုံ။

(က)

ကြကင့်၊ ပြိဿာ၊ မိန်မှာရဝိ၊ စန်းလည်းယှဉ်စေ၊ ဂဗ္ဘေနေ့ရက်၊ နေထွက်ကကို၊ တစ်ပဟိုရ်တိုင်၊ မြေခါတ်ပြိုင်စေ၊ လေးထွေစုံခါ၊ ဥတ္တရာက၊ မူလချလော့။



(ခ)

မကာရ၌၊ ပြိဿကန်မှာ၊ သူရိယာနှင့်၊ စန္ဒာလမင်း၊ ထွန်းဝင်း ရစ်ပတ်၊ ဝံသေကြိုက်လျက်၊ တစ်ချက်ကလှည့်၊ မွန်းတည့် နှစ်ပဟိုရ်၊ ရေခါတ်ကိုသာ၊ ဒက္ခိဏာက၊ မူလချလော့။

(ဃ) တူကုမ်မေထုန်၊ ဂဠုန်ကျားမင်း၊ ထွန်းဝင်းရှိန်စေ၊ စရေ ရက်ခါတ်၊ သုံးချက်ကမှတ်၊ လေခါတ်စုံလင်၊ နေဝင်လေးပဟိုရ်၊ ထိုမျှဆည်းဆာ၊ ပစ္ဆိမာက။ မူလ ချလော့ ။ ။

			
တေဇော (၃)အိမ် အရှေ့ မူလ	အာပေါ်(၃)အိမ် တောင် မူလ	ပထဝီ (၃)အိမ် မြောက် မူလ	ဝါယော (၃)အိမ် အနောက် မူလ

ကျွန်ုပ်သည် **အရှေ့တောဇော၊ တောင်အာပေါနှင့်၊ ပထဝီမြောက်၊ ဝါယော အနောက်** တည်း ဟူသော ဓာတ်(၄)ပါး ရာသီတို့ အစတည်ရာ မူလအရပ်တို့ကို မှတ်သားနေမိသော်လည်း စင်စစ်၌ နက္ခတ် (၂၇) လုံး ယှဉ်၍ နဂါးစမ ဖမ်းခဲ့စဉ်ကပင် ရင်းနှီးကျွမ်း ဝင်ပြီး ဖြစ်နေခဲ့ချေ၏။ အဘဆရာကြီးမှ -

"*ဒါနိ ဣဒါနိ* ယခုအခါ၌၊ *ဓာတုပဒနယ်* ဓာတ်(၄)အင်းကျော်မှော်စာနည်းကို၊ *အဟံ* ငါသည်၊ *ပကာသယိဿာမိ* ပြပေအံ့။ *တံပဒံ* ထိုဓာတ်မှော်အင်းကို၊ *ဒီဃောရဿော* အလျားအနံ အားဖြင့်၊ *ဒသမရိယာဒပဒံ* ဆယ်ကွက်(ဝါ) အကွက် (၁၀)၊ *လိက္ခိတွာစ* ရေး၍လည်း (ဝါ) ရေးပြီးသော်၊ *အဋ္ဌဝီဒိသံ* ရှစ်ထောင့် (ဝါ) ရှစ်ကွေ၊ *ကရေယျ* ပြုရာ၏။ *ကတော* ပြုပြီးသော်၊ *ဒွါဒသ* ရှစ်ထောင့် (၁၂) ကွက်ကို၊ *လောပေယျ* ချေဖျက်ရာ၏။ *မဇ္ဈေ* အလယ်ကွက်၌ (ဝါ)ကို၊ *စတာနံ* လေးကွက်စိပ်၍ မိရဲ့လား မောင်ဘုန်းမြင့်"

"ဟုတ်ကဲ့၊ မိပါတယ် အဘ"

"အမိပ္ပာယ်က(၁၀)ကွက် စတုရန်းဆွဲ။ ရှစ်ထောင့် (၁၂) ကွက်ဖျက်။ အလယ်ကွက်လေးစိပ် စိတ်။ ဒါဘဲ မဟုတ်လား"

"မှန်ပါတယ် အဘ"

"အဲဒါ မောင်ဘုန်းမြင့်အတွက် လေ့ကျင့်ခန်းပေါ့ကွယ်။ ကျောက်သင်ပုန်းနဲ့ ကျောက်တံ ယူသွား။ အင်းကွက် အမှန်ရရင် အဘကို လာပြ။ ကဲ. . ကဲ. . ကြိုးစားချေဦး"

(၁၀)ကွက် စတုရန်း၊ ရှစ်ထောင့် (၁၂) ကွက်ဖျက်၊ အလယ်ကွက် (၄) စိတ်စိပ်။ လွယ်မလိုနှင့် ခက်သွားသည်ဖြစ်၍ ကျွန်ုပ်အတွက် (၃)ရက်တိတိ ကြာပြီးမှ အဖြေမှန်ရခဲ့၏။ ကျောက်သင်ပုန်း (၄)ချပ်လဲ၍ သုံးခဲ့ရပါသည်။

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသ ညွှန်ပြခဲ့သည့် ကျမ်းရင်းကြီးပါဠိ ဂါထာအပိုဒ်များကို ထပ်တလဲလဲ ရွတ်ဖတ်နေမိ၏။ *ဒီဃောရဿော* **အလျားအနံ အားဖြင့်၊** *ဒသမရိယာဒပဒံ* **ဆယ်ကွက် (ဝါ) အကွက် (၁၀)**လိက္ခိတွာစ **ရေး၍လည်း (ဝါ) ရေးပြီးသော်။**

ထို့ကြောင့် ကျွန်ုပ်သည် ဆယ်ကွက်စတုရန်း အင်းကွက်ကို ပထမဦးဆုံး ဆွဲလိုက်၏။



ထို့နောက် ကျွန်ုပ်သည် လိက်ွတွာစ ရေးပြီးသော်၊ အဌဝီဗိသံ၊ ရှစ်ထောင့် (ဝါ) ရှစ်ကွေ့ကရေယျ ပြုရာ၏၊ ကတေ ပြုပြီးသော်၊ ဒွါဒသ ရှစ်ထောင့် (ဝါ) (၁၂)ကွက်ကို၊ လောပေယျ ချေဖျက်ရာ၏။ ဟူသော ကျမ်းရင်းဂါထာ၌ အတော်ပင် စဉ်းစားရကြပ်သွားလေ၏။ အဘကို မေးပါကလည်း ပြောမည်မဟုတ်မှန်း သိနေ၍ မမေးတော့ဘဲ ရှစ်ထောင့် (၁၂)ကွက်ကို ချေဖျက်ရာ၏ ဟူသည်ကို ထပ်တလဲလဲ စဉ်းစားရာမှ ငယ်စဉ်က 'တ'မှ စ၍' အ' အဆုံး မြင်းသွား ပြေး ထည့်ရသော ပုဆစ်အင်း ပြေးနည်းကို အခြေပြုကာ အောက်ပါအတိုင်း စဉ်းစားရေးချလိုက်လေ၏ -



ကျွန်ုပ်သည် အထက်ပါအတိုင်း အကွက်အားဖြင့် (၁၂)ကွက်၊ ထောင့်အားဖြင့် (၈)ထောင့်တည်းဟူသော ဒွါ ဒသ ရှစ်ထောင့် (၁၂)ကွက်ကို ဖော်နိုင်ခဲ့ပြီဖြစ်၏။ ထိုရှစ်ထောင့် (၁၂)ကွက်ကို လောပေယျ ချေဖျက်ရာ၏။ ဟူသည့် အတိုင်း ဖျက်လိုက်သည်ရှိသော် လိုအပ်သော အင်းကွက် ရရှိပေမည်။ ထို့နောက် မဇ္ဈေ အလယ်ကွက်၌ (ဝါ) အလယ်ကွက်ကို၊ စတာမံ လေးကွက်စီစိပ်၍ ဆိုသည်မှာ ကျွန်ုပ်အတွက် မခက်ခဲတော့ပါ။ အလယ်ကွက်ကို (၂)စိပ်စီ ထပ်စိတ် လိုက်ရုံသာရှိ၍ အချောသတ် ရေးဆွဲကာ အဘကို ပြလိုက်လေ၏။



(ထောင့်အားဖြင့် (၈)ထောင့်၊ အကွက်အားဖြင့် (၁၂)ကွက် ဟူသော ရှစ်ထောင့် (၁၂)ကွက်ကို ချေဖျက်ပြီး အလယ်ကွက်ကို (၄)စိတ် စိပ်ထားပုံ)

အဘဆရာကြီးသည် ကျွန်ုပ် ရေးဆွဲထားသည့် အင်းကွက်ကို ကြည့်ရင်း-

"မောင်ဘုန်းမြင့်၊ ဖွဲ့ကောင်းသားပဲကွယ့်။ အဲဒီလို တစ်မိုက်ပြရင် တစ်ထွာလောက် မြင်ဖို့က အရေးကြီးသကွယ့်။ ဒီတော့ ဆက်ကြရအောင် လိုက်ဆို။ စတာမံ လေးကွက်စီစိပ်၍၊ အသီတိစ ဓာတ်သက်အသီတိဂဏန်းအင်းကို၊ ပဝေသေသွင်းရေးရာ၏။ဘိတ္တိ အတွင်းနံရံ၌'နမော'ဒီ

'က်' ကာန္တံ 'နမော' အစ 'က်' ကားအဆုံးရှိသော၊ အက္ခရာ့ ခြောက်ဆယ့်လေးလုံး အက္ခရာကို၊ အဿဂတ် မြင်းသွား၊ ဒက္ခိဏ လက်ျာရစ်၊ ကတ္တာ ပြု၍၊ လိက္ခေယျ ရေးရာ၏။

ဒါကတော့ အလွယ်သားကွယ့်။ အလယ်လေးကွက်စိပ်ထဲမှာ အသီတိ ဂဏန်းအင်း (သက်တော်ရှစ်ဆယ် အာဏာတည်အင်း) ကို ရေးပေါ့။ မဩွေဋ္ဌာနေ အလယ်လေးဌာန လေးလီအင်းကွက်၌၊ ဓာတု ဓာတုယာ အက္ခရာဓာတ်အင်းနှင့်၊ သဟ တကွ၊ သောဠသ ဂဟာဏက္ခရံ သောဠသကောက်ရ အက္ခရာကို၊ လိက္ခေယျ သွင်းရေးပြန်ရာ၏။ ဒါကို နားလည်ဖို့ မောင်ဘုန်းမြင့် ဆွဲထားတဲ့အင်းကွက် အဘကိုပေး။ ဟောဒီလို လေးကွက်လေးဌာနကို ကြက်ခြေ ခတ်လိုက်ရင် အလယ်ကွက်တွေ ပေါ်လာမယ်"



"မြင်အောင်ကြည့် မောင်ဘုန်းမြင့်ရေ အလယ်လေးကွက်စိပ်ထားတာရယ်၊ ကြက်ခြေခတ် စတုရန်းရဲ့ အလယ်ကွက် (၄)ကွက်ရယ်ကို လွှတ်ထားပြီး ကျန်တဲ့ အကွက်တွေ ရေကြည့်။ ဘယ်နှစ်ကွက် ရသလဲ. . . ပြော "

ကျွန်ုပ်သည် နှစ်ထပ်၊ သုံးထပ်၊ လေးထပ်မျှ သေသေချာချာရေတွက်ကြည့်ပြီးနောက် -

"(၆၄) ကွက်ပါ အဘခင်ဗျာ့"

"အိမ်း ဟုတ်သပ့်။အဲဒီတော့ (၁)ကနေ (၆၄)အထိ တောက်လျှောက် မြင်းသွားသွား ရမကွဲ့။ ဂဏန်းမထပ်ရဘူး။ အင်းအခေါ် မြင်းမကျိုးရဘူး။ နောက်ပြီး အစ (၁)နဲ့ အဆုံး (၆၄) ဟာ မြင်းပြန်ကျရမယ်။ မြင်းသေမြင်းကိုက်ပေါ့ကွယ်။ ကဲ. . . ကြိုးစားကြည့်ဦး"

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသတွင် အင်းပညာရပ်ကို အခြေခံကျကျ အသေးစိတ် ဖေဖေကြွပ်၊ ဖွတ်ဖွတ်ကြေအောင် လေ့ကျင့် သင်ကြားခဲ့ရသည်ဖြစ်ရာ ကျွန်ုပ်အတွက် ခက်ခဲလွန်းလှသည် မဟုတ်ပါချေ။ ကျွန်ုပ်သည် (၉)ကွက် စတုရန်း (၈၁) ကွက်ကို အလယ် ကွက်လွှတ် စုစုပေါင်း အကွက် (၈၀)အား (၁)မှ (၈၀) အထိ တောက်လျှောက် မြင်းပြေးပြေးခဲ့ဖူး၏။ (၁)နှင့် (၈၀) မှာ မြင်းသေမြင်းကိုက် ဖြစ်ရမည် ဆို၍ အားသည့်အခါတိုင်း လေ့ကျင့်ခဲ့ရာ (၈)လကျော်ကျော်(၉)လနီးပါးရောက်မှ အဖြေမှန်ကို ရရှိခဲ့၏။

ယခုအခါ ကျွန်ုပ်သည် ကျောက်သင်ပုန်း အသစ်တစ်ချပ်တွင် သံချောင်းချွန်ချွန်ဖြင့် အထက်ပါ အင်းကွက် ကို ဆွဲခြစ်လိုက်ပြီး အလယ် (၄)ကွက်ကို ရော၍ အင်းဂဏန်း မပြေးမိစေရန် ထပ်မံ၍ ကြက်ခြေခတ်လိုက်၏။ ထို့နောက် (၁)မှ (၆၄)အထိ မြင်းပြေး ပြေးရင်း၊ အမှားပြင်ရင်းဖြင့် တစ်နေ့၊ တစ်ည၊ တစ်မနက် ကုန်ပြီးမှ အဖြေမှန်ကို ရရှိခဲ့ပါသည်။ လက်တွေ့သင်ခန်းစာအားဖြင့် စ ချောင်းဂဏန်း(၁)ကို တည်ရာ (၃၂) နေရာရှိကြောင်း လက်တွေ့သိရှိခဲ့ရပါ၏။ အဘဆရာကြီး ဦးနန္ဒောဘာသ က၊ ကျမ်းရင်းနှင့်အညီ ယခု ပြမည့် အင်းပြေး ကိုသာ အဓိကထား ပြသခဲ့ပေသည်။



အဘာဆရာကြီး ဦးနန္ဒောဘာသသည် ကျွန်ုပ် ဖြည့်သွင်းထားသည့် (၁)မှ (၆၄)အထိ မြင်းသေမြင်းကိုက် အင်း (၃၂)ချပ်ထဲမှ အထက်ပါ အင်းကွက်ကို ကိုင်ထားလိုက်ပြီး-

"လက်တွေ့လေ့လာတော့ ပိုပြီး ကျွမ်းကျင်တာပေါ့ မောင်ဘုန်းမြင့်။ အခု အဘာ ကိုင်ပြထားတာက ကျမ်းရင်းကြီးထဲကအတိုင်းပဲကွဲ့။ နောင် မောင်ဘုန်းမြင့် ကျွမ်းကျင်လာတဲ့ အခါ ဒီပုဆစ် (၄)အိမ်ကို လေးကျွန်း တစ်မြင့်မိုရ် အောက်ထက်တောင်မြောက် ဝိထိကောက်ပြေးပြီး ကြိုးစားကြည့် ဟုတ်ပြီလား။ ဒီ (၁)ကနေ (၆၄)အထိ အင်းပြေး မှန်သွားတဲ့အခါမှာ'နမော'ဒီ၊ 'ကံ'ကာန္တိ၊ '**နမောအစ ကံကားအဆုံးရှိသော**'၊ အက္ခရာ ခြောက်ဆယ့်လေးလုံး အက္ခရာကို ဆိုတော့ကာ. . . . ဒီမှာကြည့် မောင်ဘုန်းမြင့်၊ အဲဒီ ခြောက်ဆယ့်လေးလုံးဆိုတာကတော့-

န မော ဗု ဒ္ဓါ ယ သိ ဒ္ဓံ	၇ လုံး
အ, အာ, ဣ, ဤ, ဥ, ဦ, ဧ,အဲ, ဩ, ဪ, အံ, အား. . . .	၁၂ လုံး
'က' အစ 'အ' အဆုံး.	၃၃ လုံး
က, ကာ, ကိ,ကီ, ကု, ကူ, ကေ,ကဲ, ကော,ကော် , ကံ, ကား . . .	၁၂ လုံး
စုစုပေါင်း	၆၄ လုံး

အဲဒီ ခြောက်ဆယ့်လေးလုံးသော အက္ခရာကို အစဉ်အတိုင်း ထည့်လိုက်ကွယ်"

	န	ဥ	ဒ္ဓံ			ဩ	ဓ	ဂ	
ဤ	သိ		မော	ဦ	ဆ	ခ		ဪ	ဈ
ကား				အ	အဲ				ယ
ယ	ဣ		ဇ	ဗု	က	စ		ည	အံ
	ကံ	ဒ္ဓါ	အာ			ဋ	အား	င	
	ကီ	ဠ	ကော်			ဖ	ထ	ဎ	
ဟ	ကော		ကု	အ	တ	ရ		ပ	ဒ
ကိ				လ	ပ				ဍ
ကဲ	သ		က	ကူ	ယ	ဏ		ဓ	ဘ
	ကာ	ကေ	ဝ			န	မ	ဗ	

"ဟုတ်ပြီ မောင်ဘုန်းမြင့်ရေ၊ အလယ် ကြက်ခြေ စတုရန်းအိမ် (၄)အိမ် တွေ့တယ်နော်။ အဲဒီ (၄)အိမ်ကို ပါပ၊ သူရဿ၊ အမြိတ္တ၊ ကောလီ လေးကွန်းတစ်မြင့်မိုရ် အစဉ်အတိုင်း မူလ၊ အာဒိ၊ မဇ္ဈိ၊ အဝသံ ခါတ်သွားအစဉ်အတိုင်းသွင်းရမှာ။ ဥပမာ တန်ဆူးလ၊ စန်းယှဉ်နက္ခတ် (၁)လုံးကွာ။ သူရဿတေဇောအင်းဖြစ်တော့ သူရဿအိမ်မှာ မူလထားလိုက်ရင် (တန်ဆူးလ စန်းယှဉ်နက္ခတ် (၁)လုံး သူရဿတေဇောအင်းမှ ကောက်ရအက္ခရာများကို ပြန်ကြည့်ပါ)

(မူလ - ရှ၊ သ၊ က၊ ည)၊ (အာဒိ - တ၊ ဟ၊ ခ၊ ဆ)၊ (မဇ္ဈိ - ဍ၊ သ၊ ဂ၊ ဇ) နဲ့ (အဝသံ - ဗ၊ ဟ၊ ယ၊ ဈ) အစဉ် အတိုင်း ခါတ်သွားညီအောင် ရေးသွင်းလိုက်ကွယ့်"



ကျွန်ုပ် ရေးသွင်းလိုက်သည်ကို အဘဆရာကြီးမှ တစ်လုံးချင်း လိုက်ကြည့်နေ၏။ ခါတ်သွားအညီ ရေသွင်း မှန်ကန်သည့်အခါမှ -

"အလယ်လေးကွက်စိပ်ထဲကို သွားကြရအောင် မောင်ဘုန်းမြင့်၊ မဇ္ဈေ အလယ်ကွက်၌ (ဝါ) အလယ်ကွက်ကို၊ စတဓံ လေးကွက်စိစိပ်၍၊ အသီတိစ ဓာတ်သတ်အသီတိ ဂဏန်းအင်းကိုလည်း၊ ပဝေသေ သွင်းရေးရာ၏။ ဒီတော့ အလယ်လေးကွက်စိပ်ထဲမှာ ထည့်ရမယ့် အသီတိ ဂဏန်းအင်းကို မောင်ဘုန်းမြင့် ချပြဦး"

ကျွန်ုပ်သည် ရှေ့သင်ခန်းစာများမှ အထပ်ထပ် လေ့ကျင့်ခဲ့သော အသီတိဂဏန်းအင်းခေါ် သက်တော် (၈၀)အာဏာတည်အင်းကို အောက်ပါအတိုင်း ဆွဲပြလိုက်၏။ အဘဆရာကြီးမှ ဆက်၍ -



"ဟုတ်ပြီ အလယ် (၄)ကွက်စိပ်မှာထည့်ရမယ့် အသီတိဂဏန်းအင်းကို ရပြီဆိုရင် နောက်ထပ် ဘယ်အကွက် တွေ ကျန်သေးလဲကွဲ့"ဟု မေးလိုက်၏။ ကျွန်ုပ်မှ ချက်ချင်းဆိုသလိုပင်- "အလယ် ကြက်ခြေခတ် (၄)ကွက်ပါ အဘ"

"အဲဒီ ကြက်ခြေ (၄)ကွက်က မောင်ဘုန်းမြင့် (၁)ကနေ (၆၄) မြင်းပြေးတုန်းက မရောအောင် ခတ်ထားတဲ့ကြက်ခြေမဟုတ်လား။ ဒါပေမယ့် ဒီနေရာမှာ ကျမ်းပြုဆရာ ရှင်သဒ္ဓမ္မနန္ဒမထေရ် ကိုယ်တိုင်က -

(တစ်) မဇ္ဈေဌာနေ အလယ်လေးကွက် လေးချက်သောအင်းဌာန၌၊ စတုပညာသု လေးခုအကွရာ လေးဖြာအာယု စတုပညာသအင်းကို၊ ပဝေသေသွင်းရေး ရာ၏။

လို့ ညွှန်းထားတယ်ကွယ်။ ဒါက နက္ခတ်(၂၇)လုံး၊ ရာသီ(၁၂)ပါး၊ကောက်ရအက္ခရာတွေကို ဝါကြိတ်လိမ်အင်းအလယ်ကွက်ထဲ ထည့်ရမှာကို ပြောတာ။နေ့စဉ်သောက်အင်း စတုပညာသ သွင်း တဲ့ကွယ်။ အခု မောင်ဘုန်းမြင့် ဆွဲပြီးစီရင်နေတဲ့ အဋ္ဌာရသအင်း အတွက်ကတော့ -

(နှစ်) မဇ္ဈေဌာနေ အလယ်လေးဌာန လေးလီအင်းကွက်၌၊ ဓာတု ဓာတုယာ

အက္ခရာဓာတ်အင်းနှင့်၊သဟာတကွ၊ သောဠသဂဟက္ခရံသောဠသကောက်ရ အက္ခရာ ကို၊ လိက္ခေယျ သွင်းရေးပြန် ရာ၏။

ဒါကြောင့် မောင်ဘုန်းမြင့် ခတ်ထားတဲ့ ကြက်ခြေကိုဖြည်။ လေးစိတ်စိပ်ပြီးတော့ အသီတိဓာတ်အက္ခရာအင်းလို့ ခေါ်တဲ့ အဘယဇာတက ဘေးမရှိသောဓာတ်တော်နဲ့ ကောက်ပြီးရခဲ့တဲ့ သောဠသကောက်ရအက္ခရာ အင်းကို သွင်းရမှာ။ ဒီတော့ စောစောက မောင်ဘုန်းမြင့် ရေးခဲ့တာက အလယ်လေးကွက်စိပ်အတွက် အသီတိဂဏန်းအင်း။ ဒီတစ်ခါ ရေးပြရမှာက သောဠသကောက်ရအက္ခရာအင်း"

ထိုအခါ ကျွန်ုပ်သည် သောဠသကောက်ရ အက္ခရာအင်းကို အောက်ပါအတိုင်း ရေးချပြလိုက်၏ -

"ဟုတ်ပြီ မောင်ဘုန်းမြင့်ရေ။ အလယ်လေးကွက် စိပ်ထဲမှာက အသီတိဂဏန်းအင်း။

န	ဠ	ရှ	ဝ
ဓ	ဌ	ရ	င
ဒ	အ	က	ဋ
ဏ	ဗ	ဆ	ယ

ကြက်ခြေ (၄)ကွက်စိပ်ထဲမှာကျပြန်တော့အခုမောင်ဘုန်းမြင့်ရေးလိုက်တဲ့ အသီတိအက္ခရာအင်းလို့ ခေါ်တဲ့ 'အစကြိုးကြာဆယ့်ခြောက်ခါ' ကနေ ကောက်လို့ရတဲ့ 'သောဠသကောက်ရအက္ခရာအင်း'ကို ရထားပြေး ထည့်သွင်းလိုက်ကွဲ။ ပြီးရင် *ဗဟိဘိတ္တိ* **အပြင်နံရံ၌၊** *ကရာဂါထံ* **ကရာကရောဟူသော ပဏာမ ပထမကျမ်းဦးဂါထာကို၊** *ပရိဝါရေတွာ* **ရံ၍၊** *ဌပေယျ* **ထား ဦးရာ၏။** ရှင်းတယ်နော်။ ကရာကရောတမံမောဟံ အစချီတဲ့ ကျမ်းဦးပထမဂါထာကို လက်ယာရစ်ရံသွား။ ဒါဆိုရင် အဋ္ဌာရသအင်းကြီး စီရင်ပုံ အဆင့်ဆင့်အပြီးအထိ ရောက်ရောကွယ့်"



(တန်ခူးလ စဉ်းယှဉ်နက္ခတ် (၁)လုံး သူရဿ တေဇောရာသီအတွက် အစင်အကြယ် ချထားသော အဋ္ဌာရသ အင်းတော်ကြီး)

အဘဆရာကြီး ဦးနန္ဒောဘာသသည် ကျွန်ုပ်အပြီးသတ်ချထားသော အဋ္ဌာရသ အင်းကြီးကို မျက်တောင်မခတ်တမ်း စိုက်ကြည့်ပြီးနောက် -

"ဒီအတိုင်းဘဲ မောင်ဘုန်းမြင့်၊ တန်ခူးအစ တပေါင်းအဆုံး တစ်ဆယ့်နှစ်လလုံးလုံး ဆိုင်ရာ စန်းယှဉ်နက္ခတ်နဲ့ တွက်ယူလို့ရတဲ့ ကောက်ရအက္ခရာတွေကို မှတ်သွားညီအောင်သွင်းပြီး စီရင်ရမကွဲ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောအင်း (၄)အင်း။ နက္ခတ်အားဖြင့် (၂၇)အင်း ရမယ်။ ရှင်းရဲ့လား"

"ဟုတ်ကဲ့၊ ရှင်းပါတယ် အဘ"

ကျွန်ုပ်သည် အထက်ပါ အဋ္ဌာရသအင်းတော်ကြီးကို အထပ်ထပ် လေ့ကျင့်ခဲ့ရ၏။

နိုင်းကိုင်စတ္တုပေါ်တွင် အင်းကျိုး အင်းကန်း၊ အင်းပေါက် မရှိရအောင် ငယ်စဉ် သင်ကြားခဲ့ရသည့် အင်းအခြေခံပညာရပ်များကို အသုံးပြု၍ ရေးဆွဲလေ့ကျင့်ရပါသည်။

အကယ်၍ စာဖတ်သူအနေဖြင့် အဋ္ဌာရသအင်းတော် ရေးဆွဲရာတွင် အထစ်အငေါ့မရှိ အဆင်ပြေလိုပါက ကျွန်ုပ်အနေဖြင့် အကြံပြုရန် အချက်နှစ်ချက် ရှိပါသည်။ ပထမအချက်မှာ တန်ခူးလမှ တပေါင်းလအထိ နေ့စဉ်သောက်ရန် ဝါကြိတ်လိမ် (၂၇)အင်းကို အဆင်သင့် ရေးဆွဲထားခြင်း (သို့မဟုတ်) လိုသည့်'လ'ကို ဒက်ကနဲတွက်ထုတ်နိုင်အောင် လေ့ကျင့်ထားခြင်းပင် ဖြစ်ပါသည်။ ဒုတိယအချက်မှာ အထက်ပါ အဋ္ဌာရသ (၁၀)ကွက် ခိုနန်းချိုးအင်းကွက်တွင် (၁)မှ (၆၄)အထိ တောက်လျှောက်မြင်းသေမြင်းကိုက်အင်းပြေးနည်းကို လေ့ကျင့်ထားရန်ပင် ဖြစ်ပါသည်။

သက်တော်ရှစ်ဆယ်အာဏာတည်ဂဏန်းအင်းနှင့်၊ သောဠသအက္ခရာအင်းခေါ် ဖျည်းအင်းတို့မှာမူကား ဤကျမ်းအစ၌ တစ်ဆင့်ချင်း ရှင်းပြခဲ့ပြီး ဖြစ်၍ အထူးခက်ခဲမည် မဟုတ်ပါ။ အင်းဂဏန်းများသည် သာမန်ဂဏန်းကဲ့သို့ မရေးမူ၍ အင်းကွက်ထောင့်ကို ခြေကန်ရေးရသည့် **"ထောင့်ကန်"** ရေးနည်းဖြင့် ရေးသွင်းရမည်ဖြစ်ပြီး အက္ခရာ စာလုံးတို့မှာမူကား အလည်တည့် တည့်၌ မချောင်မကြပ် အနေတော် ညီညာစွာရေးသွင်းရမည်ဖြစ်ကြောင်း အကြံပြုလိုပါသည်။

"ကဲ မောင်ဘုန်းမြင့်ရေ ရှေ့ဆက်သွားရအောင်ကွယ့်" ဟု အဘမှ ပြောလိုက်ရာ-

"ဟုတ်ကဲ့ အသင့်ပါအဘ"

ဟု ဖြေလိုက်ပြီး အဘ သင်ပေးသမျှ မှတ်သားရန် ငံ့လင့်နေပါတော့၏။

"ငါ့တပည့်ကို ရှေ့ဆက်သင်ရမှာက **ဝိဇ္ဇာမယိဒ္ဓိအင်းကဏ္ဍာကွဲ့**။ ဒီ အင်းတော် **စီရင်နည်း**ကို မသွားခင်မှာ မောင်ဘုန်းမြင့် မဖြစ်မနေ လုပ်ရမှာက (၄၉)ရက် အသက်မပါ အသားမပါဟင်းနဲ့ ပုတီးစိပ်ရမှာကွယ့်။ လုပ်နိုင်မလား" ဟု မေးလိုက်ရာ ကျွန်ုပ်မှ -

"ဒီ့ထက် ခက်ခဲကြမ်းတမ်းတာတွေ အဘ ခိုင်းခဲ့တာပဲဥစ္စာ"

ဟု စိတ်ထဲမှ ပြန်ဖြေလိုက်သော်လည်း နှုတ်မှ- "လုပ်နိုင်ပါတယ် အဘ"ဟု ပြန်ဖြေလိုက်ပါသည်။ အဘမှဆက်၍ -

"***ဆေးကားသည်ပင်၊ အင်းလျှင်သည်မှာ၊ ရွတ်ခါသည်နှင့်၊ တန်ခိုးတင့်လိမ့်*** လို့ လမ်းညွှန်ထားတဲ့ ရှေးဆရာ ဆရာကြီးတွေရဲ့ အဆိုအမိန့်နဲ့အညီ မောင်ဘုန်းမြင့် ရွတ်ရမယ့်

ဂါထာနဲ့ အနက်တွေ ကူးရေးပေတော့။ ပြီးရင် အသံ အင်္ဂါရပ် (၁၀)ပါးနဲ့ညီအောင် ရွတ်ဖတ်ဖို့ အဘ သင်ပေးမယ်"ဟု ပြောကာ အဘသည် ဘုရားဆောင်ရှေ့ရှိ ကြေးပြား (၂)ချပ်ကို ယူလိုက်ပြီး-

"ဒါက ကျမ်းဦးပဏာမ အာသီသ (၂)ဂါထာကွဲ့။ တစ်လုံးမှ မမှားရအောင် သေသေချာချာ ကူး။ ကြားလား"

"ဟုတ်ကဲ့ပါ အဘ" ဟု ကျွန်ုပ်မှ ရိုသေစွာပြန်၍ဖြေလိုက်ပါသည်။

အဘပေးသော ကြေးပြား (ပုရပိုဒ်ချပ်) တို့သည် ဖတ်ရမလောက်အောင် ကြေးညှိများ တက်နေသည် ဖြစ်၍ မန်ကျည်းမှည့်ရည်ဖြင့် ဖြည်းညင်းစွာ ပွတ်တိုက်ပြီးမှ တစ်လုံးချင်း ကူးခဲ့ရပါသည်။ ကျွန်ုပ် မှတ်မိသည်မှာ ကြေးပြား(ပုရပိုဒ်ချပ်)တစ်ချပ်ပြီးတိုင်း အဘသည် ထိုကြေးပြားကို လက်အုပ်ချီ ပူဇော်ကာ 'လုံ' ထဲထည့်၍ အဂ္ဂိရတ်ထိုးပစ်ခြင်းပင် ဖြစ်ပါသည်။ ကြေးပြားအားလုံးကို 'လုံ' ထဲထည့် အရည်ဖျော်ပစ်ကာ ဗုဒ္ဓဆင်းတုတစ်ဆူ သွန်းလုပ်ခဲ့ကြောင်း၊ ထိုဆင်းတုတော်အား စေတီတစ်ဆူ၏ ဌာပနာတိုက်အတွင်း၌ ပူဇော်ခဲ့ကြောင်း ၊ကျွန်ုပ်သည် ဆရာကြီးကွယ်လွန်ပြီးနောက် တိုက်ကြီးမြို့သို့ ပြန်အလာ၌ ကြားခဲ့ရသော်လည်း မည်သည့်စေတီ၌ ဌာပနာခဲ့ကြောင်း မည်သူ့ကိုမျှ အသိမပေးခဲ့၍ယနေ့တိုင် လက်စပျောက်သွားခဲ့လေတော့၏။

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသ သင်ကြားလေ့ကျင့်ပေးသည့် ကပ္ပလက်ာရ အင်းစမပညာရပ်များကို တသွေမတိမ်း လေ့လာအားထုတ်ခဲ့ပါသည်။ ငယ်စဉ်ဘဝတလျှောက် ရောက်ရာ အရပ်ဒေသတိုင်း၌ ပညာရှင်အသီးသီးတို့နှင့် တိုင်ပင်ဆွေးနွေးကာ ကပ္ပလက်ာရကျမ်းလာ အင်းစမပညာရပ်များကို ကြိုးစားကျင့်ကြံခဲ့ပါသည်။သို့ရာတွင် ခါးသီးသောအတွေ့အကြုံများသာ ရင်နင့်ဘွယ်ရရှိခဲ့ပါသည်။ သို့သော်လည်း ကျွန်ုပ်သည်မလျှော့သောဝီရိယဖြင့် ကြိုးစားခဲ့ရာ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ခရီးရောက်ခဲ့သည်ဟုဆိုရပါမည်။ တစ်ခုထူးခြားသည်မှာ ကပ္ပလက်ာရခရီး လမ်းတလျှောက် စားဝတ်နေရေး လုံးဝမပူပန်ရသည့်အပြင် ကျွန်ုပ်၏ ပရိသတ်အများစုသည်လည်း စီးပွားငွေကြေး၌ အောင်မြင်သည်ကများပေသည်။ အသက်တည်သမျှ ကာလပတ်လုံး အသက်တစ်ချောင်း လွယ်လင့်တကူ မွေးလင့်ကုန်ဟူသည့် ကပ္ပလက်ာရကျမ်းညွှန်းသည် ယခုအချိန်အထိ ခြွင်းချက်မရှိဟုဆိုရပေမည်။ဆက်လက်၍ အဘဦးနန္ဒောဘာသ သင်ကြားပေးခဲ့သည်များကို တင်ပြပါမည် -

ပဏာမကျမ်းဦး ပထမဂါထာ (အဋ္ဌာရသအင်းအမြင်ရဲ့ ဂါထာ)

ကရာကရောတမံမောဟံ၊ ပဗောဓေသိဇနမ္ဗုဇံ။

မမေတွာ ဓမ္မရံ သီဟိ၊ ဝရသော ဒေတုမေဖလံ။

ကရာ အတိုင်းမသိ များစွာသော ဒါနပါရမီစသော ပါရမီ (၁၀) စု၊ (၅)ခုသော စွန့်ခြင်းကြီးတို့ကို လွန်မင်းကဲမိုး ကြိုးပမ်းကျင့်ဆောင်တော်မူသည်၏အဖြစ်ကြောင့်၊ *ကရော* လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ကောင်းမြတ်သော နတ်ရွာနိဗ္ဗာန်ကို ပြုတတ်သော မြတ်စွာဘုရားသည်၊ *အမ္ဗုဇံ* ကြာနှင့်တူသော၊ *ဇနံ* ကျွတ်ထိုက်ကုန်ကြ ဝေနေယျတို့အား၊ *တမံမောဟံ* အဝိဇ္ဇာမောဟ ပိတ်ဆီးမိုက်မှောင်ကြီးကို၊ *ဓမ္မရံသီဟိ* ဆယ်ပါးသော တရားတော်တည်းဟူသော ရောင်ခြည်ဝှန်းထတ် ရွှေသန်လျက်ဖြင့်၊ *မမေတွာ* ချိုးမှဲ့ဖျက်ဆီးတော်မူလျက်၊ *ပဗောဓေသိ* ညစ်ဘိလှစွာ တဏှာညွန်ဝဲ မြေစေးထဲမှ လွန်ကဲထွက်မြောက်တော်မူစေပြီ။ *သော* ထိုသို့ဆိုအပ်ခဲ့ပြီးသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရားသည်၊ *မေ* ငါ့အား၊ *ဝရံ* မြတ်သော၊ *ဖလံ* ကောင်းကျိုးအလို၏ ပြည့်စုံခြင်းကို၊ *ဒေတု* ပေးစေသတည်း။

အထဝါ တစ်နည်းကား၊ *ယော*ကရာကရော အကြင်ရောင်ခြည်တော်ခြောက်ပါး၏ တည်ရာဖြစ်တော်မူသော၊ မြတ်စွာဘုရားတည်းဟူသောနေမင်းသည်၊ *တမံမောဟံ* သစ္စာလေးပါးကို ဆီးကာပိတ်ကွယ် ဖုံးလွှမ်းတတ်သော အဝိဇ္ဇာတည်းဟူသော အမှောင်အမိုက်ကို၊ *ဓမ္မရံသီဟိ* တရားတည်းဟူသော ရောင်ခြည်တို့ဖြင့်၊ *ဇနမ္ဗုဇံ* ကျွတ်ထိုက်သော သတ္တဝါဟူသော ကြာကို၊ *ပဗောဓေသိ* သစ္စာလေးပါးတရားကို သိခြင်းသို့ရောက်စေ သော အားဖြင့် ပွင့်စေတော်မူပြီ။ *သော*ကရာကရော ထိုခြောက်သွယ်သော ရောင်ခြည်တော်၏ တည်ရာဖြစ်သော ဘုရားတည်းဟူသော နေမင်းသည်၊ *မေ* ငါ့အား၊ *ဝရံ* မြတ်သော၊ *ဖလံ* ကောင်းကျိုးအလို၏ ပြည့်စုံခြင်းကို၊ *ဒေတု* ပေးစေသတည်း။ ။

(ပါဠိတစ်ခေါက်အနက်တစ်ခေါက်ရွတ်ပြီးကပုတီး (၁)လုံးချ။ (၁၀၈)လုံး ပုတီး (၁)ပတ်စိပ်ရန်။)

ပဏာမကျမ်းဦး ဒုတိယဂါထာ (ဝိဇ္ဇာမယိဒ္ဓိအင်းအပြင်ရံ ဂါထာ)

ယ မိတဗ္ဗ ယမောဒန္တော၊ ဂ မိတဗ္ဗ ဂမာဒိကော။

ဗ လံ မာရဿ ယောဇိနော၊ ဝ ရံသော ဒေတုမေဇယံ။

ယောဘဂဝါ အကြင်မြတ်စွာဘုရားသည်၊ *ယမိတဗ္ဗေ* နှစ်လိုအပ်သော ပါရမီတို့ကို၊ *ယမောဒန္တော* နှစ်သက် ယဉ်ကျေးလေးမြတ်စွာ ဖြည့်တော်မူပြီး၍၊ *ဂမိတဗ္ဗော* ရောက်အပ်သော ဘုရားအဖြစ်သို့၊ *ဂမာဒိကော* ရောက်ဦးအစ ကာလတို့၌၊ *ဗလံ ဗလဿ* ဗိုလ်ထုပြီးထပ် စည်းကြပ်ပြီးသော၊ *မာရဿ* နတ်ပြည်ခြောက်ထပ်ကို ပိုင်စိုးသော မာရ်နတ်မင်းဟူသော ရန်သူအား၊ *ဇိနော* မကျန်မကြွင်း အောင်တော်မူ၏။ *သောဘဂဝါ* ထိုမြတ်စွာဘုရားသည်၊ *မေ* ငါ့အား၊ *ဝရံ* မြတ်သော၊ *ဇယံ* အောင်ခြင်းကို၊ *ဒေတု* ပေးစေသတည်း။

အထဝါ တစ်နည်းကား၊ *ယမိတဗ္ဗယမော* စောင့်ရှောက်အပ်သော ဣန္ဒြေကို စောင့်ရှောက်တော်မူသည်ဖြစ်၍၊ *ဒန္တော* ယဉ်ကျေးတော်မူသော၊ *ဂမိတဗ္ဗဂမော* ရောက်အပ်သိအပ်သော တရားကို သိတော်မူသည်ဖြစ်၍၊ *အဓိကော* လူနတ်ဗြဟ္မာ သတ္တဝါတို့ထက် လွန်ကဲထူးမြတ်တော်မူသော၊ *ယောဇိနော* အကြင်မြတ်စွာဘုရားသည်၊ *မာရဿ* မာရ်မင်း၏၊ *ဗလံ* ရှေ့ကိုးယူဇနာ လက်ဝဲလက်ယာ တစ်ဆယ့်နှစ်ယူဇနာ နောက်စကြာဝဠာတိုင်အောင် များပြောင်စစ်သည်ကို၊ *ဇိတော* အောင်ပြီးသော၊ *သောဇိနော* ထိုမြတ်စွာဘုရားသည်၊ *မေ* ငါ့အား၊ *ဝရံ* မြတ်သော၊ *ဇယံ* အောင်ခြင်းကို၊ *ဒေတု* ပေးစေသတည်း။

(ပါဠိတစ်ခေါက်၊ အနက်တစ်ခေါက် အသံထွက်ရွတ်ပြီးက ပုတီး (၁)လုံးချ။ (၁၀၈)လုံးပုတီး (၁)ပတ်စိပ်ရန်)

ထို့နောက် အဘဆရာကြီး ဦးနန္ဒာဘာသသည် ဘုရားဆောင် အောက်တစ်ဆင့်နိမ့် စင်ပေါ်မှ အစီအရီ တင် ပူဇော်ထားသော ရုပ်တုပုံ (၉)ပုံအနက်မှ ညာဘက် ထိပ်ဆုံးရှိ ဗြဟ္မာမင်း ရှေ့ရှိ ကြေးပြားချပ်ကို ကူးယူကျက်မှတ်စေ ခဲ့၏။ ဤနည်းဖြင့် (၉)ပုဒ်သော ဂါထာတော်တို့ကို အလွတ်ရသည်အထိ 'ထုံမွှမ်း' ခဲ့ရလေ၏။

မှော်ဆုတောင်း (၉) ဂါထာ
(ဝိဇ္ဇာမယိဒ္ဓိ အင်းတော်ကြီး အင်းဆံဂါထာများ)

၁။ <u>မြဟ္မာမင်း</u> ဝန္ဒိတွာ သာဒရံ ပဥ္စ၊ ဗုဒ္ဓါဒိ ရတနတ္တယံ။
သီလာနိ ပရိပူရေတွာ၊ စတုအက္ခရ ယောဂတော။ ။

အဟံ ငါသည်၊ *သာဒရံ* ရိုသေခြင်းနှင့်တကွ၊ *ဗုဒ္ဓါဒိရတနာတ္တယံ* ဘုရားစသော ရတနာ(၃)ပါးအပေါင်းကို၊ *ဝန္ဒိတွာ* ရှိခိုးပြီး၍၊ *ပဥ္စသီလာနိ* ငါးပါးသောသီလတို့ကို၊ *ပရိပူရေတွာ* ပြည့်စုံစေဦး၍၊ *စတုအက္ခရယောဂတော* လေးလုံးဖော်ပြ စမအက္ခရာ မက္ခာ ဆောင်ရွက်ရသောကြောင့် -

(အနက်ကို နှလုံးသွင်း။ ပါဠိကိုရွတ်၊ ပုတီးတစ်လုံးချ)

၂။ <u>သိကြားမင်း</u> အဆေဇ္ဇဘေဇ္ဇကာယောမှိ၊ သဗ္ဗာဝုဓ ပရိတ္တကော။
ဣမိနာသည် ပရေနာပိ၊ သမတ္တောကရိတုံကမ္မံ။

အဆေဇ္ဇဘေဇ္ဇကာယော မပေါက်မပြဲ ရှနမရှိ ပကတိ ကြံ့ခိုင်သောကိုယ် ရှိသည် လည်းကောင်း၊ *သဗ္ဗာဝုဓ ပရိတ္တကော* မီးပေါက်၊ ဓားလှံ၊ သစ်ချွန်သေနတ်စသော ခပ်သိမ်းသော လက်နက်မျိုးတို့ကို တားမြစ်နိုင်သည် လည်းကောင်း၊ *ဣမိနာ* ငါ၏ကိုယ်ဖြင့်၊ *အညံ* တစ်ပါးသူတို့၏ ကိုယ်ကို၊ *ပရေနာပိ* သူတစ်ပါး၏ ကိုယ်ဖြင့်လည်း၊ *ကမ္မံ* ငါ၏ကိုယ်ကို၊ *ကရိတုံ* ဖောက်လွှဲတစ်ဖန် ပြန်လှန်ပြုခြင်းငှာ၊ *သမတ္တော* စွမ်းနိုင်သည်၊ *အမှိ* ဖြစ်၏ (ဝါ) ဖြစ်ရလို၏။

(အနက်အဓိပ္ပာယ် နှလုံးသွင်း၊ ပါဠိ (၁)ခေါက်ရွတ်၊ ပုတီး (၁)လုံးချ)

၃။ <u>နေမင်း</u> သဗ္ဗဗန္ဓန ဆိန္ဒောမှိ၊ အန္ဓောဗဟိ ပဟန္တဝါ။
အနန္တဗလဝါဟောပိ၊ နသက္ကော ဂဏှိတုံသဒါ။

သဗ္ဗဗန္ဓနဆိန္ဒော ကြိုးထိပ်ခြေချင်း အကွင်းအနှောင် တွင်းလှောင်ကပ်ဘိ အစရှိသော ခပ်သိမ်းသော အနှောင်အဖွဲ့မျိုးတို့ကို ချိုးဖဲ့ဖျက်ခြင်းဖောက်ထွင်းနိုင်သည်

လည်းကောင်း၊ *အန္တောဗဟိပဟန္တဝါ* အတွင်းမှသည် အပသို့ အပမှသည် အတွင်းသို့ ရောက်နိုင်သည်လည်းကောင်း၊ *အနန္တဗလဝါဟောပိ* အတိုင်းမသိ အဆုံးမရှိသော စစ်သည်ဗိုလ်ပါသည်လည်း၊ *သဒါ* အခါခပ်သိမ်း၊ *ဂဏ္ဍိတုံ* ယူဆောင်ဖမ်းငင်ခြင်းငှာ၊ *နသက္ကော* မတတ်စွမ်းနိုင် သည်လည်းကောင်း၊ *အမ္ဘိ* ဖြစ်၏ (ဝါ) ဖြစ်ရလို၏။

(အနက်အစီပွာယ် နှလုံးသွင်း၊ ပါဠိ (၁)ခေါက်ရွတ်၊ ပုတီး (၁)လုံးချ)

၄။ <u>လမင်း</u> ဆာယာမတ္တမ္ဘိနာဒိင္ဒော၊ နာသုဏော သရမတ္တက်။

ခုဒ္ဒက် မဟန္တဝါပိ၊ မဟန္တ အပ္ပက် ကရေ။

ဆာယာမတ္တမ္ဘိ အရိပ်မျှကိုလည်း၊ *နာဒိဿော* အလိုမရှိက မမြင်ရသည်လည်းကောင်း၊ *သရမတ္တက်* အသံမျှကိုလည်း၊ *နာသုဏော* အလိုမရှိက မကြားရသည်လည်းကောင်း၊ *ဟုတ္တာ* ဖြစ်၍၊ *ခုဒ္ဒက်* ငယ်သောကိုယ် ဖြစ်လျက်၊ *မဟန္တ* ကြီးသောကိုယ်ကို၊ *မဟန္တဝါပိ* ကြီးသောကိုယ်ကိုလည်း၊ *အပ္ပက်* ငယ်သောကိုယ်ကို၊ *ကရေ* ပြုနိုင်၏ (ဝါ) ပြုနိုင်ရလို၏။

(အနက်အစီပွာယ်နှလုံးသွင်း၊ ပါဠိ (၁)ခေါက်ရွတ်၊ ပုတီး(၁)လုံးချ။)

၅။ <u>ဝိဇ္ဇာမင်း</u> ဥဒကာ ကာသစာရီကော၊ မဟီနိမုဇ္ဇကောဘဝေ။

သုဝဏ္ဏရဇတာဒီနိ၊ ယထိစ္ဆိတ ကရောသဒါ။

ဥဒကာ ကာသစာရီကော ရေလယ်ရေပြင် ကောင်းကင်မိုးယံသို့ ပျံသွားနိုင်သည်လည်းကောင်း၊ *မဟီ နိမုဇ္ဇကော* မြေကြီးမြေအောက် ထွင်းဖောက်ငုပ်လျှိုး နိုင်သည်လည်းကောင်း၊ *သုဝဏ္ဏရဇတာဒီနိ* ရွှေ ငွေ ကြေး သံ ဒန်ရုပ် ဟီနာ ဘင်ပါလောဟာ သုတာပြဒါး စသည်တို့ကို၊ *သဒါ* အခါခပ်သိမ်း၊ *ယထိစ္ဆိတကရော* အလိုရှိတိုင်းပြုနိုင်သည်လည်းကောင်း၊ *ဘဝေ* ဖြစ်၏ (ဝါ) ဖြစ်ရလို၏။ ။

(အနက်အစီပွာယ်နှလုံးသွင်း၊ ပါဠိ (၁)ခေါက်ရွတ်၊ ပုတီး (၁)လုံးချ)

၆။ <u>မိကျောင်းမင်း</u>

ကောဋ္ဌာဂါရာဒိကံသဗ္ဗံ၊ ပုမိတ္တိပိယသံယုတ်။

သဟဿာယုစိန္တညာဏော၊ ဒုရံပိသမိပံဘဝေ။

သဗ္ဗံ အလုံးစုံသော၊ *ကောဋ္ဌာဂါရာဒိကံ* ကျီကျဘဏ္ဍာအိမ်ရာ ဝိမာန်တို့ကို လျှင်မြန်စွာဖြစ်နိုင်သည် လည်းကောင်း၊ *ပုမိတ္တိ ပိယသံယုတံ* ယောကျ်ား မိန်းမ နရဒေဝါ ဖြဟ္မာနတ်လူ ခပ်သိမ်းသူတို့သည် ကြည်ဖြူချစ်ခင် ခြင်းနှင့် ယှဉ်သည်လည်းကောင်း၊ *သဟဿာယု* အသက်တစ်ထောင်မြားမြောင်မြင့်ရှည်ကောင်းစွာတည်သည်လည်းကောင်း၊ *စိန္တ္တညာဏော* ခပ်သိမ်းသောသူတို့၏ စိတ်အကြံကို ဟုတ်မှန်စွာ သိနိုင်သည်လည်းကောင်း၊ *ဒူရံပိ* ခရီးရှည်စွာ ဝေးကွာရာ အရပ်ပင် ဖြစ်သော်လည်း၊ *သမီပံ* လျှင်မြန်ရောက်အောင် သောင်းထောင်ခရီးကို နီးစေခြင်းငှာ စွမ်းနိုင်သည်လည်းကောင်း၊ *ဘဝေ-ဘဝေယျံ* ဖြစ်ရလို၏။

(အနက်အဓိပ္ပာယ်နှလုံးသွင်း၊ ပါဠိ(၁)ခေါက်ရွတ်၊ ပုတီး(၁)လုံးချ)။

၇။ ၀ဠုန်မင်း ဝိဇ္ဇန္ဓရာ တဒါသဗ္ဗေ၊ ပဿန္တေ သုတ မတ္တကေ။
ပကာသေတွာ အတ္တသိပ္ပံ၊ မမံဒက္ခန္တုတေသဒါ။

တဒါ ထိုသို့ လိုရာအမှု အစုစုကို တစ်ခုမကျန် ဟုတ်မှန်ရွက်ဆောင်သော အခါ၌၊ *သဗ္ဗေ* ခပ်သိမ်းကုန် သော၊ *ဝိဇ္ဇန္ဓရာ* နာနာရှုပ အစိုးရသည့် မာယတန်ခိုး ဝိဇ္ဇာမျိုးတို့သည်၊ *မံ* ငါ့ကို၊ *ပဿန္တေ* မြင်ကာမျှ၌လည်း ကောင်း၊ *သုတမတ္တကေ* ကြားကာလမျှ၌လည်းကောင်း၊ *အတ္တသိပ္ပံ* မိမိ၏ အတတ်မျိုးကို၊ *ပကာသေတွာ* ထင်ရှားစွာ ပြ၍၊ *တေ* ထိုဇော်ဂျီ တပသီ ဆရာဝိဇ္ဇာတို့သည်၊ *သဒါ* အခါခပ်သိမ်း၊ *မမံ* ငါ့ကို၊ *ဒက္ခန္တု* မကြာလျှင်ဆော ပြစေကုန်သော်ဝ်။

(အနက်အဓိပ္ပာယ် နှလုံးသွင်း၊ ပါဠိ (၁)ခေါက်ရွတ်၊ ပုတီး (၁)လုံးချ။)

၈။ <u>နဂါးမင်း</u>

ပရိဝါရေတွာနိသိန္နေ၊ အဓိပ္ပေါဟံ ဝဟန္တုတေ။
မမတ္တံ ဂရုံ ကရောန္တော၊ သဗ္ဗဝိဇ္ဇာပယောဇနေ။

တေ ထိုတပသီ ဇော်ဂျီဆရာ ဝိဇ္ဇာမိုရ်တို့သည်၊ *ပရိဝါရေတွာ* ခြံရံ၍၊ *နိသန္နေ* နေသောအခါ၌၊ *မမတ္တံ* ငါလိုသော အကျိုးစီးပွားကို၊ *ဂရုံကရောန္တော* လေးမြတ်

ယုံကြည်စွာပြု၍၊ *ဝဟန္တု* ရွက်ဆောင်ကုန်၏ (ဝါ) ရွက်ဆောင် စေကုန်သတည်း။ *အဟံ* ငါသည်၊ *သဗ္ဗဝိဇ္ဇာပယောဇနေ* အလုံးစုံ ကုန်စင်သော ဝိဇ္ဇာအတတ်ကို မပြတ်လုံ့လပြုကုန်သော တပသီ ဇော်ဂျီ ဝိဇ္ဇာဓိုရ်ကို့ကို၊ *အဓိပ္ပေ* သိမ်းအုပ်နိုင်နင်းစိုးရခြင်းသည်၊ *ဘဝါမိ* ဖြစ်၏ (ဝါ) ဖြစ်ရလို၏။

(အနက်အဓိပ္ပာယ်နှလုံးသွင်း၊ ပါဠိ (၁)ခေါက်ရွတ်၊ ပုတီး (၁)လုံးချ။)

၉။ ခြသေ့်မင်း

ယထာဝုတ္တာနိ ဖလာနိ၊ သမိဇ္ဈတုယထိစ္ဆိတံ။

စတုဓာတု ပသိဒ္ဓေန၊ မဟန္တ အတ္ထဒသိနာ။ ။

ယထာဝုတ္တါနိ အကြောင်းအကြောင် ဆိုအပ်ခဲ့ကုန်ပြီးသော၊ *ဖလာနိ* အကျိုးတို့သည်၊ *စတုဓာတု ပသိဒ္ဓေန* ဓာတ်(၄)ပါးဖြင့် ပြီးသော၊ *မဟန္တအတ္ထဒသိနာ* ကြီးများစွာသော အကျိုးကို ပြတတ်သော လေးလုံးအကွရာဖြင့် (ဝါ) ကြောင့်၊ *ယတ္တိစ္ဆိတံ* အလိုရှိတိုင်း၊ *သမိဇ္ဈတု* ကောင်းစွာပြည့်စုံစေသတည်း။

(အနက်အဓိပ္ပာယ်နှလုံးသွင်း၊ ပါဠိ (၁)ခေါက်ရွတ်၊ ပုတီး (၁)လုံးချ။)

အထက်ပါ (၉)ဂါထာ ကို ဌာန်၊ မာန်၊ ကရိုဏ်း၊ ပရိုင်း၊ ပယတ်၊ ဓနိတ၊ သိထိလ စသဖြင့် အသံအင်္ဂါ(၁၀)ပါးနှင့်အညီ မှန်ကန်စွာ ရွတ်ဖတ်နိုင်စေရန် အဘဆရာကြီးဦးနန္ဒောဘာသမှ စိတ်ရှည်လက်ရှည် ပြုပြင်သင်ကြား ပေးပြီးနောက် ကျွန်ုပ်အား -

"ကျမ်းဦး (၂)ဂါထာကို ပုတီးတစ်ပတ်စီ (၂)ပတ်။ မော်ဆုတောင်းကိုးဂါထာကို တစ်ဂါထာ ပုတီးတစ်လုံးချ။ (၉)ဂါထာ (၁၂)ပြန်မှာ (၁၀၈)လုံး ပုတီး (၁)ပတ်စိပ်။ ပြီးရင် (၁)နာရီတိတ်နား။ အဲဒီလို နားတဲ့အခါမှာ ပေါ်ဒီ (၃၂)ကွက် ပုဆစ်အိမ်အင်းကွက်ကို (၁)ကနေ (၃၂)အထိ တောက်လျှောက်မြင်းခုန်ပြေးသွား။ အစ (၁)နဲ့ အဆုံး (၃၂)ဟာ မြင်းပြန်ကျရမယ်။ မြင်းသေမြင်းကိုက်ပေါ့ မောင်ဘုန်းမြင့်။ ရှင်းတယ်ဆိုရင် နောက်နေ့ကစပြီး (၄၉)ရက် အဓိဋ္ဌာန် ပြီး ပုတီးစိပ်ပေတော့။ အသားလွတ်၊ အသက်လွတ် စားရမယ်ကွယ့်"ဟု မှာကြားလေတော့၏။



ကျွန်ုပ်သည် တိုက်ကြီးမြို့၊ ရန်ကုန်ပြည်လမ်းမကြီးပေါ်ရှိ ဘုရားကြီးကျောင်းတိုက်အတွင်းမှ မဟာမြတ်မုနိ ရုပ်ပွားတော်ရှေ့တွင် အဘဆရာကြီး ညွှန်ပြသည့်အတိုင်း အဓိဋ္ဌာန်ကို ပြီးမြောက်ခဲ့သည်သာမက (၃၂)ကွက် ပုဆစ်အိမ် အင်းကွက်ကို (၂)ရက်အကြာ၌ ရေးသွင်းနိုင်ခဲ့လေ၏။

ကျွန်ုပ်သည် အဓိဋ္ဌာန် (၄၉)ရက် ပြည့်ပြီးပြီးချင်း အဘဆရာကြီးထံ ပြန်လာခဲ့၏။ အဘမှ-

"မောင်ဘုန်းမြင့်၊ လူကောင်သေးရတဲ့အထဲ သက်သက်လွတ်စား၊ ပုတီးစိပ် (၄၉)ရက်ဆိုတော့ အတော် ပန်းသွားတယ်ပေါ့ ဟုတ်လား" ဟု မေးလိုက်၏။ ကျွန်ုပ်မှ-

"ပထမ (၃)ရက်လောက်ပါ အဘ။ နောက်ပိုင်း အကျင့်ဖြစ်သွားလို့လား မသိဘူး။ စိတ်ကို ငြိမ်ပြီး ပုတီးစိပ်ရတာ အာရုံပိုကောင်းလာပါတယ် အဘ"ဟု ဖြေလိုက်ရာ အဘသည် အားပါးတရ ပြုံးလျက်-"သမာဓိ အခြေခံပေါ့ကွယ်" ဟု ပြောလိုက်၏။ ပြီးမှ ကျွန်ုပ် ရှိသေစွာ ကမ်းပေးလိုက်သည့် (၃၂)ကွက် ပုဆစ်အိမ် မြင်းသေမြင်းကိုက်အင်း (၈)ချပ်အနက်မှ အောက်ပါအင်းချပ်ကို ယူ၍-

"အင်းပြေး(၈)ခုစလုံး မှန်သကွယ့်။ ဒါ့ထက် ဒီအင်းချပ်ကတော့ ကျမ်းရင်းကြီးထဲကအတိုင်း မှန်နေတာမို့ အဘ ဒီ အင်းပြေးနဲ့ပဲ ဆက်သင်ပေးမယ်" ဟု ပြောလိုက်လေ၏။

	၁	၈	၁၅	၂၈	
၃၁	၁၄	၂၇	၂	၉	၁၆
၂၆	၇	၃၂	၂၉	၂၂	၃
၁၃	၃၀	၂၅	၂၀	၁၇	၁၀
၆	၁၉	၁၂	၂၃	၄	၂၁
	၂၄	၅	၁၈	၁၁	

ကျွန်ုပ်သည် ယခင်နှစ်များက အင်းပညာအခြေခံများသင်ယူခဲ့စဉ်က ပုဆစ်အိမ်အမျိုးမျိုးကို မြင်းသေမြင်းကိုက် ကစားခဲ့ဖူးသည်ဖြစ်၍ အခက်အခဲများများစားစားမရှိလှသော်လည်း(၂)ရက်ကြာမှ အဖြေမှန်ရရှိခဲ့သောအင်းကွက် ဖြစ်ပါသည်။

အစပြုသော(၁)ဂဏန်းကို ထောင့်ရှစ်ထောင့်တွင်အသီးသီး ထည့်၍ အင်းပြေး ကြည့်ပါကမြင်းသေ မြင်းကိုက်(၈)မျိုး ကို ရရှိပါသည်။

"ဒါ့ထက် မောင်ဘုန်းမြင့်ကို သင်ပေးခဲ့တဲ့ အင်းဆံမှော်ဆုတောင်း ကိုးဂါထာမှာ တစ်ဂါထာကို စာလုံးဘယ်နှစ်လုံးရှိသလဲကွယ့်" ဟု အဘမှ ရုတ်တရက် မေးလိုက်ပါ၏။ ကျွန်ုပ်က "ရှစ်လုံးတစ်ပါဒ၊ လေးပါဒတစ်ဂါထာဖွဲ့ထားတာမို့ ရှစ်လေးလီသုံးဆယ့်နှစ် (၃၂)လုံးပါအဘ"

"အိမ်းဟုတ်သကွယ့်။ အခုမောင်ဘုန်းမြင့် ချထားတဲ့အင်းသွားအတိုင်း အစဉ်အတိုင်း ထည့်ကြည့်ပေါ့ကွယ်။ ဂါထာ (၉)ပုဒ်ဆိုတော့ (၉)ကွက်ရမကွယ့်။ ကဲ ကြိုးစားလိုက်ဦး"

ကျွန်ုပ်သည် အလွတ်ကျက်မှတ်ထားပြီး (၄၉)ရက်တိတိ အကြိမ်ပေါင်းများစွာ ပုတီးစိပ်လာခဲ့သော အင်းဆံမှော် ဆုတောင်း (၉)ဂါထာကို အထစ်အငေါ့မရှိ ရေးသွင်းလိုက်လေ၏။

	ဝ	ဠ	တ္တ	ကျ	
ဂ	နု	အ	ဋ္ဌိ	ဝု	ယံ
တု	ပ	တော	ရ	ပူ	တွာ
တု	ယော	စ	ပ	သီ	ဋ္ဌါ
ရုံ	ဋ္ဌိ	ရ	ရေ	သာ	ရိ
	တွာ	ဒ	လာ	ဒ္ဓိ	

(၁) ပြဿဒ္ဒါမင်း

	အ	နို	တ္တ	က	
ဣ	ရိ	တ္တော	ဆေ	သ	ကော
မ	ယော	မံ	ရိ	ရေ	န္တ
ပ	တုံ	သ	ညံ	ဣ	ဋ္ဌာ
ကာ	နာ	မ	နာ	ဘေ	ပ
	ဝိ	န္တ	မိ	ဝု	

(၂) သိကြားမင်း

	သ	ပို	က္က	ဂ	
သ	ဟ	တ္တော	ဋ္ဌ	အ	ဝါ
သ	န္တာ	ဒါ	ကို	ဝါ	ဗ
ပ	တုံ	နု	ဗ	အ	န္တာ
ဆိ	က္က	ဟိ	ဟော	န္တ	လ
	ဝိ	နု	နု	ဗ	

(၃) နေမင်း

	ဆာ	ဋ္ဌော	တ္တ	အ	
က	မ	န္တံ	ယာ	နာ	ကံ
ဟ	ဒိ	ရေ	ပ္ပ	န္တံ	မ
ရ	ကံ	မ	မ	ခု	သု
နာ	ကံ	သ	ဝါ	တ္တ	ဟ
	ဝိ	မ္ဗိ	ဒ္ဓိ	ကော	

(၄) လမင်း

	ဥ	ကော	ဘ	တ	
သ	ကော	န္တိ	ဒ	မ	ဝေ
ထိ	ရှိ	ဒါ	က	တာ	ကာ
နွ	ရော	ယ	ရ	သု	ဟိ
တ	ဏ္ဍ	ပု	ဒိ	ကာ	ဓ
	နိ	သ	ဝ	နိ	

(၅) ဝိဇ္ဇာမင်း

	ကော	ဋ္ဌံ	ယု	သ	
ဘ	သံ	ဝိ	ဌာ	ပု	တံ
ရုံ	သံ	ဝေ	မိ	ဏ္ဍ	ဂါ
ယ	ပံ	ဋ္ဌ	ယု	သ	မိ
ကံ	သာ	ဝိ	ဉာ	ရာ	ဗိ
	ကော	ဒိ	ဟ	ဏ္ဍိ	

(၆) ဝိတျှောင်းမင်း

	ဝိ	ဇွေ	ဍ္ဍ	ကွ	
သ	မ	ဒ	နွ	ပ	ကေ
မံ	သ	ဒါ	ဏ္ဍ	ဍ္ဍ	ဇွ
တ	တေ	မ	တွာ	ပ	ဿ
ဒါ	သေ	သု	သိ	ရာ	အ
	ပွံ	တ	ကာ	ဏွေ	

(၇) ဂဠုန်မင်း

	ပ	ဇွေ	ဏ္ဍ	ဠာ	
ဓ	ဟ	ဝိ	ရှိ	အ	တေ
ဗွ	သိ	နေ	ပ	က	ဂါ
ဝ	ယော	သ	ဂ	မ	မိ
နိ	ဍ္ဍံ	ဟံ	ရော	ရေ	ရှုံ
	ဏ္ဍော	တွာ	မ	ပွါ	

(၈) နဂါးမင်း

	ယ	နိ	န္တိ	အ	
သိ	ထိ	ဏ္ဍ	ထာ	သ	တံ
ဟ	လာ	နာ	ဍ္ဍ	သိ	ပု
ယ	ဒ	မ	တု	စ	မိ
ဖ	မာ	တု	ဇွေ	ဍ္ဍာ	ပ
	န	နိ	တု	ဃွ	

(၉) ခြင်္သေ့မင်း

အဘဆရာကြီးဦးနန္ဒော ဘာသသည်ကျွန်ုပ်ရေးသွင်းလိုက်သောအင်းဆံများကိုတစ်လုံးချင်း စစ်ဆေးနေ၏။ကျွန်ုပ်ကိုဂါထာတစ်ပုဒ်ချင်းအနက်တစ်ပိုဒ်ချင်း စိတ်တိုင်းကျစစ်မေးပြီးနောက် -

"ဒီအဆင့်အထိ ကြေညက်လာပြီမို့ ရှေ့ဆက်ရင် အခက်အခဲ မရှိသလောက် နည်းသွားပြီကွယ့်။ ကဲ ကျမ်းရင်းကြီးကို ဆက်ကြရအောင်။ ပုန တစ်ဖန်၊ ဒီဃောရသော အလျား အနံအားဖြင့်၊ အဋ္ဌာရသပဒံ တစ်ဆယ့်ရှစ်ကွက်ရှိသော၊ နဝခန္တံ ထောင့်ချိုးခိုနန်း ကိုးခန်းအင်းကို၊ လိက္ခိတွာစ ရေး၍လည်း၊ မဇ္ဈေဋ္ဌာနေ အလယ်(၄)ဌာန၌၊ ကဏ္ဏုပါဒံ ကြက်ခြေကန်ထုတ်လျက်၊ စတုက္ခရံ လေးလုံးအက္ခရာလေးဖြာစုံကို၊ ပဝေသေယျ သွင်းရာ၏။ ပဝေသေန သွင်းပြီးသော်၊ ဘိတ္တိ အတွင်းနံရံအင်းကွက်၌၊ နဝေဂါထံ ကိုးပါးသော မော်ဂါထာကို၊ အဿဂတံ မြင်းသွား၊ ပက္ခိပေယျ ထည့်သွတ်ရာ၏။ ဗဟိဘိတ္တိ ပြင်နံရံ၌၊ ယမိဂါထံ ယမိတဗ္ဗယမောဟူသော၊ ပဏာမဒုတိယဂါထာကို ပဒိဝါရွှ ခြံရံ၍လည်း၊ ဌပေယျ ထားရာ၏။ လိုက်လို့ မိရဲ့လား မောင်ဘုန်းမြင့်"

"မိပါတယ် အဘ"

"အလျားအနံ (၁၈)ကွက်ရှိသော ထောင့်ချိုးခိုနန်းကိုးခန်းအင်းဆိုတာ မောင်ဘုန်းမြင့် သိသလား စဉ်းစားကြည့်" ဟု အဘမှ မေးလိုက်ရာ ကျွန်ုပ်မှ-

"စောစောက သင်ခဲ့တဲ့ အဋ္ဌာရသအင်းတုန်းက ဆယ်ကွက်ခိုနန်းချိုးဘဲ သိတယ်အဘ။ ချက်ချင်းစဉ်းစားလို့ မပေါ်ဘူး" ဟုဖြေလိုက်ရာ အဘသည် သူ၏ လက်ထဲမှ ပျဉ်မသားဆေးတံဖြင့် ကျွန်ုပ်၏ နဖူးကို မနာ့တနာခေါက်လိုက်ပြီး -

"စောစောက မောင်ဘုန်းမြင့် ဖြည့်ခဲ့တဲ့ ပြဟ္မာမင်းအစ ခြသေ့်မင်းအဆုံး အင်း(၉)ကွက်ကို အထက်၊ အလယ်၊ အောက်(၃)ကွက်စီ ကတ်ကြေးနဲ့ ညှပ်ပြီး တွဲကြည့်ကွယ့်။ အလယ် (၄)ကွက် လွတ်နေတာ တွေ့ရလိမ့်မယ်။ အဲဒါကို မဇ္ဈေဋ္ဌာနေ အလယ်(၄)ဌာန၌၊ ကဏ္ဏုပါဒံ ကြက်ခြေကန်ထုတ်လျက် ဆိုတဲ့အတိုင်း ကြက်ခြေခတ် (၄)စိတ် စိပ်ပေါ့ကွယ်။ အဲဒီ ကြက်ခြေကွက်တွေမှာ ကိုယ်ထည့်ချင် စီရင်ချင်တဲ့ ပါပဝါယောအင်း၊ သူရဠတေဇောအင်း၊ အမြိတ္တအာပေါအင်း၊ ကောလီပထဝီအင်းတို့ရဲ့ စန်းယှဉ်နက္ခတ်နဲ့ တွက်ထုတ်လို့ရတဲ့ အက္ခရာတွေကို မူလ၊ အာဒိ၊ မဇ္ဈ၊ အဝသံ၊ ပါပ၊ သူရဠ၊ အမြိတ္တ၊ ကောလီ စာတ်လှည့်အစဉ်အတိုင်း သွင်းရတယ်ကွယ့်"

"ဟုတ်ကဲ့ပါ အဘ" ဟုကျွန်ုပ်မှ ပြန်ဖြေလိုက်ကာ မြဟွာမင်းအစ ခြသေ့်မင်းအဆုံး (၉)ကွက်သော အင်းချပ်တို့ကို ကတ်ကြေးနှင့် ကိုက်ညှပ်လိုက်ပြီး အပေါ်(၃)ကွက်၊ အောက်(၃)ကွက်၊ အလယ်(၃)ကွက် တွဲစပ်လိုက်လေ၏။ ထိုအခါ လွတ်နေသော အလယ် (၄)ကွက် ပေါ်လာတော့သဖြင့် ကျွန်ုပ်သည် အဘပြောသည့်အတိုင်း ကြက်ခြေခတ်လိုက်စဉ် အဘဆရာကြီးမှ -

"နေဦး မောင်ဘုန်းမြင့်၊ ရပ်. . မြန်မြန်ရပ် ။ အဲဒီ (၉)အင်းကို ထားချင်သလို ထားလို့ မရဘူးကွယ့်။ **စမ္ဗာနဝ ဗိုလ်တက်ဗိုလ်ဆင်း** အစဉ်အတိုင်း ထားရမှာ။ကဲ. . ပြော၊ စမ္ဗာနဝ ဗိုလ်တက်ဗိုလ်ဆင်းအင်းဆိုတာ" ဟု မေးလိုက်၏။

"မှတ်မိပါတယ် အဘ။ **ချမ်းမပျက်၊ ဇွတက် (ဗိုလ်တက်) ထောင့်စဉ်** ဆိုတာ။ ရတနာဒီပံ၊ တည်ဟန်အစ၊ သောင္ဂသ ဆိုတဲ့ ရတနာဒီပံ အင်းတော် အုတ်မြစ်တည်တဲ့ အင်းပြေးကို ပြောတာ မဟုတ်လား အဘ"

"အိမ်း. . . ဟုတ်သကွယ့်။ နဂါး(၄)စင်း၊ ဂဠုန်(၄)စင်းလို့လဲ ခေါ်သေးတယ်။ မောင်ဘုန်းမြင့် ချကြည့်ပြီး အဘကိုပြ" ဟုပြောလိုက်သဖြင့် ကျွန်ုပ်သည် စမ္ဗာနဝ ဗိုလ်တက် ဗိုလ်ဆင်း (၉)ကွက်အင်းကို ရေးချလိုက်လေ၏။

စမ္ဗာနဝ ဗိုလ်တက်ဗိုလ်ဆင်း (၉) ကွက်အင်း

၂	၉	၄
၇	၅	၃
၆	၁	၈

ဘယ်လိုပေါင်းပေါင်း အလယ်ဂဏန်း၏ (၃)ဆ (၁၅)ကိုရ၏

မျက်နှာချင်းဆိုင်ဂဏန်း
(၂) လုံးကို ပေါင်းကြည့်က
အန္တောခေါ် (၁,၀) ၄ ခု ရ၏။

(၂ + ၈) = ၁၀
(၁ + ၉) = ၁၀
(၃ + ၇) = ၁၀
(၄ + ၆) = ၁၀

၄င်း (၁၀) ၄ ခု ကိုပင် နဂါး ၄ စင်း (စနေ '၀' ဂဏန်း '၄' လုံး)ဂဠုန် (၄) စင်း (တနင်္ဂနွေ '၁' ဂဏန်း '၄'လုံး) ဟုခေါ်သည်။ (**ကောလင်းမြို့ ခမောက်တောင် စေတီတော်အား ဤနဂါး** (၄)စင်း ၊ ဂဠုန်(၄)စင်းနည်းဖြင့် တည်ထားခြင်းဖြစ်သည်။)



အလျားအနံ (၁၈) ကွက်ရှိသော ထောင့်ချိုးခိုနန်းကိုးခန်းအင်းပုံ

"မှန်သွားပြီ မောင်ဘုန်းမြင့်၊ အဲဒီ စမ္မာနဝအင်းပြေးအစဉ်အတိုင်း ဗြဟ္မာမင်းအစ၊ ခြင်္သေ့မင်းအဆုံး အင်းဆံ ဂါထာ (၉)ပုဒ် အစဉ်အတိုင်း ထည့်သွား။ အလယ်လေးကွက်အတွက် *ဥပမာ-မိဿရာသီ၊ တန်ခူးလစန်းယှဉ်နက္ခတ် (၁)လုံး* ရဲ့တွက်ရအက္ခရာတွေကို မူလ၊ အာဒိ၊ မဇ္ဈိ၊ အဝသံ စာတ်သွား အစဉ်အတိုင်းသွင်း။ ကျမ်းဦး ဒုတိယဂါထာကို လက်ယာရစ်ရဲသွားကွယ့်"



ဝိဇ္ဇာမယိဒ္ဓိ အင်းတော်ကြီး
(တန်ဆူးလ မိဿရာသီ စဉ်းယှဉ် နက္ခတ် (၁) လုံး သူရဿတေဇော အင်းနမူနာ)

အဘဆရာကြီးဦးနန္ဒာဘာသသည် ကျွန်ုပ်အား သင်ခန်းစာ အသစ်များ ထပ်မံ တက်မပေးသေးဘဲ သင်ခန်းစာအစမှ ဝိဇ္ဇာမယ်ဘို့အင်းတော်ကြီးစီရင်ပြီးသည်အထိကို ထပ်တလဲလဲလေ့ကျင့်စေ၏။

ထိုသို့ လေ့ကျင့်ရာတွင် ပါပ(ဝါယော)အင်း၊ သူရဋ္ဌ(တေဇော)အင်း၊ အမြိတ္တ(အာပေါ်)အင်း၊ ကောလီ(ပထဝီ)အင်း စသည်တို့ကို ဒက်ကနဲ အထစ်အငေါ့မရှိစီရင်နိုင်သည်အထိ လေ့ကျင့်ပေးခဲ့ပါသည်။ (၂)လနီးပါး ရက်ပျက်မရှိ နေ့စဉ်လေ့ကျင့်ခဲ့ရပါသည်။

" မောင်ဘုန်းမြင့်ကို အဘ အခု သင်ပေးမှာက ဓာတ်အင်းဓာတ်မှော် အချိန်ကာလကဏ္ဍဘဲကွယ်။ အခုအထိ မောင်ဘုန်းမြင့် နားလည်ပြီးခဲ့တာတွေမှာ ဆေးကားသည်ပင်၊ အင်းလျှင်သည်မှာ၊ ဂါထာထို့တူ၊ ရွတ်မူသည်နှင့်၊ တန်ခိုးတင့်လိမ့် အထိ ရောက်နေပြီဆိုတော့ ကဲ ဆက်ကြရအောင်။ လိုက်မှတ် . . ."

(၁) သွားခွင့်လာရန်၊ လျင်မြန်စေလို၊ ဝါယောကိုမူ၊ဉာဏ်နှင့်ယူလော့။ ဒါက လျင်မြန်ဖို့၊ ဉာဏ်ပညာ ထက်မြက်ဖို့ အတွက် ပါပ ဝါယော အင်းကို စီရင်ရမယ်။ စီရင်ရမယ့် အချိန်က မြန်မာ (၃)ပဟိုရ်ကနေ နေဝင်အထိ ဆိုတဲ့အတွက် အင်္ဂလိပ်စက်နာရီ မွန်းလွဲ(၃)နာရီကနေ ညနေ (၆)နာရီအထိ။ မှတ်ထားနော် မောင်ဘုန်းမြင့်"

"ဟုတ်ကဲ့ မှတ်မိပါတယ် အဘ၊ ရှေ့မှာ သင်ခဲ့ပြီးပြီပဲ"

"ဟုတ်သကွဲ့။ အခု သင်ခန်းစာ ရှေ့တက်ဖို့ ပြန်နွှေးပေးနေတာ။ ပါပ ဝါယောအင်း အတွက် နားလည်သွားရင်-

(၂) ပူသည်တစ်ချက်၊ ကျက်သည်တခြား၊ ကျော်ကြားစေမူ၊ တေဇောပြုရှင့်။ ဒါကတော့ ပူလောင်စေတယ်။ ကျော်ကြားစေတယ်။ဘုန်းတန်ခိုးပြဿဟတိက္ကမ ကြီးစေတယ်။ သူရဋ္ဌတေဇောအင်း။ အန္တောဘုန်းတန်ခိုးလို့လဲ အဆိုရှိတယ် ကွယ့်။ စီရင်ရမယ့် အချိန်က မြန်မာနေ့ (၂)ပဟိုရ်ကနေ (၃)ပဟိုရ်အထိ ဆိုတော့ကာ၊ အင်္ဂလိပ်စက်နာရီ မွန်းတည့် (၁၂)နာရီကနေ မွန်းလွဲ (၃)နာရီအထိကွဲ့။ အဲဒါသူရဋ္ဌ တေဇောအခါပေါ့"

ကျွန်ုပ်မှ " ဟုတ်ကဲ့ မှတ်ထားပါတယ်အဘ " ဟုပြန်ဖြေလိုက်ရာ

" အေး . . ဒီလိုဆိုရင် နောက်တစ်ခုထပ်ဆက်ရအောင်

(၃) ငြိမ်းမှုငြိမ်းရာ၊ အေးရာအေးကြောင်း ၊ ပြုကြောင်းပျက်မှု၊ အာပေါ ပြုလော့။ ငြိမ်းချမ်းဖို့ ၊သာယာဖို့ အချင်းချင်းချစ်ခင်ကြဖို့၊ အေးအေးဆေးဆေးနဲ့ ချမ်းသာကြွယ်ဝဖို့ ဒါတွေကို စီရင်မယ်ဆိုရင် အမြဲတွ အာပေါအင်းကို စီရင်ရမကွယ့်။ မြန်မာပဟိုရ်နေ့ (၁) ချက်တီးကနေ နေ့ (၂) ပဟိုရ် အထိ ဆိုတော့ အင်္ဂလိပ်စက်နာရီ အရ၊ မနက် (၉) နာရီကနေ မွန်းတည့် (၁၂) နာရီအတွင်း စီရင်ရမယ်။ ဟုတ်ကဲ့လား မောင်ဘုန်းမြင့် "

"ဟုတ်ကဲ့ပါအဘ "

"ဒါဆို နောက်ဆုံးတစ်ခုပဲ ကျန်တော့တယ် ၊သေသေချာချာ မှတ်"

(၄) ကြီးမှုတတန်၊ ခိုက်ရန်တခြား ၊လွှပ်ရှား မရှိ၊ ငြိမ်းဘိ စေမှု၊ ပြုလော့ပထဝီ၊ ဒါက အမှုအခင်း ခိုက်ရန်ဒေါသ ပြဿနာတွေ၊ ဘေးအန္တရာယ်မထိမငြိ ပကတိတည်တံ့ခိုင်မြဲစေဖို့ စီရင်ရတဲ့ ကောလိပထဝီ အင်းကွဲ။ မြန်မာနေထွက် (၄) ပဟိုရ်ကနေ (၁) ပဟိုရ်ကြားကာလ အင်္ဂလိပ်စက်နာရီအရ မနက်နေထွက် (၆) နာရီကနေ မနက်(၉)နာရီအထိ၊ ကောလိပထဝီ အခါပေါ့ကွယ်။ "

အဘဆရာကြီးသည် အထက်ပါ (၄) ပိုဒ်ကို သင်ပြီးပြီးချင်း ကျွန်ုပ်အား ချက်ချင်း အာဂုံပြန်စေ၏။ ကျွန်ုပ်သည် အရှိန်မရခင်က စဉ်းစားနေရသေးသော်လည်း မကြာမီ ချောင်းချောင်းပြေးရွတ်ပြလိုက်၏။ အဘမှ ကျွန်ုပ်အား ချီးကျူးလိုက်ပြီး -

"မောင်ဘုန်းမြင့်ရေ၊ ဒီတော့ ဝါယော (၃) အိမ်၊ တေဇော (၃) အိမ်၊ အာပေါ(၃) အိမ် ၊ပထဝီ(၃) အိမ် အဘကို ရေးပြပါဦးကွယ့်" ဟု ပြောလိုက်ရာ ကျွန်ုပ်သည် လေးတန်းကျောင်းသား အားသူငယ်တန်းသချာတွက်နိုင်းလိုက်သည့်အလား၊ ချက်ချင်းဆိုသလို အောက်ပါအတိုင်း ရေးချ လိုက်လေ၏။ ဇယားကွက်အောက်မှ စာသားများကို အဘဆရာကြီးမှ ရေးဖြည့် လိုက်ပြီး -

ပြဿဒါးနေ ⟹ (အင်) ကြင်း ⟹ တနင်္လာနေ့ကိုယူ



နယုန်၊ သီတင်းကျွတ်၊ တပို့တွဲ
[ပါပ - ဝါယော (၃)လ] စရေ (၃-၈) အရ
အင်္ဂါဆန်း၊ အင်္ဂါကွယ်၊ ဗုဒ္ဓဟူးဆန်း၊ ဗုဒ္ဓဟူးကွယ်
ကြုံလျှင်ကောင်း၏။

ပြဿဒါးနေ ⟹ တ (မာ) ⟹ စနေ နေ့ကိုယူ



တန်ခူး၊ ဝါခေါင်၊ နတ်တော်
[သူရဇ္ဇ-တေဇော (၃)လ] အန္တော(၁-၀) အရ
တနင်္ဂနွေဆန်း၊ တနင်္ဂနွေကွယ်၊ စနေဆန်း၊ စနေကွယ်၊
ကြုံလျှင်ကောင်း၏။

ပြဿဒါးနေ ⟹ သက် ⟹ သောကြာ၊ ရင်း ⟹ ဗုဒ္ဓဟူး (၂)ရက် ယူ



ကဆုန်၊ တော်သလင်း၊ ပြာသို
[အမြိဂ္ဂအာပေါ (၃)လ] ဝံသေ (၄-၆) အရ
ဗုဒ္ဓဟူးဆန်း၊ ဗုဒ္ဓဟူးကွယ်၊ သောကြာဆန်း၊
သောကြာကွယ် ကြုံလျှင်ကောင်း၏။

ပြဿဒါးနေ ⟹ ဆုံးရစ်
အင်္ဂါ၊ ရာဟု (၂)ရက်စလုံးယူ



ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်း
[ကောလီ ပထဝီ (၃)လ] ဂန္ဓေ (၂-၅) အရ
တနင်္လာဆန်း၊ တနင်္လာကွယ်၊ ကြာသပတေးဆန်း၊
ကြာသပတေးကွယ် ကြုံလျှင်ကောင်း၏။

"မောင်ဘုန်းမြင့်၊ အင်္ဂါဆန်း၊ အင်္ဂါကွယ်ဆိုတာ နားလည်ရဲ့လား" ဟု မေးလိုက်လေ၏။ ကျွန်ုပ်မှ စဉ်းစားမနေဘဲ ချက်ချင်းဆိုသလို-

"လဆန်း (၁)ရက်နေ့က အင်္ဂါ၊ လကွယ်နေ့ကလည်း အင်္ဂါနေ့ကို ပြောတာ မဟုတ်လား အဘ" ဟု ပြန်ဖြေလိုက်လေ၏။

"သိပ်ဟုတ်သပကွယ်။ အဲဒီလိုနေ့တွေရရင် ကောင်းတယ်ပြောတာနော်။ တိုက်ဆိုင်ဖို့က သိပ်မလွယ်ဘူးကွယ့်။ ဒီတော့ ရှေးဆရာတွေက ပြဿဒါးရက်တွေကို ချိန်ဆစီရင်ပြန်ရော။ အဲဒီလို စီရင်တဲ့အခါမှာ -

(၁) **ကူး၊ ခေါင်၊ နတ်တော်၊ "တမာ" ခေါ်၊ ကြုံသော်မြွေနှင့်ကြွက်။** ဒါက မိဿ၊ သိဟ်၊ ဓနု သူရဋ္ဌ တေဇော(၃)အိမ်မှာ တန်ခူး၊ ဝါခေါင်၊ နတ်တော်(၃)လစလုံး စနေနဲ့ကြာသပတေးနေ့တွေဟာ ပြဿဒါးရက်တွေကွယ့်။ သူရဋ္ဌတေဇောဟာ အင်္ဂွေ (၁-၀) တနင်္ဂနွေ၊ စနေဖြစ်တာမို့ "တမာ" စနေ၊ ကြာသပတေး (၂)ရက်မှာ ကြာသပတေးနေ့ကို မယူရဘဲ စနေ တစ်ရက်ကိုဘဲ ယူရမယ်။ ဒါကြောင့် တန်ခူး၊ ဝါခေါင်၊နတ်တော် (၃)လ - စနေ ပြဿဒါးနေ့ကိုယူ"

ကျွန်ုပ်သည် မိဿ၊ သိဟ်၊ ဓနု စနေ၌ ဟု အတိုကောက်မှတ်ထားလိုက်ပါ၏။ အဘဆရာကြီးမှ ဆက်၍ -

"မောင်ဘုန်းမြင့် ဆက်မှတ်-

(၂) **ဆုန်၊ လင်း၊ ပြာသို "သက်ရင်း" ဆို၊ ယူလိုပူးဆင်ဘက်။** ကဆုန်၊ တော်သလင်း၊ ပြာသို (ပြိဿ၊ ကန်၊ မကာရ) အဖြိတ္တ အာပေါ (၃)အိမ်မှာ "သက်ရင်း" အရ သောကြာ၊ ဗုဒ္ဓဟူး (၂)ရက်ပြဿဒါးနေ့တွေကွယ့်။ ဝံသေ(၄-၆)အတွဲမှန်တာမို့ *ကဆုန်တော်သလင်းပြာသို(၃)လ- ဗုဒ္ဓဟူး၊သောကြာ(၂)ရက်စလုံးပြဿဒါးနေ့ကိုယူ"*

"ဟုတ်ကဲ့ ရှင်းပါပြီ အဘ"

"ဒါဆိုရင် နောက်တစ်ခု ဆက်ရအောင်။ ဒီတစ်ခါ -

(၃) **နယုန်၊ ကျွတ်၊ တွဲ၊ "အင်ကြင်း" စွဲ၊ ကျားရဲ ဂျုန်ငှက်။** မေထုန်၊ တူ၊ ကုမ်၊ ပါပဝါယော (၃) ရာသီအတွက် နယုန်၊ သီတင်းကျွတ်၊ တပို့တွဲ (၃)လမှာ ပြဿဒါးနေ့တွေကတော့ "အင်ကြင်း" အရ တနင်္ဂနွေနေ့နဲ့ တနင်္လာနေ့တွေ ဖြစ်တယ်။ ဒါပေမဲ့ ဂျုန်ကို လွှတ်ဆိုတဲ့အတွက် **နယုန်၊ သီတင်းကျွတ်၊ တပို့တွဲသုံးလ - တနင်္လာ ပြဿဒါးနေ့ကိုယူ"**

ကျွန်ုပ်သည် ယေ်စဉ်ကတည်းက တဖွဖွ ရွတ်ခဲ့ရသော "**တမာ၊ သက်ရင်း၊ အင်ကြင်း၊ ဆူးရစ်**"ဟူသည့် ပြဿဒါးနေ့လင်္ကာသည် ကပ္ပလက်ာရအင်းစမ အစီအရင်တွင် အသုံးတည့်နေကြောင်း အံ့အားတသင့် သိရှိရသဖြင့် ရင်ထဲ တလှပ်လှပ်ခုန်သည်အထိ ခံစားရလေ၏။ အဘမှ ဆက်၍ -

"အခု နောက်ဆုံးကတော့-

(၄) **ဆိုဆောင်တပေါင်း၊ ဆူးရစ်လောင်း၊ မကောင်းဟိုင်းနက်၊ ခြသေ့ဘက်၊** ဆိုတော့ ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်း (၃)လ (ကြကဋ်ပြိဿ၊ မိန်၊ ပထဝီ (၃)အိမ်) အတွက် ပြဿဒါးနေ့တွေက အင်္ဂါနဲ့ ဗုဒ္ဓဟူးညနေပိုင်း ရာဟု ဒါကြောင့် *ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်း (၃)လအတွက် ပြဿဒါးနေ့တွေက - အင်္ဂါ နဲ့ ရာဟု (၂)ရက်စလုံးယူ*"

ထိုအခါ ကျွန်ုပ်သည် မှတ်သားထားသည်များကို အထပ်ထပ် မှတ်သားပြီး -

"အဘ ကျွန်တော် သိချင်တာရှိလို့"ဟု ပြောလိုက်ရာအဘကလက်ဝါးကာပြ လိုက်ပြီးနောက် -

"လဆန်းလကွယ်ရက်တူတာရယ်၊ပြဿဒါးနေ့ရယ်၊ ဘယ်ရက်ကိုအဓိကထားစီရင်ရမလဲဆိုတာ မေးမလို့လားကွယ့်"

ဟု ရုတ်တရက်မေးချလိုက်ရာ ကျွန်ုပ်ဘာပြောရမှန်းမသိ၊ ပါးစပ်အဟောင်းသားဖြစ်သွား၏။ ကျွန်ုပ်မေးမည့်မေးခွန်းကို အဘမှ အတပ်သိ၍ ဖွင့်မေးလိုက်သောကြောင့် ဖြစ်၏။

"ဟုတ်ပါတယ် အဘ"

"ဒါကတော့ မောင်ဘုန်းမြင့်ရဲ့ လက်တွေနယ်ပယ်က သင်သွားမကွဲ။ အဘအနေနဲ့ အာစရိယမုဋ္ဌိ မှာခဲ့ရမယ်ဆိုရင်တော့ ပါပဂါယောအင်း စီရင်ချင်ရင် စရေခာတ်အရ အင်္ဂါဆန်း၊ အင်္ဂါကွယ်၊ ဗုဒ္ဓဟူးဆန်း၊ ဗုဒ္ဓဟူးကွယ်နေ့ရရင် အကောင်းဆုံးပေါ့။ အဲဒီလို မရရင် ပါပဂါယောလ (နယုန်၊ သီတင်းကျွတ်၊ တပို့တွဲ ၃ လ) စလုံးမှာ စရေခာတ် (၃-၈)အရ အင်္ဂါနေ့တိုင်း ဗုဒ္ဓဟူးနေ့တိုင်း (ဗုဒ္ဓဟူးညနေ)တွေမှာ စီရင်ပေါ့ကွယ်။ အန္တောလ(၁-၀)တွေဆိုရင် တနင်္ဂနွေ၊ စနေနေ့တွေ ရအောင်ယူ။ ဂဗ္ဘေ (၂-၅)လတွေဆိုရင် တနင်္လာနေ့၊ ကြာသပတေးနေ့တွေတိုင်း ရအောင် စီရင်ရမယ်။ ဒီလိုဘဲ ဝံသေ (၄-၆)လတွေမှာ ဗုဒ္ဓဟူး၊ သောကြာနေ့တွေမှာ ရအောင် စီရင်ရမကွယ့်"

ကျွန်ုပ်သည် အဘဆရာကြီးညွှန်ပြသည့်အတိုင်း လဆန်းလကွယ် ထပ်ရက်များတွင်လည်းကောင်း၊ ဆိုင်ရာ ပြဿဒါးနေ့များတွင်လည်းကောင်း ကြိုးစား ကြည့်ခဲ့ ပါ၏။ ကိစ္စများမြောင် လှုတို့ဘောင် ဆိုသည်နှင့်အညီ တိုက်ဆိုင်စွာ ရခဲပါပေသည်။ အန္တော (တနင်္ဂနွေ၊ စနေ)၊ ဂဗ္ဘေ (တနင်္လာ၊ ကြာသပတေး)၊ စရေ (အင်္ဂါ၊ ဗုဒ္ဓဟူးညနေ)၊ ဝံသေ (ဗုဒ္ဓဟူး၊ သောကြာ) ရက်များတွင် ဆိုင်ရာအခါများကို မိအောင် ဖမ်းရသည်မှာပင် ထင်သလောက် မလွယ်ခဲ့ပါချေ။ ဤသို့ဖြင့် နှစ်ပေါင်းများစွာ တာရှည်ခဲ့ရပါတော့သည်။

အဘဆရာကြီး ဦးနန္ဒောဘာသ၏ သင်ပြချက်များသည်ကျွန်ုပ်၏အာရုံထဲ၌ ပြက်ပြက်ထင်ထင် မြင်နေဆဲ ဖြစ်ပါသည်။

"ကဲ မောင်ဘုန်းမြင့်၊ တန်ခူးလ သူရဿတေဇောအင်း စီရင်တဲ့အခါ အရေးကြီးဘာတွေ ရှင်းပြပေးမယ်။ တန်ခူးလအတွက် ရှင်းသွားရင် ကျန်တဲ့ (၁၁) လအတွက် မခက်တော့ဘူး။"

လ	-	တန်ခူးလ
အင်း	-	သူရဿတေဇောအင်း
နေ့	-	(အန္တော) တနင်္ဂနွေ၊ စနေ တစ်ရက်ရက်ဆန်းသောနေ့
ရက်	-	လဆန်း (၁)ရက်နေ့
အချိန်	-	တေဇောအချိန် မွန်းတည့် (၁၂)နာရီမှ (၃)နာရီအတွင်း
အရုပ်	-	မုခ် (၄)မုခ်ရှိလေးမျက်နှာဘုရား၊ သူရဿ-အရှေ့အရုပ် (တနင်္လာမုခ်)

ပူဇော် - မွန်းလွဲပြီး၍ဆွမ်းကပ်မရ(မွန်းမလွဲသေးက ဆွမ်းကပ်နိုင်သည်) ပန်း၊ ရေချမ်း၊ ဆီမီး၊ တံခွန် ပူဇော်။

သီလ - ငါးပါးသီလခံယူ

လဆန်း (၁)ရက်နေ့ -အဌာရသအင်းချ၊ တန်ခူးလ ကောက်ရ အကွရာများကို မူလ၊ အာဒိ၊ မဇ္ဈ၊ အဝသ် မှန်အောင်သွင်း။
စန်းနက္ခတ် (၁)လုံးအတွက် (၁)ချပ်။
စန်းနက္ခတ် (၂)လုံးအတွက် (၁)ချပ်။
စုစုပေါင်း (၂)ချပ်ကို ကျမ်းဦးပထမဂါထာ၊ မေ့ာ်ဆုတောင်း (၉)ဂါထာတို့ဖြင့် သက်စေ့စုပ်မန်း။ နံ့သာရေ နှင့်သောက်။

လဆန်း (၂)ရက်နေ့မှ လကွယ်မတိုင်မီ

အဖိတ်နေ့အထိ - နေ့စဉ်တေဇောအချိန်အတိုင်း တန်ခူးလသောက်ရန် စန်းနက္ခတ် (၁)လုံး၊ စန်းနက္ခတ် (၂)လုံး ကောက်ရအကွရာ သွင်းထားသည့် *ဂါကြိတ်လိမ် (၂)အင်းကို ရသရွှေ့ဆွဲ၍ ကျမ်းဦး ပထမဂါထာ၊ မေ့ာ်ဆုတောင်း (၉)ဂါထာတို့ဖြင့်သက်စေ့* စုပ်မန်း၍ နံ့သာရေနှင့်သောက်။

လကွယ်နေ့ - ဝိဇ္ဇာမယိဒ္ဓိအင်းတော်ကြီးချ။
တန်ခူးလ စန်းနက္ခတ် (၁)လုံး၊ စန်းနက္ခတ် (၂)လုံး ကောက်ရ အကွရာများအား ဓာတ်သွားညီအောင်သွင်း။ အင်း (၂)ချပ် စီရင်။ *ကျမ်းဦး ဒုတိယဂါထာ၊* မေ့ာ်ဆုတောင်း *(၉)ဂါထာ တို့ဖြင့်* သက်စေ့စုပ်မန်း။ နံ့သာရေနှင့်သောက် (မေ့ာ်ချုပ်)။

ကျင့်ကြံ - ငါးပါးသီလခံယူ။ ကျမ်းဦး (၂)ဂါထာ၊ မေ့ာ်ဆုတောင်း (၉)ဂါထာ မပြတ်ရွတ်။

အထူး - လဆန်း(၁)ရက်မှ လကွယ်နေ့အထိ နေ့စဉ်မပျက် အဌာရသ အင်း၊ ဂါကြိတ်လိမ်အင်း၊ ဝိဇ္ဇာမယိဒ္ဓိမေ့ာ်ချုပ်အင်း တို့ကို စီရင် သောက်နိုင်ပါက အထူးကောင်းသည်။

"ကဲ မောင်ဘုန်းမြင့်ရေ တန်ဆူးလ စီရင်ပုံကို မှီးပြီး ကျန်တဲ့ (၁၁) လကို စီရင်လို့ လွယ်သွားလောက်ရောပေါ့။ တစ်လက်စတည်း ပြောရဦးမယ်ကွဲ့။ တေဇောဓာတ်အင်း စီရင်ဖို့ဆိုပြီး တေဇောအန္တောနဲ့ "တနင်္ဂနွေနံ အ ဥ"၊ "စနေနံ တ ထ ဒ ဓ န" အမည်ပါတဲ့ လေးမျက်နှာမှန်လေးဝ စေတီတွေကို ရွေးချယ်တာမျိုး အဘ မလုပ်စေချင်ဘူး။ အတုလ် အတုမရှိတဲ့ ဗုဒ္ဓရဲ့ ပရိဘောဂစေတီ၊ ဓာတုစေတီတွေဘဲကွယ်။ မန္တိုင်းအပ်တာသွားနှိုင်းရင် ဒေါသသင့်ပြီး အပြစ်မကင်း ဖြစ်တတ်တယ်ကွယ့်"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် မှတ်သားပါ့မယ်"

"နောက်ထပ် အဘ ထပ်မှာချင်တာက အင်းတော်တွေ စီရင်တဲ့အခါ ပန်းပေါင်းဆေးတော်၊ မင်းပေါင်းဆေးတော်၊ ဂမုန်းပေါင်းဆေးတော်တွေနဲ့ စီရင်တာ ရှိတယ်။ အခန့်မသင့်ရင် ဆေးစောင့်ပုဂ္ဂိုလ်တွေ "မျက်" သွားတာတွေ ရှိတတ်လို့ မောင်ဘုန်းမြင့် အနေနဲ့ နောင်သမာဓိရင့်တော့မှ၊ ထိန်းနိုင်သိမ်းနိုင်တော့မှ ဆေးတော်တွေနဲ့စီရင်ကွဲ့။ ဖြစ်နိုင်ရင် ရိုးရိုးခဲတံနဲ့ပဲ ဆွဲပေါ့ကွယ်"

အဘဆရာကြီးဦးနန္ဒောဘာသသည် ကျွန်ုပ်အား ဆေးတော်များ ချီးမြှင့်အပ်နှင်းပေးခဲ့ခြင်း မရှိပါချေ။ ယုတ်စွအဆုံး ထက်ခွင်ဩသဓ အက္ခရာစမ (ယ၊ ယ၊ ရ၊ ဇ) လေးလုံးအရ ကံ့ကော်၊ ရဲယို၊ ရှောက်၊ ဆီး၊ ကျီးပေါင်း (၄)မျိုး တို့ကို ဆေးစီရင်ပုံကိုပင် အမြွက်မျှ မပြောခဲ့ပါချေ။ နောင်သောအခါတွင် အလျဉ်းသင့်၍ ပန်းပေါင်း၊ မင်းပေါင်း၊ ဂမုန်း ပေါင်း အပါအဝင် ဆေးတော်တော်တော်များများ ရရှိခဲ့သည့်တိုင် အဘဦးနန္ဒောဘာသ၏ အာစရိယမုဋ္ဌိတို့ကို မပယ်ရှားမူ၍ ခဲတံသက်သက်ဖြင့်သာ ရေးဆွဲစီရင်ခဲ့ပါသည်။

"နောက်တစ်ချက်က အင်းသောက်တဲ့အခါမှာ ကျမ်းပြုဆရာက မီးရှို့ပြာချပြီး သောက်ဖို့ ညွှန်းတယ်ကွယ့်။ အဘအနေနဲ့ကတော့ အင်းတော်ကြီးဆိုင်ရာ အင်းစောင့် ပုဂ္ဂိုလ်တွေ ရှိတယ်လို့ ယုံကြည်ထားလေတော့ အင်းကို မီးမရှို့ပြာမချတော့ဘဲ အင်းချပ်စက္ကူကို နံ့သာရည်နဲ့ စိမ်ပြီး မျိုချလိုက်တာဘဲကွဲ့။ နံ့သာ (၅)ပါး အစစ်က ရဖို့ မလွယ်လေတော့ အနည်းဆုံး နံ့သာဖြူ ကရမက် လောက်တော့ရှာထား။ ဆေးသွေးကျောက်ပျဉ်နဲ့ ရေပုလင်းသန့်သန့်ဆောင်ထားကွယ့်"

"ဟုတ်ကဲ့ပါ အဘ" ဟု ကျွန်ုပ်မှ ပြန်ဖြေလိုက်ပါသည်။

နောင်နှစ်ပေါင်း (၂၅) နှစ်ခန့်အကြာ ကပ္ပလက်ာရကျမ်းရင်းကြီးတစ်အုပ်ကို အခွင့်သင့်၍ လေ့လာကြည့်ရာ၌ နံ့သာ (၅)ပါး အရည်ဖြစ်စေ၊ အုန်းရည်ဖြစ်စေ အင်းတော်ကို သောက်မျိုရန်

ညွှန်ကြားထားကြောင်းတွေ့ရပါသည်။သို့သော် အဘဆရာကြီးဦးနန္ဒောဘာသမှ အဘယ့်ကြောင့် ဘုန်းရည်နှင့်သောက်ရန် မညွှန်းခဲ့ကြောင်း ယခုထက်ထိ နားမလည်နိုင်ပါချေ။ (ကျွန်ုပ်စိတ်အထင် ဝန်ကျဉ်းစေရန် ဖြစ်မည်ဟု ထင်ပါသည်။)

"မောင်ဘုန်းမြင့်၊ ကပ္ပလက်ာရကျမ်းကို လျှောက်တဲ့အခါ ချိန်၊ ခါ၊ နရီ၊ စည်းညီ နံရက်၊ ဤ (၄)ချက်လည်း၊ မကွက်မကြား၊စက်ဖြင့်သွားသို့ ဆိုတဲ့ အညွှန်းအတိုင်း-

(၁) ကိုယ်စီရင်ချင်တဲ့ ဓာတ် လ မှန်ဖို့၊

(၂) ဓာတ် နံ နေ့ တစ်ရက်ရက်၊ နှစ်ရက်စလုံး တိုက်ဆိုင်ဖို့၊

(၃) ကိုယ်လိုချင်တဲ့ဓာတ်အချိန်အခါ မှန်ဖို့၊

(၄) နေနဲ့လနဲ့ တစ်ထပ်တည်းဖြစ်တဲ့ လကွယ်နေ့မှာ်ချုပ်ဖို့ဆိုတဲ့ အင်္ဂါ(၄)ချက် ညီရမယ့်အပြင် ကောက်ရအကွရာတွေကို မူလ၊ အာဒိ၊ မဇ္ဈိ၊ အဝသ ဓာတ်သွားအစဉ်ညီဖို့ လည်း အရေးကြီးတယ်ဆိုတာ မှတ်ကွယ့်"

"ဟုတ်ကဲ့ပါ အဘ" ဟု ကျွန်ုပ်မှ ရိုသေစွာ ဖြေလိုက်၏။

"နောက်တစ်နည်း အင်္ဂါ(၄)ချက်အညီ ဆိုတာက -

(၁) စမ အကောက်မှန်ရမယ်၊

(၂) အင်းသွားပုံ (ဓာတ်လှည့်အစဉ်)မှန်ရမယ်၊

(၃) ဓာတ်(၄)ပါးကို လ၊ ရာသီ၊ နက္ခတ် ပိုင်းဖြတ်ပုံ မှန်ရမယ်။

(၄) လ၊ နေ့၊ အချိန်၊ အရပ် ညီရမယ်၊ ရှင်းပြီလား"

"ရှင်းပါတယ် အဘ"

"ဒါဆိုရင် ကျမ်းရင်းကြီးထဲက ညွှန်းထားတဲ့ အင်းသောက်နည်းကို ဆက်ကြရအောင်။ ဒါမှ ရှေ့က အဘသင်ပေးခဲ့တာတွေနဲ့ ညီကြည့်လို့ရမှာ"

ဟု အဘမှ ပြောလိုက်ရာ ကျွန်ုပ်မှ-

"အဆင်သင့်ပါအဘ" ဟု ပြန်ဖြေလိုက်ပါ၏။

"စတုက္ခရေ လေးလုံးအကွရာ လေးဖြာဓာတ်တို့ကို၊ ကာယန္တရေ ကိုယ်တွင်း၌ (ဝါ) တိုယ်တွင်းသို့၊ နိစ္စတ္တံ ကပ်စွဲမြဲစိမ့်သောငှာ၊ စဝံ ဣမိနာ ဝုတ္တနယေန ဤသို့ ဆိုအပ်ပြီး သောနည်း ဤဆိုလတ္တံ့သောနည်းဖြင့်၊ ယော အကြင်သူသည်၊ ဝိရစိတံ စီရင်အပ်၏။

ဒါက တော့ အရှင်းသားကပဲ မောင်ဘုန်းမြင့်။ လေးလုံးအကွရာ၊ လေးဖြာမာတ်ကို ခန္ဓာကိုယ်အတွင်း တည်တံ့စေဖို့ နည်းပေးမယ်လို့ ဆိုတာကွယ်"

ဟု ပြောလိုက်ကာ အဘသည် ခေတ္တနားနေလိုက်၏။ ပြီးမှ -

"သော ထိုစီရင်သောသူသည်၊ သမ္ဗုဒ္ဓိတံ သမ္ဗုဒ္ဓိတာသ ကောင်းစွာပူဇော်အပ်သော၊ ပုပ္ဖါဒီဟိ သင်ပုတ်ဆွမ်းပန်း ကြိုင်မွှမ်းသြဇာ ပန်းနံ့သာ အစရှိသည်တို့ဖြင့်၊ စတုဂ္ဂဟံ စတုဂ္ဂဟသာ ဂူလေးဝရှိသော၊ ဗုဒ္ဓဝိမ္ဗံ ဗုဒ္ဓဝိမ္ဗသ ဘုရားကိုယ်စား ရုပ်ပွားဆင်းတုတော်မြတ်၏၊ သန္တိကေ ရှေ့တော်အထံ၌ (ဝါ) ရှေ့တော်အထံဝယ်၊ သဂါရဝံ ရိုသေခြင်းနှင့်တကွ၊ အဥ္ဇလိံ လက်အုပ်ကို၊ ပဂ္ဂယှ ချီ၍၊ ပူဇေယျ ပူဇော်ရာ၏။ ဒီအပိုဒ်ဟာ မုခ်(၄)ဝရှိတဲ့ စေတီက ဗုဒ္ဓဆင်းတုတော်ထံ ဆွမ်းပန်းရေချမ်းကပ်လှူပူဇော်ဖို့ သရဏဂုံနဲ့ သီလတည်ဖို့ ညွှန်ထားတာပဲကွယ်"

ကျွန်ုပ်သည် အဘဆရာကြီးသင်ပြပေးသော ကျမ်းရင်းဂါထာများနှင့် အဘရှင်းပြပေးခဲ့သော စကားအစဉ်တို့ကို အာရုံထဲ၌ စဉ်ကြည့်နေမိပါ၏။ အဘမှ ထပ်မံ၍ -

"ပူဇေတွာစ ပူဇော်ပြီး၍လည်း (ဝါ) ပူဇော်ပြီးသော်၊ လိက္ခပဝံ ရေးထားသော အင်းပုံကို၊ ပကာသေတွာ ပြလျက် (ဝါ) ထင်ရှားစွာပြု၍ ဒါက အရေးကြီးတယ်။ "ထင်ရှားစွာပြု၍" ဆိုတာ အင်းအစီအရင်အတိုင်း သနချေ၊ အသက်သွင်း၊ သိဒ္ဓိတင်၊ မော်ဆုတောင်း (၉)ဂါထာနဲ့ အထပ်ထပ်ထုံမွှမ်း၊ ကျမ်းဦး(၂)ဂါထာနဲ့အကြိမ်ကြိမ်ထုံမွှမ်း။ ဒါကိုပဲ "ထင်ရှားစွာပြု၍" လို့ ညွှန်ပြတာကွဲ့"

"ဟုတ်ကဲ့ပါ အဘ"

"တိသရဏပဥ္စသီလံ သံရဏဂုံ (၃)ပါးနှင့်တကွ (၅)ပါးသီလကို၊ အဟံ ငါသည်၊ သမ္မာဒယိဿာမိ ကောင်းစွာစောင့်ထိန်းပါအံ့။ ဣတိ ဣဒံဝစနံ ဤသို့သောစကားကို၊ အဓိဋ္ဌာနသဇ္ဈကတွာ အဓိဋ္ဌာန်သစ္စာပြုပြီး၍ (ဝါ) သော်၊ ဣစ္ဆိတံ တောင့်တအပ်သော၊ ဝရံ လောကီလောကုတ်မယုတ် မြတ်သောဆုကို၊ ယာစေယျ တောင်းရာ၏။ သရဏဂုံတည်၊ ငါးပါးသီလထိန်း။ ဒါကို သစ္စာပြုနိုင်အောင် ကြိုးစားအဓိဋ္ဌာန်ပြု။ တောင့်တအပ်သော လောကီလောကုတ် မယုတ်၊ မြတ်သောဆုကို တောင်းရာ၏ဆိုတော့ မောင်ဘုန်းမြင့် ဘာဆုတောင်းမလဲ" ဟု မေးလိုက်ရာ ကျွန်ုပ်သည် ဘာဆုတောင်းရင် ကောင်းပါ့မလဲဟု တွေးရင်းဖြင့် ဘာမှ ပြန်မပြောနိုင်သေးဘဲ ရှိချေ၏။ အဘမှ -

"ပုံပြင်ပမာ၊ နိုင်းစရာကား၊ ရေမှာရေးသား၊ မခြားနားသို့၊ စကားဓိပ္ပာယ်၊ လွယ်လည်းလွယ်လျက်၊ ခက်လည်း ခက်၏၊ အချက်ကျကျ၊ ယူနိုင်ကမူ၊ အဋ္ဌကော၊ ဆယ့်ရှစ်ဖြာကို၊ လိုရာပြည့်စုံ လို့ ရှေးဆရာ့ဆရာကြီးတွေက လင်္ကာစပ်ပြီး လမ်းပြထားတယ်ကွဲ့၊ ဒီတော့ အဋ္ဌကော ဆယ့်ရှစ်ဖြာကို၊ လိုရာပြည့်စုံဆိုတော့ အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ် အတတ်ပညာ ပြည့်စုံစွာတတ်မြောက်မယ်ပေါ့ မောင်ဘုန်းမြင့်၊ တစ်ဆယ့်ရှစ်ရပ် အဋ္ဌာရသ ဆိုတာသိလား"

"ဟုတ်ကဲ့ သိပါတယ် အဘ"

"ဒါဆို အဘကို ပြောပြပါဦးကွယ်"

ကျွန်ုပ်သည် မျက်စေ့ကို မှေးစင်းထားပြီး အသိအာရုံကို စုစည်းကာ -

"သုတိ အကြားအမြင်အတတ်၊ သမ္မုတိ တရားစီရင်ရေး ဓမ္မသတ်အတတ်၊ သင်္ချာ ဂဏန်းသင်္ချာအတတ်၊ ယောဂ စူးဆောက်တန်ဆာပလာအတတ်၊ နီတိ နီတိကျမ်းအတတ်၊ ဝိသေသကာ ယာယီယတြာ ဗျာကရိုဏ်းအတတ်၊ ဂန္ဓဗ္ဗ စောင်းငြင်း ပတ်သာ တေး ကဗျာ အတတ်၊ ဂဏိကာစေဝ လက်ပစ်အတတ်၊ ဓနုဗေဒါ လေးမြားအတတ်၊ ပုရာဏာ ရှေးဟောင်းစကားအတတ်၊ တိကိစ္ဆာ ဆေးအတတ်၊ ဣတိဟာသာ ရယ်ရွှင်ဖွယ်ရာအတတ်၊ ဇောတိ ဗေဒင်အတတ်၊ မာယာ လှည့်စားသောအတတ်၊ ဆန္ဒတိ ဆန်းကျမ်းအတတ်၊ ကေတု သံတမန်အတတ်၊ မန္တာ ဝါထာမန္တန်အတတ်၊ သဒ္ဒါ သဒ္ဒါကျမ်းအတတ်၊ စုစုပေါင်း (၁၈) ရပ်ပါ အဘ" ဟု လက်ချိုးရေတွက်ကာ ရေတွက်ပြလိုက်၏။

အဘသည် ကျွန်ုပ် ရွတ်ပြသည်များကို နားထောင်ပြီးနောက် ခပ်ပြုံးပြုံးဖြင့်-

"မောင်ဘုန်းမြင့် . . မောင်ဘုန်းမြင့်၊ အာဂချာတိတ်ပဲကွဲ့၊ အဘသင်ပေးခဲ့တဲ့ လောကနီတိကို ခုထက်ထိ ကျောင်းကျောင်းပြေး ရနေတုန်းပဲကိုး၊ အဲဒါ သင်ယူဆည်းပူးလို့ရတဲ့ သညာ(၁၈)ရပ်လို့ ခေါ်တယ်၊ မောင်ဘုန်းမြင့်တို့ ခေတ်အခေါ် သိပ္ပံ-သိပ္ပ အတတ်ပညာပဲကွယ်၊ အခု အဘ သင်ပေးတဲ့ ကဗွလက်ာရအင်း စမပညာရပ်အကျိုးက ရရှိမယ့် (၁၈)ရပ် သောပညာကို ဝိဇ္ဇာပညာ (နက်နဲသောအသိပညာ)လို့ ခေါ်တယ်၊ အဲဒီ (၁၈)ရပ်စလုံး မောင်ဘုန်းမြင့်ကို သင်ပေးပြီးပြီ၊ မောင်ဘုန်းမြင့်ကလည်း အလွတ်ရပြီးပြီကွယ့်၊ လူလေး ပြန်စဉ်းစားဦး"

ဟု ပြောကာ အဘသည် သူ၏ အခန်းထဲကို ပြန်ဝင်သွားပါသည်။

ကျွန်ုပ်သည်သင်ခန်းစာအစမှ ယခုရောက်သည်အထိ အပြန်ပြန်အလှန်လှန် အလွတ်ရွတ်ကြည့်၏။ နည်းနည်း ကလေးမှ အစမမြင်မိပါချေ။ အဘကို မေးရန်ကလည်း အဘနှုတ်မှ 'မောင်ဘုန်းမြင့်ကလည်း အလွတ်ရပြီးပြီကွယ့်' ဟု ပြောထား၍ မေးစရာမလိုချေ။ ဤသို့နှင့် ည(၁၁)နာရီ အိပ်ရာဝင်ချိန်ရောက်ရှိလာ၏။ဘုရားဝတ်ပြုရှိခိုးပူဇော်ပြီးနောက် ကျမ်းဦးပဏာမ(၂)ဂါထာကို ပါဠိ၊ အနက် ပုတီး(၁)ပတ်စိပ်ပြီးနောက် မေ့ာ်ဆုတောင်း (၉)ဂါထာကို ပုတီးစိပ်ရင်း အနက်အဓိပ္ပာယ်ကို ဆင်ခြင်ကြည့်ရာ နှလုံးသားထဲမှ လှိုက်ကနဲ ပီတိခံစားမှုနှင့်အတူ အဘဝှက်ထားခဲ့သော ဝိဇ္ဇာအဋ္ဌာရသ (၁၈)ပါးကို မြင်မိလေတော့၏။ ပုတီးစိပ်ပြီးသည်နှင့် အဘကို နောက်တစ်နေ့နံနက်တွင် ပြရန် အောက်ပါအတိုင်း ရေးချလိုက်လေတော့၏ -

၁။ မပေါက်မပြဲ မကွဲမရှ ကိုယ်ကာယနှင့် လက်နက်အစုံကို ကာကွယ်နိုင်ခြင်း၊
၂။ ရုပ်ပြောင်း ကိုယ်ခွာ ပြောင်းလဲနိုင်စွမ်းခြင်း၊
၃။ အနှောင်အဖွဲ့မှန်သမျှ ဖြုတ်တောက်ကျော်လွှားနိုင်ခြင်း၊
၄။ အတွင်းမှအပြင်၊ အပြင်မှအတွင်း ထွက်ဝင်ပြုနိုင်ခြင်း၊
၅။ များစွာသော သူတို့မှ မိမိကို ဖမ်း၍ မရနိုင်ခြင်း၊
၆။ ကိုယ့်အရိပ်ကို (ကိုယ်ဆန္ဒမရှိက) တခြားသူ မမြင်နိုင်ခြင်း၊
၇။ ကိုယ့်အသံကို (ကိုယ်ဆန္ဒမရှိက) တခြားသူ မကြားနိုင်ခြင်း၊
၈။ အသေးကို အကြီး၊ အကြီးကို အသေး ပြုလုပ်နိုင်ခြင်း၊
၉။ ရေပြင်ပေါ်နှင့် ကောင်းကင်တွင် သွားလာနိုင်ခြင်း၊
၁၀။ မြေ၌ ငုပ်လျှိုးနိုင်ခြင်း၊
၁၁။ ရွှေ ငွေ ရတနာမျိုးစုံ အလိုရှိတိုင်း ပြုလုပ်နိုင်ခြင်း၊
၁၂။ အခြားသူတို့၏ စိတ်အကြံကို သိနိုင်စွမ်းခြင်း၊
၁၃။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါခပ်သိမ်း၏ ချစ်ခင်မှုကို ရနိုင်ခြင်း၊
၁၄။ အသက်ရာထောင် သက်တမ်းရှည်နိုင်ခြင်း၊
၁၅။ အခြားသူတို့ အကြံအစည် မှန်သမျှ သိနိုင်မြင်နိုင်ခြင်း၊
၁၆။ ဝေးသည့်ခရီးကို နီးစေနိုင်ခြင်း၊
၁၇။ ကိုယ့်အသံ ကြားရုံ မတ္တနှင့် ဝိဇ္ဇာဓိုရ်တို့မှ ချစ်ခင်ပညာပေးခြင်း၊
၁၈။ ဝိဇ္ဇာဓိုရ်တို့စောင့်ရှောက်၍ တပသီ ဇော်ဂျီမှန်သမျှတို့ကို အစိုးရခြင်း။

နောက်တစ်နေ့ နံနက်တွင် အဘဆရာကြီး ဦးနန္ဒောဘာသသည် ကျွန်ုပ် ရေးပြလိုက်သော ဝိဇ္ဇာအင္ဂရသ (၁၈)ရပ်ကို ကြည့်လိုက်ပြီး ခပ်ပြုံးပြုံးဖြင့် -

“ငါ့တပည့်က စဉ်းစားတာ စိတ်စောလို့သာကွယ့်။ ခေါင်းအေးအေးထား စဉ်းစားရင် တစ်ချက်ချင်း ပေါ်လာတာမဟုတ်လား။ကဲ. . . ရှေ့ဆက်မှတ်ကြရအောင်။ ယာစိတ္တာ တောင်းပန်ပြီး၍ (ဝါ) တောင်းပန်ပြီးသော်၊ တံတသ္ပိကာလေ ထိုအခါ၌၊ ဂါထံ ကိုးပါးသော အင်းဆံမော်ဂါထာကို၊ ဘာသိတွာ အာဂုံမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ျက် (ဝါ) ၍၊ အက္ခရပဒံ လေးလုံးအက္ခရာ နှစ်ဖြာအင်းစုံကို၊ အဂ္ဂိပမံ မီးဖြင့်တိုက်၍ (ဝါ) မီးပူဖော်၍၊ ဘသ္မံ အကျွမ်းပြာကို၊ ဘုဥ္ဇေ လျှက်မျိုရာ၏။ ဒါဲဒီလို၊ လိုရာဆုတောင်းပြီးရင် ချထားတဲ့ အင်းချပ်တွေကို အင်းဆံဂါထာမော်ဆုတောင်း (၉) ဂါထာနဲ့ ထုံမွမ်း၊ မီးရှို့ပြာချပြီး လျှက်မျိုရမယ်တဲ့။ အဘကတော့ မီးမရှို့ ပြာမချဘဲ အင်းချပ်တွေကို နို့သာရည်နဲ့စိမ်ပြီး မျိုချတာပဲ မောင်ဘုန်းမြင့်”

“ဟုတ်ကဲ့ နားလည်ပါပြီအဘ”

“ဒီတော့ကာ ဣဒံဝုတ္တ ဝစနံ ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း၊ ဝိရစိတော စီရင်နိုင် သောသူသည်၊ စတုသိဒ္ဓံ ကာယ မန သုခ ပီယ ဟူသော လေးပါးသော သိဒ္ဓိသို့၊ ဂစ္ဆေ ရောက်၏။ မောင်ဘုန်းမြင့်ကို သင်ပေးခဲ့ပြီးပြီနော်။ ‘ထက်ခွင်ညြသမ၊ အောက်ဆုံးမှကား၊ မူလအက္ခရာ၊ လေးလုံးစာတည့်၊ စိန္တာမုနိ၊ ပြီးတိုင်ဘိသို့၊ သိဒ္ဓိလေးဖြာ၊ ပြီးတတ်စွာသည်၊ သစ္စာထက်အောက် မွှေးစေသတည်း’ ဆိုတာ။ ဒီတော့ မူလအက္ခရာ (မူလစမ)တို့ဟာ ကာယသိဒ္ဓိ၊ မနသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ပီယသိဒ္ဓိ ဆိုတဲ့ သိဒ္ဓိ(၄)ပါးကို အပြီးတိုင်ပေါက်မြောက်နိုင်စွမ်းရှိတယ် ဆိုတာကိုမှတ်”

“ဟုတ်ကဲ့ပါ အဘ” ဟု ကျွန်ုပ်မှ လေးနက်စွာ တစ်လုံးချင်း ပြန်ဖြေလိုက်ရာ အဘမှ နှစ်မြို့က်စွာ ပြုံးပြလိုက်ပါ၏။

ဤသို့ဖြင့် နှစ်သစ်သကြံန်ကာလသို့ ရောက်ရှိခဲ့ပြီး နှစ်ဆန်း (၁)ရက်နေ့ နံနက်စောစောပိုင်းတွင် အဘ ဆရာကြီး ဦးနန္ဒောဘာသသည် သူ၏ ဖိုရုံထဲမှ ထွက်လာလာချင်း ကျွန်ုပ်အား-

“မောင်ဘုန်းမြင့်၊ ကပ္ပလက်ာရကျမ်း အဘ သင်ပေးသမျှ တော်တော်မှတ်မိရဲ့လားကွယ့်” ဟု မေးလိုက်၏။ ကျွန်ုပ်သည်အဘကို သူ၏အိပ်ခန်းမှ တစ်ယောက်အိပ်ကုတင်ပေါ်သို့ ဖေးမပို့ပေးလိုက်ပြီး ကုတင်ဘေးရှိ ခွေးခြေခုံပေါ် ထိုင်ကာ အဘအတွက် ရေနွေးတစ်ခွက် ငှဲ့၍ ရှိသေစွာပေးလိုက်ပါ၏။ ပြီးမှ -

"မှတ်မိပါတယ်အဘ။ နေ့စဉ်မပျက်ကျက်မှတ်ခဲ့လို့လား မသိဘူး။ မျက်စေ့ထဲကွက်ကနဲနေအောင် မှတ်မိပါတယ် အဘ"

"အဘ သင်ပေးခဲ့တာတွေကို ကဏ္ဍတွေ ပိုင်းကြည့်ရင် -

(တစ်) မူလအက္ခရာ (၄)လုံးစာ ကောက်နည်း၊

(နှစ်) နက္ခတ် (၂၇)လုံးကနေ ဓာတ်(၄)ပါးအင်းတွက်ထည့်နည်း၊

(သုံး) အဋ္ဌာရသ၊ ဝိဇ္ဇာမယိဒ္ဓိ အင်းတော်ကြီးတွေစီရင်နည်းနဲ့

(လေး) အင်းသောက်နည်း အဆင့်ဆင့် ဆိုပြီး ကဏ္ဍ (၄)ဆင့် ရှိတယ်ဆိုတာကော မောင်ဘုန်းမြင့် နားလည်သွားလို့ပါကွယ်"

"မှန်ပါတယ်အဘ။ အဘသင်ပြပေးတာ၊လေ့ကျင့်ပေးတာတွေ၊စေတနာ မေတ္တာအပြည့်နဲ့ သွန်သင်ညွှန်ပြပေးတာတွေက အဓိကပါ အဘ"

"အိမ်း. . . သာဓု၊ သာဓု၊ သာဓု။ ငါ့တပည့်လိုရာဆန္ဒပြည့်ပါစေကွယ်။ အခု ဒီနှစ်ဆန်း (၁)ရက်နေ့မှာ ငါ့တပည့်ကြီးကို ပညာတစ်ဆင့်ထပ်သင်ပေးမလို့ကွဲ့"

"ဟုတ်လားအဘ၊ ကျွန်တော် ဝမ်းသာလိုက်တာ"

"ကပ္ပလက်ာရကျမ်း မူလစမရဲ့ အဆက်ပေါ့ကွယ်။ အဘသင်ပေးခဲ့တဲ့ စောစောက ကဏ္ဍ (၄)ခု နောက်ကနေ ထည့်ပေါင်းလိုက်ရင် -

(ငါး) ဘူတစမ ကောက်ယူပုံကောက်ယူနည်း လို့မှတ်"

"ဟုတ်ကဲ့ပါ အဘ၊ ဘူတစမ ကောက်ယူနည်းပါ" ဟု ကျွန်ုပ်မှဝမ်းသာအားရ ပြန်ဖြေလိုက်ပါ၏။ "ကဲ အဘဆိုသလို လိုက်ဆိုပြီး အာဂုံကျက်။ နောက်မှ အလွတ်ပြန်ရေးကျင့်။ စရအောင်။ လောကေ လောကဩ၊ သီလာဒိ သမ္ပန္နာ သီလစသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံသော၊ ဓီရာ မြဲမြံတည်ကြည်သော သမာဓိပညာရှိကုန်သော၊ စတုကုလာ အမျိုး(၄)ပါးတို့သည် ဒါကို အရင်ရှင်းရအောင်။ တည်ကြည်၊ ခိုင်ခန့်တဲ့ သီလ၊ သမာဓိ၊ ပညာရှိတဲ့ အမျိုး (၄)ပါးတဲ့။ အမျိုး (၄)ပါးဆိုတာက ရဟန်း၊ မင်း၊ ပုဏ္ဏား၊ သူဆင်းရဲ။အဲဒါကို စတုကုလာ အမျိုး(၄)ပါးလို့ ခေါ်တယ်။"

ကျွန်ုပ်သည် အဘဆရာကြီး စိတ်ရှည်စွာရှင်းပြသမျှကို စိတ်အတွင်းမှ အထပ်ထပ် ရွတ်ဖတ်ရင်း အလွတ်ကျက်မှတ်နေ၏။ အဘဆရာကြီးမှ -

"စတုက္ကလာ အမျိုးလေးပါးတို့သည်၊ မဟာ ငါးသည်၊ ဝဇ္ဇမာန် ဆိုလတ္တံ့သော၊ ဂုဋ္ဌ လျှို့ဝှက်နက်နဲခက်ခဲခြင်းရှိသော၊ ဟိတသံယုတ် အကျိုးစီးပွားနှင့်ယှဉ်စပ်သော (ဝါ) တစ်သက်လုံးပဒေသာပင်၌ဆွတ်ခူး၍စားရသကဲ့သို့ မပင်မပန်းဘဲအသက်ကိုမွေးနိုင်သည့်နည်းကို ပြကြောင်းဖြစ်သော၊ ဝဇနာဂ္ဂမ် လေးလုံးအကွရာဝါစာအစဉ်ကို ကြားလား မောင်ဘုန်းမြင့်။ လျှို့ဝှက်တယ်၊ နက်နဲတယ်၊ ပဒေသာပင် ဆွတ်စားရသလို ပင်ပန်းကြမ်းတမ်းမှုမရှိဘဲအသက်မွေးဝမ်းကျောင်းနိုင်တယ်လို့ကျမ်းပြုဆရာကရဲရဲဝံ့ဝံ့ အာမခံထားတာ ဒီကျမ်းတစ်ကျမ်းပဲအဘတွေ့ဖူးတယ်။ တကယ်လို့တခြားကျမ်းတွေ ရှိတယ်ထားဦး။ သတ္တရာဇ်ချင်းယှဉ်ရင်၊ ကျမ်းသက်တမ်းချင်းယှဉ်ရင်၊ ကျမ်းပြုဆရာသက်ချင်းယှဉ်ရင် ဒီကပ္ပလက်ာရကျမ်းကို မီဖွယ်မရှိဘူး မောင်ဘုန်းမြင့်ရဲ့"

အဘဆရာကြီးဦးနန္ဒောဘာသ ညွှန်ပြသကဲ့သို့ပင် ကျွန်ုပ် ကြုံတွေ့ခဲ့ရပါသည်။ မူလကျမ်းပြုဆရာ ဥတ္တမသိရီမထေရ်သည် မွှာစရိယဦးဖွေးလှိုင် ပြုစုသော **'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ'** စာအုပ်တွင်အမှတ်စဉ်(၂)၌ရပ်တည်ခဲ့သောပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်ကြောင်းမင်း၊ ဖိုလ် နိဗ္ဗာန်မှသွေဖည်၍ လောကီယဝိဇ္ဇာခိုရ် လမ်းကြောင်းပြောင်းသွားခဲ့ခြင်းအပေါ် စာရေးသူ မွှာစရိယဦးဖွေးလှိုင်က နှမြောတသ သံဝေဂ ရမိကြောင်း၊ သင်ခန်းစာယူသင့်ကြောင်း စသည့်အဓိပ္ပာယ်ရှိသောစာသားများဖြင့် 'ထေရုပ္ပတ္တိ' အကျဉ်းရေးထားသည်ကို ကျွန်ုပ်ဖတ်ရှုခဲ့ရပါသည်။

ထို့အပြင် မည်သည့် အင်းစမကျမ်း၌မဆို တစ်သက်လုံး ပဒေသာပင် ဆွတ်ခူး၍ စားရသကဲ့သို့ မပင်မပန်းဘဲ အသက်ကို မွေးနိုင်သည့်နည်းကို ပြကြောင်းဖြစ်သော၊ လေးလုံးအကွရာဝါစာအစဉ်ဟု တိကျစွာအာမခံချက်ပေးထားသည်ကို ကျွန်ုပ်မတွေ့ခဲ့ဘူးပါချေ။ အကယ်တန္တု ရှိသည်ဆိုစေကာမူ ကပ္ပလက်ာရကျမ်းလောက် သက်တမ်းရင့်သောကျမ်း မဖြစ်နိုင်ချေဟု ကျွန်ုပ် ပြောရဲပါသည်။ အဘဆရာကြီးမှ -

"ဆက်ရအောင် . . မောင်ဘုန်းမြင့်။ ဝဇနာဂ္ဂမ် လေးလုံးအကွရာ ဝါစာအစဉ်ကို၊ အညခီရေဟိ တစ်ပါးသော ပညာရှိတို့နှင့်၊ သန္ဓိတ္တာ နီးနှောဆွေးနွေး မေးမြန်းတိုင်ပင် ညှိနှိုင်းဆင်ခြင်၍၊ လက္ခန္တု မှတ်စေတုန်သတည်း။ ပုနပ္ပုနံ အဖန်တလဲလဲ၊ ပညာက္ခ်နာ ပညာမျက်စိဖြင့်၊ စိန္တယန္တု ကြံစေကုန်သတည်း။ ဝိမံသန္တု စုံစမ်းစေကုန်သတည်း။ ဓာရေန္တုစ ဆောင်လည်းဆောင်စေကုန်သတည်း။ ကဲ မခက်လား။ ပုံပြင်ပမာ၊ နှိုင်းစရာကား၊

ရေမှာရေသား၊ မခြားနားသို့ စကားဓိပ္ပာယ်၊ လွယ်လည်းလွယ်လျက်၊ ခက်ကားခက်၏တဲ့။ ရေပေါ်မှာ စာရေးပြသလို ဖြစ်နေတဲ့ ဒီအက္ခရာလေးလုံးကို တခြားတပါးသော ပညာရှိတွေနဲ့ မေးမြန်း တိုင်ပင် ညှိနှိုင်း ဆင်ခြင်ပြီး မှတ်ယူရမကွယ့်။ အမေမွေးတဲ့ မျက်စေ့နဲ့မကြည့်ဖို့ သီလ သမာဓိ၊ပညာ၊ မျက်စေ့နဲ့ကြည့်ရမယ်ကွယ့်။ စုံစမ်းရမကွယ့်။ ဓာရေနှုစ ဆောင်လည်း ဆောင်စေတုန်သတည်း။ ဆိုလိုတာက ဂါထာအဖြစ် ရွတ်ဖတ်ဆောင်ရုံသာမကဘူး၊ရွှေပြား ငွေပြားတို့မှာ အင်းချပြီး အဆောင်အရွက်ပြုလို့လည်းရတယ်လို့ ကျမ်းပြုဆရာက လမ်းညွှန် ပေးထားတာကွယ့်"

အဘဆရာကြီး ညွှန်ပြသကဲ့သို့ အခြားတပါးသော ပညာရှိတို့နှင့် တိုင်ပင် မေးမြန်း စုံစမ်း ညှိနှိုင်းပြီး ကြံစည်ရန် ကျွန်ုပ်ကြိုးပမ်းခဲ့သည်မှာ ကပ္ပလက်ာရခရိုးကြမ်းကြီးတစ်လျှောက် ယနေ့ အထိပင် ဖြစ်ပါသည်။ ချိုမြိန်သော သုခပျားရည်တစ်စက်ရဖို့အတွက် ခါးသီးသော အတွေ့ အကြုံများ၊ သောကဒုက္ခများ၊ မျက်ရည်နှင့်နာကြည်းမှုများစွာကိုသာ ပေးဆပ်ခဲ့ရပါပေသည်။

"ဒီတစ်ခါ မောင်ဘုန်းမြင့်အတွက် ထူးဆန်းတာ တွေ့ရမကွဲ့။ လောကေသု လူ့ဘောင် တို့၌၊ ကပ္ပလက်ာရ ဘူတာ ကမ္ဘာ့တန်ဆာဖြစ်၍ ဖြစ်ကုန်သော၊ အက္ခရာ အက္ခရာတို့သည်၊ မူလဥ မူလအက္ခရာလည်းတစ်ပါး၊ ဓာတုစ ဓာတ်အက္ခရာလည်းတစ်ပါး၊ ဣတိ ဤသို့၊ ဒုဝိဓာ နှစ်ပါးအပြားရှိကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏။ ကြည့်စမ်း၊ ကပ္ပလက်ာရ နေလကမ္ဘာ့ တန်ဆာတွေက ကောက်ယူရခဲ့တဲ့ လေးလုံးအက္ခရာတွေဟာ (၁) မူလအက္ခရာ (ရှေ့မှာအစအဆုံး သင်ပေးခဲ့ပြီးပြီ) နဲ့ (၂) ဓာတ်အက္ခရာ (အခုသင်ပေးမယ်) ဆိုပြီး (၂)မျိုး ရှိတယ်ကွယ့်"

"ဟုတ်လား အဘ။ ကျွန်တော် အရမ်းသိချင်ပြီ အဘ"

တု ကျွန်ုပ်မှ အံ့အားတသင့် ပြန်ဖြေလိုက်ပါ၏။ အဘဆရာကြီးက -

"တတ္ထတေသုဒွိသုအက္ခရေသု ထိုနှစ်ပါးသော အက္ခရာတို့တွင်၊ မူလအက္ခရာ မူလအက္ခရာတို့သည်၊ ကာယနေ သုခဝီယဝသေနာ ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ဝီယသိဒ္ဓိတို့၏ အစွမ်းအားဖြင့်၊ စတုသိဒ္ဓိ သိဒ္ဓိ (၄)ပါးတို့နှင့်၊ သဒ္ဒိ တကွ၊ အဋ္ဌာရသကမ္မေ တစ်ဆယ့်ရှစ်ပါးသောအမှုတို့ကို၊ သိဒ္ဓေယုံ ပြီးစေနိုင်ကုန်၏။ ဓာတုက္ခရာပန ဓာတ်အက္ခရာတို့သည် ကား၊ ဓနဝီယသိဒ္ဓိယော ဓနသိဒ္ဓိ၊ ဝီယသိဒ္ဓိ (သိဒ္ဓိနှစ်ပါး)တို့ကို၊

သိရှေ့ယုံ ပြီးစေနိုင်ကုန်၏။ ရ သ ည က မူလ အက္ခရာ (၄)လုံးကတော့ ကာယ၊ ခနဲ၊ သုခ၊ ဝီယသိဒ္ဓိ (၄)ပါးလုံး အပါအဝင် ဝိဇ္ဇာအဋ္ဌာရသ (၁၈)ပါးကို အပြီးတိုင်စွမ်းနိုင်ပေမဲ့ အခု သင်ပေးမယ့် ဓာတ်အက္ခရာကတော့ 'ခနသိဒ္ဓိ၊ ဝီယသိဒ္ဓိနှစ်ပါးကိုပြီးမြောက်အောင်မြင်စေတဲ့ သတ္တိရှိတယ်' မောင်ဘုန်းမြင့်"

"ဟုတ်ကဲ့ပါ အဘ" ဟု ကျွန်ုပ်မှ ရိုသေစွာ ပြန်ဖြေလိုက်၏။

"ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ်ကြီး(၄)ပါးရဲ့ အစွမ်းသတ္တိကို မူတည်ပြီးတော့ ဘယ်အကျိုးကိုလိုရင် ဘယ်ဓာတ်နဲ့စီရင်မယ်ဆိုတာကို အဓိက ပိုင်းဖြတ်၊ ပိုင်းခြားဖို့ လိုတယ် မဟုတ်လား။ မောင်ဘုန်းမြင့် နားလည်အောင်ပြောရရင် ဓာတ်ကြီး (၄)ပါးကို မှီပြီးမှ အခု သင်ပေးမယ့် အက္ခရာ(၄)လုံးဖြစ်ပေါ်လာတယ်ပေါ့။ ဒါကို ကျမ်းပြု ဆရာက *ဓာတုအက္ခရာပိ* **ဓာတ်အက္ခရာတို့သည်ကား၊** *ပထဗျာပေါဝါယော* **တေဇောဓာတုဝသေန ပထဝီဓာတ်၊ အာပေါ ဓာတ်၊ ဝါယောဓာတ်၊ တေဇောဓာတ်တို့၏ အစွမ်းအားဖြင့်၊** *စတုန္နံဓာတူနံ* **ဓာတ်လေးပါးတို့ကို၊** *ဝ,ဝတ္တာနမေဝ* **ဆုံးဖြတ်ခြင်းမျှသာလျှင်၊** *ဟောတိ* **ဖြစ်၏။ တေဓာတဝေါ ထိုဓာတ်(၄)ပါးတို့ကို၊** *နိဿယ* **မှီ၍၊** *စတုက္ခရာ* **လေးလုံးအက္ခရာတို့သည်၊** *အာဂတာ* **လာကုန်၏။** *တေသံအက္ခရာနံ* **ထိုအက္ခရာတို့ကို၊** *ညာပနတ္ထံ* **သိစေခြင်းငှာ၊** *သံခေပေန* **အကျဉ်းအားဖြင့်၊** *ဒဿပန္တေ* **ပြပေကုန်အံ့"**

ကျွန်ုပ်သည် အဘဆရာကြီး ရှင်းပြသော ဓာတ်အက္ခရာကောက်နည်းများကို ကိုယ်ပိုင်မှတ်စုသဖွယ် ဦးနှောက်ထဲ ရိုက်ထည့်မှတ်ထားလိုက်ပါ၏။

"ဒီတော့ မောင်ဘုန်းမြင့်ရေ ဓာတ်အက္ခရာ (၄)လုံးမှာ စ၊ င၊ ထ အက္ခရာ (၃)လုံး ရပြီးပြီဆိုတော့ ကျန်နေတဲ့ စတုတ္ထဓာတ်အက္ခရာကို ကောက်ကြရအောင်။ လိုက်မှတ်ကွဲ"

ကေကျွရော တစ်လုံးသော အက္ခရာကို၊ မေရုဗန္ဓေ မြင့်မိုရ်၏အရံဖြစ်သော၊ ယုဂန္ဓရေ ယုဂန္ဓိုရ်တောင်ဖျား၌ ဥမ္ဘတ္တနေ လှည့်လည်ပျံသွားကုန်သော ဒွေသကုဏော ငှက်ဖိုငှက်မတို့ကို သင်္ဂမိတ္တာ ပေါင်း၍ (ဝါ) ကပ်၍၊ ဂဟေတဗ္ဗော ယူအပ်၏။	ယုဂန္ဓိုရ်တောင်ဖျား၌ လှည့်လည်ပျံသွားသော ငှက်ဖို → ဝမ္ဘုန် → နေမင်း၊ ငှက်မ → ကရိဝိတ် → လမင်း ဖြစ်၍ 'နေ' နှင့် 'လ' ကိုညွှန်းသည်။ နေနှင့်လ ကိုယှဉ်ကြည့်ပါက 'ဝ' အက္ခရာ ချည်းသာ ဖြစ်၍ငှက်ဖိုငှက်မမှဖြသော အက္ခရာကို 'ဝ' အက္ခရာဟု ယူရ ပေမည်။
ဧကော တစ်လုံးသောအက္ခရာကို၊ သမုဒ္ဒေ သမုဒ္ဒရာ၌၊ စရန္တော ကျက်စားသော၊ ဇလမစ္ဆ ဝိသေသေဝ ရေငါးအထူး၌လည်း ဂဟေတဗ္ဗော ယူအပ်၏။	ဇလမစ္ဆဝိသေသေ - မဖြိမ်မသက် လျပ်ပေါ်လော်လီသော ငါးအထူး ဟုဆိုရာဝယ် ရေ၌ကျက်စားသော ငါးရံ့ကိုဆိုလိုသည်။ ထိုငါးရံ့အမြီးတွင်ရှိသော "ဗထက်ချိုင့်" အက္ခရာ→ 'ဗ' အက္ခရာ ယူရပေမည်။
ဧကော တစ်လုံးသောအက္ခရာကိုကား။ အာကာသေ ကောင်းကင်၌၊ ဈာနလာဘီ ဈာန်ရ ရသေ့ကဲ့သို့၊ ဝိစရန္တော ပျံသွားနိုင်သော၊ ဘူမျေ မြေ၌၊ ဓသေန အစာရှာမှီးသော၊ စိတ္တရုဝဏ္ဏော ဆန်းကျယ်၍ ပြောက်ကျား အဆင်းရှိသော၊ သကုဏော သကုဏဝိသေသေ-ငှက်အထူး၌၊ ဂဟေတဗ္ဗော ယူအပ်၏။	ကောင်းကင်၌ ဈာန်ရ ရသေ့ကဲ့သို့ ပျံသွား၍ မြေ၌အစာရှာသော၊ ဆန်းကြယ်ပြောက်ကျား အဆင်းရှိသည့် သကုဏဝိသေသေ - ငှက်အထူး ဆိုသည်မှာ ဥဒေါင်းငှက် ကိုဆို လိုသည်။ ဥဒေါင်းငှက် အမြီးဖျား၌ ရှိသော ဒေါင်းမြီးကွက် ရှိ 'ဓ' လုံး အက္ခရာ → 'ဓ' အက္ခရာကို ယူရပေမည်။

ဧကော တစ်လုံးသောအက္ခရာကိုကား၊ ဗဟုပါဒေ အခြေများစွာရှိသော၊ အ-သီသေ ဉကျော်င်းမဲ့သော၊ မန္တဝိသေသေ ငါးပုစ္ဆန်အထူး၌၊ ဂဟေတဗ္ဗော ယူအပ်၏။	ခြေ (၈) ချောင်းရှိ လယ်ပုစွန်လုံး၏ ကျောကုန်းတွင် (ဝါ) ဝမ်းဗိုက်အဖတ်အတွင်းတွင် တွေ့ရှိရသော 'မ' အောက်ချိုင့် အက္ခရာ→'ဓ' အက္ခရာကို ယူရပေမည်။(စာမျက်နှာ-၂၇၇ တွင်အကျယ်ရှင်းပြထားပါသည်။)

နေ၊ လ၊ ဥဒေါင်း၊ တွင်းအောင်းပုစွန်၊ ဖော်ညွှန်းငါးရံ့၊ လေးတန့် အက္ခရာ (စ ဓ ဗ ဝ) မှတ်ယူရာ၏။ ။

"မောင်ဘုန်းမြင့် နားလည်ရဲ့လား။ စ ဓ ဗ ဝ ဓာတ်အက္ခရာ (၄)လုံး ဝှက်ထားတာကို ဖော်ပုံဖော်နည်းကို"

"နားလည်ပါပြီ အဘ"

"ဒါဖြင့်ရင် ကောက်ယူဖို့ ဝှက်ထားတဲ့ နောက်တစ်နည်း ဆက်ကြည့်ကြရအောင်"

"အဆင်သင့်ပါအဘ"

ဝါ တနည်းကား၊ ဧကော တစ်လုံးသော အက္ခရာကို၊ ဓမ္မဂုဏော တရားဂုဏ်တော်ဖြင့်၊ အက္ခရေသုစ၊ သုံးဆယ့်သုံးလုံးသော အက္ခရာ တို့၌လည်း ဉာတဗ္ဗော သိအပ်၏။	တရားဂုဏ်တော် (၆)ပါး ရှိ၍ ဗျည်း (၃၃)လုံးတွင် 'က' မှ စ၍ ရေ။ (၆)လုံးမြောက်တွင် - 'စ' လုံးကို တွေ့ရသဖြင့် → 'စ' အက္ခရာကိုယူရမည်။
ဧကော တစ်လုံးသော အက္ခရာကို၊ ကလျာဏ ဖလေန ကောင်းသော အကျိုးဖြင့် ဉာတဗ္ဗော သိအပ်၏။	ကောင်းကျိုးတရားငါးပါးရှိသောကြောင့် ဗျည်း (၃၃)လုံးတွင် 'က' မှ စ၍ ရေ။ (၅)လုံးမြောက်တွင် - 'င' ကိုတွေ့ရ၍ → 'င' အက္ခရာကိုယူရမည်။

ဧကော - တစ်လုံးသော အက္ခရာကို၊ ဂဏေန - ဆဒ္ဒန်ဆင်ဖြင့်၊ ဉာတဗ္ဗော - သိအပ်၏။	"ဆင်" ဖြင့် ယူအပ်၏ ဆိုသည်မှာ ဗျည်း (၃၃)လုံးတွင် "ဆင်" ပါသော ဗျည်း အက္ခရာ မှာ "ထဆင်ထူး" ဖြစ်သော ကြောင့် → 'ထ' အက္ခရာကိုယူရမည်။

ဝ, င, ထ, ဓာတ်အက္ခရာ (၃)လုံး ရ၏။ ။

ဧကော တစ်လုံးသော အက္ခရာကို၊ *သီဟဘာရဂုဏာ* ခြင်္သေ့သတ္တဝါ ပူးသတ္တဝါနှစ်ခု ဖြင့်၊ *အက္ခရေ* သုံးဆယ့်သုံးလုံး အက္ခရာ၌၊ *ဂဏနတော* အရေအတွက် အားဖြင့်လည်း၊ *ဉာတဗ္ဗော* သိအပ်၏။ ဒီနေရာမှာ ခြင်္သေ့သတ္တဝါ ဆိုတဲ့အတွက် အင်္ဂါခြင်္သေ့ ဂြိုဟ်သက် (၈)နှစ်နဲ့ပူးသတ္တဝါ သောကြာရဲ့ ဂြိုဟ်သက် (၂၂) နှစ်၊နှစ်ခုပေါင်းလိုက်ရင် (၂၉) ရမယ်။ ဒီတော့ ဗျည်း (၃၃)လုံးမှာ (၂၉)လုံး မြောက်က. . ."

" 'ဝ' လုံး အဲ. . 'ဝ' ပါအဘ "

"မြန်လှချည်လားကွဲ . . ဟင်၊ ဘယ်လိုလုပ်ရေလိုက်လို့ ချက်ချင်းပြောနိုင်တာလဲ မောင်ဘုန်းမြင့်. . ."

"(၃၃) လုံးမြောက် 'အ' ကနေ နောက်ပြန် (၄) လုံး နုတ်လိုက်တာ။ (အ, ဠ, ဟ, သ) ပြီးတော့ "ဝ" ပေါ့အဘ။ ဟု ကျွန်ုပ်ကခပ်သွက်သွက်ပြန်ဖြေလိုက်ပါ၏။

"တော်ပြန်ရောကွယ်။'ခြင်္သေ့နဲ့ပူး၊နှစ်ကောင်မြူးက၊အထူးအက္ခရာ၊တစ်လုံးသာ လီမို့ဆိုတာပေါ့ကွယ်။ ဒီ ခြင်္သေ့နဲ့ပူး နည်းကိုမှဖော်လို့မရသေးရင် ကျမ်းပြုဆရာက နောက်တစ်နည်း ထပ်ညွှန်းသကွယ့်။ ဘာတဲ့. . အဲ -

တထာတေန အာကာရေန ထိုသို့ ဆိုအပ်ခဲ့ပြီးသော အချင်းအရာအားဖြင့်၊ *နဝိဉေယျာ* မသိနိုင်ကုန်သည်၊ *သစေဟောန္တိ* အကယ်၍ ဖြစ်ကုန်မူကား၊ *ပဋိကက္ခရေ ဝိဋ* ကတ်အက္ခရာတို့ကို၊ *လိက္ခိတွာ* ရေး၍၊ *ဒုတိယာဝိဇ္ဇာမာနေမိ* အဖော်မရှိဘဲလျက်လည်း၊ *သဟာယေဝိယ* အဖော်ရှိသကဲ့သို့၊*ဒိသာန္တေ-ဒိသာန္တေန* ထင်မြင်သော၊*ဥန္နရေန* ကြွက်နှင့်၊ *သဟ* တကွ၊ *အဒ္ဓုရဇေန* အစွယ်မရောက် ဟိုင်းဆင်ပေါက်ဖြင့်လည်း၊ *သေတဂ္ဂ* ရှာအပ်

ငါး ဒီအညွှန်းက နားလည်ရ တော်တော်ခက်တယ်။ ဒါကြောင့် ရှင်းပြဖို့ အတော့်ကိုမလွယ်ဘူး မောင်ဘုန်းမြင့်ရေ။ ဒါပေမယ့်လို့ ဟောဒီလိုနှစ်ပိုင်းခွဲပြီး ရှင်းပြရင် မောင်ဘုန်းမြင့်အတွက် လွယ်သွားမယ်ထင်ရဲ့။ ဒီမှာကြည့်။အဘရှင်းပြမယ်. . . .

> အဖော်မရှိဘဲလျက်လည်း
> အဖော်ရှိသည်ဟု ထင်မြင်စေတတ်သော။
> ကြွက်နှင့်တကွသော အစွယ်မရောက်
> ဟိုင်းဆင်ပေါက်ဖြင့် ရှာအပ်၏။

'ဟိုင်းဆင်ပေါက်'အရ 'ဆင်' ပါသောအက္ခရာသည် ထဆင်ထူး (ထ)။ 'ထ' သည် တစ်လုံးတည်း ဖြစ်သော်လည်း 'ဝ' လုံး နှစ်လုံးပူးထားသည်ဟု ထင်ရသည်။ ထို့ကြောင့် **အဖော်မရှိဘဲလျက်၊ အဖော်ရှိသည်ဟု ထင်ရသည်။** သို့ဖြစ်၍ 'ထ' မှစ၍ - ကြွက်

(ကြသပတေး) → ၅
ဟိုင်းဆင် (ရာဟု) → + ၈
──────
၁၃လုံးကို

ရေတွက်ကြည့်သော် 'ဝ' လုံး၊
(ဝ) အက္ခရာကိုရရှိသည်။ ယခင်၊ ရထားသည့် **စ, င, ထ,**နှင့် ပေါင်းလိုက်ပါက **င,စ,ထ,ဝ,** ခါတ်အက္ခရာ(၄)လုံးကိုရ၏

ဗျည်း (၃၃)လုံးတွင် 'စ' လုံးနှင့် 'ဝ' လုံးတို့မှာ အတူဆုံးဖြစ်သည်။ 'စ' အက္ခရာ၌ ဝတ်ဆံခတ်ထားသည်သာ ကွဲ၏။ ထို့ကြောင့် 'စ' နှင့် 'ဝ' သည် အဖော်မရှိဘဲလျက် အဖော်ရှိသည်ဟု ထင်ရသော အက္ခရာနှစ်လုံးဖြစ်သည်။

ထို့ကြောင့်→ဝ, စ, အက္ခရာ(၂) လုံး
ကြွက် (ကြသပတေးဂြိုလ်သက်) ၁၉ အရ
'က'မှစ၍ (၁၉)လုံးမြောက်→ မ
အစွယ်မရောက်ဟိုင်းဆင်ပေါက်အရ

'ဂ' ဂြိုဟ်သက် ၁၅
ဆင် = ဂ ဇ
'ဇ' ဂြုဟ်သက် + ၈
──────
၂၃ ရ၍

'က' မှစ၍ (၂၃)လုံးမြောက်→ ဗ
စ, မ, ဗ, ဝ ခါတ်အက္ခရာ (၄) လုံးကိုရ၏။

"ဟာ အဘ. . . ဒီလိုဆိုတော့ ဓာတ်စမ က (၂) မျိုးတောင်ဖြစ်နေပါလား။ (င,စ,ထ,ဝ) နဲ့ (စ,ဓ,ဗ,ဝ) " ဟုအံ့အားတသင့်ပြောလိုက်ရာ အဘသည် ကျွန်ုပ်ကို တချက် ပြုံးကြည့်လိုက်ပြီးမှ

" ဒီလို ကောက်ကြည့်ရင်ကောကွယ် " ဟုပြောလိုက်လေ၏။

‘က’ မှ (၆) လုံးရေ “ စ ” ကိုရ၏။	အက္ခရာတစ်လုံးကို (၃၃)လုံး သော ပိဋကတ်အက္ခရာတွင် တရားဂုဏ် ဖြင့်သိအပ်၏။ ← တရားဂုဏ်တော် (၆)ပါး →	‘က’ မှ စ၍ ရေ (၆) လုံး၌ “စ” ကိုရ၏။
‘က’ မှစ ၍ (၅)လုံးရေ “င” ကိုရ၏။	အက္ခရာတစ်လုံးကို ကောင်း သောအကျိုးဖြင့် သိအပ်၏။ ← ကောင်းကျိုး (၅) ပါး →	ကောင်းကျိုး (၅)ပါး ၅ + ကြာသပတေး ကြာသပတေး ဂြိုဟ်သက်+၁၉ ‘က’ မှ စ၍ ရေ (၁၉)လုံး “ဓ” ကိုရ၏။
ဗျည်း (၃၃)လုံးတွင် “ ဆင် ” ပါသောအက္ခရာ ← “ထ” ကိုရ၏။	ဧကော - တစ်လုံးကို ဂဇေန - ဆင်ဖြင့် ယူအပ်၏ →	ဆင်ကိုဟောသောအက္ခရာမှာ ဂ ဇ ဟူသောပါဠိဖြစ်၏။ ‘ဂ’ တနင်္လာဂြိုဟ်သက် ၁၅ ‘ဇ’ အင်္ဂါဂြိုဟ်သက် ၈ ——— ၂၃ ‘က’ မှစ၍ ရေ (၂၃)လုံး၌ “ဗ” ကိုရ၏
ခြင်္သေ့ အင်္ဂါဂြိုဟ်သက် ၈ ပူးသောကြာဂြိုဟ်သက် ၂၁ ——— ၂၉ ← “က” မှ (၂၉)လုံးမြောက် “ဝ” ကိုရ၏။	အက္ခရာတစ်လုံးကို → ခြင်္သေ့ ပူးသတ္တဝါ နှစ်ခု ဖြင့် ယူအပ်၏။	ခြင်္သေ့အင်္ဂါဂြိုဟ်သက် ၈ ပူး သောကြာဂြိုဟ်သက် ၂၁ ——— ၂၉ ‘က’ မှ စ၍ရေ (၂၉)လုံး၌ “ဝ” ကိုရ၏။
စ, င, ထ, ဝ	{ ဘူတစမ ၄ လုံး }	စ, ဓ, ဗ, ဝ

"ဒီလို ဖော်လိုက်တော့လဲ ဓာတ်အက္ခရာ အဲ ဓာတ်စမ (၄)လုံးက (၂)မျိုးဖြစ်တာပဲ အဘ" ဟု ကျွန်ုပ်မှပြောလိုက်ရာ အဘဆရာကြီးသည် -

"ဒါဆို နောက်တစ်နည်းကွာ။ ဒီတစ်ခါ ရှေးဆရာကြီးတွေ ညွှန်ပြခဲ့တဲ့ လေးလုံးစပ်လင်္ကာ ထဲကနေ ယူကြရအောင်" ဟုပြောလိုက်ကာ အောက်ပါအတိုင်း ရှင်းပြလေတော့၏ -

(၁)	ပေါ်ထွန်းသလာ၊ မြတ်တေဇာကြောင့် လွှယ်ကာဖော်ထုတ်၊ ရေငုပ် 'ဂ' ငယ်၊ ထိပ်ဝယ်အောက်နား၊ တည့်တည့်ထားသည်၊ ထင်ရှားရေတွင် အစိုပ်မြင်၏။	"ဂ" ကိုရေတွင် လှည့်ပြပါက "C" အက္ခပေါ်လာမည်။ → C
(၂)	ဆင်ကား (၂) ရပ်၊ ကိုယ်ချင်းကပ်လျက်၊ ပညတ်နဂါး၊ နံတွင်ထားမှု၊	ဆင် (၂)ရပ်ဆိုသည်မှာ ဗုဒ္ဓဟူးနံ "ဝ" လုံး (၂)လုံးကို ဆိုလိုသည်။ ထို"ဝ"နှစ်လုံးကို ကိုယ်ချင်း ကပ် ကြည့်က "ထဆင်ထူး" (ထ) အက္ခရာဖြစ် လာသည်။ ပညတ်နဂါး စနေနံဖြစ်၍ → ထ
(၃)	ရှေ့ကားတစ်သွယ်၊ ဇလုတ်ဝယ်လည်း (တနည်း) ရာဟု ဝယ်လည်း၊ နောက်ဝယ်အလိုက်၊ ရှိုက်သည့်အနေ၊ ရေငုပ်စေမှ	ရာဟုသည် → ဟိုင်း ဟိုင်းသည် → သုည။ သုည = 'ဝ' လုံး။ ၎င်း 'ဝ'လုံးကို စလုတ်ထည့် (သို့) ရေငုတ်ပြီးရှိုက်လိုက်ပါက-'ၜ' စ,လုံး ဖြစ်လာ၍ → ၜ
(၄)	အသုံးရရှင့်၊ ရှေ့ကသူလျင်၊ ရာဟုတွင်သည်၊	ထိုစမ (၃)လုံး၏ ရှေ့က ရာဟု = သုည။ သုည = "ဝ" လုံးအက္ခရာ → O
	သုံးအင်ဩဃဓာတ်။ ဘုရား။	**ဓာတ်စမ (၄)လုံး→ C ထ ၜ O**

"ဘယ်နှယ်လဲ မောင်ဘုန်းမြင့်၊ ဓာတ်စမ ခေါ်တဲ့ ဘူတစမ တစ်နည်းပြောရရင် ဓာတ်အက္ခရာ ဒါမှမဟုတ် ဘူတအက္ခရာ 'စ ထ င ဝ' နဲ့ 'စ ခ ဗ ဝ' နှစ်မျိုး ကွဲနေတာကို နားလည်ဖို့ ခက်နေသလားကွယ့်" ဟု အဘဆရာကြီးမှ မေးလိုက်လေ၏။ ကျွန်ုပ်မှ -

"နားလည်ဖို့ခက်တာမကဘူး အဘ။ နားကိုမလည်နိုင်တော့တာ" ဟုခေါင်းကုတ်ရင်းဖြေလိုက်လေ၏။ အဘမှ -

"ဒါကြောင့် ကျမ်းပြုဆရာက နိုနိုရှင်းရှင်းနဲ့ ဘွင်းဘွင်းပဲ အကြံပေးခဲ့တာပေါ့ကွယ်။ ဒီဘူတစမကို ရှင်းပြပြချင်းမှာ လျှို့ဝှက်နက်နဲ ခက်ခဲခြင်းရှိသော အကျိုးစီးပွားနှင့် ယှဉ်စပ်သော လေးလုံးအက္ခရာဝါစာအစဉ်ကို တစ်ပါးသောပညာရှိတို့နှင့် နှီးနှော ဆွေးနွေးမေးမြန်းတိုင်ပင် နှိုင်းဆင်ခြင်၍ မှတ်စေကုန်သတည်း။ အဖန်တလဲလဲ၊ ပညာ မျက်စိဖြင့် ကြံစေကုန်သတည်း။ စုံစမ်းစေကုန်သတည်း။ ဒါတွေဟာတစ်နေ့နေ့တစ်ချိန်ချိန် မောင်ဘုန်းမြင့်ငါတွေ တွေ့ရမှာပဲကွယ့် တစ်သက်မမေ့လေနဲ့ကွယ့် ကြားလား"

"ဟုတ်ကဲ့ပါ အဘ"

"ဒီတစ်ချက်ရှင်းလိုက်ရင် မောင်ဘုန်းမြင့် နားလည်သွားမှာ အမှန်ကွယ့်။ ဒီတော့ ဝီရိယတင်းပြီးလိုက်မှတ်ဦး။ ဓဝလဒ္ဓါ ဤသို့ရှာရသဖြင့်ရအပ်ကုန်သော၊ စတုက္ခရာ လေးလုံးအက္ခရာတို့ကို၊ ဒက္ခိဏရိယာဒေ လက်ဝဲအင်းလက်ယာအင်းဖြင့် (ဝါ) ၌၊ ပရိဝတ္တိတွာ အထက်အောက်ပြန်လှန်၍၊ ဌပိတာ ထားအပ်ကုန်၏။ ကဲ ပထမကောက်လို့ရတဲ့ စ ခ ဗ ဝ ကိုလက်ဝဲအင်း ဒါမှမဟုတ် 'ဘယ်ပြန်' လို့မှတ်၊ ဒုတိယကောက်လို့ရတဲ့ င ထ စ ဝ ကို လက်ယာအင်း ဒါမှမဟုတ် 'ညာပြန်' လို့မှတ်ထား။ ပြီးတော့မှ ပရိဝတ္တိတွာ အထက်အောက်ပြန်လှန်၍၊ ဌပိတာ ထားအပ်ကုန်၏။ ဆိုသလို အရင်မူလစမ ဋ သ ည က ပိုင်းသလိုပဲ ပါပ (ဝါယော)၊ သုရဋ္ဌ (တေဇော)၊ အမြိတ္တ (အာပေါ)နဲ့ ကောလီ(ပထဝီ)အသီးသီး ခွဲလိုက်ရင် -

လက်ဝဲအင်း		လက်ျာအင်း
စ	သုရဋ္ဌ (တေဇော)	စ
ခ	ပါပ (ဝါယော)	ထ
ဗ	အမြိတ္တ (အာပေါ)	င
ဝ	ကောလီ (ပထဝီ)	ဝ
(ဘယ်ပြန်)		(ညာပြန်)

ခါတ်ကြီး(၄)ပါးနဲ့ ခါတ်စမ ဆက်သွယ်ပုံ ရပြီကောကွယ့်။ ကိုယ်လိုချင်တဲ့ ခါတ်ကို တည်ပြီး မူလ၊ အာဒိ၊ မဇ္ဈ၊ အဝသံ ခါတ်သွားအစဉ် ညီအောင် သွင်းရတာကို **'အထက် အောက်ပြန်လှန်၍ ထားအပ်ကုန်၏'** လို့ ညွှန်ပြထား တာပေါ့။ ရှင်းပြီလား။ ရှင်းပြီဆိုရင် ခါတ်ကြီး (၄)ပါး သတ္တိအရ စီရင်ပုံ လင်္ကာကို ရွတ်ပြပါဦးကွယ့်"

ဟု မေးလိုက်သဖြင့် ကျွန်ုပ်မှ -

"သွားခွင့်လာရန်၊ လျင်မြန်စေလို၊ ဝါယောကိုမူ၊ ညာဏ်နှင့်ယူလော့။ ပူသည်တစ်ချက်၊ ကျက်သည်တခြား၊ ကျော်ကြားစေမူ၊ တေဇောပြုလော့။ ငြိမ်းမှုငြိမ်းရာ၊ အေးရာအေးကြောင်း၊ ပြုကြောင်းပျက်မှု၊ အာပေါပြုမှု၊ ကြီးမူတတန်၊ ခိုက်ရန်အများ၊ လှုပ်ရှားမရှိ၊ ငြိမ်းဘိစေမူ၊ ပြုလော့ပထဝီ" ဟု ပီသစွာ ရွတ်ဆိုပြလိုက်လေတော့၏။

"ပဋ္ဌာသာသနသဟဿံ သာသနာငါးထောင်ပတ်လုံး၊ ငှိတ္တံ ငှိတတ္တံ တည်ရစ်စေခြင်းငှာ၊ တမ္ဗလောဟပတ္တေ ကြေးနီပရပိုဒ်၌၊ လိက္ခိတွာ ရေး၍၊ ၄မှာ ထားအပ်ကုန်၏။ အင်္ဂါ (၄)ချက်နဲ့အညီ ကြေးနီပြား (ရွှေပြား၊ငွေပြား)မှာ ချပြီးဆောင်။ သာသနာငါးထောင်အထိ တည်တံ့စေတယ်ပေါ့ကွယ်၊ နောင် မောင်ဘုန်းမြင့် ရွှေတိဂုံစေတီတော်ရဲ့ ကြာမှောက် ကြာလှန်မှာ ဖူးမြော်ကြည့်ကွယ့်။ ခါတ် စမ 'စ ခ ဗ ဝ' ရေးသွင်းထားတာကို။ တချို့က ပြောတယ်။ သိကြားမင်း တံဆိပ် ခတ်နှိပ်ထားတာမို့ သာသနာ (၅)ထောင်တည်တံ့မယ် ဆိုကြတယ်။ ဘူတစမ၊ ခါတ်စမ အကောက်မှန်၊ အသွင်းမှန်ပြီး အင်္ဂါ (၄)ချက်အညီ စီရင်တယ်ဆိုတာ၊ ဘယ်ဟာက ပိုပြီး ယုတ္တိရှိတယ်။ သဘာဝကျတယ်ကို၊ တချိန်ချိန်မှာ မောင်ဘုန်းမြင့် နားလည်လာမှာပါကွယ်။ ကဲ. . ၊ ကဲ ကျက်စရာရှိတာကျက်၊ မှတ်စရာရှိတာမှတ်၊ ပြီးရင် အဘဆီမှာ အာဂုံလာပြန်"

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒောဘာသထံ ကျက်မှတ်ထားသမျှ အစမှအဆုံး အာဂုံပြန်ဆိုပြီးနောက် အဘမေးသမျှ ညာဏ်စမ်းများကို စိတ်တိုင်းကျ ဖြေဆိုပြလိုက်၏။

အဘဆရာကြီးမှ -

"ကဲ မောင်ဘုန်းမြင့်ရေ၊ ကပ္ပလက်ာရကျမ်းက မူလစမ၊ ဘူတစမတွေနဲ့ ပတ်သက်ပြီး ကျမ်းပြုဆရာရဲ့ အာဘော်ကို ဆက်ကြရအောင်။ လိုက်ဆို - တေအက္ခရာ ထိုအက္ခရာတို့ကို (၀၊) ထိုအက္ခရာတို့သည်၊ ဗုဇ္ဈေ ရွှေးဘဝ၌၊ *ကတဗလဝပုညေန* ပြုအပ်ခဲ့ပြီးသော

အားကြီးသော ကုသိုလ်ကြောင့်၊ ဖုဒ္ဓေ ဖုဒ္ဓေနာပိ တွေ့ပြားသော်လည်း၊ ဒုဒ္ဒသာ မြင်နိုင်ခဲကုန်၏။ ဒုဝိညာ သိနိုင်ခဲကုန်၏။ အသုကရာစေ မလွယ်ကုန်သည်သာလျှင်၊ ဟောန္တိ ဖြစ်ကုန်၏။ ဒုက္ကရာစ မလွယ်ကုန်သည်လည်း၊ ဟောန္တိ ဖြစ်ကုန်၏။ ဥဒကေ ရေ၌၊ လိက္ခိတံ ရေးသားသကဲ့သို့၊ အဒိဿမာနာ မထင်မမြင်နိုင်ကုန်သည်၊ အပါကတာ မထင်ရှားနိုင်ကုန်သည်၊ ဟောန္တိ ဖြစ်ကြကုန်၏။ ကဲ မောင်ဘုန်းမြင့်၊ ဒီအပိုဒ်ကို နားလည်သလို အဘကို ပြောပါဦး" ဟု ကျွန်ုပ်ကို ပြောလိုက်ရာ ကျွန်ုပ်သည် ခေတ္တ စဉ်းစားပြီးနောက် -

"ကျွန်တော် နားလည်သလို ပြောမယ် အဘ။ အတိတ်ကကုသိုလ်အားကောင်းလို့ ဒီစမတွေကို တွေ့ချင်တွေ့ပေမယ့် နားလည်ဖို့၊ ပေါက်မြောက်ဖို့ အလွန်ခက်တယ်။ ရေထဲမှာစာ ရေးပြသလိုပဲ" ဟု နှိုင်းဆကာဖြေလိုက်၏။ အဘမှ -

"မောင်ဘုန်းမြင့်ကို အဘ ပြောခဲ့ပြီးပြီဘဲ။ ရှေးဆရာကြီးတွေရဲ့ လင်္ကာစပ်နဲ့ လမ်းညွှန်ထားတဲ့အထဲမှာ 'ပုံပြင်ပမာ၊ နှိုင်းစရာကား၊ ရေမှာရေးသား၊ မခြားနားသို့၊ စကားဓိပ္ပာယ်၊ လွယ်လည်းလွယ်လျက်၊ ခက်လည်းခက်၏။ အချက်ကျကျ၊ ယူနိုင်ကမူ၊ အဋ္ဌကော၊ ဆယ့်ရှစ်ဖြာကို၊ လိုရာပြည့်စုံ၊ ဓာတ်လေးပုံကို၊ အစုံအစုံ၊ ဆိုခဲ့တုံ၏။ တမှုံ့မွှားမွှား၊ အယူမှားက (အမှားယူက)၊ နဂါးမသေ၊ ဓာတ်မကျေလျှင်၊ တစ်ပြည်မဝ ၊ မစားရဟု၊ ရှေးကဆရာ၊ မိန့်မှာချက်တိုင်း' အဲဒီလို ညွှန်ပြထားတာ ရှိတယ်ကွဲ့။ ဒါ့ထက်မကသေးဘူး။ 'တစ်မှုံ့မွှားမွှား၊ အယူမှား၍၊ နဂါးမသေ၊ ဘားမကျေတည့်၊ တစ်ပြည်မဝ၊ မစားရသည်၊ နဂါးမဟုတ်၊ ဘားဘပြုတ်ကို၊ ဟုတ်လိမ့်နိုးနိုး၊ ဆင်ကန်းတိုးသို့၊ အကျိုး အကြောင်း၊ မတောင်းစတတ်၊ ဓာတ်မတတ်၍၊ မအပ်မရာ'အဲဒီလိုညွှန်ပြခဲ့တယ်ကွဲ့။ မောင်ဘုန်းမြင့်ရဲ့ အသက်အရွယ်နဲ့ ဒီလောက်နားလည်သဘောပေါက်တာကိုက ပုဗ္ဗေ ရှေးဘဝ၌၊ ကတဗလဝပုညေန ပြုအပ်ခဲ့ပြီးသောအားကြီးသောကုသိုလ်ကြောင့် ဆိုတာနဲ့အညီ ရှေးကုသိုလ် ပုဗ္ဗေစ ကတပုညတာစက်၊ ဥပနိဿယစက် အားကြီးဘို့လိုတာသိသာသကွဲ့"

ဟု ပြောလိုက်ကာ မောသွားဟန်ဖြင့် ရေနွေးပူပူ(၂)ခွက်ဆင့်သောက်ချလိုက်ပါ၏။ ပြီးမှ၊ လက်စွဲတော် ဖျဉ်းမသားဆေးတံထဲသို့ ဆေးမှုန့်များသိပ်ထည့်ရင်း -

"ပုဗ္ဗေ ရှေး၌၊ ကတပုညသမ္ဘာရေန ဖြည့်ဆည်းခဲ့ဖူးသော ကုသိုလ်သမ္ဘာရကြောင့်၊ ဂဟဏသမတ္ထာ ယူခြင်းငှာ စွမ်းနိုင်ကုန်သော၊ ပဏ္ဍာ ပညာရှိသောသူတို့သည်၊ အမှုလေန

မူလမဟုတ်သော၊ စတုဓာတုနာ ဓာတ်လေးပါးဖြင့်၊ ဝိရစိတ္တာ စီရင်၍၊ ကဲ. . ရှေးဘုန်းရှေးကံ ပါရမီရှိတဲ့သူ၊ ဒီလေးလုံးအက္ခရာကို နားလည်တတ်ကျွမ်းသူ အနေနဲ့ မူလမဟုတ်တဲ့ ဓာတ်လေးပါး နဲ့စီရင်တဲ့ ဒီနေရာမှာ မူလစမဖြစ်တဲ့ မူလတည်ရင်း စမ ရှစ်လုံး (က ပ ခ ဝ၊ ယ ဂ ဗ ဝ)နဲ့ စီရင်တာလည်းမဟုတ်၊ ကောက်ယူရတဲ့ စမ ရှစ်လုံးဖြစ်တဲ့ ထက်ခွင်ဩသခ (ယ ယ ရ ဇ)နဲ့ မူလအက္ခရာ (သ ည က ၎) နဲ့. စီရင်တာမျိုးလဲ မဟုတ်။ ဓာတ်လေးပါးစမတွေ ဖြစ်တဲ့ 'ဘယ်ပြန်စမ' (လက်ဝဲစမ) လေးလုံး (စ ခ ဗ ဝ)နဲ့. 'ညာပြန်စမ' (လက်ယာစမ) လေးလုံး (စ ထ င ဝ) နဲ့ စီရင်ထားတဲ့ အင်းအစီအရင်ကို ဆိုလိုတယ်ကွဲ့။ အဘ ရှင်းပြခဲ့တဲ့ မူလ စမ တွေဟာ သိဒ္ဓိလေးပါးအပြီးတိုင် စွမ်းနိုင်သလို ဓာတ်စမတွေဟာ ဓနသိဒ္ဓိ၊ ဝီယသိဒ္ဓိနှစ်ပါး ကို စွမ်းစေသကွယ့်"

ကျွန်ုပ်သည် အဘဆရာကြီး ရှင်းပြသမျှကို နှလုံးအိမ်အတွင်း စွဲမြဲဝင်သွားသည်အထိ လေးနက်စွာ မှတ်သား နာယူခဲ့၏။ ထို့ကြောင့် ကပ္ပလက်ာရခရီးလမ်းဝယ် ပူပင်ကြောင့်ကြကင်းစွာ ရှေးဘုန်းရှေးကံ ပါရမီအလျောက် ခရီးရောက်ခဲ့ပါသည်။ အဘဆရာကြီး ဦးနန္ဒောဘာသသည် သူ၏ ဆေးတံကို နှစ်ဖွာသုံးဖွာမျှ ဖွာရှိုက်လိုက်ပြီးနောက် -

"အမူလေန မူလမဟုတ်သော၊ စတုဓာတုနာ ဓာတ်လေးပါးဖြင့်၊ ဝိရစိတ္တာ စီရင်၍၊ လဒ္ဓကပ္ပရုက္ခာဝိယ ရအပ်သော ပဒေသာပင် ရှိသောသူတို့ကဲ့သို့၊ ပသန္နေန ကြည်ညို စွာသော၊ စိတ္တေန စိတ်ဖြင့်၊ ဒါနံ အလ-ကို၊ ဒေန္တိ ပေးလ-ကြကုန်၏ (ဝါ) ပေးကြလေကုန်။ သီလဉ္စ သီလကိုလည်း၊ ရက္ခန္တိ စောင့်ရှောက်ကြလေကုန်။ ဣစ္ဆိတံ အလိုရှိအပ်သော (ဝါ) အလိုရှိတိုင်းသော၊ ကမ္မံ အမှုကို၊ ကရောန္တိ ပြုလေကုန်။ ဘယံ ဘေးကို၊ ဥပဒ္ဒဝိတွာစ စုံစမ်းဆင်ခြင်မြော်မြင်စဉ်းစား၍လည်း၊ စိရကာလံ၀ မြင့်ရှည်စွာ ကာလပတ်လုံးလျှင်၊ ဇီဝန္တိ အသက်တစ်ချောင်း ကောင်းစွာမွေးလင့်ကုန်။ မောင်ဘုန်းမြင့်ရေ ကျမ်းပြုဆရာက ရဲရဲကြီး အာမခံထားသကွယ့်။ ရှေးဘုန်းရှေးကံ ရှိမယ်၊ ပါရမီရှိမယ်၊ မှန်မှန်ကန်ကန် ကောက်ယူစီရင်သုံးစွဲနိုင်လို့ကတော့ တစ်သက်လုံး သုံးမကုန်၊ စားမကုန် ပဒေသာပင်လို အကျိုးရမှာတဲ့ကွဲ့။ ဒါပေမဲ့ အရေးကြီးတာက သီလမြဲဖို့။ ဒါနစွဲဖို့။ ဒါကို ရှေးဆရာကြီးတွေက- တောင်းဆုပေထ၊ လျှက်မြို့ရသည်၊ သီလကြိုင်အောင်မွေးစေသတည်း။ ဓာတ်မင်းအိမ်နေ၊ ဂြိုဟ်နေမှန်စွာ၊ ချရာတုန်သည်၊ လေးမြှာသိဒ္ဓိ အပြီးတည်း။ လေးပါးညီစွာ၊ သို့မှသာလျှင်၊

ပြီးအောင်မြင်လိမ့်၊ စီရင်မပျက်၊ ဆရာမြွက်သည်၊ အနက်သိအောင်တွေးစေသတည်း။ စိန္တာမှုန်၊ ပြီးလိုင်ဘိသို့၊ သိန္ဓိလေးဖြာ၊ ပြီးတတ်စွာသည်၊ သစ္စာထက်အောက်မွေးစေသတည်း။ လို့ တိတိပပလမ်းညွှန်ထားသကွယ့် မောင်ဘုန်းမြင့်"

"ဟုတ်ကဲ့ပါ အဘ"

"**စိရကာလံ မြင့်ရှည်စွာကာလပတ်လုံးလျှင်၊ ဇီဝန္တု အသက်တစ်ချောင်း ကောင်းစွာမွေးလင့်ကုန်။ ပဓေသာပင် ရှိတဲ့သူလို ကြည်ညိုတဲ့စိတ်နဲ့လှူ။ သီလကိုစောင့်၊ အလိုရှိသမျှ** ပြုတဲ့။ ဒီလောက် အာမခံချက်ရဲရဲနဲ့ ညွှန်ပြခဲ့တဲ့ ဒီမူလစမ၊ ဓာတ်စမ ကပ္ပလက်ာရကျမ်းကို မောင်ဘုန်းမြင့်ရင်ထဲမှာ မသေမချင်းနှလုံးသွင်းဖို့ လိုက်ဆိုနော်။ ဟုတ်ပြီ။ '**အကျိုးရှိအောင်၊ မကျင့်ဆောင်ဘဲ၊ မမြဲသီလ၊ ဘယဘေးဒဏ်၊ ရန်မာန်အမျိုး၊ နတ်ဆိုးမိစ္ဆာ၊ ကိုယ်မှာစွဲကပ်၊ ဥပါဒ်လည်းပေး၊ ကိုယ်သွေးကိုယ်သား၊ ဖောက်ပြားတုံ့ရိုက်၊ ရန်ဖြင့်တိုက်သည်၊ အမိုက်မှောက်အောင်ဆေးပေတည်း။**' ဒါက မူလကျမ်းရင်းကြီးထဲက အပိုဒ်တော့မဟုတ်ဘူး။ ကပ္ပလက်ာရစမတွေကိုသုံးပြီး သီလမစောင့်ရင် ခံစားရမှာတွေကို ရှေးဆရာ့ဆရာကြီးတွေက ကြိုတင်ဆုံးမထားတာကွယ့်. . . မောင်ဘုန်းမြင့်၊သဘောပေါက်အောင်ကြိုးစား၊ ကြားလား"

"ဟုတ်ကဲ့ပါ အဘ။ ကျွန်တော် ကြိုးစားပါ့မယ်"

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒာဘာသ၏ ခြေဖဝါးအောက် ပြားပြားမှောက်ကာ ဗေဒင်ပညာသင်ယူခဲ့သည့် အသက်(၁၁)နှစ်အရွယ်မှ ဤကပ္ပလက်ာရကျမ်းသင်ယူခဲ့သည့် အသက်(၁၆)နှစ်အရွယ်အထိ အဘဆရာကြီး၏ စစ်မှန်သောမေတ္တာတရားအောက်မှ စေတနာမှန်ပညာမှန်တို့ကို မည်မျှနားလည်ခဲ့သည်ဆိုစေကာမူ ကပ္ပလက်ာရလမ်းကြောင်း တစ်လျှောက် ကျွန်ုပ်လျှောက်လှမ်းခဲ့စဉ်မှ ယခု ဤကျမ်းကိုပြုစုရေးသားနေဆဲကာလအပါအဝင် ကျွန်ုပ်၏ နောက်ဆုံးထွက်သက်အထိ ကြုံခဲ့၊ ကြုံဆဲ၊ ကြုံလတ္တံ့ဖြစ်သော၊ စိရကာလံ '**မြင့်ရှည်စွာကာလပတ်လုံးလျှင်၊ ဇီဝန္တု အသက်တစ်ချောင်းကောင်းစွာမွေးလင့်ကုန်**'ဟူသည့် ကျမ်းပြုဆရာ၏မိန့်မှာချက်နှင့်ညီမျှစွာကြုံခဲ့ရသော ကျွန်ုပ်၏အတွေ့အကြုံများက အဘဆရာကြီး ဦးနန္ဒာဘာသ၏ ဖြူစင်သော၊ မျှော်လင့်ချက်ကင်းသော စေတနာတို့ကို ပို၍၊ ပို၍ တန်ဘိုးထားလျက်ရှိနေပေတော့သည်။

ကျွန်ုပ်သည် အဘဆရာကြီးသင်ပြခဲ့သော မူလစမ၊ ဓာတ်စမတို့ကို သင်စမှ သင်ဆုံးအထိ

နှုတ်တိုက် အာဂုံဆောင်ခဲ့ရပါသည်။ တစ်ခါတစ်ရံ မှတ်စုအတိုအထွာကလေးများ မှတ်သားထားခဲ့၏။ ထို့ကြောင့်ပင် ကျွန်ုပ်သည် လွန်စွာခက်ခဲနက်နဲလှသော ကပ္ပလက်ာရကျမ်းကြီးကို လွယ်လင့်တကူ နားလည်ခဲ့ပါသည်။

ကပ္ပလက်ာရကျမ်း သင်ခန်းစာများကို ခေတ္တရပ်နားပြီးနောက် 'လ' အတန်ကြာသည်အထိ အဘဆရာကြီးသည် ကျွန်ုပ်အား အသစ်ထပ်မံ သင်ကြားပေးခြင်း မရှိခဲ့ပါချေ။ ကျွန်ုပ်သည် ရွာနီးချုပ်စပ် အနီးအဝေးဒေသများသို့ ဗေဒင် ဟောပြောခြင်းဖြင့် အချိန်ကုန်နေသည့်အလျောက် အဘထံ မရောက်ဖြစ်ခဲ့ပါချေ။ သို့သော် အားလပ်သည့်အခါတိုင်း ဗေဒင်ဟောခြင်း၊ အစီအရင်ပြုခြင်းဆိုင်ရာ ကိုယ်တွေ့မှတ်တမ်းများ ရေးသားပြီးသည့်အခါတိုင်း ကပ္ပလက်ာရကျမ်းသင်ခန်းစာ မှတ်စုများ၊ လေ့ကျင့်စဉ်များကို အခါမလပ် ရေးသားကျင့်ကြံခဲ့ပါပေသည်။ ဤသို့နှင့် နယ်မှ ကျွန်ုပ် ပြန်ရောက်ရောက်ချင်း အဘအား ကန်တော့ရင်း အတွေ့အကြုံများကို အဘထံ ဖွင့်ဟပြောခဲ့ပါသည်။ ထိုအခါ အဘသည် လိုတိုးပိုလျှော့ ပြုပြင်ပေးကာ ထပ်မံမွမ်းမံသည့် ပညာကွက်များကို အထူးသဖြင့် ညအိပ်ဝတ်ဖြည့်ပေးစဉ်၌ သွန်သင်ညွှန်ပြပေးလေ့ရှိပါသည်။

"မောင်ဘုန်းမြင့်ကို ကပ္ပလက်ာရကျမ်းပညာစဉ်သင်ပေးခဲ့သမျှထဲမှာ မူလစမ၊ ဘူတစမ ကောက်နည်း၊ အင်းစီရင်နည်း နဲ့ အင်းသောက်နည်း (၃)မျိုးဘဲ အဘ သင်ပေးနိုင်ခဲ့တယ်ကွယ့်။ ကျမ်းရဲ့အဆုံး အဌာရသအထိ စီရင်နည်းတွေပေါ့ကွယ်။ ဒါပေမဲ့ ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိနဲ့ ယှဉ်တဲ့ အဂ္ဂိရိတ်နည်းတွေကိုတော့ အဘ သင်ပေးဖို့က မောင်ဘုန်းမြင့်ရဲ့ အတွေ့အကြုံ ရင့်ကျက်တဲ့အချိန်အထိ အဘမှာ မလွယ်တော့ဘူး။ အဲဒီ အဂ္ဂိရိတ်နည်းတွေကို မောင်ဘုန်းမြင့်ရဲ့ကံပါရမီအရ ဆရာကောင်းနဲ့တွေ့မှာသေချာပါတယ်။ ဒီအချက်ကလွဲရင် ကပ္ပလက်ာရကျမ်းကို ကျမ်းပေါက် သင်ယူပြီးပြီလို့သာမှတ်ပေတော့။အခုတစ်ခါကျမ်းရင်းကြီးထဲမှာ မပါပေမယ့်လို့ ရှေးဆရာ့ဆရာကြီးတွေရဲ့ လက်ာစပ်ထဲမှာပါတဲ့ ပညာကွက်တွေကို အဘသင်ပေးခဲ့မယ်။ ကဲ အဆင်သင့် ဖြစ်ပြီလား"

"ဟုတ်ကဲ့ပါ အဘ" ဟု ကျွန်ုပ်မှ ရိုသေစွာ ပြောလိုက်၏။

"မောင်ဘုန်းမြင့်၊ သိဒ္ဓိလေးပါးပြီးတဲ့ စမတွေက. . ."

"မူလအက္ခရာ၊ မူလစမတွေပါ အဘ"

"ဒါဆိုရင် ဓနသိဒ္ဓိ၊ ပီယသိဒ္ဓိနှစ်ပါးပြီးတာကကော. ."

"ဓာတ်အက္ခရာခေါ်တဲ့ ဓာတ်စမ၊ဘူတစမပါ"

"အိမ်း တော်စွာ ငါ့တပည့်။ မူလအက္ခရာ၊မူလစမတွေက နံသင့်ပေါင်းရုပ်(၁၈) အဋ္ဌာရသ၊ ဂြိုဟ်သင်္ချာတွေ ယူပေါင်းရင် (၅၄) စတုပညာသ နှစ်မျိုးစလုံးရတယ်။ ဒါပေမယ့် ဘူတစမ ဆိုတာက ဂြိုဟ်သင်္ချာတွေပေါင်း (၅၄)ရတာပဲရှိသကွဲ့။ အဲဒီတော့ ဂြိုဟ်သင်္ချာအားလုံးပေါင်းရင် (၅၄)ရတဲ့ ဘူတစမတွေကို သိသလား မောင်ဘုန်းမြင့်"

"ဟုတ်ကဲ့ပါ အဘ။ အဘ သင်ပေးခဲ့တဲ့ 'ဘယ်ပြန်' စမခေါ် 'လက်ဝဲ' စမ၊ ဘူတအက္ခရာ (စ ဓ ဗ ဝ)ပါ အဘ"

"ဟုတ်သကွယ့်။ အဲဒါ ကျမ်းရင်းကြီးထဲကပဲ။ အခုတစ်ခါ ရှေးဆရာကြီးတွေက ဂြိုဟ်သင်္ချာအားလုံးပေါင်း (၅၄)ဖြစ်တဲ့ အက္ခရာတွေကို ထပ်မံရှာကြံတီထွင်ခဲ့တာကို ဆက်ပြီး လေ့လာကြရမှာ"

"ဒါဖြင့်ရင် အဘရယ်။ မူလကျမ်းရင်းကြီးမှာ ဘာ့ကြောင့် ထည့်မပြထားတာလဲ ဟင်"

"ဒီလိုကွယ့် ငါ့တပည့်ရဲ့။ ကျမ်းပြုဆရာက မူလစမကို အားအထားဆုံးကွယ့်။ သိဒ္ဓိ (၄)ပါးနဲ့တကွ ဝိဇ္ဇာအဋ္ဌာရသ အပြီးအထိ ကြံစည်လို့ရတယ်လေ။ အခု ပြမယ့် ဘူတစမတွေက တော့သိပ်မခက်လှပေဘူး။ ဒါကြောင့်ပါ မောင်ဘုန်းမြင့်"

ကျွန်ုပ်သည် အဘဆရာကြီးထံမှ နှုတ်တိုက်သင်ကြားကျင့်ကြံခဲ့ရသော မူလစမ၊ ဘူတစမတို့ကို ယခုအထိ ရင်းနှီးကျွမ်းဝင်ခဲ့သလောက် အဘထပ်မံသင်ပေးခဲ့သော ဤဘူတစမ တို့ကို လက်တွေ့ကျင့်သုံးရာ၌ အကြိမ်အရေအတွက်နည်းခဲ့ကြောင်း ဝန်ခံလိုပါသည်။ ကျမ်း ပေါက်ထက် ကျမ်းလျှောက်မျှသာ ဖြစ်ခဲ့ပါသည်။ သို့သော် ကျွန်ုပ်၏ အာစရိယမုဋ္ဌိစကား ပညာ အစဉ်ဖြစ်၍ ဆက်လက်ရှင်းလင်းရေးသားဖော်ပြလိုက်ပါသည်။ ဝါသနာရှင်များ ဆက်လက် ကြံစည်နိုင်ကြပါစေသတည်း။

"မောင်ဘုန်းမြင့်၊ အက်၊ကော်၊ စေ၊ ဝ၊ ဓ၊ မွ၊ ရံ၊ သိ အဋ္ဌလင်္ဂြိုဟ်ခွင်ချလိုက်ကွယ့်" ဟုပြောလိုက်ရာ ကျွန်ုပ်သည် အောက်ပါအတိုင်း အဋ္ဌလင်္ဂြိုဟ်ခွင်ကို ရေးချလိုက်ပါ၏ -

"ဟုတ်ပြီ မောင်ဘုန်းမြင့်၊ ဂြိုဟ်အိမ်အားလုံးကို ကြက်ခြေစတုရန်းခတ်ပြီး လေးစိတ် လုပ်။

၁	၂	၃
၆		၄
၈	၅	၀

ပြီးလို့ရှိရင် ဂြိုဟ်(၁)လုံးကို မြင်းခုန်(၄)ကြိမ်စီ ခုန်သွားရမယ်။ တနင်္ဂနွေဂြိုဟ်အိမ်ကနေ စပြီး မြင်းပြေးရမကွဲ။ ကဲ. . . အလွယ်သားကပဲ။ ကြိုးစားကြည့်လိုက်ဦး"



အဘသည် ကျွန်ုပ်ရေးထည့်လိုက်သော တနင်္ဂနွေ (၁)အစ၊ သောကြာ(၆)အဆုံး မြင်းပြေးအင်းကွက်ကိုကြည့်လိုက်ပြီး -

"မျက်နှာချင်းဆိုင်တွေမှာ 'တနင်္ဂနွေ(၁)' နဲ့ 'စနေ(၀)' အစဉ်တွဲနေတာကို သေသေချာချာကြည့် မောင်ဘုန်းမြင့်၊ တနင်္ဂနွေ မီးခဲခေတ်ဖို့နဲ့ စနေမီးထောက်ခေတ်မတို့ တွဲနေတဲ့ အနွေ (၁,၀) သူရစ္စတေဇောကွယ့်"

"ဟုတ်ကဲ့ မြင်ပါတယ်အဘ" ဟု ကျွန်ုပ်ကဖြေလိုက်ရာအဘသည်ကျွန်ုပ်ကို ပြုံးကြည့်လျက်- "အဲဒီ ကြက်ခြေကွက်တွေထဲမှာ စနေ (၀)ကို ခုနစ် (၇)ဂဏန်းယူပြီး ပေါင်းကြည့်စမ်း မောင်ဘုန်းမြင့်၊ အဋ္ဌာရသ (၁၈) ရတာကိုဝိုင်းပြစမ်း"



၀	→	စနေ	၇
၆	→	သောကြာ	၆
၃	→	အင်္ဂါ	၃
၂	→	တနင်္လာ	၂
		အဋ္ဌာရသ	၁၈

"ဟုတ်ပြီကွယ့် မောင်ဘုန်းမြင့်၊ အဲဒီ သုည (၀) စနေကို ဂြိုဟ်သက် (၁၀)ယူပြီး လိုက်ပေါင်းကြည့်။ နောက်ထပ် စတုပညာသ (၅၄)ရတဲ့ အကွက်တွေကို ဝိုင်းလိုက်ဦး"

၁	တနင်္ဂနွေဂြိုဟ်သက်	၆
၆	သောကြာဂြိုဟ်သက်	၂၁
၃	အင်္ဂါဂြိုဟ်သက်	၈
၅	ကြာသပတေးဂြိုဟ်သက်	၁၉
	စတုပညာသ	၅၄

၂	တနင်္လာဂြိုဟ်သက်	၁၅
၆	သောကြာဂြိုဟ်သက်	၂၁
၀	စနေဂြိုဟ်သက်	၁၀
၃	အင်္ဂါဂြိုဟ်သက်	၈
	စတုပညာသ	၅၄



၁	တနင်္ဂနွေ ဂြိုဟ်သက်	၆
၅	ကြာသပတေးဂြိုဟ်သက်	၁၉
၄	ဗုဒ္ဓဟူး ဂြိုဟ်သက်	၁၇
၈	ရာဟုဂြိုဟ်သက်	၁၂
	စတုပညာသ	၅၄

၀	စနေ ဂြိုဟ်သက်	၁၀
၄	ဗုဒ္ဓဟူး ဂြိုဟ်သက်	၁၇
၂	တနင်္လာ ဂြိုဟ်သက်	၁၅
၈	ရာဟု ဂြိုဟ်သက်	၁၂
	စတုပညာသ	၅၄

အဘဆရာကြီးသည် ကျွန်ုပ် ရေတွက်ထားသည်များကို ကြည့်ကာ-

"အဲဒါပေါ့ မောင်ဘုန်းမြင့်၊ ရှေးဆရာကြီးတွေညွှန်ပြခဲ့တာဂြိုဟ်စီဝကို၊လေးကွတ် လေးလီ၊ တစ်ခွင်စီပြု၊ စတုပညာသ၊ ဂဏန်းရလိမ့် ဆိုတာ။ မောင်ဘုန်းမြင့်ရေထားတာကို ဟောဒီလို ဖြည့်လိုက်မကွဲ. . . ကြည့်"

(မဇ္ဈိ)
၁ ဥ
၆ သာ
၃ စိန်
၅ ပန်း

(မူလ)
၂ ခြ
၆ သေ့
၀ ထီး
၃ ဆောင်း



(အာဒိ)
၁ အ
၅ ပေါင်း
၄ ဝင်
၈ ရာ

(အဝသံ)
၀ ဒန်း
၄ လှ
၂ ကို
၈ ရွာ

"အဲဒီလိုဆိုင်ရာ ဂဏန်းတွေကို နံသင့်သွင်းပြီး လက်ာစဉ်လိုက်တဲ့အခါမှာ ခြသေ့ထီး ဆောင်း၊ အပေါင်းဝင်ရာ၊ ဥသာစိန်ပန်း၊ ဒန်းလှရွာလေ၊ ချတုံပေမှ၊ ဂြိုဟ်စီဝကို၊ လေး ဝလေးလီ၊ တစ်ခွင်စီပြု၊ စတုပညာသ၊ ဂဏန်းရလိမ့် ဆိုတဲ့အတိုင်း ဖြစ်လာမယ်။ အဲဒီလေးခုထဲမှာ "ခြသေ့ထီးဆောင်း" တစ်ခုပဲ နံသင့်ပေါင်းရင် အဋ္ဌာရသ (၁၈)၊ ဂြိုဟ်သက်

ပေါင်းရင် စတုပညာသ (၅၄) ရတဲ့အတွက် မူလစမဖြစ်တယ်။ ကျန်တဲ့ (၃)ခုကတော့ ဘူတစမ (၃)ခုအတွက်ပေါ့။ မြင်အောင်ကြည့်"

ကျွန်ုပ်သည် အဘဆရာကြီး ဦးနန္ဒော ညွှန်ပြသည်များကို လေးနက်စွာ စဉ်းစားလိုက်ပြီးနောက် အောက်ပါအတိုင်းမှတ်သားလိုက်၏ -

ခြသေ့်ထီးဆောင်း	နံသင့် →	၂+၆+၇+၃	=	၁၈ အဋ္ဌာရသ။
	ဖြိုဟ်သက် →	၁၅+၂၁+၁၀+၈	=	၅၄ စတုပညာသ
အပေါင်းဝင်ရာ	နံသင့် →	၁+၅+၄+၈	=	၁၈ အဋ္ဌာရသ
	ဖြိုဟ်သက် →	၆+၁၉+၁၇+၁၂	=	၅၄ စတုပညာသ
ဥသာစိန်ပန်း	နံသင့် →	၁+၆+၃+၅	=	၁၅ အဋ္ဌရသ မရ
	ဖြိုဟ်သက် →	၆+၂၁+၈+၁၉	=	၅၄ စတုပညာသ
ဒန်းလှကိုရှာ	နံသင့် →	၇+၄+၂+၈	=	၂၁ အဋ္ဌာရသ မရ
	ဖြိုဟ်သက် →	၁၀+၁၇+၁၅+၁၂	=	၅၄ စတုပညာသ

အထက်ပါအတိုင်း ရေးမှတ်ပြီးနောက် ကျွန်ုပ်သည် -

"အဘ 'ခြသေ့်ထီးဆောင်း' နဲ့ 'အပေါင်းဝင်ရာ' က အတူတူ ဖြစ်နေတယ်။ နံသင့်ပေါင်းရင် 'အဋ္ဌာရသ'၊ ဖြိုဟ်သက် ပေါင်းရင် 'စတုပညာသ'။ (၂)ခုစလုံး တူနေတော့ မူလစမ (၂)ခု ဖြစ်နေသလားလို့" ဟု မေးလိုက်၏။

"မောင်ဘုန်းမြင့်၊ မေးမှ မေးပါ့မလားလို့ အဘ တွေးနေတာ။ တော်ရုံဆို မြင်တတ်ဖို့ ခေးသကွယ့်"။

"*ကိန်းသေထားအစ်၊ လိုရာရစ်က၊ 'က' ကစ၍၊ ဝိသတွက်ကျူး၊ 'န'တွင်းဆုံးမှ၊ 'သ,ဟ' ထပ်ဖြည့်၊ ဓာတ်လှည့် ချလေ၊ 'က' နေရှစ်လုံး၊ ရှေ့ဆုံး 'န' မှာ၊ ခြောက်လုံးသာတည့်၊ လက်ျာလက်ဝဲ၊ အမြဲငါးခု၊ မှန်အောင်ပြု၍* ဆိုတဲ့ ကျမ်းရင်းကြီးထဲက လေးကျွန်းတစ်မြင့်မိုရ် ပိုင်းပြီး အက္ခရာဓာတ်လှည့်အစဉ်နဲ့ ညှိလိုက်တဲ့အခါ ခြသေ့်ထီးဆောင်း (ဋသညက) တစ်ခုပဲ ညီတာမို့၊ အပေါင်းဝင်ရာ ဆိုတာကို မူလစမအဖြစ် မယူတာပေါ့။" ဟု ရှင်းပြလေ၏။

"ပြီးရင် ပါပ၊ သူရဋ္ဌ၊ အမြိတ္တ၊ ကောလီ ဓာတ်(၄)အိမ်မှာ လိုချင်တဲ့ ဓာတ်အိမ်မှာ မူလတင်။ ပြီးတော့ အာဒိ၊ မဇ္ဈ၊ အဝသံ ဓာတ်လှည့်အစဉ်အတိုင်း အောက်ထက်တောင်မြောက် ဝိထိအကောက်လှည့်ရမယ်။ မှတ်မိတယ်နော်၊ ကြည့်. . . မောင်ဘုန်းမြင့်"

ပါပ ဝါယောအင်းချရန်



သူရဋ္ဌတေဇောအင်း ချရန်





အမြိတ္တ အာပေါအင်း ချရန်



ကောလီ ပထဝီအင်း ချရန်



ကျွန်ုပ်သည် ပါပ၊ သူရဿ၊ အမြိတ္တ၊ ကောလီ ဓာတ်အိမ် (၄)အိမ်ကို မူလ၊ အာဒိ၊ မဇ္ဈိ၊ အဝသာ် ဓာတ်လှည့် အစဉ်အတိုင်း ခြသေ့်ထီးဆောင်း (ဋ သ ည က)နှင့်တကွသော အပေါင်းဝင်ရာ (၁၊ ၅၊ ၄၊ ၈) ဥသာစိန်ပန်း (၁၊ ၆၊ ၃၊ ၅)နှင့် ဒန်းလှကိုရှာ (၀၊ ၄၊ ၂၊ ၈) တို့ကို ရေးသွင်းလိုက်၏။ အဘဆရာကြီးမှ သေသေချာချာ ကြည့်ရှုလိုက်ပြီး -

"ဒီတစ်ခါ တည်ကိန်း ကိန်းရင်း စားကိန်းတွေ ဆင်ထားပုံ ရှင်းပြမကွယ်။ တည်ကိန်းဆိုတာ က မောင်ဘုန်းမြင့် သိပြီးသားဘဲ။ မူလအတွက် 'ခြသေ့်ထီးဆောင်း' က (ဋ၊ သ၊ ည၊ က) မူလ အက္ခရာ ရှိပြီးပြီမို့ တွက်စရာ မလိုဘူး။ အာဒိအတွက်က အက္ခရာပါဒ (၄၁)၊ မဇ္ဈိအတွက်က သုနိယမဏ္ဍလ (၁၅၀) နဲ့ အဝသာ်အတွက် စန္ဒမဏ္ဍလ (၁၄၇)။ ဒါတွေဟာ တည်ကိန်းတွေပဲ။ မောင်ဘုန်းမြင့် အဘကို ရေးပြစမ်း"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် အောက်ပါအတိုင်း သေသေချာချာ ရေးပြလိုက်၏ -

	မူလ	→	ဋ, သ, ည, က မူလအက္ခရာ (၄)လုံးရှိပြီး ဖြစ်၍ တွက်စရာမလို။		
(အက္ခရာပါဒ)	အာဒိ	→	ဗျည်း (၃၃) + မူလသရ (၈)	=	၄၁
(သုနိယမဏ္ဍလ)	မဇ္ဈိ	→	နေ၏အချင်းယူဇနာ ၅၀ × ၃	=	၁၅၀
(စန္ဒမဏ္ဍလ)	အဝသာ်	→	လ၏အချင်းယူဇနာ ၄၉ × ၃	=	၁၄၇

"ဟုတ်ပြီကွယ်။ ရောမယ့်ကိန်းကတော့ အထူးမဟုတ်ဘူး။ ပါပ၊ သူရဿ၊ အမြိတ္တ၊ ကောလီ ဓာတ်သက်ကိုရောရမကွယ့်။ရေးလိုက်ဦး ဓာတ်သက်တွေကို" ဟု ပြောလိုက်ပြန်၏။

	သူရဿ (၁၂)	
ကောလီ (၃၀)	ဓါတ်သက်	အမြိတ္တ (၁၆)
	ပါပ (၂၂)	

(ရောရန် ဓာတ်သက်များ)

"မှန်သကွယ်။ ဒီတစ်ခါ စားကိန်းတွေကို ပြမယ်။ သေသေချာချာကြည့်ကွယ့်"
ဟု ပြောပြီး အောက်ပါဇယားကွက်ကို ရေးကာ ရှင်းပြလိုက်၏ -

ကောက်ရန် အက္ခရာအစဉ်နှင့် စားကိန်းများ

ဂြိုဟ်စဉ် (နံ)	ကောက်ရန် အက္ခရာ (လုံးရေ)	စားကိန်း
တနင်္ဂနွေ (၁)	အ-အာ-ဣ-ဤ-ဥ-ဦ-ဧ-ဩ (၈)လုံးရှိ၍	(၈) နဲ့စား
တနင်္လာ (၂)	က-ခ-ဂ-ဃ-င (၅) လုံးရှိ၍	(၅) နဲ့စား
အင်္ဂါ (၃)	စ-ဆ-ဇ-ဈ-ည (၅)လုံးရှိ၍	(၅)နဲ့စား
ဗုဒ္ဓဟူး (၄)	ယ-လ-ဝ (၃) လုံးရှိ၍	(၃) နဲ့စား
ကြာသပတေး(၅)	ပ-ဖ-ဗ-ဘ-မ (၅)လုံးရှိ၍	(၅) နဲ့စား
သောကြာ (၆)	သ-ဟ (၂)လုံးရှိ၍	(၂) နဲ့စား
စနေ (၀)	ဋ-ဌ-ဍ-ဎ-ဏ,တ,ထ,ဒ,ဓ,န (၁၀)လုံးရှိ၍	(၁၀) နဲ့စား
ရာဟု (၈)	ရ-ဠ (၂)လုံးရှိ၍	(၂) နဲ့စား

"ဟုတ်ကဲ့ အဘ။ နားလည်ပါပြီ။ ဆက်ပါဦး"

"မခက်တော့ဘူးကွယ့်။ တည်ကိန်းရယ်၊ ဓာတ်သက်ရယ်၊ လိုချင်တဲ့ စန်းယှဉ်နက္ခတ်ရယ်၊ ဆိုင်ရာဂြိုဟ်သက်တွေအားလုံးပေါင်း။ ကိန်းရင်းရပြီ။ အဲဒီကိန်းရင်းကို သက်ဆိုင်ရာ စားကိန်းနဲ့စား။ အကြွင်းအတိုင်း အက္ခရာအစဉ်အတိုင်း ကနေ ကောက်။ ရတဲ့ အက္ခရာကို ပါပ၊ သုရဿ၊ အမြိတ္တ၊ ကောလီ ဓာတ်လှည့် အစဉ် မမှားအောင် မူလ၊ အာဒိ၊ မဇ္ဈိ၊ အဝသံ သွင်းပေါ့ကွယ့်"

မူလ
ည
ရ
သ
က

ဓမ္မထုန်ရောသီ – နယုန်လ စန်းယှဉ် နက္ခတ် (၅)လုံးအတွက်
ပါပ ဝါဃောအင်း တွက်ပုံ

		အား လုံး ပေါင်း							
အရပ်	ဖြိုက်(နံ)	တည်ကိန်း	နက္ခတ်	ပါတ်သက်	ဖြိုက်သက်	ကိန်းရင်း	စားကိန်း	အကြွင်း	အက္ခရာ
အာဒိ	၈ ရာ	၄၀	၅	၁၂	၁၂ →	၇၀	၂	၂	ဧ
	၁ အ	၄၀	၅	၁၂	၆ →	၆၄	၈	၈	ဩ
	၄ ဝင်	၄၀	၅	၁၂	၁၇ →	၇၅	၃	၃	ဝ
	၅ ပေါင်း	၄၀	၅	၁၂	၁၉ →	၇၇	၅	၂	ဓ
မဇ္ဈိ	၃ စိန်	၁၅၀	၅	၁၆	၈ →	၁၈၀	၅	၄	ဈ
	၁ ဥ	၁၅၀	၅	၁၆	၆ →	၁၇၈	၈	၀	အ
	၆ သာ	၁၅၀	၅	၁၆	၂၀ →	၁၉၂	၂	၂	ဟ
	၅ ပန်း	၁၅၀	၅	၁၆	၁၉ →	၁၉၀	၅	၅	မ
အဝသ်	၈ ရွာ	၁၄၇	၅	၃၀	၁၂ →	၁၉၄	၂	၂	ဋ
	၀ ဒန်း	၁၄၇	၅	၃၀	၁၀ →	၁၉၂	၁၀	၂	ဌ
	၄ လှ	၁၄၇	၅	၃၀	၁၇ →	၁၉၉	၃	၀	ယ
	၂ ကို	၁၄၇	၅	၃၀	၁၅ →	၁၉၇	၅	၂	ခ

သူရဿ (အာဒိ)



ပါပ (မူလ)



သူရဿ (အာဒိ)



ပါပ (မူလ)

(အခြား ဝါဃောလများအတွက် စန်းယှဉ်နက္ခတ် ပြောင်း၍တွက်ပါ)

မူလ
၎
သ
က
ည

မိဿရာသီ – တန်ဆူးလ စန်းယှဉ် နက္ခတ် (၁)လုံးအတွက် သူရဇ္ဇ တေဇောအင်း တွက်ပုံ

		အား	လုံး	ပေါင်း					
အရပ်	ဗြိုဟ်(နံ)	တည်ကိန်း	နက္ခတ်	ဓါတ်သက်	ဗြိုဟ်သက်	ကိန်းရင်း	စားကိန်း	အကြွင်း	အက္ခရာ
အာဒိ	၁ အ	၄၁	၁	၁၆	၆ →	၆၄	၈	၈	ဩ
	၄ ဝင်	၄၁	၁	၁၆	၁၇ →	၇၅	၃	၃	ဝ
	၅ ပေါင်း	၄၁	၁	၁၆	၁၉ →	၇၇	၅	၂	ဖ
	၈ ရာ	၄၁	၁	၁၆	၁၂ →	၇၀	၂	၂	ဋ
မဇ္ဈိ	၁ ဉ	၁၅၀	၁	၃၀	၆ →	၁၈၇	၈	၃	ဤ
	၆ သာ	၁၅၀	၁	၃၀	၂၀ →	၂၀၂	၂	၂	ဟ
	၅ ပန်း	၁၅၀	၁	၃၀	၁၉ →	၂၀၀	၅	၅	ဓ
	၃ စိန်	၁၅၀	၁	၃၀	၈ →	၁၈၉	၅	၄	ည
အဝသာန်	၀ ဒန်း	၁၄၇	၁	၂၂	၁၀ →	၁၈၀	၁၀	၁၀	န
	၄ လု	၁၄၇	၁	၂၂	၁၇ →	၁၈၇	၃	၁	ယ
	၂ ကို	၁၄၇	၁	၂၂	၁၅ →	၁၈၅	၅	၅	င
	၈ ရွာ	၁၄၇	၁	၂၂	၁၂ →	၁၈၂	၂	၂	ဋ



(အခြားတေဇောလများ အတွက်စန်းယှဉ် နက္ခတ် ပြောင်း၍တွက်ပါ)

မူလ
သ
က
ည
ဍ

ဗြိဿရာသီ – ကဆုန်လ စန်းယှဉ် နက္ခတ် (၃)လုံးအတွက် အဖြိဋ္ဌ အာဒပေါ်အင်း တွက်ပုံ

အရပ်	ဗြိုဟ်(န)	အား လုံး ပေါင်း				ကိန်းရင်း	စားကိန်း	အကြွင်း	အက္ခရာ
		တည်ကိန်း	နက္ခတ်	မိတ်သက်	ဗြိုဟ်သက်				
အာဒိ	၄ ဝင်	၄၁	၃	၃၀	၁၇ →	၉၁	၃	၃	ဝ
	၅ ပေါင်း	၄၁	၃	၃၀	၁၉ →	၉၃	၅	၃	ပ
	၈ ရာ	၄၁	၃	၃၀	၁၂ →	၈၆	၂	၂	ဋ
	၁ အ	၄၁	၃	၃၀	၆ →	၈၀	၈	၃	●
မဇ္ဈိ	၆ သာ	၁၅၀	၃	၂၂	၂၀ →	၁၉၆	၂	၂	ဟ
	၅ ပန်း	၁၅၀	၃	၂၂	၁၉ →	၁၉၄	၅	၄	ဘ
	၃ စိန်	၁၅၀	၃	၂၂	၈ →	၁၈၃	၅	၃	ဓ
	၁ ဥ	၁၅၀	၃	၂၂	၆ →	၁၈၁	၈	၁	အ
အဝသံ	၄ လှ	၁၄၇	၃	၁၂	၁၇ →	၁၇၉	၃	၂	လ
	၂ ကို	၁၄၇	၃	၁၂	၁၅ →	၁၇၇	၅	၂	ခ
	၈ ရှာ	၁၄၇	၃	၁၂	၁၂ →	၁၇၄	၂	၂	ဋ
	၀ ဒန်း	၁၄၇	၃	၁၂	၁၀ →	၁၇၂	၁၀	၂	ဌ







(အခြား အာဒပေါ်လများအတွက် စန်းယှဉ်နက္ခတ် ပြောင်း၍တွက်ပါ)

မူလ
က
ည
ဍ
သ

ကြကင့်ရာသီ – ဓါဆိုလ စန်းယှဉ် နက္ခတ် (၇)လုံးအတွက်
ကောလိ ပဆဝီအင်း တွက်ပုံ

		အား လုံး ပေါင်း							
အရပ်	ဗြိုဟ်(နံ)	တည်ကိန်း	နက္ခတ်	ဓါတ်သက်	ဗြိုဟ်သက်	ကိန်းရင်း	စားကိန်း	အကြွင်း	အက္ခရာ
အာဒိ	၅ ပေါင်း	၄၁	၇	၂၂	၁၉ →	၈၉	၅	၄	ဘ
	၈ ရာ	၄၁	၇	၂၂	၁၂ →	၈၂	၂	၂	ဠ
	၁ အ	၄၁	၇	၂၂	၆ →	၇၆	၈	၄	ဤ
	၄ ဝင်	၄၁	၇	၂၂	၁၇ →	၈၇	၇	၇	ဝ
မဇ္ဈိ	၅ ပန်း	၁၅၁	၇	၁၂	၁၉ →	၁၈၉	၅	၇	ပ
	၃ စိန်	၁၅၁	၇	၁၂	၈ →	၁၇၈	၅	၂	ဆ
	၁ ဥ	၁၅၁	၇	၁၂	၆ →	၁၇၆	၈	၄	ဓ
	၆ သော	၁၅၁	၇	၁၂	၂၀ →	၁၉၀	၂	၂	ဟ
အဝသံ	၂ တို	၁၄၇	၇	၁၆	၁၅ →	၁၈၅	၅	၅	င
	၈ ရှာ	၁၄၇	၇	၁၆	၁၂ →	၁၈၂	၂	၂	ဠ
	၀ ခန်း	၁၄၇	၇	၁၆	၁၀ →	၁၈၀	၁၀	၁၀	န
	၄ လှ	၁၄၇	၇	၁၆	၁၇ →	၁၈၇	၇	၁	ယ







(အခြား ပဿဝီလများအတွက် စန်းယှဉ်နက္ခတ် ပြောင်း၍တွက်ပါ)

"ကဲ မောင်ဘုန်းမြင့်ရေ ပါပ၊ သူရဋ္ဌ၊ အမြိတ္တ၊ ကောလီ တစ်အင်းစီ တွက်ပုံ ကောက်ပုံ အသေးစိတ် အဘ သင်ပေးခဲ့ပြီ။ ကိုယ်လိုချင်တဲ့ လ၊ ရာသီ အရ စန်းယှဉ်နက္ခတ်လုံးရေ ပြောင်းပြီး တွက်ရုံပဲ၊ ရမလား"

"ဟုတ်ကဲ့ပါ အဘ။ နားလည်ပါပြီ"

"လ၊ ရာသီ၊ စန်းယှဉ်နက္ခတ်လုံးရေကနေ တွက်တဲ့နည်းက ကပ္ပလက်ာရ ကျမ်းရင်းကြီး ပဲကွဲ။ ဒါပေမဲ့ နက္ခတ် (၂၇)ပါး စိုးမိုးတဲ့ဓာတ်တွေအလိုက် စီရင်ကြတာတွေကို မောင်ဘုန်းမြင့် တစ်ချိန်ချိန်မှာ ကြုံတွေ့ရမယ့်အတူတူ တစ်ခါတည်း မှတ်ရအောင်" ဟု အဘဆရာကြီးမှ ပြောပြလိုက်ကာ အောက်ပါအတိုင်း သင်ပေးလိုက်၏ -

၁။	အဿဝဏီ	-	ပထဝီ
၂။	ဘရဏီ	-	တေဇော
၃။	ကြတ္တိကာ	-	တေဇော
၄။	ရောဟဏီ	-	ပထဝီ
၅။	မိဂသီ	-	ဝါယော
၆။	အဒြ	-	အာပေါ
၇။	ပုဏ္ဏဖုသျှ	-	အာပေါ
၈။	ဖုသျှ	-	တေဇော
၉။	အသလိဿ	-	အာပေါ
၁၀။	မာဃ	-	တေဇော
၁၁။	ပြုပ္ပဖလဂုဏ်	-	တေဇော
၁၂။	ဥတ္တရဖလဂုဏ်	-	ပထဝီ
၁၃။	ဟဿတ	-	ဝါယော
၁၄။	စိတြ	-	ဝါယော
၁၅။	သွာတိ	-	ဝါယော
၁၆။	ဝိသာခါ	-	ပထဝီ
၁၇။	အနုရာဓ	-	ပထဝီ
၁၈။	ဇေဋ္ဌ	-	တေဇော
၁၉။	မူလသင်္ဂ	-	အာပေါ
၂၀။	ပြုပ္ပာသင်္ဂ	-	အာပေါ
၂၁။	ဥတ္တရာသင်္ဂ	-	ပထဝီ
၂၂။	သရဝဏ်	-	ပထဝီ
၂၃။	ဓနသိဋ္ဌ	-	ပထဝီ
၂၄။	သတ္တဘိသျှ	-	အာပေါ
၂၅။	ပြုပ္ပဘဒြပိုဒ်	-	အာပေါ
၂၆။	ဥတ္တရဘဒြပိုဒ်	-	ပထဝီ
၂၇။	ရေဝတီ	-	အာပေါ

ထို့နောက် - "ပထဝီနက္ခတ် (၉)လုံး၊ အာပေါနက္ခတ် (၈)လုံး၊ တေဇောနက္ခတ် (၆)လုံးနဲ့ ဝါယောနက္ခတ် (၄)လုံး စုစုပေါင်း နက္ခတ် (၂၇)လုံး။ အယူအဆအမျိုးမျိုး ရှိတာမို့ မောင်ဘုန်းမြင့် သတိနဲ့ဆင်ခြင်ကွယ့်"

ထိုစဉ်က ကျွန်ုပ်သည် မိမိလိုအပ်သော အချိန် နာရီ မိနစ်မှတစ်ဆင့်တနလ်ာကြိုက်ကို ဘုတ္တိဖြုတ်ကာ စန်းယှဉ်နက္ခတ်ကို ဒေသစံတော်ချိန်ညှိ၍ တွက်နည်း၊ ကဆုန်တစ်လီစ၍ချီ တစ်လီဒွေးနဲ့မြောက်နည်း၊ အဗျင်းဆရာတော်၏ ဗေဒမကုဋ္ဌမာလာကျမ်းပါ ဘဲဥရင်ထဲ ဖံသာကဲ ဥမိကာ၊ အလာသိ၀ နည်း၊ ရသိသောင္ဂသ၊ စန္ဒြာဝီသဠနည်း၊ သီကုံး ပြည့်အောင်လှတန်ဆောင် နောင်ဆိုသည်ကားမြအလား နည်း၊ အမြင်အကန်း နည်း စသဖြင့် ထောင့်စေ့အောင် လေ့ကျင့် ရသည့်အပြင် လပြည့်၊ လကွယ် အချိန်အတိအကျကိုပါ ဖမ်းခဲ့ရချေ၏။

(ယခုအခါ၌ အခါပေးပြက္ခဒိန်များ၊ သံဒိဌပြက္ခဒိန်များတွင် အသေးစိတ် ပြဆိုထားသည် ဖြစ်၍ အထက်ပါနည်းများကို ကျမ်းလေးမည်ဖြစ်၍ ချန်လှပ်ထားပါသည်။)

"မောင်ဘုန်းမြင့်ရေ ကပ္ပလက်ာရကျမ်းအင်း၊ စမပညာ သင်ပေးခဲ့တာ စာတွေပိုင်းကတော့ ဒီလောက်နဲ့တင် လုံလောက်ပြီပဲကွယ့်။ မောင်ဘုန်းမြင့်ရဲ့ လက်တွေ့ပိုင်းနဲ့ အတွေ့အကြုံတွေက ဆက်ပြီး သင်ပေးသွားမှာသေချာပါတယ်။ နားလည်ရဲ့လားကွယ့်"

"ဟုတ်ကဲ့ပါ အဘ"

"အင်းစီရင်ရာမှာ ပျက်စီးခြင်း (၂၁)ပါးကို တတ်နိုင်သမျှ ရှောင်ပါ မောင်ဘုန်းမြင့်၊ အဘ ဒါကိုတော့ အလေးအနက်မှာပါရစေ"

"စိတ်ချပါ အဘခင်ဗျာ"

ကျွန်ုပ်သည် ယခုအထိသင်ယူကျက်မှတ်အာဂုံဆောင်ကာ၊ အထပ်ထပ်လေ့ကျင့်ခဲ့ရသော ကပ္ပလက်ာရ အင်းစမပညာရပ်ဆိုင်ရာ စာတွေပိုင်းကား အဘဆရာကြီး ဦးနန္ဒောဘာသ၏ နိဂုံးချုပ် ဆုံးမစကားနှင့် ဆုတောင်းမေတ္တာပို့ခြင်းတို့ဖြင့် နိဌိတံခဲ့ပြီဖြစ်၏။

သို့သော် ကပ္ပလက်ာရကျမ်းကြောင်းအပေါ် ကျွန်ုပ်လျှောက်လှမ်းရမည်ဖြစ်သော လက်တွေ့လမ်းသည်ကား . . .။

. . . .

ရှေးဆရာကြီးများ ရေးသားညွှန်ပြသော

လေးသိုးစပ် လင်္ကာ၊ သံပေါက်များ

ရှေးဆရာကြီးများ ရေးသားသော လင်္ကာများကို ပြဆိုချက်

အရာကျွန်၊ ထွေထူးလှသည့်၊ ဂုဏတက်တိုး၊ အတတ်မျိုးကို၊ အစိုးရစွာ၊ အက္ခရာစတုံ၊ လေးခုသောဓာတ်၊ လေးရပ်ဒေသ၊ ပါပ သူရစ္ဆ၊ အမြိတ္တကောလီ၊ စဉ်မှီမှတ်ရာ၊ သင်္ချာမှန်လှ၊ သူရစ္ဆမူ၊ တေဇောဟူ၏၊ သိမှုအက္ခရာ၊ အ အာ ဣ ဤ၊ ဥ ဦ ဧ အဲ၊ ဩ ဩော် အံ အား၊ ဤကား ဓာတ်ဖို၊ မီးခဲဆိုတော့၊ ထိုသည်ဓာတ်မ၊ ဋ ဌ ဍ ပ ဏ၊ တ ထ ဒ ဓ န၊ မီးတောက်ပြအံ့၊ အရသာမူ၊ ဤနှစ်ဆူဝယ်၊ စပ်ပူရှိန်ပြင်း၊ နှလုံးသွင်းလော့၊ ယူခြင်းစစ်စစ်၊ တစ်ဆယ့်နှစ်မူ၊ ဓာတ်သက်ဟူ၏။

ထိုစဉ်တူလာ၊ လောကီမှာကား၊ မှန်စွာအညီ၊ ပထဝီတည်း၊ စင်စစ်သိလို၊ ဓာတ်ဖိုအစ၊ တ ခ ဂ ဃ င၊ မှန်လှသေလာ၊ ကျောက်မြေသာတည့်၊ စဉ်လာဓာတ်မ၊ ပ ဖ ဗ ဘ မ၊ မှန်လှပံသု၊ မြေထုပထဝီ၊ ဤနှစ်လီမှာ၊ ရသာဖန် စိမ့်၊ လက်ာမိန့်၏၊ နှစ်သိမ့်မှတ်ရာ၊ ဓာတ်သက်မှာကား၊ မှန်စွတီသ၊ သုံးဆယ်ရ၏၊ ပါပဓာတ်ဖို၊ ဝါယောကိုမူ၊ လိုသည်အစ၊ စ ဆ ဇ ဈ ည၊ မှန်လှမသွေ၊ မြောက်ကလေတည့်၊ ခေါ်ထွေဓာတ်မ၊ ရ-ဋ-ကျသည်၊ ယ-လ ဓာတ်ဖို၊ ဝ-ကိုဆိုတော့၊ လိုသည်မှန်စွာ၊ ရေသီတာတည့်၊ မှန်စွာဓာတ်မ၊ သ-ဟ နှစ်မှာ၊ ခေါ်ကြတွင်ပေ၊ မြစ်မရေတည့်၊ တထွေမှန်စွာ၊ အရသာကား၊ ချဉ်ငန်များ၏။ သက်ကားဆယ့်ခြောက်၊ သိမြောက်ထိုဝယ်၊ ပညာကျယ်တို့၊ မှတ်ဖွယ်နည်းနာ၊ သင်္ချာတွက်ကိန်း၊ နှစ်သိန်းလေးသောင်း၊ မြေထုပေါင်းနှင့်၊ ဆင့်လောင်း စဉ်လာ၊ ရေမှာတစ်ထပ်၊ လေးရပ်ဒေသ၊ အဌစတု၊ လေးခုတွက်ရာ၊ လေးဖြာသောက၊ သနဝနှင့်၊ မှန်လှမိတ္တူ၊ တာလေးခုနှင့်၊ သိမှုငွေသ၊ နဝမှန်စွာ၊ လေးဖြာတစ်သန်း၊ ငါးရုံပွင့်န်း၊ လူ့ဝံဒေါင်းမြီး၊ ရေတွက်ပြီးမှ၊ စဉ်သင့်သေချာ၊ သိသာစေမှု၊ လက်ာပြုအံ့၊ များထုလူဗိုလ်၊ သိစေလို၍၊ မြွက်ဆိုသာယာ၊ မိန့်လိုက်ပါအံ့၊ နောင်လာစဉ်လျှား၊ အမျိုးသား တို့၊ တက်ပွားစေငှာ၊ နည်းနာနယ၊ မိပ္ပာယ်ကျအောင်၊ တက်လှမြော်မြင်၊ ပညာရှင်တို့၊ ကျွန်းဝင်သံနိုင်၊ အပြီးတိုင်က၊ ကျော်လှိုင်ထူမြတ်၊ ဇောတရတ်မှ၊ လိုအပ်ရာရာ၊ ဣစ္ဆာသယ၊ စွမ်းနိုင်လှသား၊ သိပ္ပဂုဏ်ထူး၊ ညက်ရောင်မြူး၍၊ ကျေးဇူးများဖြင့်၊ ကျော်ဇောထင်သည်၊ သူပင်နိဂုံးအချုပ်တည်း။

. . . .

တစ်ပင်မှာရေ၊ တစ်ပင်မှာကုန်း၊ ဆေးတစ်ပင်မှာအုံ့မဆုံး။ တောင်ထိပ်ပေါ်တွင်၊ ဆေးတစ်ပင်ကို၊ လျှောင်လှုပ်မှ တူး။ အထူးအက္ခရာ လေးပင်ဆေးကို ရအောင်ရှာ၊ ပညာမပြား၊ သည်ဆေးပင်ကို သဘောထား။ နဂါးတစ်စီး၊ ကြောင်ကြီးတစ်ခု၊ ခြင်္သေ့မင်းကို ညက်နှင့်ရှု၊ တစ်ခုဟိုင်းမှာ ဩသထာ၊ ဒေဝါနတ်တို့ဆေး။ လေးပါးသောဆေး၊ ညက်နှင့်တွေး၍၊ ဓာတ်ရေးသင့်အောင်စီ။ ပထဝီတေဇောဓာတ်ကို၊ ဟောသည် သဘောအရယူ။ အာပေါဝါယုံ၊ ဓာတ်ကိုရှု စတုသင့်အောင်စီ။

. . . .

အထက်တွင်၌၊ ထားချင်တို့ပါ၊ အက္ခရာကို၊ ပညာနှင့်တွေး၊ ဆေးဩသထ၊ မှတ်ကုန်ကြလော့၊

အောက်ကမှာမူ၊ 'လ' အက္ခရာ၊ အင်လေးဖြာတွင်၊ လိုရာပင်က။

အထက်ကောက်ထ၊ ဩသထ၊ ဇယဉ်လေးထပ်။

အောက်ကတစ်ဖန်၊ ဂါထာပျံ၍ မူလံဝိဇ္ဇာနတ်။

တစ်ဆယ့်ရှစ်ဖြာ၊ ဓာတ်တကာ၊ သူသာစိုးနိုင်ကွပ်။

ဆေးလည်းသည်ပင်၊ အင်းလည်းသည်ဘက်၊ အသုံးထွက်၊ လေးချက်အက္ခရပ်။

အထက်အောက်လှန်၊ တစ်ကြိမ်ပြန်၊ ရှစ်တန်အက္ခရပ်။

. . . .

ခလုတ်ထိလျှင်၊ မွေးမိခင်။

မားမပဲ့လျှင်၊ ဖိုသို့ဝင်။

နေမရှိလျှင်၊ အမိုက်ပင်။

ဆင်မြင်းစီးလျှင်၊ ကျောမှာတင်။

ဤလျှင် အက္ခရာလေးလုံးတည်း။

ကရဏီယတွင်၊ ပဋိယသညနာညကိုထုတ်။

နားရွက်ကိုဆုပ်၊ ထီးကိုယုတ်။

သဘောတူရာ၊ အက္ခရာချင်းအုပ်။

အစကိုနှုတ်၊ အဆုံးကိုရှုပ်၊ အဟုတ်လေးလုံး အက္ခရာ။

. . . .

မမ္ဗသတ္တ၊ ကျမ်းအစ၊ 'ယ' နှင့်တူရာ၊ ပယ်ကုန်ပါ။ အကြွင်းလေးခု၊ ထက်အောက်ရှုမှ၊ နှစ်ခုဌာန၊ ချ၍ထားပြီး၊ ခါ (၃၃)၊ ဤစာလုံးကို၊ စီကုံးရေး၍သာ။ ဗောဓိပက္ခိယ၊ သတ္တိသာ၊ ရသည်သန်ျာ ကောက်စရာ။ အထက်တစ်ဖန်၊ အောက်တစ်ဖန်၊ မှန်မှန်ရေးမြောက်၊ ဆုံးအောက်ကောက်။ အောက်လျှင်အောက်က ထားပါကြ။ အထက်ကတစ်ဖန်၊ ကောက်တုံပြန်လည်း၊ ထိုနည်းတူပင်၊ အထက်တွင်၌၊ ထားချင်တုံပါ၊ အက္ခရာကို၊ ပညာနှင့်တွေး၊ ဆေးဩသထ မှတ်ကုန် ကြ။ အောက်ကရရာ၊ မူလအက္ခရာ၊ အင်းလေးဖြာတွင်၊ လိုချင်ရာကစ၍ချ။ အာဒိမဇ္ဈ၊ ကုန်သည်အဝသံ၊ အင်းသုံးတန်ကို၊ ဉာဏ်နှင့်စဉ်းစားပုံနှင့်ထား။ ခြားနားစေမူ၊ ဂြိုဟ်အိမ်ပြုမှ၊ 'က' ကစ၍၊ 'န' သို့တိုင်အောင်၊ 'ပူးနှစ်ကောင်'ကို ပေါင်း၍ချ။ ပါပ သူရဇ္ဇ၊ အမြိတ္တ ခကာလီ၊ ဓာတ်သက်ညီစေ၊ မှန်တုံပေကာ၊ ထက်နေကားခြောက်၊ အောက်နေကားရှစ်၊ စင်စစ်မှန်စွာ၊ လက်ျာလက်ဝဲ၊ အမြင်းခု၊ အမှန်ပြုလော၊ ရမူအက္ခရာ၊ နံတူလာက၊ သူရိယာစန္ဒြ၊ ကိန်းသေသနှင့်၊ ထုတ်ရမည်ပင်၊ ဉာဏ်နှင့်ဆင်လော၊ ပုံပြင်ပမာ၊ နို့င်းစရာကား၊ ရေမှာရေးသား၊ မခြားနားသို့၊ စကားမိပ္ပာယ်၊ လွယ်လည်းလွယ်လျက်၊ ခက်လည်းခက်၏၊ အချက်ကျကျ၊ ယူနိုင်ကမူ၊ အဌကော၊ ဆယ့်ရှစ်ဖြာကို၊ လိုရာပြည့်စုံ၊ ဓာတ်လေးပုံကို၊ အစုံအစုံ၊ ဆိုခဲ့တုံ၏။ တမ့ူမွှားမွှား၊ အယူမှားက၊ နဂါးမသေ၊ ဓာတ်မကျေလျှင်၊ တစ်ပြည်မဝ၊ မစားရ ဟု၊ ရှေးကဆရာ၊ မိန့်မှာချက် တိုင်း၊ ပိုင်းပိုင်းခြားခြား၊ ငါးပါးသီလ၊ ခါနိစ္စနှင့်၊ ဗုဒ္ဓထံမှာ၊ သစ္စာကတိ၊ ရှိသည်အလျောက်၊ မဖောက်မပြန်၊ ခြိုးခြံသဖြင့်၊ ဘုန်းတန်းပွင့်၍၊ ဆောင်ခွင့်ဆောင်ရာ၊ ဣစ္ဆာသယ၊ လိုကပြီးစီး၊ ပန်းကြီးငါးပွင့်၊ ဆင်တိုင်းတင့်သည်၊ ချီးမြှင့်မြှောက်စား ဓာတ် (၄)ပါး။

. . . .

သစ္စာမန္တန်၊ ထက်အောက်ခြံသား၊ နည်းညွှန်းဥပဒေ၊ မှတ်စိမ့်ထွေလော၊ အင်းခြေနံလျား၊ ဆယ်ကွက်သား၍၊ ရှစ်ကွေထောင့်ပြစ်၊ ဆယ့်နှစ်ကျေစေ၊ ချက်ဗွေလယ်ချက်၊ စတုဝက်၍၊ ဓာတ်သက်သီတိ၊ တစ်အင်းချိမှ၊ မူလအာဒိ၊ မဇ္ဈိအဝသံ၊ ထောင့်သန်းကန်၍၊ လေးတန်ဓာတ်ရ၊ လေးအင်ပြလျက်၊ အလယ်ချက်၌၊ လေးကွက်စိပ်မှ၊ သောဠသနှင့်၊ ကောက်ရသွင်းမြဲ၊ နံရံထဲ၌၊ ရစ်ဝဲမြင်းချ၊ နမောစ,သား၊ ကံကားအဆုံး၊ ပတ်ကုံးသွင်းပါ၊ ကရာကရော၊ ဟူသောဂါထာ၊ ရံခါလှည့်ထား၊ နံလျားဆယ့်ရှစ်၊ ထောင့်ပြစ်ခိုနန်း၊ ကိုးခန်းအင်းယှက်၊ လယ်ကွက်ထောင့်နေ၊ ကြက်ခြေကန်ထုတ်၊ စတုက္ကရာ၊ လေးဖြာစုံသွင်း၊ ကိုးအင်းတို့မှာ၊ စမ္ဗာနဝ၊ ပုံပြတက်တိုး၊

မှော်ကိုးဂါထာ၊ မြင်းသွားသွင်းမိ၊ ယမိတဗ္ဗ၊ စသည်ဂါထာ၊ ရံပါတုံလျဉ်း၊ နှစ်အင်းပေါင်းရုံး၊ လေးလုံးအက္ခရာ၊ လေးဖြာဓာတ်တို့၊ ကိုယ်သို့ကပ်စွဲ၊ မြစိမ့်သောငှာ၊ ရသာကြိုင်မွှမ်း၊ သင်ပုတ်ပန်းနှင့်၊ ဝတ်ဆန်းဖြူစွ၊ ဆင်ပြီးမှလျှင်၊ လေးဝဂ္ဂဟာ၊ မြတ်စွာဘုရား၊ ထံတော်ပါးဝယ်၊ ညွတ်တွားရိုသေ၊ ပူဇော်ပေမှ၊ အင်းပုံပြလျက်၊ တိသရဏ၊ ပဉ္စသီလာ၊ စောင့်ထိန်းပါအံ့။ သစ္စာခိုင်မြဲ၊ ပြုပြီးမြန်က၊ ဆုမွန် တောင်းကာ၊ ကိုးဂါထာကို၊ ထိုခါကျက်လေ၊ နှုတ်တက်စေမှ၊ ကျက်ပေသည်စာ၊ အင်းပါနှံ့စုံ၊ ပြာမှုန့်ပြု၍၊ တောင်းဆုပေထ၊ လျှက်မြိုရသည်၊ သီလကြိုင်အောင် မွှေးစေသတည်း။

. . . .

အဋ္ဌာရသ၊ ကျေးဇူးစသည်၊ တေဇကျော်ဟိုး၊ သိဒ္ဓိမျိုးကို၊ အစိုးရစွာ၊ အက္ခရာစတု၊ လေးခုသောဓာတ်၊ လေးရပ်ဒေသ၊ ပါပသူရွှေ၊ အမြိတ္တကောလီ၊ ပထဝီ အာပေါ၊ ဝါယော တေဇ၊ ဖြိုဟ်အိမ်ချ၍၊ ခက်မလေးဖြာ၊ သားပြီးခါမှ၊ ညီစွာစတုရန်း၊ ကြက်ခြေသန်းလော၊ ဂဏန်းလည်းပြု၊ တည်မှုအက္ခရာ၊ လိုရှိရာက၊ အာဒိစ၍၊ ချရမည်ပင်၊ ခြသေ့်ထီးဆောင်း၊ အပေါင်းဝင်ရာ၊ ဥသာစိန်ပန်း၊ ဒန်းလှရွာလေ၊ ချတုံပေမှ၊ ဖြိုဟ်ဇီဝကို၊ လေးဝလေးလီ၊ တစ်ခွင်စီပြု၊ စတုပညာသ၊ ဂဏန်းရလိမ့်၊ ရသည်ကိုသာ၊ ဖြိုဟ်သက်လာတိုင်း၊ အက္ခရာပြုစေ၊ စီရင်လေလော့၊ လယ်ဗွေချက်မှာ၊ သင်္ချာပေါင်းစည်း၊ အာယုတည်မှ၊ ချနည်းသည်ပင်၊ မိတ်လျှင်မိတ်နေ၊ ရန်နေရန်ချင်း၊ စောင့်ခြင်းမကွာ၊ အက္ခရာကို၊ သေချာစစ်ဆေး၊ ဆန်းဂိုဏ်းရွေး၍၊ ညက်ရေးထောက်ရှု ပေါင်းဖက်ပြုမှ၊ ရမှုလိုတိုင်း၊ ဆယ့်ရှစ်ပိုင်းကို၊ ရှယ်တိုင်းလည်သွား၊ ဆေးကားသည်ပင်၊ အင်းလျှင်သည်မှာ၊ ဂါထာထို့တူ၊ ရွတ်မှုသည်နှင့်၊ တန်ခိုးတင့်လိမ့်၊ သွားခွင့်လာရန်၊ လျင်မြန်စေလို၊ ဝါယောကိုမူ၊ ညက်နှင့်ယူလော့၊ ပူသည်တစ်ချက်၊ ကျက်သည်တခြား၊ ကျော်ကြားစေမူ၊ တေဇောပြုရှင့်၊ ငြိမ်းမှုငြိမ်းရာ၊ အေးရာအေးကြောင်း၊ ပြုကြောင်းပျက်မှု၊ အာပေါပြုလော့၊ ကြီးမှုတစ်တန်၊ ခိုက်ရန်တခြား၊ လှုပ်ရှားမရှိ၊ ငြိမ်းဘိစေမူ၊ ပြုလော့ပထဝီ၊ ဤလေးလီကား၊ ကရဏီယအောက်၊ 'ဝ'လေးထောက်နှင့်၊ ကောက်လေဘိက၊ ဂဏန်းရလိမ့်၊ ဝရကနကမယေမေ၊ ဤရှစ်ထွေကို၊ ချေသည်လေးလုံး၊ သုံးသည်လေးပါး၊ စက်ကသွား၍၊ ရညားအက္ခရာ၊ တစ်လုံးသာလျှင်၊ ကျော်စောထင်သည်၊ သူပင်နိဂုံးအချုပ်တည်း။

. . . .

သူပင် နိဂုံး၊ အကျဉ်းချုံး၍၊ ထုံးနည်းကျကျ၊ စီရင်ကလည်း၊ ကာလနာရီ၊ ရာသီစန်းဝင်၊ ဂြိုဟ်ပင်ကြံ့စေ၊ ပေါင်းထွေအက္ခရာ၊ တွက်နည်းမှာကား၊ ကေစတု၊ တည်မှုမပျက်၊ လိုသည်ရက်တွင်၊ စန်းဝင်နက္ခတ်၊ နှစ်ရပ်ပေါင်းထား၊ ကျားနှင့်ခြသေ့၊ ကြွက်ကိုတွေ့က၊ ပဥ္စဘုဠ္ဌာ၊ ဆင်မှာတြိန်း၊ စားကိန်းမှန်လှ၊ နာဂဆယ်ပင်၊ ပူးဟိုင်းကွင်မူ၊ စားချင်တုံပါ၊ ဒွေးနှင့်သာတည့်၊ တေဇကြီးမား၊ ဂဠုန်အားကို၊ စားပါရှစ်ခု၊ လိုရာပြုမှ၊ ကြွင်းသေသကို၊ လိုတအက္ခရာ၊ အစဥ်မှာလျှင်၊ နှုတ်ပါချင်၍၊ နောက်ဆုံးတွေ့က၊ ပေါင်းကြမလွဲ၊ သုံးမြဲစေကန်၊ ထွက်ရိုးမှန်လှ၊ နဂါးလည်းသေ၊ ရောင်လေးထွေနှင့်၊ ဖြူရွှေနီဝါ၊ ဖြစ်တုံလာ၏။ ကာယသိဒ္ဓိ၊ အလိုရှိသား၊ အိုလူများတို့၊ လေးပါးစက်တွင်၊ ခြသေ့ထီးဆောင်း၊ ရေးပေးကောင်း၏။ တစ်ကြောင်းတစ်လီ၊ မုန်ညင်းဆီနှင့်၊ နှမ်းဆီနှစ်ပါး၊ စိမ်၍ထားမှ၊ သတ္တဒိဝါ၊ စေ့သောခါလျှင်၊ မင်္ဂလာခါကောင်း၊ ပွဲစုံပေါင်း၍၊ အကြောင်းသင့်စွာ၊ တင်ပြီးခါမှ၊ အက္ခရာစတု၊ ထက်မှုဉာဏ်တော်၊ ဂါထာကျော်နှင့်၊ ဖျော်ဖျော်ရွတ်မှ၊ သတ္တိသပင်၊ စေ့မှတန်လေ၊ အနေမှန်စွာ၊ မောင်းလက်ယာ၌၊ တေဇဝါယော၊ အာပေါပထဝီ၊ လက်ဝဲဆီက၊ သွင်းမြှုပ်ရမူ၊ တေဇတန်ခိုး၊ ဘုန်းသစ်တိုး၍၊ အစိုးလည်းရ၊ ကာယသိဒ္ဓိ၊ ဘေးမရှိဘူး၊ အထူးထူးဟု၊ ရှိသုံးဦးလည်း၊ ကျေးဇူးအပုံ၊ ဓာတ်အဟုန်ကို၊ အစုံအစုံ၊ ဆိုပါတုံ၏။ တမူန်မွှားမွှား၊ အယူမှားက၊ နဂါးမသေ၊ ဓာတ်မကျေတည့်၊ အနေမှန်စွာ၊ ကောက်နိုင်ပါက၊ နှိုင်းရာမမြင်၊ ကျေးဇူးအင်အား၊ ဆယ့်ရှစ်ပါးကို၊ သွားလေသည်ချည်း၊ နီသျှည်းဖြင့်၊ ကမ္ပည်းလင်္ကာ၊ ထားခဲ့မှာလည်း၊ ကမ္ဘာနိဂုံးအချုပ်တည်း။

. . . .

စတုအက္ခရာ၊ ကောက်ထုံးမှာကား၊ လိုရာဌာန၊ အရပ်ကသာ၊ မူလအာဒိ၊ ထားတုံဘိလတ်၊ စန်းနက္ခတ်နှင့်၊ ကိန်းမြတ်စေ၊ ဇယပေါင်းထား၊ စားမြဲစားမြောက်၊ ကောက်မြဲကောက်မှ၊ ပထမနှင့်၊ ဒုတိယအင်း၊ ပြီးတုံလျှင်း၏။ အကြွင်းကိုပြု၊ တတိယမှာ၊ ခန်းပဥ္စာနှင့်၊ ကောတည်မှု၊ တစ်အင်းပြုမှ၊ စတုတ္ထမူ၊ သတ္တဇယာ၊ ကောတည်ပြန်၊ ဓာတ်လေး တန်တွင်၊ လိုရာပင်တည့်၊ အာယုထည့်မှ၊ ဂြိုဟ်ဇီဝလည်း၊ တစ်နည်းထိုပင်၊ ပေါင်းချင်ပါလေ၊ ကိန်းသုံးတွေကို၊ စားခြေကောက်မြဲ မလွဲရှေ့နည်း၊ တစ်နည်းကောက်တုံ၊ ဂဠုန်အဋ္ဌ၊ နာဂဆယ်ပင်၊ ဆင်ကားသုံးစီး၊ ကျားကြီးငြသေ့၊ ကြွက်ကိုတွေ့မူ၊ ယူလေပဥ္စာ၊ ပူးဟိုင်းမှာလည်း၊ ဘုဠ္ဌာနှစ်ပါး၊စားမြဲစားလော့၊ ကောက်ညားလိုရာ၊ အက္ခရာစဉ်၊ ရှေသဖြင့် လည်း၊ စားကြွင်းသေသ၊ နေပါကြ၍၊ ဆုံးလျှင်တွေ့မှ

ယူရမည်ပင်၊ အင်းသွတ်လျှင်လည်း၊ ဓာတ်မင်းအိမ်နေ၊ ဂြိုဟ်နေမှန်စွာ၊ ချကုန်ရာသည်၊ လေးဖြာသိဒ္ဓိ အပြီးတည်း။

• • • • • • • • • •

ဝိဇ္ဇာသိဒ္ဓိ၊ အလိုရှိငြား၊ အမျိုးသားတို့ လေးပါးဓာတ်ခင်း၊ အင်းမိပတိ၊ မှတ်စိမ့်သိလော့၊ ရဝိပါပ၊ သူရဋ္ဌရိဋ္ဌာ၊ ဇိတာအမြိတ္တ၊ နာမကောလီ၊ ဤကားနှောထ၊ ပါပသတ္တာ၊ ဇေယျာသူရဋ္ဌ၊ အမြိတ္တမုနိ၊ ကောလိနယေ၊ စားခြေမှတ်သား၊ ဓာတ်သွားဓာတ်နေ၊ ပန္တိမေကာ၊ ပြုပွေ့နုတည့်၊ ဒကွိဏုတ္တရော ကိန်းသေထားအပ်၊ လိုရာရပ်က၊ 'က' ကစ၍၊ ဝီသတွက်ကျုံး၊ 'န'တွင်ဆုံးမှ၊ 'သ-ဟ'ထပ်ဖြည့်၊ ဓာတ်လှည့်ချလေ၊ 'က' နေရှစ်လုံး၊ ရှေ့ဆုံး 'န'မှာ၊ ခြောက်လုံးသာတည့်၊ လက်ျာလက်ဝဲ၊ အမြဲငါးခု၊ မှန်အောင်ပြုမှ၊ 'က' ဟုမှတ်စ၊ ဓာတ်အိမ်ကသာ၊ မူလအက္ခရာ၊ အင်းချရာ၏၊ အာဒိမဇ္ဈာ၊ အဝသာဟု၊ အက္ခရာပါဒ၊ သူရိယနှင့်၊ စန္ဒမဏ္ဍလံ၊ သင်္ချာရုံလျက်၊ ကိန်းသုံးချက်ကို၊ အောက်ထက်တောင်မြောက်၊ ဝီထိလျှောက်ဖြင့်၊ အကောက်သွားရာ၊ လှည့်ကာတည်ပေ၊ ကိန်းသေနှောမှတ်၊ စန်းနက္ခတ်လည်း၊ နှောလတ်သောအား၊ စားမြဲစားမှ၊ ကြွင်းသမျှနှင့်၊ နာဂနံတွင်၊ ထွက်ဝင်ရေကာ၊ ကျရာတွင်သတ်၊ လေးလုံးမြတ်သည့်၊ ဓာတ်အက္ခရာ၊ သုံးဆင့်ဖြာ၏၊ နေရာမွေးသိမ်၊ ဓာတ်အိမ်တည်စေ၊ ဂြိုဟ်နေမှန်စွာ၊ ချကုန်ရာ၏၊ အာကာသဓာတ်၊ လယ်ချက်ရပ်၌၊ ရှေးဇာတ်ဖော်ပြ၊ ဘေးကင်းလှသား၊ သောဠသအင်း၊ ချတုံလျှင်းမှ၊ ကျေးမင်းအိမ်က၊ အစကောက်သွင်း၊ ရုပ်နာမ်ချင့်သော်၊ သက်တော်ဓာတ်သက်၊ ရှစ်ဆယ်ထွက်၏၊ ကောက်ချက်မမှား၊ နဂါးသေရာ၊ ချလိုပါမူ၊ အင်္ဂါလေးတန်၊ ဝေဖန်စိတ်ဖြာ၊ ချိန်ခါနရီ၊ စည်းညီနံရက်၊ ဤ(၄)ချက်လည်း၊ မကွက်မကျား၊ စက်ဖြင့်သွားသို့ လေးပါးညီစွာ၊ သို့မှသာလျှင်၊ ပြီးအောင်မြင်လိမ့်၊ စီရင်မပျက်၊ ဆရာမြွက်သည့် အနက်သိအောင်သွေးစေသတည်း။

• • • • • • • • • • •

အနက်သိသား၊ လူတို့အားကို၊ လေးပါးအင်္ဂါ၊ ဓာတ်မှာညီညွတ်၊ သိစိမ့်မှတ်လော့၊ ကြင့်ဖြိုးစွာ၊ မိန်မှာရဝိ၊ စန်းလည်းယှဉ်စေ၊ ဂဗ္ဘေနေ့ရက်၊ နေထွက်ကကို၊ တစ်ပဟိုရ်တိုင်၊ မြေဓာတ်ပြိုင်စေ၊ လေးထွေစုံခါ၊ ဥတ္တရာက၊ မူလချလော့၊ မကာရ၌ ပြိသကန်မှာ၊ သူရိယာနှင့်၊ စန္ဒာလမင်း၊ ထွန်းဝင်းရစ်ပတ်၊ ဝံသေကြိုက်လျက်၊ တစ်ချက်ကလှည့်၊ မွန်းတည့်နှစ်ပဟိုရ်

ရေခာတ်ကိုသာ၊ ဒက္ခိဏာက၊ မူလချလော့၊ မိဿသိဟ်ပြင်၊ မနုခွင်၌၊ ထွန်းလင်းရောင်ခြည်၊ နေလတည်လျက်၊ အန္တောရက်တွင်၊ နှစ်ချက်ကကို၊ သုံးပဟိုရ်မှ၊ မီးခာတ်ရလျှင်၊ ပြုပွာခွင်က၊ မူလချတုံ၊ တူကုမ်မေထုန်၊ ဂဠုန်ကျားမင်း၊ ထွန်းဝင်းရှိန်စေ၊ စရေရက်ခာတ်၊ သုံးချက်ကမှတ်၊ လေခာတ်စုံလင်၊ နေဝင်လေးပဟိုရ်၊ ထိုမျှဆည်းဆာ၊ ပစ္ဆိမာက၊ မူလချလော့၊ မူလအကွရာ၊ **ကောက်နည်းမှာကား၊ တရားအဘိဓမ္မ၊ ကျမ်းအစတွင်၊** 'ယ' နှင့်တူရာ၊ ပယ်ခွာလှန်မှောက်၊ ရှစ်လုံးမြောက်၏၊ ထက်အောက်လူးလာ၊ တက်သက်မှာလျှင်၊ စားရာမှတ်ခဲ့၊ သုံးဆယ့်သုံးမျိုး ဗျည်းဇာတိကို၊ ဗောဓိပက္ခိယ၊ သတ္တိသဖြင့်၊ ကောက်ရသမူ၊ ထက်အောက်ရှု၍၊ ပုံတုပွားလာ၊ **ဆယ့်ခြောက်သာလျှင်၊ လေးဘော်မြင်လိမ့်၊ ထက်ခွင်ဩသထ၊ အောက်ဆုံးမှကား၊ မူလအကွရာ၊ လေးလုံးစာတည့်၊** စိန္တာမုနိ၊ ပြီးတိုင်ဘိသို့၊ သိဒ္ဓိလေးဖြာ၊ ပြီးတတ်စွာသည်၊ **သစ္စာထက်အောက် မွေးစေသတည်း။**

. . . .

ဂုဏ်းတစ်နည်းကား၊ မေတ္တာချုပ်ချို၊ ဆိုရိုးရှိသား၊ မျိုးလေးပါးတို့၊ သိကြားထောက်ကူ၊ သစ္စာဟူသား၊ ကျိုးကြောင်းများကို၊ ဘုရားရှင်စော၊ ရွှေနှုတ်ဟော၏၊ သဘောတိတိ၊ ဉာဏ်ဖြင့်သိမှ၊ ပထမလျှင်၊ ကောင်းစမ္မကုန်၊ ပြီးစီးတုန်လော့၊ ကဆုန်တော်သလင်း၊ ပြာသိုတွင်း၌၊ မယွင်းသေချွေ၊ ဥပဒေသည်၊ ရေအာပေါခာတ်၊ ရာသီမှတ်လော့၊ ပူးနတ်ဆင်ပြောင်၊ နေကို ဆောင်လေ၊ တစ်ထွေသော်တုန်၊ နယုန်ဝါကျွတ်၊ ဆီးဆွတ်စိုရွှဲ၊ တပို့တွဲကား၊ မလွဲမှန်စွာ၊ **ကေသရာဟိုင်း၊** ရာသီမှိုင်း၍၊ လေးပိုင်းမှန်လှ၊ လုပ်ကြလျှင်မြန်၊ ခေါ်ရုံသဘော၊ ခာတ်ဝါယောတည့်၊ သင်မောလှထွေ၊ မြေပထဝီ၊ ခာတ်မည်ခေါ်ဆို၊ ဝါဆိုတန်ဆောင်မုန်း၊ ပူတုံချမ်းပြောင်း၊ တပေါင်းရာသီ၊ သုံးလမှီချက်၊ **ကျားနှင့်ကြွက်တည့်၊** လိုက်ဘက်သင်းစွာ၊ ခာတ်လေးဖြာကို၊ ပညာနှင့်တွေး၊ ချိန်ခါပေးမှ၊ ဤလဤရက်၊ ချင့်တွက်မှန်စွာ၊ **စန္ဒာလကွယ်၊ ချိန်နှင့်ရွှယ်သို့၊** နယ်နယ်နစ်နစ်၊ ကျစ်လစ်စီရင်၊ ထက်ကဆင်သို့ ပုံပြင်မခြား၊ ရာသီပြားသည်၊ မမှားစေရ မာဂဓေကို၊ မြန်မာ့ဘာသာ၊ ပြန်သောခါလျှင်၊ အကျိုးမြင်လိမ့်၊ **စင်စစ်ကြည်ကြည်၊ တည်တည်ပပ၊ ဝါယမဖြင့်၊လုံ့လကြိုးစား၊ ဤဂါးပါးကို၊ မမှားမသွေ၊ ကျင့်နိုင်ပေမှ၊ ဤသသူကား၊** လူလည်းလူထင်၊ နတ်တွင်နတ်ခေါင်၊ ကောင်းအောင်သံသာ၊ အရင်းပါလိမ့်၊ ခုမှာလောက၊ ပစ္စက္ခ၌၊ ဌာရသမျိုး၊ စုံပြည့်ဖြိုးလိမ့်၊ *အကျိုးရှိအောင်၊ မကျင့်ဆောင်ဘဲ၊ မမြဲသီလ၊ ဘယဘေးဒဏ်၊*

ရန်မာန်အမျိုး၊ နတ်ဆိုးမိစ္ဆာ၊ ကိုယ်မှာစွဲကပ်၊ ဥပါဒ်လည်းပေး၊ ကိုယ်သွေးကိုယ်သား၊ ဖောက်ပြားတုံ့ရိုက်၊ ရန်ဖြင့်တိုက်သည်၊ အမိုက်ပျောက်အောင် ဆေးပေတည်း။

. . . .

ဓာတ်လေးပါးကို၊ ရှေ့သွားစီစဉ်၊ လေးပါးယှဉ်၍၊ ပယ်သည်လေးလုံး၊ သုံးသည်လေးပါး၊ ဤဓာတ်များကို၊ မမှားမှန်စွာ၊ အက္ခရာကား၊ သရမကု၊ ပယ်သည်ပြုမှု၊ လေးခုဓာတ်ပုံ၊ လေးလုံစုံစေ၊ လေးထွေအက္ခရာ၊ လေးလုံးစာကို၊ သိသာခြားနား ရိက္ခာထားသည်၊ စား၍မကုန်၊ ဓာတ်အဟုန်ကား၊ ဂဠုန် ဂဠုန်ဆိုကြတုန်၏။ တမှုံမွှားမွှား၊ အယူမှား၍၊ နဂါးမသော၊ ဘားမကျေတည်၊ တပြည်မဝ၊ မစားရသည်၊ နဂါးမဟုတ်၊ ဘားဘပြုပ်ကို၊ ဟုတ်လိမ့်နိုးနိုး၊ ဆင်ကန်းတိုးသို့၊ အကျိုးအကြောင်း၊ မကောင်းစတတ်၊ ဓာတ်မတတ်၍၊ မအပ်မရာ၊ ရှေးပညာရှိ ထားခဲ့ဘိသည်၊ နေမိပျို့တန်း၊ ငရဲခန်းတွင်၊ ကြည့်ဆင်ခြင်လေ၊ ပုံသေတထူး၊ နည်းတစ်ဦးတုံ၊ ကိုးပါးစုံကို၊ ပုံနှင့်ခတ်နှိပ်၊ ရွှေတံဆိပ်ကို၊ အရိပ်မြွက်သီ၊ ခြသေ့်ဆီနှင့်၊ သိင်္ဂီနိက္ခ၊ ရွှေဖျည်းဝက၊ စ၍ယူထား၊ ပညာနားတို့၊ သိုထားအက္ခရာ၊ လေးလုံးစာကို၊ ဆရာထေရ်ကျော်၊ မိန့်တော်မူလျက်၊ လေးလုံးဘက်ကို၊ ဆောင်ရွက်မှတ်သား၊ ပညာနားတို့၊ သိုထားကောင်းပေ၊ မလွတ်စေနှင့်၊ သရမကု၊ ဤလေးစုကို၊ တစ်ခုမကျန်၊ ပယ်သည်မှန်၏၊ မသွေအက္ခရာ၊ လေးလုံးစာကို၊ ပညာရှိသူ၊ ဖော်၍ယူလော့၊ နည်းတူ ဆရာ၊ မိန့်ခဲ့မှာသည်၊ ကျမ်းလာအခေါင်အဖျားတည်း။

. . . .

ဆန်းကျယ်စွာ၍၊ ဆရာကောင်းမူ၊ ငါ့နည်းတူအောင်၊ လူဝယ်သတ္တိ၊ ပညာရှိတို့၊ မှတ်သိစေလို၊ ပြဋ္ဌာန်းဆိုအံ့၊ နဂိုရ်တိုင်သာ၊ နဂိုရ်ရွာက၊ လာလတ်သည်ကား၊ သိကြားပြဟွာ၊ မဟုတ်ပါ၍၊ လူမှာမစပ်၊ နတ်လည်းမဟုတ်၊ သရုပ်ပြုပြင်၊ လင်နှင့်မယား၊ နှစ်ပါးရာဂ၊ မောဟမထန်၊ မာန်မလွန်ရ၊ မိန်းမပီစွာ၊ ကြန်အင်္ဂါနှင့်၊ ရင့်မာသမွေ့ တိဟိတ်နေ၍၊ ရှစ်လစေ့သော်၊ ဖွားမြော်စိမ့်ငှာ၊ ရွေးကောက်ရှာသော်၊ စိန္တာမည်ရ၊ လက်သည်မလျင်၊ ပြုပြင်သောခါ၊ ရွှေကြာပွင့်သစ်၊ ရွှေတိုက်လှစ်သို့၊ မျိုးစစ်မှန်လှ၊ လက္ခဏာစုံညီ၊ ငါးလီအင်္ဂါ၊ မြတ်သမ္ဘာနှင့်၊ တေဇာနုဘော်၊ မျက်နှာတော်ကို၊ ရှုမြော်မညီး၊ အုန်းသီးရှိလောက်၊ သားသုံးယောက်တို့၊ တစ်အောက်မခြား၊ တူစုံဖွားသည်၊ သားသုံးယောက်စည်၊ နတ်ပြည်တွင်၌၊ ကြည်လင်တသီး၊ တံတိုင်းဆီးသို့၊ ထီးနှစ်စင်းဆောင်း၊ သားမင်းကောင်းအား၊ မတ်ပေါင်းရံပြီး၊ လေးပြည်ကြီးကို၊

ရွှေထီးဖြန့်လိုက်၊(၄)စင်းစိုက်၍၊ရစ်ဝိုက်ပတ်ခွေ၊မှတ်ကြက်ခြေဖြင့်၊စံနေတုံ မြောက်၊ တစ်ကျိုပ်ခြောက်တည့်၊ ပြားတုံ့ဘိ၍၊ဇာတိနွယ်ရိုးပြည်ကြီးစိုး၏၊နန်းရိုးဆက်စံ၊ ပြည်လေးတန်တွင်၊ တစ်ပြည်လျှင်၌၊ မင်းလျှင်လေးပါး၊မတ်ကားဆယ့်လေး၊ပေါင်းထွေးရာရာ၊ အဋ္ဌာရသ၊ စိုးစံကြ၏။ ထိုမျှမင်းပေါင်း၊ သက်ဖြင့်လောင်းသော်၊ တွက်ကြောင်းနာရီ၊ ချင့်လီပေါင်းရုံး၊ (၇)လုံးတွင်၊ ဆင်တစ်စီးကပ်၊ ပူး (၂)ရပ်နှင့်၊ ဂဠုန်(၂)ပါး၊ လေးပြည်သားတို့၊ မပြားနွယ်မျိုး၊ ဤနည်းစိုးမှ၊ တန်ခိုးပသည်၊ မြတ်လှဘယ်သူနွယ်မျိုးတည်း။

. . . .

ကျမ်းဝယ်ရှာ၍၊ ပညာနည်းမူ၊ ငါ့နည်းတူအောင်၊ ဉာဏ်ဖြင့်ဆောင်၍၊ သုံးဆောင်ယူမှတ်၊ ပိဋကတ်နှင့်၊ လေးရပ်ဗေဒင်၊ နှစ်ပြင်ဖွေရှာ၊ လေးလုံးစာကို၊ စိန္တာဉာဏ၊ ကောက်၍ရညား၊ အင်းသွားတတ်သိ၊ ပညာရှိတို့၊ ဒက္ခိဏာဝေါ၊ ဇမ္ဗူကြောတွင်၊ မကောသိပ္ပံ၊ သိဒ္ဓိကံကို၊ ဝရုံခရုံယာန်နိဗ္ဗာနဝရုံ၊ မေးဖြေသံငယ်၊ မိပ္ပာယ်အနက်၊ ဗိတက်နည်းမှာ၊ ကြံစိပ်ဖြာ၍၊ သဒ္ဒါကုန်အောင်၊ နှုတ်တက်ဆောင်လျက်၊ ရှစ်စောင်အနေ၊ ရပ်ကျစေမှ၊ နေလထက်အောက်၊ စောင့်ရှောက် မြတ်ည့်၊ လေးကျွန်းလည်သော်၊ နေပေါ်'လ' ပျောက်၊ ထက်တွင်ကောက်မှ၊ နေပျောက်အောက်မြော်၊ 'လ' ရှေ့ပေါ်ကို၊ ကောက်၍ဆိုက၊ စဖိုစမ၊ နေလစုံလင်၊ ရှစ်လုံးထင်လိမ့်၊ နေလျှင်အဖို၊ လကိုအမ၊ ဝေါဟာရဖြင့်၊ ခေါ်ကြယူထုံး၊ ရှေးလက်သုံးတွင်၊ လုံးမုတ္တာညီ၊ မြကြိုးသီသို့၊ တညီတညာ၊ နှစ်ဂါထာဖြင့်၊ သံဝါရင့်ကျူး၊ ရှစ်လုံးပူးမှ၊ ကျမ်းဦးအာဒိ၊ ပူဇော်ရှိပြီး၊ တိပိဋကတ်၊ မြတ်သည်ကွန်ချာ၊ တေတ္တိသာ၌၊ ကောက်တုံ့ဆိုက်က၊ မူရင်းနှင့်သတ်၊ နှုတ်ယူလတ်သော်၊ ကြပ်ကြပ်မြဲမြဲ ခေါ်ယူစွဲမှ၊ နဲ၏နည်းတုံး၊ စာရှစ်လုံးတွင်၊ လေးလုံးစီပ၊ နေလပိုင်နက်၊ နှစ်ချက်ကွဲပြား၊ စန္ဒလ'၊ ဩသထ 'နေ'၊ ဆုပေးလေမှ၊ ဝေရမ္ဘ(ဝေဒဗ္ဗ)ဟု၊ နာမသညာ၊ ကောက်ထုံးစာတွင်၊ ပါဝင်ချင်၏၊ ပုဗ္ဗဂ်မှာ၊ ရှေးသောခါက၊ ငါးရာငါးဆယ်၊ ဇာတ်တော်ဝယ်၌၊ ဘုန်းကြွယ်ရှင်စော၊ မိန့်ခဲ့ဟောသည်၊ သံဘောမှန်လှ၊ ဝေရမ္ဘတိ (ဝေဒဗ္ဗတိ)၊ ဇာတ်တော်ရှိသည်၊ ဤကဲ့သို့မြတ်နွယ်မျိုးတည်း။

. . . .

ဉာဏ်နှင့်ရှာ၍၊ ပညာမှတ်ယူ၊ တစ်နည်းထူအံ့၊ ဇမ္ဗူဒီပါ၊ ခေမာတောင်ကျွန်း၊ မြရောင်ထွန်းသည်၊ တိုက်ခန်း မဖျို၊ တောစီရောက်ရာ၊ မြေခြာပလ္လင်၊ ပေါ်အပြင်၌၊ မဂ္ဂင်ရှစ်ပါး၊ ငါးပါးကွန်မြွေ

ဗိုလ်နေပဥ္စ၊ စောရှုင်ခုနစ်ရပ်၊ ကုဒ္ဒိပါဒ်လေး၊ ဆိုရေးမှန်ဘိ၊ သတိသမ၊ သည်နှစ်ဝမှာ၊ အမှုစတု၊ ရေတွက်စုမှ၊ သတ္တိသဟု၊ နဝဂုဏ်တော်၊ ထိုရှင်ကျော်လျှင်၊ ရှေးသော်ကျေးဇူး၊ မိနတ်မျူးအား၊ အကြောင်းထား၍၊ တရားမြွက်တာ၊ ဘိဓမ္မာဟု၊ သညာမည်မှန်း၊ ခုနစ်ကျမ်းမှာ၊ ဦးစွာအစ၊ ပထမတွင်၊ ယနှင့်တူရာ၊ ပယ်သောခါမူ၊ အက္ခရာလေးထောက်၊ ထက်အောက်အရ၊ ပေါင်းဆတွက်ကျုံး၊ ရှစ်လုံးမှန်စွာ၊ အင်္ဂါလေးတန်၊ သူမြတ်မွန်အား၊ ထက်ရံအောက်နေ၊ ညီစေမှန်စွာ၊ အက္ခရာမှူး၊ ဂုဏ်တော်မြူးလိမ့်၊ ထူးဝိသေသ၊ ပဏ္ဍာမတွင်၊ အာဒိလျှင်၌၊ ကောက်လျှင်ယူထုံး၊ ဓာတ်လျှင်သုံးဖို့၊ လုံးပုလဲညီ၊ ရွှေကြိုးသီသို့၊ နှစ်လီထားတုန်၊ ဝဠုန်နှစ်ကွက်၊ ခြသေ့်သက်ကို၊ မြတ်အက္ခရာ၊ ဖွဲ့ပြီးပါသော်၊ ကောက်ရာတဝ၊ သတ္တိသတွင်၊ ပကွဲယမြတ်၊ သိမ်းယူလတ်သော်၊ သူမြတ်နေရာ၊ ချေ၍သာလျှင်၊ ဤနည်းပင်တည်း၊ အလှည့်စေ့အောင်၊ ခေါ်ထူးဆောင်၍၊ မြနှောင်ချုပ်ထား၊ ထက်မှာငြားက၊ ဩသထဟု၊ နာမမည်ရေး၊ အမည်ပေးလော၊ အောက်ရေးမှန်စွာ၊ လေးလုံးစာကို၊ သေချာစဉ်စီ၊ ထက်သက်ညီသော်၊ လေးလီလေးရပ်၊ ပြန်ဂဟာတ်ဖြင့်၊ ဖတ်လျှင်ညီလှ၊ ဝေရမ္ဗ(ဝေဒဗ္ဗ)ဟု၊ ဂါထာပြုသည်၊ မြတ်ကုသလနွယ်မျိုးတည်း။

. . . .

သစ္စာကတိ၊ ကောင်းကျိုးရှိသား၊ ဇာတိမှန်လှ၊ လောကဓမ္မာ၊ ဤနှစ်ဖြာကို၊ ချမ်းသာမျက်မှောက်၊ ချက်ချင်းရောက် ၍၊ စောင့်ရှောက်မြတည်၊ စီရင်သည်မူ၊ နိဒါန်းထူအံ့၊ တန်ခူး၊ ဝါခေါင်၊ တိမ်တောင်ထွန်းပေါ်၊ လနတ်တော်တွင်၊ နှိုင်းလျော်ဘက်ကင်း၊ ဓာတ်မင်းတေဇ၊ နာဂ-ဝဠုန်၊ ကြုံစေ 'လ' ကွယ်၊ ထိုခါဝယ်တွင်၊ ဘုန်းကြွယ်ရှင်စော၊ ရွှေမုဋ္ဌောဟု၊ တေဇောနံရ၊ ဘုရားထံမှာ၊ ပူဇော်ရာမူ၊ ဖြူစွာထမင်း၊ ဆိမ့်ခြင်းချိုချဉ်၊ ဘောဇဉ်ငါးမှာ၊ မပါသွယ့်သက်၊ တည်လျက်ညောင်ရေ၊ လေးထွေမီးတိုင်၊ ပွဲလေးဆိုင်နှင့်၊ အောက်ထိုင်နှီးခေါက်၊ ပေါ်ရောက်သဲဖြူ၊ ခင်းစေဦးမှ၊ ပွဲပသ၍၊ ဆရာကျေးဇူး၊ အထူးတင်ရန်၊ ဘိုးများတန်နှင့်၊ သုံးရန်ရွှေငွေ၊ တင်စေကိုယ်ကျိုး၊ ပွဲလမ်းပျိုးမှ၊ ချိုးရေသန့်ခပ်၊ ဖြူလတ်ပုဆိုး၊ ဝတ်ရိုးဆင်ခါ၊ ဆရာမင်းမြတ်၊ နေပြီးလတ်သော်၊ သူမြတ်တပည့်၊ ဤနည်းဝတ်ဆင်၊ ငါးအင်္ဂသီလ၊ ခံပြီးမှလျှင်၊ သင့်ရမလွဲ၊ အမြဲဂါထာ၊ ကျက်ခါရေးမှတ်၊ အင်းလေးရပ်နှင့်၊ ပေါက်စပ်မတိမ်း၊ မီးဖြင့်ငြိမ်းမှ၊ ပြာမှုန့်ရသော်၊ မွှေးလှကြိုင်စွာ၊ နံ့သာငါးမည်၊ ပေါင်းစည်းနည်၍၊ ကိုးမည်ရာဇာ၊ စန္ဒာသူရိယ၊ သတ္တပြဟ္မာ၊ ဝိဋ္ဌာမည်ခံ၊

သံသုမာရ၊ ဂရုဠ်နှင့်၊ နာဂကေသရာ၊ ဝေါဟာသမုတ်၊ ပြုလုပ်ရှုပ၊ နာမမည်မှတ်၊ လေးရပ်အင်းဆန်၊ ထောင်စီမံအောင်၊ သိဒ္ဓိဆောင်၍၊ ဘုန်းခေါင်မြတ်လှ၊ ဗုဒ္ဓမမ္မာ၊ မြတ်သံယာနှင့်၊ ဆရာမိဘ၊ သဗ္ဗဒေဝါ၊ ဘုမ္မာရုက္ခ၊ အာကာသနှင့်၊ ဒေဝအမျိုး၊ မှော်အကျိုးကြောင့်၊ ပြည့်ဖြိုးစုံလင်၊ လိုချင်ရာရာ၊ ပြည့်စိမ့်ငှာဟု၊ သံဝါရင့်ညောင်း၊ ဆုမွန်တောင်းမှု၊ ဓနသိဒ္ဓိ၊ ပြီးဘိမှန်ငြား၊ မန္တရားဆေး၊ အကျိုးပေးသည်၊ **နောင်ရေးပါအောင် သွေးစေသတည်း။**

. . . .

ဥသြခိုမင်း၊ သွင်းလေအစ၊ ပန့်ဒုမှာ၊ ညကျနှင့်ရှာဘိ၊ တတိယမှာ၊ ရအောင်ဝေဖန်၊ စတုတ္ထံမှာ၊နဝါတရိ ဒွေးကိုချတိအစမှာ၊တေဇာလောင်ရှိန်း၊တောင်ကျွန်းလက်ယာ၊မြရိပ်သာဝယ်၊ တစ်ရာဖြန့်ဝန်းဖြူရိပ်ထွန်းသား၊ဦးစွန်းတကာ၊ညွှတ်ပျပ်ရာသည်၊အောင်ချာကြင့်နှန်း၊ တိုင်းမြန်ခန်းတွင်၊ ညွန့်လယ်ဘုန်းဝေ၊ သောင်းလုံးမွှေသည်၊ ဇ-ဇကရာဇ်၊ များသင်းကျစ်၏၊ ဘုန်းသစ် ထောင်သောင်း၊ ထပ်ခါလောင်း၍၊ မြင့်ပေါင်းရှည်ကြာ၊ မြတ်ဆရာတို့ ပညာတတ်ရစ်၊ ဖွေစီစစ်၍၊ ၊အနှစ်သချာ၊ ပရမာတည့်၊ တေဇာနုဘော်၊တုမပြော်သည်၊ **စာတော်ဘုန်းရောင်လျှံ ဘုရား။**

. . . .

ပြောင်ရှိန်းခက်ဖြာ၊ အကွရာလည်း၊ နောက်မှနေနတ်၊ ဂြိုဟ်အိမ်နတ်တွင်၊ ယာဉ်မြတ်တစ်ဆူ၊ ကောက်ခါယူ ရှင့်၊ ရှေ့မှုပြုပွာ၊ ဝိဒေဟာမှ၊ ဗုဒ္ဓကောင်ကြီး၊ သူတစ်စီးရှင့်၊ ဖြည့်ညီးအုံ့မွှယ်၊ နောက်တောင်ဝယ်လည်း၊ အုံ့မွှယ်တန်ခိုး၊ရေနတ်မျိုးတွင်၊ကံမိုးထွန်းပဥမရ၍၊ တောင်မှလက်ယာ၊ ဂြိုဟ်မင်းမှာလည်း၊ ယာဉ်သာလေးဆူ၊ ငယ်ကိုယူရှင့်၊ ညွန့်လူထင်ပေါ်၊ တုမကျော်သည်၊ **လိုတော်သုံးဆောင်ရန် ဘုရား။**

. . . .

ဆောင်ညွှန်းဆက်လာ၊ လေးလုံးစာလည်း၊ နောက်မှာနေမှတ်၊ ဂြိုဟ်အိမ်နတ်တွင်၊ မြတ်လှအငယ်၊ ကောက်ခါ ရွှယ်နှင့်၊ တစ်သွယ်တစ်ဝ၊ ဟကိုပြမည်၊ နာဂမှန်ရှူး၊ ပြောင်သည်ကြူးကို၊ အထူးမသွား၊ နိုင်အောင်တားသည်၊ လေးပါးခြေရပ်၊ နှောင်ဖွဲ့တတ်သို့၊တစ်ရပ်တစ်ဝ၊ တစ်ဌာနမူ၊ တိုးခါဆင့်ပွား၊ ထိုသူအားကို၊ တွင်ညားတရုပ်၊ အမှန်ထုတ်ရှင့်၊ ဂမုတ်ကြာနှယ်၊ တစ်လုံးဝယ်လည်း၊နောက်ဆွယ်မြောက်ယွန်း၊ရာဟုထွန်းသား၊ရှေးညွှန်းအကွရာ၊မှန်လှစွာရှင့်၊ တေဇောနုဘော်၊ တုမပေါ်သည်၊ **ရှုမြော်ထုံးစံ ဘုရား။**

. . . .

ပေါ်ထွန်းကမ္ဘာ၊ ရှေးသောခါက၊ မဟာသမတ်၊ လောကနတ်တို့၊ တိမ်လပ်ပျံကြွ၊ ဈာန်ရရသော့၊ မြတ်ဘုန်းလေ့လျင်၊ စေ့မြွေသချာ၊ စက္ကဝါမှ၊ ရှာ၍ရသည်၊ **စမလေးသွယ်၊ ဂုဏ်ပင်လယ်ကို၊ ဇွက်ကွယ်သိကြား၊ ထားလေသောအား၊** ရှည်လျားထုံးတန်း၊ တွေ့ကြစမ်းလည်း၊ ကြောင်းလမ်းမထင်၊ ရိပ်မမြင်သည်၊ **လူရှင်ပြောစမှတ် ဘုရား။**

....

မော်ကွန်းပြရာ၊ ကွယ်သည့်စာကို၊ အောင်ခြာကြငှန်း၊ မြန့်ထိပ်ပန်းလျှင်၊ ညွန့်လန်းတန်ခိုး၊ ဘုန်းတော်ပျိုးသား၊ လမ်းရိုးထင်ထင်၊ သည်လျှင်အစ၊ရောထတစ်ချက်၊ ကြွက်လည်းလေးစီး၊ ကြောင်လျှင်စီး၍၊ ပြောင်ကြီးမာတင်၊ မှန်စီရင်သည်၊ **မျက်ရှင်ဇောတရသ် ဘုရား။**

....

ပေါ်ညွှန်းသေလာ၊ မြတ်တေဇာကြောင့်၊ လွယ်ကာဖော်ထုတ်၊ **ရေငုပ် 'ဂ' ငယ်၊ ထိပ်ဝယ်အောက်နား၊ တည့်တည့်ထားသည်၊ ထင်ရှားရေတွင်၊ အရိပ်ထင်၏။** ဆင်ကားနှစ်ရပ်၊ ကိုယ်ချင်းကပ်ကား၊ ပညတ်နဂါး၊ နံလျှင်ထားမှ၊ ရေကားတစ်သွယ်၊ **'ဝ' လုံးဝယ်လည်း၊ နောက်ဝယ်အလိုက်၊ ရှိုက်သည်အနေ၊ ရေငုပ်စေမှ၊** အသုံးရရှင့်၊ ရှေးကတူလျှင်၊ ရာဟုတွင်သည်၊ **သုံးအင်ဩဃဓာတ် ဘုရား။**

....

ကုလားရန်ကုန်၊ ယုန်သားနံဘက်၊ အောက်ထက်တောင်မြောက်၊ အကောက်သွားရာ၊ မူလအာဒိ၊ မဇ္ဈိအဝသံ၊ ချမှန်သေချာ၊ **အာဒိမှာမူ၊ အက္ခရာမှန်လစ်၊ လေးဆယ့်တစ်လျှင်၊** ရောက်လစ်မှန်စွာ၊ **မဇ္ဈိမာကား၊ သူရိယာမဏ္ဍလ၊ တစ်ရာ့ငါးဆယ်၊ တစ်သွယ်ရောပြန်၊ အဝသံတွင်၊ စန္ဒရမည်ရ၊ တစ်ရာ့လေးဆယ်၊ ခုနစ်သွယ်ပင်၊ ရောပြီးချင်လတ်၊** နက္ခတ်တူရာ၊ ကျရာတည်လျော့က်၊ **အောက်မှာခုနစ်၊ ထက်ဆယ့်ရှစ်နှင့်၊ စားလစ်မှန်စွာ၊ မြောက်မှာတစ်ဆယ်၊ တောင် ဝယ်ကားငါး၊** စားတုံ့အားဖြင့်၊ ကြွင်းညားမှန်လှ၊ ရင်းကစ၍၊ ဝက်ကောက်ကောက်၊ ကျရာသတ်မှ၊ ကျန်သမျှကို၊ အင်းချ စေရာ၊ အက္ခရာသည်၊ မှန်စွာမုချမလွဲတည်း။

(ကုလား=လိပ်သည်းကျောက်။ ဗဟန်း=ရန်ကုန် ရွှေတိဂုံအနီးရှိရပ်ကွက်။ ထို့ကြောင့် **ကုလား ရန်ကုန်**ဟူသည်မှာ ဗဟန်းလိပ်သည်းကျောက်ကိုဆိုလိုပြီး၊ **ယုန်သား**=ဖွေးဖွေးနီသော ဗဟန်းကျောက်ဟု ကောက်ယူရမည်။)

....

အာကာတစ်ခွင်၊ ထက်ကောင်းကင်၊ အလျင်သိန္နောရောက်။ ရှစ်သောင်းတစ်ခွင်၊ လေးထောင်တွင်၊ အလျင် နဂါးရောက်။ တစ်လုံးပျောက်မှာ၊ အက္ခရာ၊ ပညာရှာ၍ကောက်။ တရဏီယအောက်၊ ဝလေးထောက်၊ ရှင်ကြီးထီးနှင့်ပျောက်၊ ထို့နောက်မှန်စွာ၊ အက္ခရာ၊ ပညာဖွေဆနောက်။ တစ်ယောက်သူမှန်၊ ပြည်နိဗ္ဗာန်၊ အမှန်တစ်လုံးရောက်။ တောက်လေပညာ၊ ရှေ့နောက်ရှာ၊ လမ်းမှာတစ်လုံးပျောက်။

တစ်ကားဂဠုန်၊ နှစ်တုံကားကျား၊ သုံးကားခြသေ့်၊ လေးကားဆင္ဒန်၊ ငါးမှန်ကားကြွက်၊ ခြောက်ချက်ပူးနံ၊ ခုနစ်တန်နဂါး၊ ရှစ်ကားဟိုင်းပင်၊ ကိုးလျှင်နဝ၊ ကိတ်နံရှင်း၏။ ယူထဖအက္ခရာ၊ လေးလုံးစာကို၊ သိသာခြားနား၊ ကျိုးကြောင်းအားဖြင့်၊ လေးပါးသိဒ္ဓိ၊ ပြီးခေါင်ထိသည်၊ ကြီးဘိတေဇတန်ခိုးတည်း။

လောကီသိပ္ပ၊ လိုလားကြ၍၊ လုံ့လပြီးထူ၊ ရှာမှီးသူတို့၊ ဝေဘူဘိုးနတ်၊ မြတ်မျိုးပြတ်သို့၊ နှစ်သက်ကြည်ဖြူ၊ နှလုံးမူလျက်၊ မှတ်ယူသုံးဆောင်ကြစေကုန်သတည်း။

. . . .

အဘိဓမ္မ၊ ကျမ်းအစ၊ ယနှင့်တူရာကပ်။ အကြွင်းသေသ်၊ ထက်အောက်လှန်၊ နှစ်တန်အက္ခရာ။ နှစ်ဌာနခွဲ၊ ချစမြဲ မလွဲလေးခုမှတ်။ အောက်ရပ်အက္ခရာ၊ တေဇ္ဇာသာ၊ ထိုခါသတိချပ်။ အထက်ကောက်ရ၊ ဩသထ၊ ဇယဤသုံးထပ်။ အောက်မှတစ်ဖန်၊ ဂါထာပြန်၊ မူလ်ဝိဇ္ဇာနတ်။ ဆယ့်ရှစ်ရပ်ဖြာ၊ ဓာတ်တကာ၊ သူသာစိုးနိုပ်ကွပ်။ သည်တွင်တစ် ဖြတ်၊ ပေယျာလတ်၊ နှောတတ်သတ်မရှေ။ ဝက်ဝုတ္တိ သွားလေရှိ အာဒိဖြိုဟ်ပါပ။ နေထွက်နေဝင်၊ နိမိတ်ထင်၊ ပေါင်းချင်အက္ခရာ။ သည်ကသွားတုံ၊ နဂါးဘုံ၊ ထိုတုံ သ နှင့် ဟ။ နံချင်းတူစွာ၊ မနေရာ၊ ပယ်ပါ နေနှင့်လ။ ကိန်းကိုမြင်လျှင်၊ ပယ်လေဆင်၊ လျင်လျှင်သုံးဌာန။ အကောက်မှန်စွာ၊ သုံးနိုင်ကာ၊ ဣန္ဒာစိုးတရ။ ဆုံးမစသိ၊ ဝိုးဝါးရှိ နိဗ္ဗိစိုးမရ။ တတ်သိလိမ္မာ၊ ဓာတ်လေးဖြာ၊ ခွဲကာဝေတတ်မှ။ ဗုဒ္ဓထံမှာ၊ ပန်ငါးဖြာ၊ မကွာဆင်တတ်မှ။ သိဒ္ဓိလေးတန်၊ တန်ခိုးလျှံ၊ သီလဝါနိစ္စ။ စတုအက္ခရာ၊ ကောက်ထုံးမှာ၊ လိုရာရပ်ဌာန။

(ရှေးဆရာကြီးများ ရေးသားသော လင်္ကာများကို ပြဆိုချက်များ ပြီး၏။)

. . . .

နောက်ဆက်တွဲရှင်းလင်းချက်များ

စာမျက်နှာ (၁၉၇) မှ ရှင်းလင်းချက်များ

ဘုမန္တရေ မြေအတွင်း၌ ဝသန္တသ နေသော၊ အဠပါဒသ အခြေရှစ်ချောင်းရှိသော၊ အသီသဿ ဦးခေါင်းမဲ့သော၊ သတ္တဿ တိရစ္ဆာန်ဖြစ်သောသတ္တဝါ၏၊ ပိဋ္ဌေ ကျောက်ကုန်း၌ (ဝါ)ပိဋ္ဌဟူသောအက္ခရာ၌၊ ဆဘူတက္ခာ ဖြစ်ပွားတတ်သော ဘူတအက္ခရာ ခြောက်လုံးတို့သည်၊ သန္တိ ရှိကုန်၏။ မူလက္ခရာရောပန မူလအက္ခရာတစ်လုံးသည်ကား၊ ဝသန္ဒာနေ နေရာအရပ်၌၊ အတ္ထိ ရှိ၏။ ဣတိဣမာနိအက္ခရာနိ ဤခုနစ်လုံးသော အက္ခရာတို့ကို၊ ပညာသတိသမ္ပန္နောဟိ သတိပညာနှင့်ပြည့်စုံကုန်သော၊ ပဏ္ဍိတေဟိ ပညာရှိတို့သည် ဝိဇာနိတဗ္ဗာနိ ထူးသော ဉာဏ်ဖြင့် သိအပ်ကုန်၏။ စတ္တာရောအက္ခရာ အက္ခရာလေးလုံးတို့သည်၊ တထာ မှန်ကန်သည်၊ အဝိပရိတာ မချွတ်မယွင်းကုန်သည်၊ သစ္စေဟောန္တိ အကယ်၍ဖြစ်ကုန်မူကား၊ မူလက္ခရော မူလအက္ခရာသည်၊ ဧကော တစ်လုံးသည်၊ ဟောတိ ဖြစ်၏။ ဘူတက္ခရာ အထူးထူးသောဘူတ အက္ခရာတို့သည် တယော သုံးလုံးတို့သည် ဘဝန္တိ ဖြစ်ကုန်၏။ တေသံအက္ခရာနံ ထိုအက္ခရာသုံးလုံးတို့၏၊ အာနုဘာဝေန တန်ခိုးအာနုဘော်ကြောင့်၊ နာနာရူပ္ပေန အထူးထူးသောရုပ်အသွင်ဖြင့်၊ ဒိဿန္တိ ထင်မြင် နိုင်ကုန်၏။ တယောအက္ခရာ သုံးလုံးသောအက္ခရာတို့သည်၊ ဘဝန္တိ ဖြစ်ကြကုန်၏။ ဆ အက္ခရာ ခြောက်လုံးသောအက္ခရာတို့သည်၊ တယော သုံးလုံးတို့သည်၊ ဘဝန္တိ ဖြစ်ကြကုန်၏။ တေအက္ခ ရာ ထိုအက္ခရာတို့သည်၊ မဟာတေဇဝန္တော ကြီးမြတ်သော တန်ခိုးအာနုဘောရှိကြကုန်၏။ တတောစတုက္ခတောတေဟိ စတုက္ခရေဟိ ထိုအက္ခရာလေးလုံးတို့ဖြင့်၊ ဝမ္မတေသု ပွားကုန်သော၊ ဆသုအက္ခရေသု အက္ခရာခြောက်လုံးတို့တွင်၊ ဒွေအက္ခရာ အက္ခရာနှစ်လုံးတို့သည်၊ အနုက္ကမေန အစဉ်သဖြင့်၊ သုက္က ကာလက္ခရာနာမ ဆန်း, ဆုတ် အက္ခရာမည်ကုန်သည် ဝါ ဖြူသောအက္ခရာ မည်းသောအက္ခရာ မည်ကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏။ ဒွေး နှစ်လုံးသောအက္ခရာတို့သည်၊ နိက္ခန္တ ပဝိသန္တက္ခရာ ထွက်အက္ခရာ ဝင်အက္ခရာမည်ကုန်သည်၊ ဟောန္တိ ဖြစ်ကုန်၏။ ဒွေးနှစ်လုံးသော အက္ခရာကိုသည်၊

တိဋ္ဌ မူလက္ခရာ နာမ တည်သောအက္ခရာ ပြည့်သောအက္ခရာမည်ကုန်သည် ဟောန္တိ ဖြစ်ကုန်၏။ တေ ထိုလေးလုံးသောအက္ခရာတို့ကို *ဝိစရန္တေဟိ* စီရင်ကုန်သော၊ *ပဏ္ဍိတေဟိ* ဖြုဟာတတ်ကုန်သောပညာရှိတို့သည် တာနိသုတ္တကာလနိက္ခန္တ ပဝိသန္တ တိဋ္ဌ ပူရာနိ ထိုဆန်းသည်၊ဆုတ်သည်၊မည်းသည်၊ဖြူသည်၊ထွက်သည်၊ ဝင်သည်၊ တည်သည်၊ ပြည့်သည် တို့ကို *ဝိမံသိတွာ* စဉ်းစာဆင်ခြင်၍၊ *ဝိစရိတဗ္ဗာ* စီရင်အပ်ကုန်၏။ *တေသုစတူသုအက္ခရေသု* ထိုအက္ခရာ (၄)လုံးတို့သည်၊ *အဝိပရိတေသု* အချွတ်မယွင်းမှန်ကန်ကုန်သည်ရှိသော်၊ *ဂဏနတော* ဂဏန်းသချာအရေအတွက်အားဖြင့် *အဋ္ဌာရသ* တစ်ဆယ့်ရှစ်ပါးတို့သည်၊ ဟောန္တိ ဖြစ်ကုန်၏။ *ဓါတုတော* ဓါတ်အားဖြင့် *စတ္တာရောဘဝေါ* လေးပါးအပြားရှိကုန်သည် ဟောန္တိ ဖြစ်ကုန်၏။

ပိဋကသချာနည်း

၁။ က မှ ည အထိ ဆယ်လုံးထားသောနည်း။

၂။ က မှ ဈ အထိ (၉)လုံးထားသောနည်း။

ဒုတိယနည်းသည် မိဿက နည်းအားဖြင့် နဝင်းကျေသည်။

လက်ာ

ရှေးကမှတ်သည်၊ မှတ်လောကီဝယ်၊ ဝစီဖွင့်ဟ၊စီရင်ကြသည် ၊များလှဆရာ ၊ဓါတ်ကျမ်းစာကား၊ထိနာအဋ္ဌ၊ဝေါဟာရကို၊ဝှက်ကြကုန်သည့်၊ အတည်တည် မူ၊ အရှည် နောက်နှောင်း၊ လူအပေါင်းတွင်၊ မကောင်းစိတ်ထား၊ရှိသူအားကို၊ မကြားစေမူ၊ နောင်ရေးရှုလျက်၊ကျမ်းပြုဆရာ သို့နည်းနာကို၊ ပညာရှိသူ၊လွယ်တကူဖြင့်၊ သိယူစေ ကြောင်း၊နည်းထုံးဟောင်းကား၊ ကကား တင်ယူ၊ခမူ ကျားပြု၊ဝကား သီဟာ၊ယကြီးမှာလည်း၊ ဖြူဥာဆဒွန်၊ကြွက်မှန်ကို ငါ၊ ပူးကစလုံး၊ ဆထိန်လုံးမူ၊ ခေါ် ထုံး နဂါး၊ ဟိုင်းကား ဇကွဲ၊ ဈမြင်းဆွဲမှာ၊ ကိတ်မှတ်ကာဖြင့်၊ အ,အာ,ဣ,ဤ၊ စဉ်စီမပြေး၊ အံအား, တိုင်စေ၊ချကုန်ပေ၍၊ပုံနေတူရာ၊ အက္ခရာမူ၊အံမှာနှစ်ထပ်၊မယှဉ်အပ်က၊ကွက်လပ်ကြက်ခြေ၊ပုံရှိပေသည်။ ပဝေရှေးဟောင်း၊ မြို့တဂေါင်းက၊ခေတ်ညောင်းပညတ်၊ပိဋကတ်တည်း၊ပတ်ပတ်ဖွေရှာ၊ သေအချာသည်၊ ရွှေစာထုံးနှင့် ကျယ်ဝန်းတည်း။

ပိဋကတ်သင်္ချာ ကောက်ယူရန်-ဓါတ်ပုံပြင်

	အာဒိ ကိန်း				မဇ္ဈိ ကိန်း				အဝသံ ကိန်း	
ဦး	သမ္မာဒိဋ္ဌိ	သမ္မာသင်္ကပ္ပ	သမ္မာဝါစာ	သမ္မာကမ္မန္တ	သမ္မာအာဇီဝ	သမ္မာဝါယမ	သမ္မာသတိ	သမ္မာသမာဓိ	နိဗ္ဗာန	ပဲ့
	၁	၂	၃	၄	၅	၆	၇	၈	၉	
	က	ခ	ဂ	ဃ	င	စ	ဆ	ဇ	ဈ	
	ည	ဋ	ဌ	ဍ	ဏ	တ	ထ	ဒ	ဓ	
	ဓ	န	ပ	ဖ	ဗ	ဘ	မ	ယ	ရ	
	လ	ဝ	သ	ဟ	ဠ	အံ	အ	အာ	ဣ	
	ဤ	ဥ	ဦ	ဧ	အဲ	ဩ	ဪ	×	အား	

မြေ၏အတွင်း၌နေသော အခြေ(၈)ချောင်းရှိ၍ ဦးခေါင်းမရှိသော သတ္တဝါဆိုသည်မှာ 'ပုစွန်' (ဂဏန်းလုံး) ဟုဆိုလိုသည်။

ပိဋကသင်္ချာဇယားမှ ကောက်ယူပါက

ပု → ပ = ၃

စွန် → ဇ = ၈

၁၁ ရရှိမည်ဖြစ်၏။

ကကြီး (က)မှ (၁၁)လုံးမြောက်ရေတွက်ပါက 'ဋ' အက္ခရာကို ရရှိမည်။

ဤ ဋ အက္ခရာကို အခြေပြုပြီး စဉ်းစားသော် မာဂဓဘာသာစကား က ဋ္ဌ ဋ၊ မြန်မာအခေါ် ပုဂ္ဂန် ဖြစ်လာ၏။

နံသင့်သချာဖြင့်ကောက်ယူပါက ပ =ကြသပတေးနံ (၅)၊ ဋ္ဌန် အင်္ဂါနံ(၃) စုစုပေါင်း (၈) ဂဏန်း၊ ရရှိ၍ 'အခြေရှစ်ချောင်း' ဟူသောအညွှန်းကို ပြန်၍ရမည်။

ကျောက်ကုန်း၌ ဖြစ်ပွားတတ်သော ဘူတအက္ခရာ (၆)လုံးဟုဝှက်ထားသည်ကို အဓိကအားဖြင့် 'ပိဋ္ဋ ကျောက်ကုန်း၌' ဟူသောအချက်၌ ရှာရမည်။

မာဂဓဘာသာအရ ကျောက်ကုန်းကို 'ပိဋ္ဌ' ဟုခေါ်သည်။

ပိဋ္ဌစကားလုံးမှ 'ပ'သည်

ကြသပတေးနံသင့်သချာအရ ⟶ ၅

'က' မှ 'ပ' အထိရေတွက်ပါက (၂၁) ရ၏။

ထို (၂၁)သည် သောကြာဂြိုဟ်သက်ဖြစ်၏။

(၂၁)ကိုပေါင်းလိုက်သော် (၂+၁) ⟶ +၃

၈

ပိဋ္ဌစကားလုံးမှ 'ဋ္ဌ'သည်

စနေနံသင့် သချာအရ ⟶ ၇

'က' မှ 'ဋ္ဌ' အထိရေတွက်ပါက

(၁၂) ရာဟုဂြိုဟ်သက်ရ၏။

ထို (၁၂)ကို ပေါင်းလိုက်ပါက (၁+၂) ⟶ +၃

၁၀

ပိဋ္ဌစကားလုံးမှ 'ပ' မှရသောသချာ(၈)နှင့်

ဋ္ဌ မှရသော သချာ (၁၀)ကို ပေါင်းပါက ၁၀+၈=၁၈ အဋ္ဌာရသ ရရှိသည်။

ပိဋ္ဌ ဟူသောစကားလုံးကိုဆင်ခြင်ကြည့်သောအခါ 'ပ' အက္ခရာတွင်

နံသင့်သချာအရ	၁		ဘုဂဏန်း
'က' မှ 'ပ' အထိရေတွက်ပါက	၂၁		အက္ခရာ(၆)လုံး
(၂၁)→(၂+၁)	၃		တို့သည်
'ဋ္ဌ' အက္ခရာတွင်	၁၀		'ဆသုအက္ခရေသု'
နံသင့်သချာ'က' မှ 'ဋ္ဌ'အထိ	၁၂		ဘုတအက္ခရာ
(၁၂) →(၁+၂)	၃		(၆)လုံးဖြစ်သည်။

ပိဋ္ဌနောက်ပူး၊ အရှုစကားဖြစ်လေငြားလည်း၊ စီးပွားရှိက မှတ်အပ်လှသည် ဟူသော ဣန္ဒာစရိယကျမ်းညွှန်း အရလည်းကောင်း၊ အရှုဝအောင်ကျေး၊ ကျောင်းကန်ပလ္လင်ဒွေး ဟူသည့် ရသေ့ဦးအောင်ကျမ်းညွှန်း အရလည်းကောင်း ချိန်ဆကြည့်နိုင်ပေသည်။

မူလက္ခရောပန မူလအက္ခရာတစ်လုံးသည်ကား၊ ဝသနဌာနေ နေရာအရပ်၌၊ အထ္ထိ ရှိ၏ ဟူသော အညွှန်းအရ ပိဋကသချာဓါတ်ပုံပြင်ဇယား၏ အလယ်တည့်တည့်၌ရှိသော 'ဗ' အက္ခရာ ပင်ဖြစ်ကြောင်းသိနိုင်သည်။ ထို့အပြင် 'ဗ' အက္ခရာသည် ပ ဖ ဗ ဘ မ ပဝဂ် (၅) လုံး၏ အလယ် ၌ရှိပြန်၏။

"ပဇောက်အထက်၊ ဟောက်ပက်ပိတ်လိုက် ဗခြိုက်ရ မှောက်ပြန်ကလျှင် မအောက်ခြိုက် သာ၊ ထင်လာပြန်၏" ဟူသော ဣန္ဒာစရိယ ဓါတ်ကျမ်းအရ

ပ → ဗ → ဘုတအက္ခရာ(၃)လုံး ရရှိသည်။

သို့ဖြစ်ရာ 'ဗ' နှင့် 'ဂ' အက္ခရာသဘောကို 'ပိဋ္ဌ'ဟူသော အက္ခရာ (၂)လုံးဖြင့် သိနိုင်ပေ သည်။

ထို ပ,ဗ, ဂ ဘုတအက္ခရာ(၃)လုံးတို့သည်-

ပထဝီဓါတ်ဖြူသောအဆင်းတန်ခိုး

တေဇောဓါတ်နီသောအဆင်းတန်ခိုး

ဝါယောဓါတ်ရွှေသောအဆင်းတန်ခိုး

အာပေါဓါတ်စိမ်းသောအဆင်းတန်ခိုး

ရှိကြကြောင်းကို သိသာစေရန် တေအက္ခရာ ထိုအက္ခရာတို့သည် မဟာတေဇဝန္တော ကြီးမြတ်သောတန်ခိုးအာနုဘော် ရှိကြကုန်၏ ဟုညွှန်းဆိုထားသည်။

တေသံအက္ခရာနံ့ ထိုအက္ခရာ (၃)လုံးတို့၏ အာနုဘာဝေန တန်ခိုးအာနုဘော်ကြောင့် နာနာရူပေန အထူးထူးသော ရုပ်အသွင်ဖြင့် ဒိဿန္တိ ထင်မြင်နိုင်ကုန်၏။ အက္ခရာ(၃)လုံးတို့သည် အက္ခရာ(၆)လုံးဖြစ်ကုန်၏။ အက္ခရာ (၆)လုံးတို့သည် အက္ခရာ (၃)လုံးဖြစ်ကုန်၏ ဟု ညွှန်းထားသည်မှာ-

ပ → ဗ → ဗ ခြိုက် → ဗ ,ဓ, ခ

ဓ → ခအောက်ခြိုက် → ဓ ,အ,ခ

ဤသည်ကိုပင် ပိဋကတ်၊ ဗ ခ ခြိုက်၊ လုံးလုံးပိုင်သော်၊ ခရိုင်ပြည့်စုံ၊ ဓါတ်အားလုံးသိ၍ကုန် ဟူ၍လည်း ဆိုကြသည်။

ဗ , | ဓ , ခ | → အက္ခရာ စတု
ဓ , | အ , ခ |

ဗ	ဓ	ခ	ဓ	အ	ခ
ဂဗ္ဘ	အန္တော	ဂဗ္ဘ	အန္တော	အန္တော	ဂဗ္ဘ
ဆန်း(သို့) မည်း သော အက္ခရာ	ဆုတ်(သို့) ဖြူ သော အက္ခရာ	ထွက် သော အက္ခရာ	ဝင် သော အက္ခရာ	တည် သော အက္ခရာ	ပြည့် သော အက္ခရာ

. . . .

ကောက်ရအက္ခရာတို့၏ ပြီးပြည့်စုံခြင်း

အဋ္ဌာရသ၊ ဂဏန်းခြေက၊ ရှိုရှိုးအလိုက်၊ ဗျည်းသုံးဆယ့်သုံး၊ ဂြိုဟ်ရှစ်လုံး၊ အသုံးကို သိတတ်စေ၊ အက္ခရာပညတ်၊ လိုသည်မာတ်ကို၊ ချဉ်းလပ်မကျွေ၊ ဓာတ်နှင့်လည်းစား၊ ဆေးလေးပါး၊ ထင်ရှားဆင်မှာပေ။

ကောက်ရအက္ခရာ (၄)လုံးသည် နံ့သင့်ပေါင်းက (၁၈) အဋ္ဌာရသ၊ ဂြိုဟ်သက်ပေါင်းက (၅၄)စတုပညာသ။

(၃၆)တြင်း၊ (၁၀၈) နဝင်း အနေအထားမှန်မှသာ ***စဖိုလေးလုံး၊ စမလေးလုံး*** ဟုဆိုရမည်။

မူလ	
တနင်္ဂနွေ	၁
တနင်္လာ	၂
အင်္ဂါ	၃
ဗုဒ္ဓဟူး	၄
စနေ	၇
ကြာသပတေး	၅
ရာဟု	၈
သောကြာ	၆
	၃၆ တြင်း

အာဒိ	
တနင်္လာ ဂြိုဟ်သက်	၁၅
သောကြာ ဂြိုဟ်သက်	၂၁
	၃၆ တြင်း

မဇ္ဈိ	
ကြာသပတေး ဂြိုဟ်သက်	၁၉
ဗုဒ္ဓဟူး ဂြိုဟ်သက်	၁၇
	၃၆ တြင်း

အဝသံ	
တနင်္ဂနွေဂြိုဟ်သက်	၆
အင်္ဂါ ဂြိုဟ်သက်	၈
စနေ ဂြိုဟ်သက်	၁၀
ရာဟု ဂြိုဟ်သက်	၁၂
	၃၆ တြင်း

နာမ်ရှုပ် နှစ်ပါးတို့၏ အဖြစ်အပျက်ကို ပြခြင်း

(က) ပါပ (၄) ချက် 'နေ' မှ ထွက်

တနင်္ဂနွေ ဂြိုဟ်သက် ၆
နာမ် + ရှုပ် +၂
အင်္ဂါ ဂြိုဟ်သက် ၈
နာမ် + ရှုပ် +၂
စနေ ဂြိုဟ်သက် ၁၀
နာမ် + ရှုပ် +၂
ရာဟု ဂြိုဟ်သက် ၁၂

ပါပ (၄) ခွင် ဂြိုဟ်သက်ပေါင်း (၃၆)

၃၆ + ၇၂ = ၁၀၈ နဝင်း

(ခ) သောမ (၄) ချက် 'လ' မှ ထွက်

တနင်္လာ ဂြိုဟ်သက် ၁၅
နာမ် + ရှုပ် ၂
ဗုဒ္ဓဟူး ဂြိုဟ်သက် ၁၇
နာမ် + ရှုပ် ၂
ကြာသပတေး ဂြိုဟ်သက် ၁၉
နာမ် + ရှုပ် ၂
သောကြာ ဂြိုဟ်သက် ၂

သောမ (၄) ခွင် ဂြိုဟ်သက်ပေါင်း (၇၂)

(ဂ) အတွင်းဓါတ်လှည့်ရန်

အန္တော — တနင်္ဂနွေ ဂြိုဟ်သက် = ၆
အက္ခရာ (၄) လုံး = ၄
စနေ ဂြိုဟ်သက် = ၁၀

မဂ္ဂင် ၈ ပါး | စနေဂြိုဟ်သက် ၁၀ | ၁
- ၈
၂ ကြွင်း → တနင်္လာ

ဂဗ္ဗော — တနင်္လာဂြိုဟ်သင်္ချာ ၁၅
အက္ခရာ (၄) လုံး + ၄
ကြာသပတေးဂြိုဟ်သင်္ချာ = ၁၉

မဂ္ဂင် (၈) ပါး | ကြာသပတေး ဂြိုဟ်သင်္ချာ ၁၉ | ၂
- ၁၆
၃ကြွင်း → အင်္ဂါ

စရေ — အင်္ဂါဂြိုဟ်သင်္ချာ ၈
အက္ခရာ (၄) လုံး + ၄
ရာဟုဂြိုဟ်သင်္ချာ ၁၂

မဂ္ဂင် (၈) ပါး | ရာဟုဂြိုဟ်သင်္ချာ ၁၂ | ၁
- ၈
၄ ကြွင်း → ဗုဒ္ဓဟူး

ဝံသော — ဗုဒ္ဓဟူးဂြိုဟ်သင်္ချာ ၁၇
အက္ခရာ (၄) လုံး + ၄
သောကြာဂြိုဟ်သင်္ချာ = ၂၁

မဂ္ဂင် (၈) ပါး | သောကြာ ဂြိုဟ်သင်္ချာ ၂၁ | ၂
- ၁၆
၅ ကြွင်း → ခန္ဓာ (၅)ပါး

ရူပက္ခန္ဓာ ဝေဒနက္ခန္ဓာ သညက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ

ဤခန္ဓာ (၅)ပါး ပြည့်စုံမှ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့သည်လိုရာပြီးစီးခြင်းသို့ ရောက်သည်။

ထိုနည်းတူမှသာ အရာရာတို့သည်လည်း (ကောက်ရအက္ခရာတို့သည်လည်း)၊ ပြည့်စုံပြီးစီးခြင်းသို့ ရောက်ကုန်၏။

ဤသည်ကိုစစ်စီ၍ မိမိအသုံးပြုသော စဖို၊ စမတို့သည်လည်းကောင်း။ ကောက်ရ အက္ခရာတို့သည်လည်းကောင်း၊ ပြီးပြည့်စုံခြင်း ရှိ မရှိ သိရသည်။

. . . .

မူလ အက္ခရာ ၄ – ၁၀ – ၃၁ – ၈၁ မှ
ယောဇနာ သင်္ချာ ပြောင်းပေါ် ထူထားသည့်
ဒွယ်ဆဲ, မြဲလေး, ဥစ္စာချောင်, ကျွေးနှင့်, အင်းစောင့်ချိုးများ

(က) ပေါင်လဲအဆင်း(၁၆)အင်း – အင်းစောင့်ထားနည်း
(အာယုစက်အင်း (ဝါ) မထိစောတရသ်အင်း)

၇	၆		
		၄	၅
၈	၁		
		၃	၂

		၃	၂
၇	၆		
		၄	၅
၈	၁		

၈	၁		
		၃	၂
၇	၆		
		၄	၅

		၄	၅
၈	၁		
		၃	၂
၇	၆		

၆	၇		
		၅	၄
၁	၈		
		၂	၃

		၂	၃
၆	၇		
		၅	၄
၁	၈		

၁	၈		
		၂	၃
၆	၇		
		၅	၄

		၅	၄
၁	၈		
		၂	၃
၆	၇		

		၆	၇
၅	၄		
		၁	၈
၂	၃		

၂	၃		
		၆	၇
၅	၄		
		၁	၈

		၁	၈
၂	၃		
		၆	၇
၅	၄		

၅	၄		
		၁	၈
၂	၃		
		၆	၇

		၇	၆
၄	၅		
		၈	၁
၃	၂		

၃	၂		
		၇	၆
၄	၅		
		၈	၁

		၈	၁
၃	၂		
		၇	၆
၄	၅		

၄	၅		
		၈	၁
၃	၂		
		၇	၆

မှတ်ချက် ။ ။ အင်း ဂဏန်းရေးနည်းအတိုင်းထောင့်ကန်ရေးသွင်းရန်။

(ဝါသနာရှင် သုတေသီများ အတွက်)

(ခ) ပေါင်းလဒ်အတက်(၁၆)အင်း – အင်းစောင့်ထားနည်း

(အာယုစက်အင်း (၀၊) မထိစေတရည်အင်း)

		၃	၂
၈	၁		
		၄	၅
၇	၆		

၈	၁		
		၄	၅
၇	၆		
		၃	၂

		၄	၅
၇	၆		
		၃	၂
၈	၁		

၇	၆		
		၃	၂
၈	၁		
		၄	၅

		၂	၃
၁	၈		
		၅	၄
၆	၇		

၁	၈		
		၅	၄
၆	၇		
		၂	၃

		၅	၄
၆	၇		
		၂	၃
၁	၈		

၆	၇		
		၂	၃
၁	၈		
		၅	၄

၂	၃		
		၁	၈
၅	၄		
		၆	၇

		၁	၈
၅	၄		
		၆	၇
၂	၃		

၅	၄		
		၆	၇
၂	၃		
		၁	၈

		၆	၇
၂	၃		
		၁	၈
၅	၄		

၃	၂		
		၈	၁
၄	၅		
		၇	၆

		၈	၁
၄	၅		
		၇	၆
၃	၂		

၄	၅		
		၇	၆
၃	၂		
		၈	၁

		၇	၆
၃	၂		
		၈	၁
၄	၅		

မှတ်ချက်။ ။ အင်းဂဏန်းရေးနည်းအတိုင်း ထောင့်ကန့်ရေးသွင်းရန်။

(ဝါသနာရှင် သုတေသီများ အတွက်)

(ဂ) ရုပ်စောက်အဆင်း(၁၆)အင်း – အင်းစောင့်ထားနည်း

(အာယုစက်အင်း (ဝါ) မထိစောတရည်အင်း)

	၈		၃
	၁		၆
၇		၄	
၂		၅	

၃		၃	
၁		၆	
	၄		၇
	၅		၂

	၃		၈
	၆		၁
၄		၇	
၅		၂	

၃		၈	
၆		၁	
	၇		၄
	၂		၅

	၁		၆
	၈		၃
၂		၅	
၇		၄	

၁		၆	
၈		၃	
	၅		၂
	၄		၇

	၆		၁
	၃		၈
၅		၂	
၄		၇	

၆		၁	
၃		၈	
	၂		၅
	၇		၄

၂		၅	
၇		၄	
	၁		၆
	၈		၃

	၅		၂
	၄		၇
၁		၆	
၈		၃	

၅		၂	
၄		၇	
	၆		၁
	၃		၈

	၂		၅
	၇		၄
၆		၁	
၃		၈	

၇		၄	
၂		၅	
	၈		၃
	၁		၆

	၄		၇
	၅		၂
၈		၃	
၁		၆	

၄		၇	
၅		၂	
	၃		၈
	၆		၁

	၇		၄
	၂		၅
၃		၈	
၆		၁	

မှတ်ချက်။ ။ အင်းဂဏန်းရေးနည်းအတိုင်း ထောင့်ကန်ရေးသွင်းရန်။

(ဝါသနာရှင် သုတေသီများ အတွက်)

(ဃ) ရုပ်စောက်အတက်(၁၆)အင်း - အင်းစောင့်ထားနည်း

(အာယုစက်အင်း (ဝါ) မထိစောတရသ်အင်း)

၃		၈	
၆		၁	
	၄		၇
	၅		၂

	၃		၈
	၆		၁
၇		၄	
၂		၅	

၈		၃	
၁		၆	
	၇		၄
	၂		၅

	၈		၃
	၁		၆
၄		၇	
၅		၂	

၆		၁	
၃		၈	
	၅		၂
	၄		၇

	၆		၁
	၃		၈
၂		၅	
၇		၄	

၁		၆	
၈		၃	
	၂		၅
	၇		၄

	၁		၆
	၈		၃
၅		၂	
၄		၇	

	၇		၄
	၂		၅
၃		၈	
၆		၁	

၄		၇	
၅		၂	
	၃		၈
	၆		၁

	၄		၇
	၅		၂
၈		၃	
၁		၆	

၇		၄	
၂		၅	
	၈		၃
	၁		၆

	၂		၅
	၇		၄
၆		၁	
၃		၈	

၅		၂	
၄		၇	
	၆		၁
	၃		၈

	၅		၂
	၄		၇
၁		၆	
၈		၃	

၂		၅	
၇		၄	
	၁		၆
	၈		၃

မှတ်ချက်။ ။ အင်းဂဏန်းရေးနည်းအတိုင်း ထောင့်ကန့်ရေးသွင်းရန်။

(ဝါသနာရှင် သုတေသီများ အတွက်)

(၁၈)ကွက် နိုနန်းချိုးဝိဇ္ဇာမယိဒ္ဓိ အင်းတော်ကြီး

စမ္မာနဝ ဗိုလ်တက်ဗိုလ်ဆင်းအင်း

ခ	ဈ	ဃ
ဆ	င	ဂ
စ	က	ဇ

"က" သည်တည်ကိန်း။

က. ခ. ဂ. . . . . ဈ အထိ (၁) တိုးသွား။

ဒေါင်လိုက်၊ ကန့်လန့်၊ ကြက်ခြေ ပေါင်းလဒ် တူ၏။

အကယ်၍ (က) နေရာ၌ (၅) ဂဏန်းကို တည်လိုက်ပါက၊ ပေါင်းလဒ်မည်မျှရရှိမည် ဆိုသည်ကို ထိုတည်ကိန်းထဲသို့ (၄)ပေါင်းထည့်လိုက်ပြီး (၃)နှင့် မြှောက်ကြည့်က { (၅+၄) × ၃ = ၂၇} ရရှိသည်။(အလယ်ကွက်မှ ဂဏန်းကို ၃ ဖြင့် မြှောက်သော် ပေါင်းလဒ် ရ၏ ။)

၆	၁၃	၈
၁၁	၉	၇
၁၀	၅	၁၂

ဒေါင်လိုက်၊ ကန့်လန့် ကြက်ခြေပေါင်းလဒ် တစ်ခုတည်းတူစေရန်၊ တည်ရမည့်ကိန်းသိလိုပါက လိုသောပေါင်းလဒ်တည်၊ (၃)စား၊ (၄)နုတ်၊ ဥပမာ - ပေါင်းလဂ်(၃၃) ရလိုပါက

($\frac{၃၃}{၃}$ - ၄ = ၇) ကိုတည်ရမည်။ (သို့မဟုတ် အလယ်ကွက်ဂဏန်းမှ ၄ နုတ်ပါ)

၈	၁၅	၁၀
၁၃	၁၁	၉
၁၂	၇	၁၄

မှတ်ချက်။ လိုသောပေါင်းလဒ်သည် (၃) နှင့် စားက ပြတ်ရမည်။

(ဝါသနာရှင် သုတေသီများ အတွက်)

စမ္မာနဝ ဗိုလ်တကာဗိုလ်ဆင်း (၉)တွဲအင်း

(အတွင်းနဝင်း)

၃	၁၀	၅	၁၀	၁၇	၁၂	၅	၁၂	၇
၈	၆	၄	၁၅	၁၃	၁၁	၁၀	၈	၆
၇	၂	⑨	၁၄	⑨	၁၆	⑨	၄	၁၁
၈	၁၅	၁၀	၆	၁၃	၈	၄	၁၁	၆
၁၃	၁၁	⑨	၁၁	⑨	၇	⑨	၇	၅
၁၂	၃	၁၄	၁၀	၅	၁၂	၈	၃	၁၀
၇	၁၄	⑨	၂	⑨	၄	⑨	၁၆	၁၁
၁၂	၁၀	၈	၇	၅	၃	၁၄	၁၂	၁၀
၁၁	၆	၁၃	၆	၁	၈	၁၃	၈	၁၅

စမ္မာနဝ ဗိုလ်တကာဗိုလ်ဆင်း (၉)တွဲအင်း

(အပြင်နဝင်း)

⑨	၁၆	၁၁	၂	⑨	၄	၇	၁၄	⑨
၁၄	၁၂	၁၀	၇	၅	၃	၁၂	၁၀	၈
၁၃	၈	၁၅	၆	၁	၈	၁၁	၆	၁၃
၄	၁၁	၆	၆	၁၃	၈	၈	၁၅	၁၀
⑨	၇	၅	၁၁	⑨	၇	၁၃	၁၁	⑨
၈	၃	၁၀	၁၀	၅	၁၂	၁၂	၇	၁၄
၅	၁၂	၇	၁၀	၁၇	၁၂	၃	၁၀	၅
၁၀	၈	၆	၁၅	၁၃	၁၁	၈	၆	၄
⑨	၄	၁၁	၁၄	⑨	၁၆	၇	၂	⑨

မှတ်ချက်။ ။အင်းဂဏန်းရေးနည်းအတိုင်းထောင့်ကန်ရေးသွင်းရန်။

(ဝါသနာရှင် သုတေသီများ အတွက်)

ကပ္ပလက်ာရကျမ်းသို့ ထဲထဲဝင်ဝင် (၂)

(သို့မဟုတ်)

အင်း၊စမပညာအခေါင်အချုပ်ကျမ်း၏နိဂုံး

ကျွန်ုပ်သည် ငယ်စဉ်က အဘဆရာကြီး ဦးနန္ဒဘာသထံတွင် ကပ္ပလက်ာရကျမ်းပေါက် သင်ယူခဲ့ရသည်များကို ပြန်လည်ရှင်းလင်း ပြောပြခဲ့သည်မှာ အဆုံးတိုင်ရောက်ခဲ့ပြီဖြစ်၏။ မန်းသားသက်နိုင်မှ -

"ဒီလောက် ကျမ်းသက်တမ်းရင့်ပြီး အမိပ္ပာယ် လေးနက်လွန်းမကနက်တာ ဆရာဘုန်း ရှင်းပြတော့ လင်းကနဲ ဖြစ်သွားတယ်ဗျို့" ဟု အားပါးတရ ပြောလိုက်လေ၏။ မိတ်ဆွေကြီး ကိုတင်သောင်းကမူ -

"ကျွန်တော်လည်း အင်း၊စမပညာကို ထဲထဲဝင်ဝင်လေ့လာခဲ့တာပါဘဲ။ ဒါပေမဲ့ ကိုယ်အသုံးပြုတဲ့ စမတွေ ဘယ်ကနေ စတင်ဖြစ်ပေါ်သလဲဆိုတာ အခု ဆရာဘုန်း ရှင်းပြမှ တိတိကျကျသိရတာပါ။ ဒီအတွက် မန်းသားသက်နိုင်နဲ့ ဟောဒီက ဦးဘမင်းကို အထူးပဲ ကျေးဇူးတင်ပါတယ်ဗျာ" ဟု ပြောလိုက်ရာ တပည့်ဆရာထင်ကျော် (မောင်ပါစိုး)မှ -

"ကြံကြံဖန်ဖန်ဗျာ။ ရှင်းပြရတာက ဆရာဘုန်း၊ ကျေးဇူးတင်တာက ကိုသက်နိုင်နဲ့ ဦးဘမင်းဆိုတော့. . ." ဟု ထောက်လိုက်သဖြင့် ကိုတင်သောင်းက-

"ဒီလိုပါ ဆရာထင်ကျော်ရာ၊ ဟောဒီက ဦးဘမင်းကို မန်းသားက သွားပြီး ပြဿနာ ရှာရာလို့သာ ဆရာဘုန်း ကပ္ပလက်ာရကျမ်းကို ရှင်းပြဖြစ်သွားတာမဟုတ်လား။ ဒီလိုမှ မဟုတ်ရင် တို့တွေအားလုံး ကပ္ပလက်ာရကျမ်းထဲက အင်း၊ စမပညာရပ်တွေ အခုလို သိခွင့်၊ နားလည်ခွင့်ရမှာ မဟုတ်ဘူး" ဟု ရှင်းပြလိုက်လေ၏။ တပည့် ဆရာထင်ကျော်မှ -

"ကျွန်တော် ဆရာ့ဆီမှာ ပညာသင်ခဲ့တာ ကြာလို့ အခု ဆရာအဆင့် ရောက်လာပြီ။ ဒါတောင် အာစရိက အခုရှင်းပြခဲ့တဲ့ ကပ္ပလက်ာရကျမ်းနဲ့ ပတ်သက်လို့ ယောင်လို့တောင် မပြောခဲ့ဘူးဗျ" ဟု ဝင်ပြောလိုက်လေ၏။

ထို့နောက် မိတ်ဆွေကြီး၊ ကိုတင်သောင်း၊ မန်းသားသက်နိုင်၊ တပည့်ကျော် ဆရာထင်ကျော် (မောင်ပါဖိုး) အပါအဝင် ဦးဘမင်းတို့အားလုံးသည် ကျွန်ုပ် ဖွင့်ဆိုရှင်းပြချက်များကို စုစည်းပြီး စာအုပ်အဖြစ်ထုတ်ရန် ဝိုင်းဝန်းတိုက်တွန်းကြလေတော့၏။ ကျွန်ုပ်သိသလောက် တစ်ကြိမ်တစ်ခါမျှ သဘောထားခြင်း မတိုက်ဆိုင်ကြသော ဤသူများသည် မဟာရှားပါးပါး ဤတစ်ကြိမ်၌ စိတ်တူကိုယ်တူ ဖြစ်နေကြသည်ကို ကျွန်ုပ် အံ့ဩမိပေသည်။ ကျွန်ုပ်မှ -

"နေကြပါဦးကွာ။ ဆရာ ဖြစ်ရပ်မှန်တစ်ခု ပြောပြပါရစေဦး။ ဟိုး လွန်ခဲ့တဲ့ (၁၉၂၂)ခုနှစ်က ပြင်သစ်နိုင်ငံ၊ ပါရီမြို့က ဆင်းရဲသူမုဆိုးမကြီးရဲ့သား သူ့ရဲ့နာမည်က 'ဂျင်း ပေါ် လာကို့စ်' (**Jean Paul Lacoste**)ဆိုတာ ရှိတယ်။ သူက အီတလီနိုင်ငံက ကမ္ဘာကျော် ဗာတီကန် စာကြည့်တိုက် (**Vatican Library**) ကို သွားပြီး ဘာသာပြန်အဖြစ် အလုပ်လုပ် မလို့ကွယ်။ ဒီတော့ သူက စာကြည့်တိုက်မှူး ဘုန်းတော်ကြီး 'ဂျီယိုဗာနီ' (**Monsignor Giovanni**)ကို တင်ပြဖို့ ထောက်ခံစာတစ်စောင်ယူပြီး စာကြည့်တိုက်ကိုသွား။ ဘုန်းတော်ကြီးက မရောက်သေးတော့ 'လာကို့စ်'ဟာ စာကြည့်တိုက်ထဲလျှောက်ကြည့်ရင်းနဲ့ စာအုပ်စင်တစ်စင်ပေါ်က သားရေကာဒ်တူ ဖုံးစာအုပ်တစ်အုပ်ကို စိတ်ဝင်စားတာနဲ့ ယူပြီး ဖုံတွေဘာတွေ ခါလိုက်တဲ့အခါ 'အီမလီဒေဖက်ဗရီ' (**Emile de Fevriev**) ဆိုသူ ရေးသားပြုစုတဲ့ 'သတ္တဗေဒ' (**Zoologie**) စာအုပ်ကြီး ဖြစ်နေတယ်"

ဟု ပြောလိုက်၏။ အားလုံးမှ စိတ်ဝင်တစား နားထောင်နေကြောင်း၊ သိလိုစိတ်ရှိနေကြကြောင်း တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်မှ ဆက်၍ -

"ဒီတော့ 'လာကို့စ်' ဟာ ခုံတန်းရှည်တစ်ခုပေါ် ထိုင်ပြီး အဲဒီ သတ္တဗေဒကျမ်းစာအုပ်အထူကြီးကို တစ်ရွက်ချင်း စိတ်ဝင်တစား ဖတ်သွားလိုက်တာ နောက်ဆုံး စာမျက်နှာလဲရောက်ရော၊ အဲဒီ စာမျက်နှာအောက်နေရာလွတ်မှာ မင်နီနဲ့ ရေးထားတဲ့ စာကြောင်းမှိန်မှိန်လေးတွေ တွေ့လို့ ဖတ်ကြည့်လိုက်တော့" ဟု ပြောကာ စကားစကို ရုတ်တရက် ဖြတ်ထားလိုက်၏။ အားလုံးထံမှ

"ဘာတွေတွေ့လဲ ဆရာဘုန်း" ဟု မေးလိုက်ကြ၏။ ကျွန်ုပ်မှ -

"**အသင်စာရှုသူသည် ရောမမြို့ရှိအမွေတရားရုံးသို့သွားရောက်ကာ ဖိုင်တွဲအမှတ် (L.J 14/75)ကိုတောင်းခံပါ။ အသင်စာရှုသူအတွက် မမျှော်လင့်ဖွယ်ရာတစ်ခု အသင့်စောင့်ဆိုင်းနေပါသည်**-လို့ ရေးထားပြီး ကျမ်းပြုဆရာ 'အီမလီဖက်ဗရီး' ကိုယ်တိုင် လက်မှတ်ရေးထိုးထားတာကို အံ့ဩတကြီးတွေ့ရသလို 'လာကို့စ်' ဟာ အမွေတရားရုံးကိုသွား၊

ဖိုင်တွဲကိုတောင်းကြည့်တော့ချိတ်ပိတ်ထားတဲ့ အညိုရောင်စာအိတ်ကြီးတစ်လုံးကို တွေ့ရ တယ်ဗျ။ ဒီတော့ တရားရုံး အပြင်ထွက်၊ စာအိတ်ကိုဖောက်ကြည့်လိုက်တော့ သေသေသပ်သပ်နဲ့ ပုံနှိပ်ရေးထားတာက -"

ဟု ပြောကာ ခါးအညောင်း၊ ဇက်အညောင်း ဖြေလိုက်၏။ ထို့နောက် ရေနွေးကြမ်း (၃)ခွက်တိတိ ဆင့်သောက်လိုက်လေရာ မန်းသားသက်နိုင်သည် ဆွေဆွေခုန်တော့မတတ် ခံစားသွားရလေတော့၏။ ပြီးမှ ကျွန်ုပ်က -

"ကျွန်ုပ်စာအုပ်ကို ဆုံးခန်းတိုင် ဖတ်ခဲ့သူသို့"

"ကျွန်တော်သည် သတ္တလောကနှင့် ပတ်သက်၍ လေ့လာတွေ့ရှိသမျှကို ယခုလို ကျမ်းတစ်စောင် ပြုစုရေးသားခဲ့သော်လည်း ဖတ်ရှုသူကား တစ်ဦးတစ်ယောက်မျှ မရှိခဲ့။ မိတ်ဆွေအပေါင်းအသင်းများနှင့် ဆွေမျိုးသားချင်းတို့ကလည်း ဝတ်ကျေတမ်းကျေ ချီးမွမ်းကြသော်လည်း ဖတ်ရှုခြင်းကား အလျဉ်းမရှိခဲ့။

"ထို့ကြောင့် လက်ရှိစာအုပ်မှလွဲ၍ ကျန်ပုံနှိပ်ထုတ်ဝေခဲ့ပြီးသော စာအုပ်များ အားလုံးကို မီးရှို့ဖျက်ဆီးပစ်လိုက်ပါပြီ။ ဤစာအုပ်၏ နောက်ဆုံးစာမျက်နှာ၌ ကျွန်ုပ်၏ သေတမ်းစာကိုရေးသားခဲ့ပြီး ယင်းသေတမ်းစာမှာ ကျွန်ုပ်၏စာအုပ်ကို အစအဆုံး ဖတ်ခဲ့သူ အသင်စာရှုသူအတွက် ဖြစ်ပါသည်။ ဤသေတမ်းစာအရ ကျွန်ုပ်ကိုယ်ပိုင်ပစ္စည်း အားလုံးကို သင့်အား အပိုင်စားအမွေထားခဲ့ပါသည် "

"ဆိုတော့ကာ 'လာကို့စ်' သားအမိ အမွေ ဒီတလီငွေ လိုင်ယာသန်း (၄၀၀)ကျော် ရရှိသွားကြတယ်ဗျို့" ဟု ပြောကာ စကားကို လက်စသတ်လိုက်၏။ ပြီးမှ -

"ခင်ဗျားတို့အားလုံး ပြောသလို စာအုပ်ထုတ်တာက ဟုတ်ပါပြီ။ စောစောက ကျုပ်ပြောခဲ့တဲ့ ဖြစ်ရပ်မှန်ထဲက ကျမ်းပြုဆရာ 'ဒီမလီဒီဖက်ဗရီး' လို သေတမ်းစာရေးပြီး အမွေပေးဖို့ကတော့ မဖြစ်နိုင်ဘူးဗျို့" ဟု တစ်လက်စတည်းပြောလိုက်လေ၏။ စကားဝိုင်းသည် ခေတ္တတိတ်ဆိတ်သွား၏။ တပည့်ဖြစ်သူ ဆရာထင်ကျော်မှ ဝင်၍ -

"အာစရိပြောတဲ့ ဒီသတ္တဗေဒကျမ်းပြုဆရာရဲ့ အမွေထက် ဘယ်လိုမှမနှိုင်းနိုင်တဲ့ အမွေတွေဟာ ကမ္ဘာ့လက်ာရကျမ်းထဲမှာပါတယ်လေ အာစရိ။ ဘာတဲ့၊ ဝှဲ လျှို့ဝှက်နက်နဲ၊ ခက်ခဲခြင်းရှိသော၊ ဟိတသံယုတ် အကျိုးစီးပွားနှင့်ယှဉ်စပ်သော (ဝါ) တစ်သက်လုံး

ပဒေသာပင်၌ ဆွတ်ခူး၍ စားရသကဲ့သို့ မပင်မပန်းပဲ အသက်ကို မွေးနိုင်သည့်နည်းကို ပြကြောင်းဖြစ်သော ဝေနာဂ္ဂမ် လေးလုံးအကွရာဝါစာအစဥ်ကို-လို့ ကပ္ပလက်ာရကျမ်း ဆရာက ရဲရဲကြီး အာမခံထားတာဘဲ ဆရာ" ဟု ပြောလိုက်ရာ မိတ်ဆွေကြီး ကိုတင်သောင်းမှ ထပ်မံ၍ -

"နောက်တစ်ချက်ရှိသေးတယ်လေ ဆရာဘုန်း၊ လဒ္ဓကပ္ပရုက္ခာဝိရ ရအပ်သော ပဒေသာပင်ရှိသောသူတို့ကဲ့သို့၊ စိရကာလံဝ မြင့်ရှည်စွာသော ကာလပတ်လုံးလျှင်၊ ဇီဝန္တိ အသက်တစ်ချောင်းကောင်းစွာမွေးလင့်ကုန်-လို့ ကျမ်းပြုဆရာ ကိုယ်တိုင်က တိတိကျကျ ညွှန်ခဲ့တာဘဲဥစ္စာ။ ဆရာဘုန်း၊ ရေးမှာသာရေးပါဗျာ" ဟု ဝင်၍အားပေးလေ၏။ ထိုနည်းတူ ဦးဘမင်း နှင့် မန်းသားသက်နိုင်တို့ကလည်း တိုက်တွန်းလေတော့၏။ နောက်ဆုံး ကျွန်ုပ်မှ -

"ကဲ. . . ရှိစေတော့ဗျား။ တကယ်လို့ တစ်စုံတစ်ယောက်က 'စာရေးသူ အသင် ရန်နိုင်ဘုန်းမြင့်၊ အသင်ကကောဘယ်ရွေ့ဘယ်မျှပေါက်မြောက်အောင်မြင်ပြီးလို့ ဒီကျမ်းကို ရေးတာလဲ'လို့ မေးရင် ကောဗျာ" ဟု မေးလိုက်၏။

အားလုံး၏ ပါးစပ်တို့သည် နှုတ်ကို အာစေးထည့်သည့်ပမာ ခေတ္တပိတ်သွားသော်လည်း တပည့်ဖြစ်သူ ဆရာထင်ကျော် (မောင်ပါးစိုး)ကမူ အောက်ပါအတိုင်း အားတက်ဖွယ် ပြောလိုက်လေတော့သတည်း -

"ဘာပဲဖြစ်ဖြစ် အာစရိရယ်. . . ဆရာ အခုလိုနေထိုင်စားသောက်လျှုဒါန်းနေတာကိုက အသိသာချည်းပဲဥစ္စာ။ ထုတ်ဖြစ်အောင်သာထုတ်စမ်းပါ အာစရိခင်ဗျာ"

. . . .

ကျမ်းပြီးဆုတောင်း

အလွန်ခက်ခဲနက်နဲပြီး နားလည်ရခက်လှသော ဤကပ္ပလက်ာရကျမ်းကို ပညာလိုလားအမျိုးသား၊ အမျိုးသမီးတို့အတွက် ကျွန်ုပ်၏ ကိုယ်ကျိုးကိုမငဲ့မူဘဲ စေတနာရှေ့ထား ပြုစုရေးသားရသောအကြောင်းကြောင့်၊ မင်္ဂလာဖိုလ်နိဗ္ဗာန်မရမီစပ်ကြား ဘဝတိုင်း၌ ခုနစ်ရက်သားသမီးတို့၏ အပူသောကကို ငြိမ်းသတ်ပေးနိုင်စွမ်းသော ယောကျ်ားကောင်း ယောကျ်ားမြတ် ဘဝကိုသာ အကျိုးတရားအဖြစ် ရရပါလို၏။ ထို့အပြင် ရှေးပညာရှင်အဆက်ဆက်တို့၏ နက်နဲ ခက်ခဲလှသော ပညာများကို နောင်းလူမျိုးဆက်သစ်များ လွယ်လင့်တကူ နားလည်အောင် ရေးသားရသည့် မှန်ကန်သောစေတနာကြောင့် ကျွန်ုပ်၏ ဤ **'အင်းစမပညာအခေါင်အချုပ်ကပ္ပလက်ာရကျမ်း'** သည် ရှေးပညာရှင်တို့၏ ကျမ်းအဆူဆူတို့ကဲ့သို့ တည်တံ့ပါစေသတည်း။

စိတ္တဲ့ယသသနကမ္ပတိ
ဆရာရန်နိုင်ဘုန်းမြင့်
(၁၃၆၉)နတ်တော်လဆန်း(၆)ရက်၊ သောကြာနေ့၊ နံနက်(၇)နာရီ။
စာပေစာနယ်ဇင်းအမှတ် (၆၁၈၄)၊
တိုက်(၁)၊ တြိဒေဝဘုရားကျောင်းဝင်း၊ စည်ပင်သာယာလမ်းမကြီး၊
ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
☎ ၀၇၄-၂၀၇၁၄ 📱 ၀၉၉၀-၄၆၁၅၉

ကျမ်းကိုးစာရင်း

၁။ အဌာရသမယိဒ္ဓိ ကပ္ပလက်ာရထွက်ရပ် ကျမ်းရင်းကြီး။ (သဒ္ဓမ္မနန္ဒမထေရ်) (၁၃၂၁)ခုနှစ်။

၂။ လောကီသိပ္ပဝိဇ္ဇာစိုရ် ကျမ်း။
(ကဏ္ဍအသီးသီးမှ ဉာဏာဘိလင်္ကာရ မဟာမေ့ရာဇာမိရာဇဂုရု တံဆိပ်တော်ရ တောင်တွင်းဆရာတော် ခင်ကြီးပျော်၏မူ) (၁၃၃၈) ခုနှစ်၊ (၁၉၇၆)ခုနှစ်။

၃။ သီရိစက္ကာဘိယောသံတံဆိပ်တော်ရ ငရန်ဆရာတော်ဘုရားကြီး နှင့် လောကုတ္တရာဆရာတော်ဘုရားကြီးတို့သည် ရေးသားစီရင်တော်မူအပ်သော အသီတိဓာတ်ကျမ်းနှင့် ဦးပုညဟောကိန်းရကန်၊ (၁၃၁၉)ခုနှစ်၊ ဝါခေါင်လ။

၄။ ဝေဒဉသျှောင်ကျမ်း၊ ဘဒ္ဒန္တဒေဝိန္ဒမထေရ်၊ (၁၉၇၈)၊ စက်တင်ဘာလ။

၅။ ဆရာကြီး ဦးနန္ဒောဘာသ (တိုက်ကြီးမြို့၊ဇေယျဝတီကျောင်းတိုက်)၏ သင်ပြချက်များ။

၆။ ရတနာမာရ်အောင်ဆရာကြီး ဦးငွေခဲ (ကျော်ဇေယျသိဒ္ဓိရှင်)၏ ရှင်းပြချက်မျ...

၇။ အင်္ဂိယ အလင်းပညာရင်းဓါတ်ကျမ်း (၁၂၉၈ ကဆုန်လ) ဖြူးမြို့ဝဲကြီးအောက်စုံ သမုတိဂိုဏ်းချုပ်ဆရာတော် ဦးရေဝတ

၈။ မဗ္ဗိဓာတုကဝိဇ္ဇာဓရပြကာစနီကျမ်း
(၁၉၁၃) ခုနှစ် ဟံသာဝတီ သတင်းစာတိုက်၊ ရန်ကုန်မြို့

၉။ (၁၉၉၅)ခု၊ ဩဂုတ်လထုတ် **TOP ENGLISH** စာမျက်နှာ(၂၄)။ အံ့ထူးမောင်၏ ထူးဆန်းထွေလာ အင်္ဂလိပ်စာဆောင်းပါး။

....

အင်းဝမဟာပညာအခေါင်အချုပ်

ကပ္ပလက်ခံရကျွမ်း

ဆရာရန်နိုင်ဘုန်းမြင့်